လွင်စာပေ
အမှတ် ၁၃၀၊ ဗိုလ်ထန်း

# နန္ဒကျော်သူ

# အ မိုက် မှောင် ရွာ က လေး

THE EVIL VILLAGE by. Ku Lung

စာအုပ်စာတမ်း၊ စာနယ်ဇင်း၊ ကြိုတင်ပုံနှိပ်ထုတ်ဝေ ခွင့်ပြုလက်မှတ်
အမှတ် (၁၃၀၃)
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုလက်မှတ် အမှတ်(၁၀၆၆)

## နိဒါန်း

**သိန်း-၅၀ မြေအတိုက်ခံလိုက်ရသည်။**

နေပြည်တော်သို့ ပို့မည့် အခွန် ဘဏ္ဍာများကို မြေအတိုက်ခံလိုက်ရခြင်းဖြစ်သည်။

သို့ရာတွင် လူပြတ်နေသည့် နေရာတွင်မဟုတ်။

လူအများကြားမှာပင် ဝင်ရောက်၍တိုက်သွားခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း လူအများက သူတို့အား မြင်တွေ့လိုက်ရသည်။

စုစုပေါင်း (၄)ဦး ဖြစ်သည်။

သံချိတ်လက်၊ ဟိုက်ချီစွမ်။

စစ်ဗိုလ်ကြီး၊ ကျန်းလွန်း။

ပြုံးမျက်နှာ၊ ပြောင်းကိုး။

ဓားသမား၊ ပါဝီ။
ခွေးဘီလူး၊ ချန်လုံ။
မျက်နှာတခြမ်း၊ စုဟို။
လေဝိဉာဉ်၊ ယုဟွန်။
တို့ ဖြစ်သည်။

သို့သော်....ထူးဆန်း၍နေသည်။ ထိုမြေ(၇)ဦးသည် မင်းဖြစ်၊ မင်းဒဏ်သင့်၍ ကွပ်မျက်ခြင်း ခံရသူများဖြစ်သည်။

ဤအကြောင်းကိုလည်း လူအများအသိပင်ဖြစ်သည်။

ဤသို့ဆိုလျှင်၊

ထိုလူများသည် မည်သည့်အရပ်မှ လာကြသနည်း။

လူတချို့က ပြောကြသည်။

ထိုလူများသည် အမိုက်မှောင်ရွာမှ၊ လာကြခြင်းဖြစ်သည်တဲ့။

အမိုက်မှောင်ရွာသည် အမှန်တကယ်ရှိနေသလော။

## နတ်ရှစ်ပါး–ကျောက်စားပွဲဝိုင်း

နွေဦး။

နွေဦးရာသီ။

ရင်းရာသီသည် စိတ် ကြည်နူး ရွှင်လန်းစေသော ရာသီဖြစ်ပါသည်။

လူတိုင်း၏ရင်ထဲ၌ ပေါ့ပါး လန်းဆန်းပြီး ကြည်နူး နေတတ်လေသည်။

သို့သော်....

ရင်ထဲတွင် ခဲများဆွဲထားသကဲ့သို့ လေးလံနေသူများ ရှိနေပါသည်။

သူတို့သည် နတ်ရှစ်ပါး ကျောက်စားပွဲ ဝိုင်းတွင် ဝိုင်းဖွဲ့၍ ထိုင်နေလေသည်။

စုစုပေါင်း(၇)ယောက်။

သိုင်းလောကမှ ထိပ်သီး (၇)ယောက်ဖြစ်ပါသည်။

မုရသေ့။

ညောင်ပင်သူတော်။

သခွား-ဘုန်းတော်ကြီး။

ဗိန္ဒော-ဆရာထုံး။

ဓားရာဇာ-ရှောင်ရှမ်း

စောရကြယ်တံခွန်။

မျက်မမြင်ကွန်ဖူသမား-မန်းလူ။

သူတို့ ယခုကဲ့သို့ စုရုံး၍ ရောက်ရှိနေသည်မှာ အကြောင်းထူးရှိ၍ဖြစ်သည်။

ထိုအကြောင်းထူးသည် ချူလျူရှမ်းနှင့် ပတ်သက်၍ နေလေသည်။

ချူလျူရှမ်းသည် သူတို့၏မိတ်ဆွေဖြစ်လေသည်။

× × ×

မျက်နှာ ခုနစ်ခုတို့သည် တည်ငြိမ်လျက်ရှိသည်။

သိုင်းလောကမှ ထိပ်သီး(၇)ယောက်တို့သည် အလွန်ခက်ခဲသော ပြဿနာတခုနှင့် ရင်ဆိုင်နေရခြင်းဖြစ်၍ သူတို့၏ မျက်နှာများသည် တည်ငြိမ်လေးနက်နေခြင်း ဖြစ်သည်။

အထူးသဖြင့်၊

မုရသေ့၏မျက်နှာသည် ပို၍တည်ငြိမ်လေးနက်ပြီး စိတ် ရှုပ်နေဟန်ပေါ်လွင်နေသည်။



အားလုံး မုရသေ့ကိုကြည့်၍နေသည်၊

အားလုံး၏နားသည် မုရသေ့ ပြောလာမည့် စကားကိုနားစွင့်၍နေသည်။

သူတို့အားလုံးကို မုရသေ့က ဖိတ်ခေါ်သည်ဆိုလျှင် အလွန်အရေးကြီးသောကိစ္စ ဖြစ်သည်ဟု အားလုံးက နားလည်ထားလေသည်။

သူတို့ဝိုင်းဖွဲ့၍ ထိုင်နေသော စားပွဲပေါ်တွင် အရက်များဟင်းလျာများ ရှိလေသည်။

သို့သော်၊

ယင်း စားသောက်ဖွယ်များကို မည်သူမျှ စိတ်မဝင်စားပါ။

ထို့ကြောင့်၊

ယင်းတို့ကို မည်သူမျှ ထိပင်ထိ၍ မကြည့်ပါ။

မန်းလူသည် မျက်မမြင်တယောက်ဖြစ်သည်။

သို့သော်၊

စားပွဲအလည်မှ မီးအိမ်အား မီးထွန်းညှိပေးသူမှာ မန်းလူပင်ဖြစ်သည်။

× × ×

လောကတွင်၊ မဖြစ်သင့်၊ မဖြစ်နိုင်သည့်ကိစ္စရပ်များသည်၊ဖြစ်လာတတ်စမြဲမဟုတ်ပါလော။

မုရသေ့သည်၊ ချောင်းတချက် ဟန့်လိုက်ပြီး....

“အဟမ်း....လူတိုင်းဟာ အမှားတော့လုပ်မိကြတယ်၊ ဒါပေမဲ့ အမှားသိလို့ ကိုယ့်ကိုယ်ပြုပြင်နိုင်ယင် ပြီးတာဘဲ မဟုတ်လား”

သူသည် စိတ်လှုပ်ရှားနေမှုကို အတတ်နိုင်ဆုံး ထိန်းထားသော်လည်း သူ၏အသံသည် အနည်းငယ် တုန်ရီ၍ နေလေသည်။

သူသည် ပြောလက်စကားကို ခေတ္တရပ်နားလိုက်ပြီးမှ ဆက်လက်၍ ပြောလေသည်။

"ဒါပေမဲ့ - တချို့ကိစ္စတွေမှာတော့ ဘယ်နည်းနဲ့မှ အမှားခံလို့မရဘူး၊ မှားမိယင်လဲ သွားစရာတလမ်းဘဲရှိတယ်"

သခ္ဂါး ဘုန်းတော်ကြီးသည် မုရသေ့အား အချက်ကြည့်လိုက်ပြီး....

"မင်း–ဘာကို ဆိုလိုတာလဲ"

မုရသေ့၏မျက်နှာသည် ပို၍မှောင်မဲသွားပြီး....

"အခုလဲ–တယောက်ဟာ–ဒီအမှားမျိုးကို မှားခဲ့တယ်"

"ဘယ်လို အမှားမျိုးလဲ"

"မိတ်ဆွေအပေါ် သစ္စာဖောက်တာ"

"ဘယ်သူ ပါလိမ့်"

"ချူလျူရှမ်း"

အားလုံး၏ မျက်နှာတွင် မယုံကြည်နိုင်သော အမူအယာပေါ်လွင်၍ လာလေသည်။

သခ္ဂါးဘုန်းတော်ကြီးသည် ဆက်၍မေးလိုက်ပြန်သည်။

"ချူလျူရှမ်း–ဟုတ်လား"

"အင်း"

"သူက ဘယ်သူကို သစ္စာဖောက်တာလဲ"

"စီးမင်းချိဧွေ့"



"ခေးဝိဇ္ဇာ စီးမင်းချိဧွေ့–ဟုတ်လား"

"ဟုတ်တယ်"

"သူက စီးမင်းချိဧွေ့အပေါ် ဘာများသစ္စာဖောက်လို့လဲ"

"သူက စီးမင်းချိဧွေ့ရဲ့မိန်းမကို ကြာခိုလို့"

ရုတ်တရက် သူတို့၏ အသက်ရှူသံများသည် တဒင်္ဂမျှ ရပ်ဆိုင်းသွားသည်ဟု ထင်မှတ်ရလေသည်။

အားလုံးသည် အတန်ကြာ ငြိမ်သက်နေရာမှ ခေးရာဇာ ရှောင်ရှမ်းက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

"အထောက်အထား ရှိလို့လား"

"ရှိတယ်လို့ ပြောကြတယ်"

"ဆိုစမ်းပါအုံး"

"စီးမင်းချိဧွေ့ရဲ့ မိန်းမအခန်းထဲမှာ ချူလျူရှမ်းရောက်နေတာကို သူကိုယ်တိုင် တွေ့တာတဲ့"

ခေးရာဇာသည် ဘာမျှမပြောတော့ပါ။ သူသည် စားပွဲပေါ်မှ အရက်ခွက်အား ယူ၍ လျင်မြန်စွာ မော့ချလိုက်သည်။

သို့သော်.... စောရကြယ်တံခွန်သည် သူ့ထက် လျင်မြန်စွာ မော့ချပြီးဖြစ်နေသည်။

ထိုလူများထဲတွင် ယခုထက်တိုင် တည်ငြိမ်စွာ နေထိုင်သူမှာ မန်းလူတယောက်သာ ရှိလေသည်။ သူသည် တည်ငြိမ်အေးဆေးသောလေသံဖြင့်....

"ချူလျူရှမ်းဟာ–ဒီလိုလူစားမျိုး မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

စောရကြွယ်တံခွန်ကလည်း လျင်မြန်စွာ ဝင်ရောက် ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ချူလျူရှမ်း–ဒီလိုအလုပ်မျိုး လုပ်တယ်ဆိုတာ ကျုပ်–မယုံဘူး"

ဗိန္ဒောဆရာထုံး ကလည်း သူ၏ဦးခေါင်းအား ခါရမ်းလိုက်ပြီး။

"သူဟာ–အရက် အလွန်အကျွံ မူးနေတာဖြစ်ရမယ်၊ ဒါမှမဟုတ်–ဆေးတခုခု မိနေတာဘဲဖြစ်ရမယ်"

သခွား ဘုန်းတော်ကြီးသည် သူ၏ခေါင်းကို သွက်သွက်ခါအောင် လှုပ်ရမ်းပြီး....

"မဖြစ်နိုင်တာကွာ.... ကျုပ်–သူ့ကို တွေ့ယင် မေးရအုံးမယ်"

မုရသေ့က ခေါင်းခါရမ်းပြလိုက်ပြီး....

"မင်း–သူ့ကိုရှာလို့ မတွေ့နိုင်တော့ဘူး"

"ဘာဖြစ်လို့"

"သူ–ထွက်ပြေး တိမ်းရှောင်သွားပြီ"

"သူ–ဘယ်ကို ပြေးတယ်ဆိုတာကော သိသလား"

မုရသေ့သည် စားပွဲပေါ်မှ ဟင်းလျာခွက်များကို ဘေးသို့ အနည်းငယ် ဖယ်လိုက်ပြီး စားပွဲပေါ်သို့ စာရွက်တရွက်အား ဖြန့်လိုက်သည်။

ပြီးမှ၊

"သူ–ထွက်ပြေးနိုင်မဲ့နေရာကို ခန့်မှန်းပြီးရေးထားတယ်၊ အားလုံးလေ့လာပြီး ခန့်မှန်းကြည့်ရအောင်"



မုရသေ့၏ စကားဆုံးသည်နှင့် အားလုံးသည် မုရသေ့ချပြသောစာရွက်အား ဝိုင်း၍ကြည့်လိုက်လေသည်။

စာရွက်ပေါ်တွင်....

ရွက်လှေနှင့် ပင်လယ်ခရီးက တဆင့်ပြေးသည်။
နယ်ခြားဘက်သို့ ထွက်ပြီး၊ သဲကန္တာရကို ဖြတ်ကျော်သွားသည်။
လူစည်ကား ထူထပ်သော မြို့ကြီးများတွင် ပုန်းရှောင်သည်။
လူသူ အရောက်နည်းသော တောမြိုင်တွင် ပုန်းရှောင်သည်။

အားလုံး၏ မျက်လုံးများသည် စာရွက်ပေါ်မှ ခွာလိုက်လေသည်။

မုရသေ့သည် အားလုံး၏မျက်နှာအား တချက်ဝေ့ကြည့်လိုက်ပြီး....

"သူ ဘယ်လမ်းက ပြေးမယ်ဆိုတာ ပြောနိုင်ကြပါမလား"

ညောင်ပင်သူတော်သည် မျက်မှောင်တချက် ကုတ်လိုက်ပြီး....

"သူ–ဘယ်ပြေးမယ်ဆိုတာ မကောင်းဆိုးဝါးမှဘဲ သိလိမ့်မယ်၊ ဒါမှမဟုတ် အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်မှဘဲသိမယ်"

မန်းလူသည် တချက်ပြုံးလိုက်ယင်း....

"ကျုပ်ကတော့ မကောင်းဆိုးဝါးလဲမဟုတ်ဘူး၊ အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်လဲမဟုတ်ဘူး၊ ဒါပေမဲ့ ကျုပ်သိတယ်"

စောရကြွယ်တံခွန်သည် မန်းလူအား စေ့စေ့ကြည့်လိုက်ပြီး–

"ကဲ....ပြောစမ်းပါအုံး"

မန်းလူသည် ပြုံး၍ သူ၏လက်နှစ်ချောင်းကို ထောင်လိုက်ပြီး–

"သူ—ပြေးနိုင်မဲ့ လမ်းနှစ်ခုဘဲ ကျုပ်တွေးမိတယ်၊ တခုက သူဟာ လူစည်ကားထူထပ်တဲ့ မြို့ကြီးတွေမှာ ပုန်းရှောင်လိမ့်မယ်၊ ဒါမှမဟုတ် လူသူလုံးဝမရောက်တဲ့ တောမြိုင်ထဲကို ပြေးလိမ့်မယ်"

[illegible stamp]

## ပြေးတမ်း လိုက်တမ်း

အမှောင်ထု။

အဆုံးအစမရှိသော အမှောင်ထုဖြစ်သည်။

ထိုအမှောင်ထုထဲတွင် အန္တရာယ်များမရှိဟု မည်သူမျှ မပြောနိုင်ပါ။

ထိုသို့ဆိုလျှင် အန္တရာယ်များ မည်မျှ ရှိနေပါမည်နည်း။

ချုံလျှိုမြှောင်မရှိ... ချုံလျှုံရှုမ်း မတွေ့ပါ။ တွေ့မိလျှင် စိတ်ဓာတ် ကျသွားနိုင်မည် မဟုတ်ပါလား။

ထို့ထက်ပိုလျှင် ရှုးပင်ရှူး၍ သွားနိုင်ပေသည်။

ထို့ကြောင့်၊

ချုံလျှုံရှုမ်း မတွေ့ပါ။

သူ့တွင်၊

သောက်စရာ ရေမရှိ၊ စားစရာနတ္ထိ။ သူ့လက်ထဲတွင် သစ်ကိုင်းတခုသာ ရှိသည်။

သူသည် ယင်းသစ်ကိုင်းအား တောင်ဝှေးအဖြစ် အသုံးပြုကာ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြင့် လှမ်းလျှောက် နေရခြင်းဖြစ်သည်။ တလှမ်းချင်း လျှောက်နေရသည်။ မျက်မမြင် ဒုက္ခိတနှင့် မခြားပါ။ သူသည် သူ၏တောင်ဝှေးအား အားပြုနေရပေသည်။

အသက်ရှင်သန်သော လူတယောက်သည် အသက်မဲ့သော သစ်ကိုင်းကို အားကိုးနေရခြင်းကို တွေ့မိသည်နှင့် သူသည် ပြုံးလိုက်မိသည်။

သူ၏အပြုံးသည် ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊ လှောင်ပြောင်ခြင်း. စသည့် ခံစားချက်မှ ဖြစ်ပေါ်လာသော အပြုံးဖြစ်ပါသည်။

× × ×

ယခုအခါ ချူလျူရှမ်းသည် မျက်မမြင်တို့၏ ခံစားရသော ဒုက္ခကို စာနာမိလေသည်။

ထို့ပြင် မန်းလူ၏ မြင့်မြတ်သောစိတ်ထားကိုလည်း နားလည်သဘောပေါက်မိ လာလေသည်။

မျက်မမြင်တယောက်သည် ဤမျှ အေးဆေး ဆိတ်ငြိမ်ပြီး၊ ပျော်ရွှင်စွာ နေထိုင်နိုင်ခြင်းမှာ လောကကြီးကို ချစ်မြတ်နိုးသောစိတ်ဓာတ်သည် သူ၏အသဲနှလုံးတွင် မည်မျှ ကြီးမားနေသည်ကို ပြခြင်းပင် ဖြစ်သည် မဟုတ်ပါလော။



ရုတ်တရက်။

တောင်ဝှေးအဖြစ် အသုံးပြုနေသော သူ၏ သစ်ကိုင်းသည် မာကြောသော အရာဝတ္ထုအား ထိခိုက်မိလေသည်။ ထိုအရာဝတ္ထုသည် သစ်ပင်တပင်ပင် ဖြစ်လေသည်။ ကြီးမားသောသစ်ပင်တပင် ဖြစ်လေသည်။

သူသည် ထိုသစ်ပင်၏ခြေရင်းတွင် ခေတ္တ အနားယူလိုက်လေသည်။

ဤ အကြိမ်သည် လမ်းတလျှောက်လုံး၌ သူ၏ ပထမဆုံး အနားယူ အမောဖြေခြင်းပင် ဖြစ်လေသည်။

စီးမင်းချုံစွေ့ လိုက်မလာမချင်း အမောဖြေရမည်ဖြစ်သည်။ အကယ်၍ လိုက်လာလျှင်လည်း အမောဖြေရမည်သာဖြစ်သည်။ စီးမင်းချုံစွေ့ လိုက်လာမည်မှာ သေချာသည်။ ဒီလောကတွင် မည်သည့်အရာမျှ စီးမင်းချုံစွေ့အား ဟန့်တားနိုင်မည် မဟုတ်ပါ။ ဟန့်တားနိုင်စွမ်းလည်း ရှိမည်မဟုတ်ပါ။

စီးမင်းချုံစွေ့သည် ချူလျူရှမ်းအား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ အသေသတ်မည်ဟု ကြိမ်းဝါးထားပြီးဖြစ်သည် မဟုတ်ပါလော။

## ဘဝတူချင်းပေမို့

အမှောင်ထု။

ယင်း အမှောင်ထုတွင် အသံဟူ၍မရှိပါ။

လုံးဝ အသံမရှိပါ။

ဤကဲ့သို့ လုံးဝတိတ်ဆိတ်နေခြင်းသည် အင်မတန် ကြောက်စရာကောင်းသော အသံတမျိုးဖြစ်လေသည်။

ချုံလျှိုရှိမ်း၏ အသက်ရှူခြင်းသည် လုံးဝ ရပ်တန့်သွားသည်ဟု ထင်မှတ်ရလေသည်။

ရုတ်တရက်၊

သူ၏ လက်နှစ်ချောင်းဖြင့် အမှောင်တွင်းသို့ တန်းလိုက်ပြီး လျှပ်တပြက် ညှပ်ချလိုက်၏။

သူသည် ဘာကိုမျှ မမြင်ရပါ။ သို့သော် သူ၏လက်ချောင်းတွင် အရာဝတ္ထုတခု ညှပ်မိနေလေသည်။



မြွေတကောင်၊ သူသည် တချက်ငေ့ရမ်း ဆန့်တန်းလိုက်ပြီး မြွေကို သွားဖြင့် ကိုက်ထားလိုက်လေသည်။

စိမ်းရွှေရွှေ အနံ့နှင့်အတူ တူးခါးနေသော မြွေ၏သွေးများသည် သူ၏လည်ချောင်းမှတဆင့် ဝမ်းဗိုက်ထဲသို့ ရောက်သွားလေတော့သည်။

သူသည် သူ့ကိုယ်သူ တိရစ္ဆာန်တကောင်အဖြစ် ဘဝပြောင်းနေသည်ဟု ထင်မိလိုက်လေသည်။

သူ၏အသက် ရှင်သန်နိုင်စေရန် အစားအစာများ လိုအပ်နေသည် မဟုတ်ပါလော။

သူမသေချင်သေးပါ။

သေ၍လည်း မဖြစ်သေးပါ။

အဘယ်ကြောင့်ဆိုသော်-

သူ့အပေါ် စွပ်စွဲထားသည်များကို ဖြေရှင်းရအုံးမည်မဟုတ်ပါလော။

× × ×

အမှောင်ထုသည် တဖြည်းဖြည်းပျော့၍လာသည်။ တစထက်တစ မီးခိုးရောင်သို့ ပြောင်းလဲ၍ လာလေသည်။

အရှေ့ဦး၏ အလင်းရောင်သည် အမှောင်ထုအား တဖြည်းဖြည်း တွန်းထိုးဖယ်ရှား၍ သွားလေ့သည်။

ထို့ကြောင့် ရှည်လျားသောညသည် ကုန်ဆုံး၍ သွားလေပြီ ဖြစ်သည်။

ယခု မိုးသောက်အရှေ့သို့ ရောက်ရှိလာလေပြီ။

အမှောင်နှင့် အလင်းသည် ဆန့်ကျင်ဘက် ဖြစ်သည်။

သို့သော်- အမှောင်ထုထဲတွင် အန္တရာယ်များ ရှိသလို၊ အလင်းရောင်ထဲတွင်လည်းအန္တရာယ်များ မရှိဟု မည်သူမျှ မပြောနိုင်ပါ။

ထို့ကြောင့်၊

မိုးသောက်အရှေ့တွင် မည်သို့ထူးခြားနေမည်နည်း။

အမှောင်ထု တွက်ခွာသွားပြီ ဖြစ်သည်။

သို့သော်-သေမင်းက ချူလျူရှမ်းအား ခြိမ်းခြောက်လျက်ရှိသေးသည်။ချူလျူရှမ်းသည် သစ်ပင်ခြေရင်းတွင် ထိုင်လျက်ရှိသည်။ မြေပေါ်တွင်သစ်ရွက်ကြွေများသည်ပြန့်ကြဲလျက်ရှိသည်။

သူသည် သစ်ရွက်ခြောက်များကို လက်တဆုပ်ခန့် ယူလိုက်ပြီး လက်တွင် ပေကျံလျက်ရှိသော သွေးများကို သုတ်လိုက်လေသည်။

ထိုစဉ် အသံတသံကို သူ ကြားလိုက်ရလေသည်။

လူအသံ ဖြစ်သည်။ သက်ရှိလူသားတဦး၏ အသံပင်ဖြစ်လေသည်။

× × ×

မြေကြီးသည်စိုထိုင်း၍ နေသည်။ ထိုမြေကြီးပေါ်ရှိ သစ်ရွက်ကြွေများသည်လည်း စိုထိုင်း၍ နေသည်။

ယင်း စိုထိုင်းနေသော သစ်ရွက်ကြွေများ ပေါ်တွင် လူတယောက် လဲလျောင်း၍နေလေသည်။ ဆံကေသာ များသည် ဖြိုဖွေး၍နေသည်။ အသက်အရွယ် အိုမင်းသည့်အပြင် ပိန်လှီ၍ နေလေသည်။



ထိုသူ၏မျက်လုံးများသည် ကြောက်ရွံ့ တုန်လှုပ်မှုကို ဖော်ပြ၍နေလေသည်။

သူသည် ချူလျူရှမ်းအား တွေ့လိုက်သည်နှင့်ထရန် ကြိုးစားလိုက်သည်။ သူ၏လက်ထဲတွင် ဓားတလက်ကိုကိုင်ဆောင်၍ ထားလေသည်။ ဓား၏ပုံစံမှာ ထူးခြား၍နေသည်။

ဓားကောင်း တလက် ဖြစ်သည်ဟု ချူလျူရှမ်း ရိပ်မိ လိုက်သည်။

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်လေသည်။

"ဟူး....

စိုးမင်းချွံစေ့မဟုတ်၍ ချူလျူရှမ်း သက်ပြင်း ချနိုင်သည် မဟုတ်ပါလား။

အဖိုးအိုသည် ချူလျူရှမ်းအားကြည့်ယင်းသူ၏လည်ချောင်းမှ လည်စေ့ကို ထက်အောက် လှုပ်ရှားကာ မေးလိုက်လေသည်။

"မင်း....မင်း....ဘယ်သူလဲ"

ချူလျူရှမ်းသည် သူ၏ပုခုံးနှစ်ဘက်ကို တွန့်ပြယင်း....

"ကျနော် ဘယ်သူမှ မဟုတ်ကူး၊ ခရီးသည် တယောက်ပါ"

"ခရီးသည် ဟုတ်လား"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ဒီလမ်းမှာ ခရီးသည်ရှိတယ်ဆိုလို့ အံ့ဩသွားသလား"

အဖိုးအိုသည် သူ့အား သေချာစွာ အကဲခတ်လိုက်ပြီး....

"မင်း-မင်းလဲ ငါ့လို ထွက်ပြေးလာတာဘဲလား"

"အင်း-အဲဒီလိုဘဲ ဖြစ်မယ်ထင်ပါတယ်"

အဖိုးအိုသည် ချူလျူရှမ်း၏စကားကို သဘောကျဟန်ဖြင့် ရယ်မောလိုက်လေသည်။ ထိုသို့ ရယ်မောလိုက်သည်နှင့် အဖိုးအိုသည် ချောင်းတဟွတ်ဟွတ် ဆိုးလာလေသည်။

ထိုအခါမှ ချူလျူရှမ်းသည် အဖိုးအို၏ ရင်ဝ၌ ဒဏ်ရာရလာသည်ကို သတိပြုလိုက်မိလေသည်။

အဖိုးအိုသည် ချောင်းဆိုး၍ မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပြီး ချူလျူရှမ်းအား မေးလိုက်လေသည်။

"မင်းက ဘာဖြစ်လို့ ပြေးလာတာလဲ"

"ပြေးလာသင့်တဲ့ ကိစ္စကြောင့် ထင်တာဘဲ"

"မင်းကို ဘယ်သူက လိုက်နေသလဲ"

"စီးမင်းချုံစေ့"

အဖိုးအို၏ ပါးစပ်သည် ပိတ်၍သွားလေသည်။

သူတို့သည် အတန်ကြာသည် အထိ တဦးကိုတဦး စိုက်ကြည့်နေလေသည်။

ပြီးမှ အဖိုးအိုသည် သက်ပြင်းတချက်ကို ချလိုက်ယင်း....

"မင်း- သွားတော့"

ချူလျူရှမ်း၏မျက်နှာသည်မျက်မှောင်တချက်ကုတ်သွားပြီး

"ဗျာ-သွားရမယ်"

"ဟုတ်တယ်- ဗျာမနေနဲ့၊ မင်းနဲ့ ငါနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ငါ့ကို ဘာမှအကူအညီပေးစရာ မလိုဘူး"

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး....

"အင်း....ဟုတ်တယ်၊ ကျနော်သွားသင့်တယ်၊ ဒါပေမဲ့...."



ဟု ပြောယင်း အဖိုးအိုအားတချက်စိုက်၍ ကြည့်လိုက်သည်။ ပြီးမှ ချူလျူရှမ်းသည် သူ၏စကားကို ဆက်၍ ပြောလိုက်လေသည်။

"ဒါပေမဲ့ ခင်ဗျားက လူဖြစ်နေလို့ ခက်နေတယ်"

လောကတွင် လူလူချင်း ရိုင်းပင်းကူညီရမည်မဟုတ်ပါလော။

× × ×

နေ့ဦး။

ဤရာသီသည် ပန်းမာလ်များ ဝေဆာနေသော ရာသီ ဖြစ်လေသည်။

သစ်ရွက်များသည်လည်း ထူထပ်စွာ ရှိနေသည်။

ထို့ကြောင့် နေရောင်ခြည်ပင် တိုး၍မပေါက်နိုင်အောင်ရှိနေသည်။

သို့ဖြစ်၍လည်း ထူထပ်သော သစ်ပင်များကြား၌ အမှောင်ထုက လွှမ်းမိုး၍နေလေသည်။

ချူလျူရှမ်းသည် အဖိုးအိုအား တွဲ၍လျှောက်လာရာမှ ထိုနေရာတွင် တထောက်နားလိုက်လေသည်။

အဖိုးအိုသည် သူ့အားမော့၍ ကြည့်လိုက်ပြီး....

"ငါ့နာမယ်ကို မင်း-မမေးသေးပါလား"

"မေးစရာ မလိုဘူး ထင်ပါတယ်"

"မေးစရာမလိုဘူး ဟုတ်လား"

"အင်း....သေမဲ့လူတယောက်က တခြားသေမဲ့လူ တယောက်ရဲ့နာမယ်ကိုမေးတာ ခင်ဗျား ကြားဘူးလား"

အဖိုးအိုး၏ပါးစပ်သည် ဒုတိယအကြိမ် ပိတ်၍သွားလေတော့သည်။

အတန်ကြာမှ အဖိုးအိုသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"ငါ လူတယောက်ကို သတိရလာတယ်"

"ဘယ်သူလဲ"

"မျက်ခုံးမွေး လေးခုနဲ့လူ"

ဟု ပြောယင်း အဖိုးအိုသည် သက်ပြင်းတချက်ချလိုက်သည်။

ပြီးမှ သူ၏စကားအားဆက်၍၊

"သူ့နာမယ်ကတော့ 'ချူလျူရှမ်း'တဲ့၊ သူက ခုလိုဝရမ်းပြေးဖြစ်လိမ့်မယ်ဆိုတာ ငါ ဘယ်တုန်းကမှ မထင်မိဘူးဟု" ပြောလိုက်လေသည်။

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ဟုတ်လား၊ ကျနော်လဲ 'တုကုဟုန်'ဟာ အခုလို ခွေးပြေး၊ ဝက်ပြေး ပြေးနေတာ တခါမှ မတွေ့ဘူးသေးဘူး"

အဖိုးအိုသည် အံ့အားသင့်၍ သွားလေသည်။

"မင်းက ငါ့ကို သိတယ်-ဟုတ်လား"

"ခင်ဗျားရဲ့ဓားဟာ သိုင်းလောကမှာ ဒုတိယလူ မရှိခဲ့ဘူးလေ...."

အဖိုးအို၏ ပါးစပ်သည် တတိယအကြိမ် ပိတ်၍သွားလေတော့သည်။

× × ×

အမှောင်ထုသည် တကျော့ပြန်လာလေသည်။



နေ့ပြီးလျှင် ည၊ ရောက်မြဲရှမြဲ မဟုတ်ပါလား။

ထို့ကြောင့် အမှောင်ထုသည် ဝန်းကျင်တခုလုံးအား မဲမှောင်၍ နေစေလေသည်။

ထိုအမှောင်ထုထဲတွင် အသက်ရှူသံများကို ကြားရလေသည်။ လူနှစ်ယောက်၏ အသက်ရှူသံများပင် ဖြစ်လေသည်။

ယင်း အသက်ရှူသံများ ရပ်တန့်သွားပြီး လဲပြို သွားသော အသံများ ပေါ်ထွက်၍လာလေသည်။

မြေကြီးသည် စိုထိုင်း၍ နေလေသည်။

သူတို့သည် စိုထိုင်းနေသည်ကို ဂရုမစိုက်နိုင်ပါ။

မြေကြီး စိုထိုင်းနေသည်ဖြစ်စေ၊ ခြောက်သွေ့၍နေသည် ဖြစ်စေ သူတို့သည် လဲလျောင်းရမည်သာဖြစ်လေသည်။

အတန်ကြာ လဲလျောင်းပြီးမှ သူတို့သည် အမောပြေ၍ သွားလေသည်။

ထိုစဉ်။

အမှောင်ထုထဲတွင် ပိုးစုံး မီးရောင်များ တွေ့ရလေသည်။ ထိုပိုးစုံးမီးရောင်များသည် သစ်ပင်များ၏ပင်စည်မှ ပေါ်ထွက် နေခြင်းဖြစ်လေသည်။ သတိထား၍ကြည့်မှသာ မြင်တွေ့နိုင်လေသည်။

ထို ပိုးစုံးမီးရောင်များသည် သစ်ပင်များ၏ ပင်စည် တိုင်းမှ ပေါ်ထွက်နေခြင်းမဟုတ်။

၃-၄-ပင် ခြား၍ ခြား၍ မြင်တွေ့ ရခြင်းသာ ဖြစ်သည်။ အဖိုးအို တုကုဟုန်သည် ပိုးစုံးရောင်များအား စိုက်၍ကြည့်ယင်း၊

"ဒီ ပိုးစုံးရောင်အတိုင်း လိုက်သွားယင် ဒို့ ထွက်လမ်းကို တွေ့လိမ့်မယ်"

ချူလျူရှမ်းသည် တုကုဟုန်အား ကြည့်လိုက်ပြီး....

"ခင်ဗျား သိလို့လား"

"အင်း၊ ငါ သိလို့ပြောနေတာ"

ဤ တကြိမ် ပ ါးစပ် ပိတ်လိုက်ရသူမှာ ချူလျူရှမ်း ဖြစ်လေတော့သည်။

●

## ထူးဆန်းသောစာချုပ်

"တကာယ်လို့ မင်းသာ သူတို့နဲ့ စာချုပ်-ချုပ်ထားရင် သူတို့က မင်းကို အကူအညီပေးမှာ အမှန်ဘဲ"

တုကုဟုန်သည် ချူလျူရှမ်းအားကြည့်ယင်း ပြောလိုက်လေသည်။

ချူလျူရှမ်းသည် မျက်မှောင်ကို ကုတ်လိုက်ပြီး၊

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"အမိုက်မှောင်ရွာက လူတွေပေါ့"

"ဗျာ၊ အမိုက်မှောင်ရွာ ဟုတ်လား၊ ခင်ဗျားက သူတို့နဲ့ ဘာစာချုပ်-ချုပ်ထားလို့လဲ"

ချူလျူရှမ်း၏အမေးကို တုကုဟုန် မဖြေတော့ပါ။

သူသည် ပင်ပန်းလွန်း၍ အိပ်ပျော်သွားပြီ ဖြစ်သည်။

ချူလျှူရှမ်းသည် ဆက်၍မမေးတော့ပါ။

သူသည်လည်း အိပ်စက် အနားယူရန်သင့်ပြီ မဟုတ်ပါလော။

ထို့ကြောင့်၊

သူသည် အိပ်ရန် ကြိုးစားလေတော့သည်။

သို့သော်၊

သူ၏ မျက်လုံးများသည် မလင်းတချက်၊ လင်းတချက်ဖြင့် အရောင်ထွက်နေသော ပိုးစုံးကြူးများကို ကြည့်၍နေလေသည်။

အမိုက်မှောင်ရွာ။

ပြီးတော့၊

အမိုက်မှောင်ရွာက လူတွေ။

အမိုက်မှောင်ရွာသည် တကယ်ပင် ရှိသလော။

ရှိလျှင်လည်း တကယ်ပင် လျှို့ဝှက်သောနေရာတခု ဖြစ်နေသလော။

ထိုနေရာသည် အဘယ်ကြောင့် သေပြီးသော လူများသာ သွားနိုင်ရပါသနည်း။

ထိုရွာရှိလူများသည် သေပြီးသောသူများသာ ဖြစ်သည်မဟုတ်ပါလော။

တုက္ကုဟုန်သည် သူ့အား ထိုရွာသို့ တကယ်ပင် ခေါ်ဆောင်သွားပါမည်လော။

တုက္ကုဟုန်သည် ထိုရွာမှလူများနှင့် မည်သို့သော စာချုပ်ကို ချုပ်ဆိုထားပါသနည်း။

တုက္ကုဟုန်ထံတွင် စာချုပ်ရှိနေသည်။

သူ့ထံတွင်မရှိ၊စာချုပ်မရှိပါ။



စာချုပ် ချုပ်ဆိုထားခြင်းမရှိသော သူ့အား ထိုရွာကလူများ ကလက်ခံပါမည်လော။

မည်သို့ပင်ဆိုစေ။

ထိုရွာမှလူများသည် အလွန်ပါးနပ်ပြီး ပိပိရိရိ လုပ်တတ်ကြသူများ ဖြစ်သည်ကိုတော့ သူ နားလည်လိုက်ပါသည်။

သူသည် တွေးယင်းနှင့်ပင် အိပ်၍မပျော်တော့ပါ။

သူ့၏စိတ်ထဲတွင် ပဟေဠိဆန်သော ပြဿနာပေါင်း များစွာ ရှိနေပြီ မဟုတ်ပါလော။

× × ×

ညပြီးလျှင် နေ့ ရောက်ရမြဲသည်။

ထို့ကြောင့်၊

အမှောင်ထုက ကွယ်ပျောက်သွားရမြဲလေသည်။

နေ့၏ အလင်းရောင်က စိုးမိုးလာမြဲသည်။

မိုးလင်းလာပြီ ဖြစ်၍ လမ်းပြသော ပိုးစုံးရောင်များသည် မမြင်တွေ့နိုင်တော့ပါ။

ချူလျှူရှမ်းနှင့် တုက္ကုဟုန်တို့သည် ဆက်၍ လျှောက်သွားနေကြသည်။

မကြာပါချေ။

သူတို့သည် အလွန်အန္တရာယ်များလှသော တောအုပ်အတွင်းမှ ထွက်လာနိုင်ကြလေသည်။

× × ×

ကောင်းကင်တခုလုံးသည် ပြာလဲ့လဲ့ရှိနေသည်။ ဝန်းကျင်တခုလုံးသည်လည်း သာယာလှပနေသည်။

စိမ်းလန်းစိုပြေသော တောင်တန်းများ။

သန့်ရှင်းလပ်ဆပ်သော လေများ။

ကြည်လင်အေးမြသော ချောင်းရေများ။

ဖူးပွင့်ဝေဆာနေသော တောပန်းများ။

ထို့ပြင်၊

နှင်းဥ ကလေးများသည် ချစ်သူများ၏ မျက်လုံးလေးများပမာ လှပ၍နေလေသည်။

ချူလျူရှမ်းသည် ထိုပတ်ဝန်းကျင်အား အံ့သြစွာ ငေးကြည့်နေမိလေသည်။

သူ၏မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်၍လာလေသည်။

ကြောက်မက်ဖွယ်ကောင်းလှသော တောအုပ်၏ နောက်ကွယ်တွင် ဤမျှ လှပသောနေရာ ရှိလိမ့်မည်ဟု သူ မထင်မိချေ။

အိပ်မက်ပင် မမက်ခဲ့ဘူးပါ။

ထိုစဉ်....

သူ့အား တုကုဟုန်က မေးလိုက်လေသည်။

"ဟေ့—ရှေ့မှာ အလွန်ကြီးမားတဲ့ သစ်ပင်တပင်ရှိသလား"

"ရှိတယ်"

"အဲဒီသစ်ပင်ရဲ့အောက်မှာ ကျောက်တုံးကြီးတခုရော တွေ့ရဲ့လား"

"အင်း....တွေ့တယ်"



"ကဲ....အဲဒီကို သွားကြမယ်"

ချူလျူရှမ်းသည် မောဟိုက်နေသော တုကုဟုန်အား တွဲ၍ ထိုနေရာသို့ လျှောက်သွားလေသည်။

သူတို့သည် ထိုကြီးမားသော သစ်ပင်အောက်ရှိ ကျောက်တုံးပေါ်တွင် ထိုင်ချကာ အနားယူလိုက်လေသည်။

ချူလျူရှမ်းသည် သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်ပြီး....

"ဟူး....ခုမှဘဲ စိတ်ချရတော့တယ်"

တုကုဟုန်သည် ခေါင်းကိုခါရမ်းယင်း....

"ဒီနေရာဟာ စိတ်မချရသေးဘူး"

"ဘာဖြစ်လို့"

"အမိုက်မှောင်ရွာ မဟုတ်သေးလို့"

× ×

ကျောက်တုံးငယ်တခု။

သစ်ပင်ကြီး၏အောက်တွင် ဖြစ်၏။

ချူလျူရှမ်းမှင့် တုကုဟုန်တို့ ထိုင်နေသော ကျောက်တုံးကြီး၏ဘေး မလှမ်းမကမ်းနေရာတွင် ဖြစ်သည်။

တုကုဟုန်သည် ကျောက်တုံးငယ်ရှိရာသို့ ညွှန်ပြယင်း ချူလျူရှမ်းအား ပြောလိုက်လေသည်။

"ဟို–ကျောက်တုံးလေးကို ရွှေ့ကြည့်စမ်း၊ အဲဒီအောက်မှာ သေတ္တာတလုံး ရှိသလားလို့"

ချူလျူရှမ်းသည် တုကုဟုန်ညွှန်ပြသည့်အတိုင်း ကျောက်တုံးငယ်လေးအား တွန်းရွှေ့လိုက်လေသည်။

ကျောက်တုံးငယ်လေးသည် ရွေ့သွားပြီး ကြိမ်ဖြင့်ယက်ထားသော သေတ္တာတလုံးအား တွေ့လိုက်ရလေသည်။

ချူလျူရှမ်းသည် ခေါင်းတချက်ညိတ်လိုက်ပြီး....

"အင်း....တွေ့တယ်"

"တွေ့ယင် ယူပြီး ဖွင့်ကြည့်ပေါ့"

တုကုဟုန်က ထပ်မံညွှန်ကြားပြန်သည်။

ချူလျူရှမ်းသည် ဘာမျှပြန်မပြောဘဲ သေတ္တာအား ဖွင့်၍ ကြည့်လိုက်လေသည်။ သေတ္တာ၏အဖုံး ပွင့်သွားသည်နှင့် ချူလျူရှမ်း၏ မျက်လုံးအစုံသည် ဝင်းလက်၍သွားလေတော့သည်။

သေတ္တာ၏အတွင်း၌ကား၊

ဝက်သားပြုတ်ကြော်တတုံး၊

ကြက် ကောင်လုံးကြော် တကောင်၊

အရက်တအိုး၊

ဒဏ်ရာများထည့်ရန် ဆေးဝါးထုပ်တထုပ်၊

စာတစောင်နှင့် ခရာငယ်လေးတခုအား တွေ့လိုက်ရလေသည်။

စာရွက်ပေါ်တွင်...."ခရာမှုတ်ပါ၊ တုံ့ပြန်လာသောအသံကို နားစွင့်ပါ၊ အသံကြားရာအတိုင်း-လိုက်ခဲ့ပါ" ဟူ၍ ရေးသားထားလေသည်။

ချူလျူရှမ်းသည် အရက်အိုးကို တကျိုက်မော့ချလိုက်ပြီး...

"အား၊ ပါး...ကောင်းလိုက်တဲ့ အရက်" ဟု ပြောယင်း ကျေနပ်စွာ သက်ပြင်းတချက်ကို ချလိုက်လေသည်။ ပြီးမှ တုကုဟုန်အား သေတ္တာကို လှမ်းပေးယင်း....



"အတော့်ကို စိတ်ကူးကောင်းတဲ့ လူတွေဘဲ"

တုကုဟုန်သည် ကြက်သားကြော်အား ဖဲ့၍စားယင်း....

"ဟုတ်တယ်....သူတို့ဟာ စိတ်ကူးကောင်းတဲ့အပြင်.... အစစအရာရာလဲ သေချာတယ်၊ ပြီးတော့-ဂတိလဲ အင်မတန်တည်တယ်....သူတို့နဲ့ စာချုပ်ချုပ်ထားယင်၊ သူတို့က အမိုက်မှောင်ရွာကို အရောက်ပို့ပေးဘို့ တာဝန်ယူတယ်ဗျ"

"ဘယ်လို စာချုပ်မျိုးလဲ"

"အသက်ကယ်တဲ့ စာချုပ်ပါ"

× × ×

စာချုပ်သည် အမှန်တကယ် အသက်ကယ်နိုင်သည် မကယ်နိုင်သည်ကိုတော့ မသိပါ။

သို့သော်

လောလောဆယ် အစာငတ် ရေငတ်ဖြစ်မည့်ဘဝမှ ကယ်တင်လိုက်သည် မဟုတ်ပါလော။

သူတို့သည် အမောလည်း ပြေသွားပြီဖြစ်သည်။

ထို့ပြင်

ဗိုက်လည်း ဝသွားပြီဖြစ်၍ ဆက်လက် လျှောက်သွားလေသည်။

ထိုစဉ်

ချူလျူရှမ်းသည် ခရာကလေးအား ထုတ်ယူလိုက်ပြီး မှုတ်လိုက်လေသည်။ ထူးဆန်း၍ စူးရှသောအသံ ထွက်ပေါ်လာလေသည်။ ချူလျူရှမ်းပင် ထိတ်လန့်၍ သွားလေသည်။

ချက်ချင်းပင် အလားတူ ခရာမှုတ်သံတသံ ကြားလိုက်ရလေသည်။

ယင်းအသံသည် အနောက်ဘက်တည့်တည့်မှ ကြားလိုက်ရခြင်းဖြစ်လေသည်။

ချူလျူရှမ်းနှင့် တုကုဟုန်တို့သည် တဦးကိုတဦး ကြည့်ပြီး ထိုအသံကြားရာသို့ လျှောက်သွားလေတော့သည်။

အတန်ကြာ သွားမိသောအခါ

သူတို့၏ရှေ့တွင် လှပ၍ပန်းချီဆန်သော တောင်တန်းတခုအား တွေ့လိုက်ရလေသည်။

သို့သော်

သူတို့၏ ခြေလှမ်းများသည် ထိုနေရာမှာပင် ရပ်တန့်၍ သွားလေတော့သည်။

မရပ်တန့်၍လည်း မဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်

သူတို့၏ ရှေ့တွင် ဆက်လက်၍ သွားရန် လမ်းမရှိတော့ပါ။

ထိုလှပသော တောင်တန်းနှင့် သူတို့အား ချောက်ကမ္ဘားကြီးတခုက ခြားထားလေပြီ မဟုတ်ပါလော။

ချူလျူရှမ်းသည် ချောက်ကမ္ဘား၏ အောက်သို့ ငုံ၍ကြည့်လိုက်သည်။

ချောက်ကမ္ဘား၏ အောက်တွင် တိမ်တိုက်များ ဝဲနေသည် ဖြစ်၍ မည်သည့်အရာမျှ မတွေ့ရပါ။

ချူလျူရှမ်းသည် တုကုဟုန်အား လှည့်ကြည့်၍ မဲ့ပြုံးပြုံးပြလိုက်ပြီး....



"အင်း.... ဒီချောက်ကမ္ဘား ထဲကိုသာ ခုန်ချလိုက်ယင်တော့ အမိုက်မှောင်ရွာကို တကယ်ရောက်သွားမှာ သေချာတယ်"

တုကုဟုန်သည် မောဟိုက်စွာ ထိုင်ချလိုက်ပြီး....

"စိတ်မပျက်ပါနဲ့အုံးကွာ....ထပ်ပြီးမှုတ်ကြည့်ပါအုံး"

ချူလျူရှမ်းသည် ခရာအား ထပ်၍ မှုတ်လိုက်ပြန်လေသည်။

ထူးဆန်း၍စူးရှသောခရာသံများသည် တတောလုံး-တတောင်လုံးသို့ ပျံ့လွင့်၍သွားလေတော့သည်။

## တမာန်တော် သို့မဟုတ် တိမ်တိုက်ပေါ်ကလူ

ပဲ့တင်ထပ်နေသော ခရာသံသည် ပြန်လည်၍ တိတ်ဆိတ်သွားလေသည်။

ချူလျူရှမ်းသည် သူ့၏နားကို၊ စွင့်၍ထားလိုက်သည်။

သို့သော်

ပထမအကြိမ် ခရာမှုတ်စဉ်ကကဲ့သို့ တုံ့ပြန်မှုမျိုး မကြားရချေ။

ဝန်းကျင် တခုလုံးသည် တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

ချူလျူရှမ်းသည် စိတ်ပျက်စွာဦးခေါင်းတချက် ခါရမ်းလိုက်ပြီး တုကုဟုန်၏ ဘေးတွင် ဝင်၍ ထိုင်လိုက်လေသည်။

တုကုဟုန်သည် ချူလျူရှမ်းအား ခေါင်းငဲ့၍ ကြည့်လိုက်ပြီး....



"ငါ-ကြားဘူးတဲ့ မျက်ခုံးမွေး လေးခုနဲ့ လူကတော့-ဘယ်တော့မှ လှုယ်လှုယ်နဲ့ စိတ်ခေတ်မကျဘူးလို့ ကြားဘူးတယ်.... အဲဒါ ငါ-နားကြားမှားတာဘဲ ဖြစ်ရမယ်"

ချူလျူရှမ်းသည် တုကုဟုန်ဘက်သို့ လှည့်ကြည့်လိုက်ပြီး....

"ခင်ဗျား....နားကြား မမှားပါဘူး....သူဟာ-ဘယ်တော့မှ လှုယ်လှုယ်နဲ့ စိတ်ခေတ်မကျပါဘူး....ကဲ-ထပ်မှုတ်ကြည့်အုံးမယ်" ဟု ပြောပြီး။

ချူလျူရှမ်းသည် သူ၏လက်ထဲမှ ခရာအား ထပ်မံ၍ မှုတ်ရန် ပြင်လိုက်လေသည်။

ထိုစဉ်

သူ၏ ထူထဲသော မျက်ခုံးမွေးအစုံသည် နဖူးထက်သို့ မြင့်၍ တက်သွားလေသည်။

သူ၏ မျက်နှာပေါ်တွင်လည်း အံ့သြသော မယုံကြည်နိုင်သော အရိပ်အယောင်များ ပေါ်ပေါက်၍လာလေတော့သည်။

အဘယ့်ကြောင့်ဆိုသော်

သူ၏ ရှေ့တည့်တည့်ရှိ တိမ်တိုက်များကြားမှ လူတယောက် ပေါ်ထွက်လာသောကြောင့်ပင် ဖြစ်လေတော့သည်။

× × ×

လူတယောက်၊

တိမ်တိုက်ကြားမှ ပေါ်ထွက်လာသည်။

ထို့နောက်

ထိုလူသည်တိမ်တိုက်များအကြားမှ လျှောက်လာပြီး ချောက်ကမ္ဘား နုတ်ခမ်းရှိ တိမ်တိုက်ပေါ်၌ ရပ်နေလေသည်။

တိမ်တိုက်များသည် ပြာလဲ့သော ကောင်းကင်ပြင်၌ တည်ရှိနေသည်။

ချောက်ကမ္ဘား၏ အောက်၌လည်း ရှိ၍နေသည်။

ထို့ပြင်

ချောက်ကမ္ဘား၏ နှုတ်ခမ်းများ၌လည်း ရှိ၍နေသည်။

ချူလျူရှမ်းသည် ထိုလူအားကြည့်ပြီး သူ၏စိတ်ထဲတွင် ဝေခွဲ၍မရနိုင်အောင် ဖြစ်၍နေသည်။

မည်သူသည် ထိုကဲ့သို့ တိမ်တိုက်ပေါ်၌ ရပ်နေနိုင်မည်နည်း။

ထိုလူသည် လူသေလော။

သို့တည်းမဟုတ် လူသေ၏ ဝိညာဉ်လော။

ချူလျူရှမ်းသည် သက်ပြင်း တချက်ကို မသိမသာ ချလိုက်မိသည်။

ထိုစဉ်

ထိုလူသည် ရပ်နေရာမှ လှုပ်ရှား၍ လာလေသည်။

ထိုလူ၏ လှုပ်ရှားမှုမှာ အလွန်မှ လျင်မြန်လေသည်။

တိုတောင်းသော အချိန် အတွင်း မှာပင် ချူလျူရှမ်းသည် ထိုလူအား ပီပီပြင်ပြင် မြင်ရလေတော့သည်။

ထိုလူ၏မျက်နှာသည် အလွန်အရုပ်ဆိုးလှသည်။

ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ချူလျူရှမ်းသည် အလွန်မှသတ္တိကောင်းသူ ဖြစ်သည်။

သို့သော်



ထိုလူ၏မျက်နှာအား မြင်တွေ့ လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည့်အပြင်၊ သူ့ကိုယ်သူ ချောက်ကမ္ဘားထဲသို့ ကျမသွားအောင် မနည်းထိန်းလိုက်ရလေတော့သည်။

ထိုလူသည် လျင်မြန်စွာဖြင့်ပင် သူတို့ရှေ့သို့ ရောက်လာ လေသည်။

တုကုဟုန်က စတင်၍....

"မင်းက အမိုက်မှောင် ရွာက တမာန်တော်လား"

ထိုလူက ခေါင်းညိတ်ပြလိုက်သည်။

တုကုဟုန်က ပြုံးလိုက်ပြီး....

"ငါ့နာမယ်က တုကုဟုန်ပါ၊ အခု ငါ အမိုက်မှောင် ရွာကို လာနေပါပြီ"

"ဟုတ်ကဲ့"

ထိုလူ၏ အသံသည် လွန်စွာနှေးကွေးလှသည်။

လေးတွဲ့တွဲ့နှင့် နေသည်။

ထူးဆန်း၍နေသည်။

ထိုလူသည် တုကုဟုန်ထံမှ သူ၏ မျက်လုံးအား ချူလျူရှမ်းထံသို့ ပြောင်းလိုက်ပြီး တုကုဟုန်အား....

"မင်းတယောက်ထဲ လာရမယ်၊ ဘာဖြစ်လို့ နှစ်ယောက် ဖြစ်လာရတာလဲ"

တုကုဟုန်သည် သူ၏ပါးစပ်ကို ပိတ်ထားလိုက်လေသည်။

တမာန်တော်သည် တုကုဟုန်အား....

"မင်း နေခဲ့၊ သူ ထွက်သွား"

တုကုဟုန်သည် သူ၏ဦးခေါင်းအား ခါရမ်းလိုက်ပြီး....

"သူ မသွားဘူး"

"ဒါဖြင့် မင်း ထွက်သွား၊ သူ့ထားခဲ့"

"ဒါလဲ ဖြစ်မယ်မထင်ဘူး၊ ငါ့မှာ စာချုပ်ရှိတယ်"

"မင်းမှာ စာချုပ်ရှိတယ်၊ သူ့မှာ စာချုပ်မရှိဘူး"

"သူက ငါ့သူငယ်ချင်းဘဲ၊ သူဆောင်ရမဲ့ ငွေကို ငါဆောင်ပေးမယ်"

"မင်းမှာ ဆောင်စရာငွေရော ပါလို့လား"

"ငါ့အိတ်ထဲမှာ ရွှေအပြည့် ရှိတယ်"

"ဒါပေမဲ့ အခုဆောင်လို့ မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ သူ့ကိုလက်မခံချင်လို့"

တုကုဟုန်သည် လက်ကာပြလိုက်ပြီး....

"မဖြစ်ဘူး၊ သူရောက်လာမှတော့ ဘယ်ပြန်လို့ ဖြစ်ပါ့မလဲ"

တမာန်တော်သည် သူ၏ဦးခေါင်းအား လေးပင်စွာ ခါရမ်းလိုက်ပြီး....

"မင်း သူ့ကိုကယ်ချင်ယင် သူ့ထားခဲ့၊မင်းပြန်သွား ဒါဘဲ"

ချူလျူရှမ်းသည် ငြိမ်သက်စွာ နားထောင်နေရာမှ ရုတ်တရက် ပြောလိုက်လေသည်။

"တုကုဟုန် ခင်ဗျားနေခဲ့၊ ကျနော်သွားမယ်"

ဟု ပြောပြောဆိုဆို လှည့်ထွက်လိုက်လေသည်။

တုကုဟုန်သည် ချူလျူရှမ်းအား လှမ်း၍ဆွဲထားလိုက်ပြီး....

"အို-မဟုတ်တာ၊ မင်း နေခဲ့၊ ငါသွားမယ်"



ချူလျူရှမ်းသည် တချက်ရယ်လိုက်ပြီး....

"ကျနော့်အတွက် မပူပါနဲ့၊ ကျနော် အသက်ရှင်ပြီး လာနိုင်ယင် အသက်ရှင်ပြီး ပြန်နိုင်ရမှာပေါ့"

"အို- ငါက ဒဏ်ရာနဲ့လူပါကွ၊ မကြာခင် သေရတော့မဲ့ဟာ မထူးပါဘူး၊ မင်း နေခဲ့ ငါ သွားမယ်"

တမာန်တော်သည် သူတို့နှစ်ယောက် ပြောဆိုနေသည်ကိုအေးဆေးစွာ ကြည့်၍နေလေသည်။

ထိုစဉ်

ရုတ်တရက် တိမ်တိုက်များကြားမှ အသံတသံပေါ်၍လာလေသည်။

"ဟေ့ တမာန်တော်- သူတို့ နှစ်ယောက်လုံးကို ခေါ်ခဲ့ပါ"

ထိုအသံသည် အဝေးမှလာသော်လည်း ကြည်လင် ပြတ်သားပေသည်။

ထိုအသံ ဆုံးသည်နှင့် တိမ်တိုက်များကြားမှ လူတယောက် ထပ်မံထွက်လာလေသည်။

တမာန်တော်သည် ထိုလူအား လှမ်း၍မေးလိုက်သည်။

"ဘယ်သူက ပြောတာလဲ"

"ဓားသမား"

ထို'ဓားသမား'ဟူသော စကားလုံးသည် သြဇာအာဏာ ပြည့်ဝသော အမိန့်တခုပမာ၊ ချူလျူရှမ်းအား ထူးခြားသော ကမ္ဘာတခုသို့ ပို့ဆောင်လိုက်လေတော့သည်။

× × ×

တိမ်တိုက်ပေါ်တွင် မည်သူမျှရပ်တည်၍မရပါ။

တမာန်တော်လည်း လူဖြစ်သည်။

ထို့ကြောင့် သူသည်း တိမ်တိုက်ကြားတွင် ရပ်မနေနိုင်ပါ။ လမ်းမလျှောက်နိုင်ပါ။

သို့သော်

တမာန်တော်သည် သူတို့အား ချောက်ကမ္ဘား အစွန်းသို့ ခေါ်၍သွားနေသည်။

ချူလျှုရှမ်းသည် ထိုအခါမှပင် တမာန်တော် တိမ်တိုက်ထဲ၌ ရပ်တည်နေနိုင်ခြင်းကို နားလည်လိုက်လေတော့သည်။

အဘယ်ကြောင့် ဆိုသော်

တိမ်တိုက်များကြားတွင် သံကြိုးဖြင့်ပြုလုပ်ထားသော တံတားလေးတခု ရှိနေသောကြောင့်ပင် မဟုတ်ပါလော။

ထို သံကြိုး တံတားလေးသည် ချောက်ကမ္ဘားနှင့် တဘက်တောင်အား ဆက်သွယ်ထားလေသည်။

ချောက်နုတ်ခမ်းအနီးတွင် ကြီးမားသော ခြင်းတောင်း တခု ရှိသည်။

ထိုခြင်းတောင်းသည် ချောက် နုတ်ခမ်းအောက် အနီးငယ် ကျသဖြင့် ရုတ်တရက်မမြင်ရချေ။

ထို ခြင်းတောင်းအား ကြိုးဖြင့် သွယ်တန်းထားပြီး ဘီးတခုနှင့် ကြိုးတပ်ကာထားပြီး ကြိုးအားဆွဲ၍ တဘက်တောင်သို့ ကူးနိုင်ရန် စီမံထားလေသည်။

တုကုဟုန်သည် ခြင်းတောင်းထဲတွင် ထိုင်လိုက်ပြီး ကြိုးကိုဆွဲ၍ တဘက်တောင်သို့ ကူးသွားလေသည်။



တမာန်တော်သည် ချူလျှုရှမ်းအား စေ့စေ့ကြည့်လိုက်ပြီး—

"မင်းက ခြင်းတောင်းနဲ့ သွားမှာလား၊ တံတားက သွားမှာလား"

ချူလျှုရှမ်းသည် သူ၏ခြေထောက်အား လက်ညှိုးဖြင့် ထိုးပြလိုက်ပြီး....

"ကျနော့်မှာ ခြေထောက်ရှိတယ်"

တမာန်တော်က ချောက်ကမ္ဘားထဲသို့ ညွှန်ပြ လိုက်ပြီး....

"ချောက်ကမ္ဘားထဲ ကျသွားယင် ခြေထောက်မပြောနဲ့ ကိုယ်ခန္ဓာတောင် ရှိမှာမဟုတ်ဘူး"

ချူလျှုရှမ်းသည် ပြုံးလိုက်ပြီး....

"ခင်ဗျား ကျဘူးသလား"

တမာန်တော်က သူ၏ ဦးခေါင်းအား ခါရမ်းလိုက်ပြီး—

"ဟင့်အင်း၊ မကျဖူးဘူး"

ချူလျှုရှမ်းသည် ပြုံးလိုက်ပြီး—

"ခင်ဗျားမှ မကျ ခဲ့ဘူးဘဲ ကျနော်က ဘာဖြစ်လို့ ကျရမှာလဲ"

"ဒါဖြင့် မင်းရှေ့ကသွား"

"ဘာလဲ-ခင်ဗျားက ကျနော် ကျသွားတာကို မြင်ချင်လို့လား"

"အင်း၊ ဖြစ်နိုင်တယ်"

ချူလျှုရှမ်းသည် ရယ်မောလိုက်ယင်း—

"ဟဲ-ဟဲ၊ ဒီလိုဆို ခင်ဗျား စိတ်ပျက်သွားနိုင်တယ်"

ဟု ပြောလိုက်ပြီး သံကြိုးတံတားအား စတင်၍ ဖြတ်ကူးလေတော့သည်။

သူသည် ဤ တံတားအား ဖြတ်ကူးနိုင်ပါမည်လော။

× × ×

တံတား။

သံကြိုးတံတား။

ယင်းတံတားသည် လွန်စွာမှ ချောသည်။

ထို့ပြင်

တောင်လေကလည်းပြင်းသည်။

သို့ဖြစ်၍ တံတားပေါ်၌ လျှောက်နေသောလူသည် လေထဲ၌ ဖယောင်းတိုင်အား မီးထွန်းညှိထားသကဲ့သို့ ယိမ်းနွဲ့၍ နေလေသည်။

ဝန်းကျင် တခုလုံးသည် တိမ်တိုက် တိမ်လိပ် များဖြင့် ရွှေလျားရွှေနေသည်။

မိုးမြေတခုလုံးမှာလည်း လှုပ်ရှား၍နေသည်ဟု ချူလျူရှမ်း ထင်မိသည်။

သို့ဖြစ်၍ ထိုတံတားအား ငြိမ်သက်စွာလျှောက်ရန်မှာ အလွန် ခက်ခဲလေသည်။

သို့သော်

ထိုသို့ခက်ခဲသော အလုပ်မျိုးကို ချူလျူရှမ်း နှစ်သက်တတ်ပါသည်။

ပို၍ခက်ခဲလေ၊ ပို၍နှစ်သက်လေ ဖြစ်ပါသည်။

သူသည် တံတားပေါ်၌ မြန်မြန်မလျှောက်ပါ။

တံတားပေါ်၌ မြန်မြန် လျှောက်ခြင်းသည် လွယ်ကူသည် မဟုတ်ပါလော။



ထို့ကြောင့်

သူသည် ဖြောင့်ဖြူးသော လမ်းမကြီးတခုပေါ်၌ လျှောက်နေရသည့်အလား အေးအေးဆေးဆေး၊ နွေးနွေးကွေးကွေးဖြင့် လျှောက်နေလေသည်။

ယခုကဲ့သို့ ဖြည်းဖြည်းလျှောက်နေသည့်အတွက် ချူလျူရှမ်း နောက်မှ လိုက်လာသော တမာန်တော်လည်း မြန်မြန် လျှောက်၍ မရဘဲ ဖြစ်နေလေတော့သည်။

ချူလျူရှမ်းသည် တမာန်တော်၏ အဖြစ်ကိုကြည့်ကာ စိတ်ထဲတွင် ပျော်၍လာလေသည်။

စိတ် ပျော် ရွှင် လာသည်နှင့် အမျှ သူ၏ငယ်စဉ်က အကျင့်ကလေးသည် ပြန်၍ပေါ်လာလေသည်။

ထိုအကျင့်သည် (၇) သံထက်ပိုသော အသံဖြင့် သီချင်းဆိုခြင်းပင် ဖြစ်သည်။

ယခုလည်း သူသည် (၇) သံထက်ပိုသော အသံဖြင့် ငယ်စဉ်က ဆိုဘူးသော သီချင်းတပုဒ်အား ဟစ်အော်၍ ဆိုလိုက်လေသည်။

"ညီမလေးက အရုပ်ကို၍၊ ဥယျာဉ်ထဲမှာ ပန်းကုံးသီ...."

သူသည် သီချင်းဆုံးအောင် မဆိုလိုက်ရပါ။

တမာန်တော်၏ ဒေါသဖြင့် မေးသံက ဟိန်း၍ ထွက်လာလေသည်။

"ဟေ့-ဒါ ဘာလုပ်တာလဲ"

ချူလျူရှမ်းသည် တမာန်တော်အား လှည့်၍ပြုံးပြလိုက်ပြီး....

"ဟဲ....ဟဲ....သီချင်းဆိုတာလေဗျာ"

"ဒါလားကွ သီချင်းဆိုတာ....လား တကောင်ညည်းနေတဲ့ အသံနဲ့ဘဲ-တူတယ်"

ချူလျူရှမ်းသည် ရယ်မောလိုက်ပြီး....

"အင်း....ခင်ဗျားလဲ ဂီတဝါသနာအိုးနဲ့ တူတယ်....ကဲကဲ-နားထောင်....ကျနော်ဆိုပြမယ်"

ချူလျူရှမ်းသည် အသံကုန်ဟစ်၍ သီချင်း အော်ဆိုလေတော့သည်။

"ညီမလေးက - အရုပ်ကိုချီ.... ဥယျာဉ်ထဲမှာ ပန်းကုံးသီ.... ပန်းကုံးလေးက သူနဲ့မတော်.... အမေပေးဘို့ သူလှမ်းခေါ်.... သစ်ပင်ပေါ်က ငှက်ကလေးအော် .... တဟားဟား တဟီးဟီး ရီသလိုနော်...."

တမာန်တော်သည် ချူလျူရှမ်းအား ဟန့်တားခြင်းမပြုတော့ပါ။

ဟန့်တားလျှင်လည်း ချူလျူရှမ်းက ဂရုစိုက်မည် မဟုတ်ပါ။

ထို့ကြောင့် တမာန်တော်သည် သူ၏နားကို ပိတ်ထားလိုက်လေတော့သည်။

ချူလျူရှမ်း သီချင်းသံ ဆုံးသွားသောအခါ တမာန်တော်ယည် ချူလျူရှမ်းအား လှမ်း၍မေးလိုက်လေသည်။

"ဟေ့-မင်း ချူလျူရှမ်း မဟုတ်လား"

ချူလျူရှမ်း၏ ထူထဲသော မျက်ခုံးမွေးအစုံသည် နဖူးအလယ်သို့ စု၍လာသည်။



သူသည် မျက်မှောင်ကုတ်လိုက်ယင်း....

"သီချင်းဆိုတဲ့ အသံကြားတာနဲ့ ဘယ်သူဆိုတာ မှတ်မိတယ်ဆိုတော့....အင်း....ကျနော့်သီချင်းသံက နံမယ်ကြီးနေတယ်နဲ့ တူတယ်....ဟုတ်လား"

တမာန်တော်သည် ထပ်၍မေးလိုက်ပြန်သည်။

"မင်းချူလျူရှမ်း မဟုတ်လား"

ချူလျူရှမ်းသည် ရယ်မောလိုက်ပြီး....

"ဒီလောကကြောင်းတဲ့ အသံမျိုးဟာ ချူလျူရှမ်းကလွဲလို့ ဘယ်သူရှိဦးမလဲ....ဟုတ်တယ်၊ ကျနော်-ချူလျူရှမ်းဘဲ....အဲဒါဘာဖြစ်လဲ"

တမာန်တော်သည် ဘာမှ ပြန်မပြောတော့ပါ။

သူ၏ပါးစပ်ကို ပိတ်ထားလိုက်သည်။

သို့သော်

သူ၏လက်ကို လျင်မြန်စွာ အသုံးချလိုက်လေသည်။

သူသည် ချူလျူရှမ်း၏ နောက်ကျောအား ရှက်တရက်ရိုက်ချလိုက်လေသည်။

ချူလျူရှမ်းသည် တမာန်တော်၏ ရိုက်ချက်အား လျင်မြန်စွာ ရှောင်တိမ်းလိုက်လေသည်။

ယခုကဲ့သို့ တိမ်းရှောင်လိုက်သည်နှင့် ချူလျူရှမ်း၏ ကိုယ်ခန္ဓာသည် ချောမွတ်သော တံတားပေါ်တွင် ရပ်တည်နိုင်စွမ်းမရှိတော့ချေ။

ထို့ကြောင့် ချူလျူ၏ ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးထဲသို့ ထိုး၍ကျသွားလေတော့သည်။

× × ×

ချောက်ကမ်းပါး။

ချောက်ကမ်းပါး၏ အောက်ခြေတွင် တိမ်တိုက်များရှိနေသည် ဖြစ်၍ ချောက်ကမ်းပါး၏ အောက်ခြေတိုင်အောင် မမြင်ရချေ။

ထို့ကြောင့် အဆုံးအစ မရှိသော ချောက်ကမ်းပါးထဲသို့ သင် ကျသွားခဲ့ပါလျှင်၊ သင်၏ အရိုးအသားသည် ရှာ၍တွေ့မည် မဟုတ်တော့ပါ။

သို့သော်

ချူလျူရှမ်း၏ ကိုယ်ခန္ဓာသည် အရိုးအသား ရှာမတွေ့နိုင် အောင် ကျသွားခြင်းတော့ မရှိပါ။

သူ၏ ခြေထောက်များက သူ့အား ချောက်ကမ်းပါးထဲသို့ ကျမည့်ဘေးမှ ကယ်တင်ခဲ့လေသည်။

သူသည် လင်းနို့တကောင်ကဲ့သို့ တံတားကို ခြေဖြင့်ချိတ် လျက် ဇောက်ထိုး မိုးမျှော်ဖြစ်၍ နေလေသည်။

တမာန်တော်သည် ချူလျူရှမ်းအား ငုံ့၍ကြည့်လိုက်သည်။ ချူလျူရှမ်းသည် သူ့အား ငုံ့ကြည့်နေသော တမာန်တော်ကို ပြုံး၍ပြလိုက်ပြီး သီချင်းဆက်၍ ဆိုလိုက်လေသည်။

"လှော်ကြပေ့ ....လှော်ကြ....ဖွားဖွားတံတားအထိ - လှော် ကြပေ့....ဖွားဖွားတံတားတွေ့ယင်....မုန့်ကျွေး....အဲ....အဲ...."

ချူလျူရှမ်းဆက်၍ သီချင်း မဆိုဖြစ်တော့ပါ။



ယခုအကြိမ် သူ သီချင်း ဆက်မဆိုဖြစ်သည်မှာ တမာန်တော် ၏ ဟန့်တားမှုကြောင့် မဟုတ်ပါ။

သီချင်း စာသားအား သူကိုယ်တိုင် မေ့နေ၍ပင် ဖြစ်လေ သည်။

တမာန်တော်သည် သူ့အား ငုံ့ကြည့်နေရာမှ....

"ဟုတ်ပါတယ်....မင်းဟာ....ချူလျူရှမ်း အစစ်ပါဘဲ"

"ဟုတ်ပါတယ်ဗျာ....ဒါပေမဲ့....ဒီအတိုင်း ကြာကြာနေယင် တော့....အရိုးအသား ရှာမရတဲ့ လူ ဖြစ်သွားမယ်ထင်တယ်"

တမာန်တော်သည် သူ့အား စေ့စေ့ စိုက်ကြည့်လိုက်ပြီး....

"မင်း....တကယ် သေမှာ မကြောက်ဘူးလား"

"ဟဲ....ဟဲ....ဘယ်သူက ပြောတာလဲ"ဟု လှမ်းမေးလိုက်ပြီး၊

သူ့ခန္ဓာကိုယ်အား ရဟတ်ကဲ့သို့ တချတ်လှည့်လိုက်ပြီး တံတား ပေါ်သို့ ပြန်တက်လိုက်လေသည်။

တမာန်တော်သည် သူ၏ရှေ့တွင် ရပ်နေသော ချူလျူရှမ်း အား....

"အင်း....မင်းဟာ ချူလျူရှမ်းမှန်ယင်တော့ ငါ-တခုတော့ သတိပေးလိုက်ချင်တယ်"

"ပြောပါဗျာ—ဟဲ—ဟဲ"

"စီးမင်းချုံစွေ့ဟာ လောကကြီးထဲမှာ အမြန်ဆုံးဓားသမား မဟုတ်သေးဘူး"

ချူလျူရှမ်းသည် သူ၏ပခုံးနှစ်ဘက်အား တွန့်လိုက်ပြီး....

"ဒါဖြင့် စီးမင်းချုံစွေ့ထက်မြန်တဲ့ ဓားသမားရှိတယ်ပေါ့"

တမာန်တော်သည် သူ၏ဦးခေါင်းအား ညိတ်ပြလိုက်ယင်း....

"အင်း—ရှိတယ်"

"ဘယ်သူတုန်း"

"ငါဘဲ"

ချူလျူရှမ်း မရယ်တော့ပါ။

သူသည် တမာန်တော်အား စေ့စေ့ကြည့်လိုက်ပြီး—

"ခင်ဗျား ဘယ်သူလဲ"ဟု မေးလိုက်လေသည်။

တမာန်တော်သည် စကားတလုံးချင်း ဖြည်းဖြည်းပြောလိုက်လေတော့သည်။

"မျက်နှာမရှိတဲ့လူ"

× × ×

မျက်နှာမရှိတဲ့လူ။

တမာန်တော်သည် အလွန်အရုပ်ဆိုးလှသည်။

ထို့ကြောင့် မျက်နှာမရှိသည်နှင့် တူနေသည် မဟုတ်ပါလော၊

ချူလျူရှမ်းသည် ထပ်မံမေးရန် ဟန်ပြင်လိုက်သည်။

သို့သော်

တမာန်တော်အား မတွေ့ရတော့ချေ။

တိမ်တိုက်တိမ်လိပ်များသည် ဝန်းကျင်တခုလုံးအား ဝိုးတဝါးနိုင်လှပေသည်။

ချူလျူရှမ်းသည် သူ့ရှေ့ရှိ တိမ်တိုက်ကို အတန်ကြာကြည့်နေပြီးမှ ရှေ့သို့ဆက်၍ လျှောက်သွားလေတော့သည်။



သူသည် တဖြည်းဖြည်း လျှောက်လာရာ တဘက်တောင်၏နုတ်ခမ်းသို့ ရောက်၍လာလေသည်။

တဘက်တောင်၏နုတ်ခမ်းသို့ ရောက်သည်နှင့် သူ၏ခြေလှမ်းများသည် ရုတ်တရက်ရပ်တန့်၍ သွားလေတော့သည်။

ရှေ့ဆက်၍ မလျှောက်နိုင်အောင် ဓားနှစ်ချောင်းနှင့် ကြိုးနီတချောင်းက တားထားလျက်ရှိသည် မဟုတ်ပါလော။

အနီရောင်သည် အန္တရာယ်၏ရှေ့ပြေး နိမိတ်ပင် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ထိုကြိုးအနီသည် ချူလျူရှမ်းအား မည်ကဲ့သို့အဓိပ္ပာယ်ဖြင့် တားရပါသနည်း။

ထိုကြိုးအနီသည် ချူလျူရှမ်းအတွက် အန္တရာယ် ကြိုးနီပေလော။

သို့မဟုတ် ချူလျူရှမ်းအတွက် အမိုက်မှောင်ရွာမှ ကြိုဆိုနေသော ကြိုးနီပေလော။

× × ×

ရပ်တန့်နေသည်။

ချူလျူရှမ်းသည် ရှေ့ဆက်၍ မလျှောက်ဖြစ်တော့ပါ၊

သူသည် ဝန်းကျင်အား တချက် အကဲခတ်ကြည့်လိုက်သည်။

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

သက်ရှိ သတ္တဝါဟူ၍ သူတယောက်တည်းသာ ရှိနေလေသည်။

တမာန်တော်၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

ထိုစဉ်

အဝေးမှ အသံတခုကို ကြားလိုက်ရလေသည်။

ထိုအသံသည် ရေခဲတမျှ အေးစက်လှသည်ဟု ထင်ရလေသည်။

"ဒီကြိုးကို ထိုးဖောက်ပြီးလာတာနဲ့ မင်းဟာလူသေတယောက်ဖြစ်သွားပြီ၊ မင်း စဉ်းစားပါ၊ အခု ပြန်လှည့်ယင် ဖြစ်နိုင်သေးတယ်"

ချူလျူရှမ်းသည် ရပ်တန့်နေဲဆဲပင်။

လှုပ်ရှားမှု လုံးဝမရှိသေးပါ။

သို့သော်

သူ၏ ဦးနှောက်သည် လှုပ်ရှား၍နေသည်။

ရှေ့ဆက်၍ပင် သွားရမည်လား။

သို့မဟုတ် လာလမ်းအတိုင်း ပြန်၍လှည့်ရမည်လား။

သည်မေးခွန်းများဖြင့် ချူလျူရှမ်းသည် သူ့ကိုယ်သူ ပြန်၍မေးခွန်းထုတ်နေပေသည်။

ရှေ့ဆက်၍သွားလျှင်လည်း လူသေဖြစ်မည်။

နောက်သို့ ပြန်လှည့်လျှင်လည်း သေလူဖြစ်မည်။

ချူလျူရှမ်းသည် သူ၏ရှေ့တွင်ရှိနေသော ကြိုးနီအား စိုက်၍ကြည့်ယင်း ချွေးများ ပြန်၍လာလေသည်။

ထိုကြိုးနီသည် ထိလိုက်သည်နှင့် ပြတ်၍သွားမည်ဖြစ်သည်။

သို့သော်

လောကကြီးတွင် မည်သူက ထိုကဲ့သို့ ထိုးဖောက်ဝင်ရောက်ဝံ့ပါမည်နည်း။



အတန်ကြာ တိတ်ဆိတ်နေပြီးမှ ချူလျူရှမ်းသည် ရုတ်တရက်ရယ်မောလိုက်သည်။

ထို့နောက်

"အင်း....တခါတခါ သေဘို့စိတ်ကူးမိတယ်၊ တကယ်တော့-သေတယ်ဆိုတာ အတော် လွယ်သားတဲ"

ဟု ပြောယင်း ကြိုးနီအား တိုး၍ ဝင်သွားလေတော့သည်။

## ကမ္ဘာသစ် သို့မဟုတ် လူသေများ၏ ကမ္ဘာ

ကမ္ဘာသစ်တခု၊ သို့မဟုတ်၊ လူသေများ၏ ကမ္ဘာ။

ချူလျူရှမ်းသည် တခါဘူးမျှ အိပ်မက်ပင် မမက်ခဲ့သော ကမ္ဘာသစ်သို့ ရောက်ရှိနေပေသည်။ ဤနေရာသို့ ရောက်ရမည်ဟု လည်း တကြိမ်မျှ မြော်လင့်မထားခဲ့ပါ။

သူသည် ကြိုးနီအား တို့း၍ဝင်လိုက်ပြီး တောင်နံတ်ခမ်းစွန်းမှ အတွင်းဘက်သို့ လျှောက်လာလေသည်။

ဝန်းကျင်တခုလုံးသည် တိမ်ခိုးတိမ်ငွေ့များဖြင့် မှုန်ရီ ဝိုးတဝါး ဖြစ်နေလေသည်။

သူသည် မည်သည့်အရာကိုမျှ ပီပီပြင်ပြင် မမြင်ရချေ။
ယခုမှ သူသည် တမာန်တော်နှင့် တုကူဟုန့်အား သတိရလာသည်။
သို့သော်
သူတို့ကား ဘယ်ရောက်နေသည်ကို မသိရချေ။



ချူလျူရှမ်း၏ ဝန်းကျင်တွင် ချူလျူရှမ်းတယောက်ထဲသာ ရှိနေသည်။
အရာရာသည် မှုန်ရီသော မြင်ကွင်းအောက်တွင် ပျောက်ကွယ်၍ နေသလော။
ချူလျူရှမ်းသည် သူ၏ခြေလှမ်းကို ရပ်လိုက်သည်။
မှုန်ရီနေသော သူ၏ဝန်းကျင်ကို တချက်ငဲ့၍ကြည့်လိုက်သည်။
ဤနေရာသည် မည်သည့် နေရာနည်း။
သူသည် တကယ်ပင် သေခဲ့ပြီလား။
စသည့် မေးခွန်းများဖြင့် သူ့ကိုယ်သူ ဆန်းစစ်နေမိသည်။
ပြီးမှ သူသည် နှစ်ခြိုက်စွာ တချက်ပြုံးလိုက်သည်။
ထို့နောက် သူ၏ရင်ကိုကော့၍ ဦးခေါင်းကို မော့လိုက်ပြီး သူ၏ပါးစပ်ကို ဖြဲကာ–
(၇)သံထက် ပိုသောအသံဖြင့် သီချင်းတပုဒ်အား ဟစ်၍ ဆိုလိုက်လေတော့သည်။
"ညီမလေးက အရုပ်ကိုချီ.... ဥယျာဉ် ထဲမှာ ပန်း ကုံး သီ.... သိ....သီ"

သူသည် သီချင်းကို ဆုံးအောင် မဆိုလိုက်ရပါချေ။
ရုတ်တရက်
"မဆိုပါနဲ့ မဆိုပါနဲ့၊ တောင်းပန်ပါတယ်"
ဟု လူတယောက်၏ တောင်းပန်သံ ပေါ်ထွက်၍ လာလေသည်။

ချူလျူရှမ်းသည် အသံလာရာဘက်သို့ သေသေချာချာစိုက်၍ ကြည့်လိုက်သည်။

ထိုအသံသည် သစ်သားဖြင့်ဆောက်ထားသော အိမ်ငယ်တလုံး အတွင်းမှ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။

မီး ခိုးရောင် အိမ်ငယ်လေးတလုံးဖြစ်သည်။

သို့သော် ထိုအိမ်ငယ်အား လွယ်လွယ် ကူကူ မြင်တွေ့ ရသည် တော့ မဟုတ်ပါ။

တိမ်ခိုး တိမ်ငွေ့ မြူနှင်းများအကြားတွင် သတိထား ကြည့်မှ သာ တွေ့မြင်ရခြင်း ဖြစ်လေသည်။

အိမ်ကိုတော့ တွေ့ရသည်။ သို့သော် လူကို မတွေ့ရသေးချေ။

ချူလျူရှမ်းသည် ထိုအိမ်ငယ်ရှိရာသို့ လျှောက်၍ သွားလိုက် လေသည်။ အိမ်ထဲမှ ညည်းတွားနေသော အသံအား ချူလျူရှမ်း ထပ်မံကြားရလေသည်။

ချူလျူရှမ်းသည် အိမ်ရှေ့တွင် ခြေစုံရပ်လိုက်ပြီး....

"ဘယ်သူလဲ၊ နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ဒါပေမဲ့ ရှင့်သီချင်းသံ ကြားရလို့ အဖျားတက်လာတယ်"

"ဒီကမ္ဘာဟာ လူသေတွေနေတဲ့ကမ္ဘာဘဲ၊ ဖျားယင်သေလိုက်ပေါ့"

"ရှင့် သီချင်းသံကကောင်းလွန်းလို့လူသေတောင် မခံနိုင်ဘူး"

ချူလျူရှမ်းသည် တဟား....ဟား....ဖြင့် ရယ်မောလိုက်လေသည်။

"ဒီမှာရှင့်-သိပ်လဲ ရီမနေနဲ့၊ ကျမ ဘယ်သူ ဆိုတာတော့ မ မေးတော့ဘူးလား"



"မေးစေချင်ယင် မေးပါတယ်ဗျာ၊ ကဲ-ခင်ဗျားဘယ်သူတုံး"

"ယွဲ့လိမ်ပါ"

အသံသည်ချိုလွင်လှသည်။

"အလွဲ့....နံမယ်လေးက လှလိုက်တာ၊ လူကလဲ လှမယ် ထင်တယ်"

"ရှင်မဆိုးဘူး အကြားအမြင်ရတယ်နဲ့တူတယ်၊ ခစ်-ခစ်"

"ဒါနဲ့၊ ကျနော့် နံမယ်က"

"ချူလျူရှမ်း-မဟုတ်လား"

"အင်း-အမိလဲ အကြားအမြင်ရတယ်နဲ့တူတယ် ဟား-ဟား"

"အင်း-ရှင့် နံမယ်လဲ လှတာဘဲ၊ လူကရော"

"ဒါကတော့ ခင်ဗျား အခုတွေ့ရမှာပေါ့"

ချူလျူရှမ်းသည် ပြောပြောဆိုဆို တံခါးအား ဖွင့်၍ ဝင် သွားလေတော့သည်။

× × ×

အခန်းက သေးငယ်သည်။

သို့သော်၊

သပ်သပ် ယပ်ယပ် ရှိသည်။

အိမ်ထောင်ပရိဘောဂများ ပြည့်စုံသည်။

စားပွဲ၊ ကုလားထိုင်၊ ဘီဒိုများသည် သူ့နေရာနှင့်သူ ရှိနေ၍ အခန်းသည် ကျဉ်းလွန်းသည်ဟု မထင်ရချေ။

ချူလျူရှမ်းသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် မိန်း ကလေးတယောက်အား တွေ့မြင် လိုက်ရလေသည်။

သူမသည် ကုတင်ပေါ်တွင် လဲလျောင်း၍နေသည်။

သူမ၏ မျက်လုံးများသည် ရွှန်းလဲ့၍နေပြီး ချူလျူရှမ်းအား မျက်တောင်မခတ်ဘဲ ကြည့်၍ နေလေသည်။

ချူလျူရှမ်းသည် ကုတင်ပေါ်တွင် မိန်းကလေး တယောက် လဲလျောင်း နေသည်ကို တွေ့ရသဖြင့် သူ၏ မျက်နှာသည် နီရဲ၍ သွားလေသည်။

ထို့နောက် သူသည် ပြန်လည်၍ထွက်ရန် သူ၏ ခန္ဓာကိုယ်အား လှည့်လိုက်လေသည်။

ထိုစဉ်-

"နေအုံးလေ"

ချိုလွင်သောအသံနှင့်အတူ မိန်းကလေးသည် ကုတင်ပေါ်မှ ထ၍ လာလေသည်။

ထို့နောက် သူမသည် ကုတင်အောက်သို့ လက်နှိုက်လိုက်လေသည်။

သူမ၏လက်အား ပြန်လည်ထုတ်လိုက်ချိန်တွင် သူမ၏ လက်ထဲ၌ စားစရာအချို့နှင့် အဝတ်အစားများ ပါလာ လေသည်။

သူမသည် စားစရာများကို စားပွဲပေါ် တင်လိုက်ပြီး၊ အဝတ်အစားများကို ချူလျူရှမ်းအား လှမ်းပေးယင်း—

"ကဲ....ရော့၊ ဒီအင်္ကျီဟာ ရှင်နဲ့ တော်ကောင်းပါရဲ့"

ချူလျူရှမ်းသည် သူမလှမ်းပေးသော အဝတ်အစား များကို လှမ်း၍ယူလိုက်ယင်း-သူမအား သေချာစွာ အကဲခတ်၍ နေလေသည်။



သူမသည် သူမ၏အသားအရည်နှင့် လိုက်လျောသည့် အဝတ်အစားများကို ဝတ်ဆင်၍ ထားလေသည်။

သူမ၏ကိုယ်ခန္ဓာသည် ပိုးပျော့ အင်္ကျီအောက်တွင် သူ့နေရာနှင့် သူ အချိုးအစား ပြေပြစ်စွာရှိနေလေသည်။

သူမသည် ချူလျူရှမ်းအား အဝတ် အစားများ ပေးပြီးသည်နှင့် စားပွဲတွင် ဝင်၍ထိုင်လိုက်ပြီး........

"ကဲ-ရှင် ဗိုက်ဆာနေပြီနဲ့တူတယ်၊ စားလိုက်ပါအုံး"

ချူလျူရှမ်းသည် အမှန်တကယ်ပင် ဗိုက်ဆာနေပြီ ဖြစ်၍.... အားမနာနိုင်တော့ဘဲ စားပွဲတွင်ဝင်ထိုင်ကာ စတင် စားသောက်လေတော့သည်။

မကြာပါချေ။

ဇရက်တအိုးနှင့် ဟင်းလျာအားလုံးတို့သည် တစက်မျှမကျန်အောင် ကုန်စင်၍ သွားလေတော့သည်။

ယဲ့လိမ်သည် သူ့အားကြည့်ပြီး ပြုံးပြလိုက်လေသည်။

သူမ၏အပြုံးသည် ပန်းတပွင့်ကဲ့သို့ လှပသည်။

ဝတ်မှုန်များကဲ့သို့ နူးညံ့သည်။

သကြားခဲ ကဲ့သို့ ချိုမြိန်သည်။

မြေခွေးကဲ့သို့လည်း မကောက်ကျစ်၊ မစဉ်းလဲပါဟု မည်သူမျှ မပြောနိုင်ပါ။

ချူလျူရှမ်းသည် ယဲ့လိမ်အား စေ့စေ့ ကြည့်လိုက်ပြီး—

"အင်း-ခင်ဗျားဟာ လှူနဲ့၊ နံမယ်နဲ့ လိုက်တယ် ဆိုတာ.... ယုံကြည်ပါပြီ၊ ဟဲ-ဟဲ"

ယွဲ့လိမ်သည် ယွဲ့ယွဲ့လေး ပြုံးလိုက်ပြီး—

"အင်း-ကျမလဲ ယုံကြည်ပါပြီ၊ ရှင်လဲ-လူနဲ့နံမယ်နဲ့ လိုက်တယ်ဆိုတာ"

\+ + +

ချူလျူရှမ်းသည် ရွှန်းလဲ့သော မျက်လုံးအစုံနှင့် အတန်ကြာအောင် စိုက်၍ကြည့်နေသည်။

ထို့နောက်-

ရွှန်းလဲ့သော မျက်လုံးတစုံသည် ချူလျူရှမ်းထံမှ ရွှေ့လျား၍ သွားပြီး နီထွေးသော နုတ်ခမ်းလွှာသည် ဖွင့်ဟ၍ လာပြီး.... ချိုလွင်သောအသံ ထွက်ပေါ်၍လာ ခဲ့လသည်။

"အင်း– လူတချို့က ရှင့်ကို ဝေဖန်ကြတယ်"

ချူလျူရှမ်းသည် သူ၏ထူထဲသော မျက်ခုံးမွေးတဘက်အား ပင့်လိုက်ပြီး—

"ဟုတ်လား၊ ဘာတွေများ ဝေဖန်ကြသလဲ"

"ရှင့်ရဲ့သိုင်းပညာ၊ နောက်ပြီး-ဇဝနဉာဏ်၊ အဲအရက်သောက်တဲ့ နေရာ၊ မိန်းမနောက်ပိုးတဲ့နေရာ၊ အဲဒီ နေရာတွေမှာ ပြိုင်စံရှားဘဲတဲ့"

"ဟုတ်လား-ဒါဖြင့် တယ်တော်တဲ့ ငါပါလား၊ ဟဲ-ဟဲ" ဟု ပြောယင်း ကုန်ခမ်းနေသောအရက်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး—

"အဘုမ်း-ကျနော် အရက်သောက်တာ တွေ့ပြီမဟုတ်လား"



"ဟုတ်ကဲ့ရှင့်၊ တွေ့ပြီးပါပြီ၊ ဒါပေမဲ့ တခုတော့ မှားနေသလိုဘဲ"

"အဲ့-ဘယ်နေရာ မှာပါလိမ့်"

"မိန်းမ-နောက်ပိုးတဲ့ နေရာမှာ"

"ဘာဖြစ်လို့"

"ခု-အချိန်ထိ၊ ရှင်ကျမကို နောက်မပိုး သေးလို့ပေါ့"

"သြ....ဟဲ....ဟဲ....ဒါလား....ဖြေးဖြေးပေါ့၊ မပူပါနဲ့-နောက်တွေ့ရမှာပါ၊ ဒါနဲ့ ဘယ်သူက ဝေဖန်တာလဲ"

"ဓားသမား"

"ဘာ....ဓားသမား....ဟုတ်လား"

"ဟုတ်တယ်ရှင့်"

ချူလျူရှမ်းသည် မျက်မှောင်ကုတ်၍ သွားသည်။

"နေပါအုံး....ဓားသမားဆိုတာ ဘယ်သူလဲ"

"ကျမတို့ရဲ့ သခင်ဘဲ....အဲ....ကျမတို့ရဲ့ သူဌေးလို့လဲ ခေါ်နိုင်ပါတယ်"

"ဘာသူက ဘယ်လို လူစားမျိုးလဲ"

"သူ့အမိန့်ကို အားလုံးက နာခံကြတယ်ဆိုတော့ .... သူက ဘယ်လို လူစားမျိုးလဲဆိုတာ ရှင်-ခတွေးကြည့်ပေါ့"

"ကျနော်က သူများရဲ့ သခင်လဲ မလုပ်ခဲ့ဖူးဘူး၊ သူများရဲ့ သူဌေးလဲ မလုပ်ဖူးဘူး၊ ဒါကြောင့် ဘယ်သိမလဲ"

"ရှင်က သူ့ရဲ့နံမယ်၊သူ့ရဲ့မိသားစုအကြောင်း-သိပ်ပြီး သိချင်တယ် ဆိုပါတော့"

"ဟုတ်ကဲ့-သိပ်ပြီး သိချင်ပါတယ်"

"သိပ်ပြီးသိချင်တယ်ဆိုယင်တော့....ရှင်ဟာ တကယ့် ဝိဥာဉ်ကမ္ဘာကို ရောက်သွားနိုင်တယ်" ဟု ပြောလိုက်ပြီး သူမ၏ မျက်နှာသည် ရုတ်တရက် တည်ကြည်စွာ ပြောင်းလဲ၍ သွားလေသည်။

ပြီးမှ၊

"ရှင်-ဒီနေရာမှာ ကောင်းကောင်း နေချင်တယ်ဆိုယင်တော့ သူများရဲ့အကြောင်းကို မစုံစမ်းရဘူး"

"မေးခဲ့ယင်....ဘာဖြစ်တတ်သလဲ"

"ရှင့်အနေနဲ့-သိုင်းပညာ ဘယ်လောက် တော်တော်....တနေ့ ပျောက်ဆုံးသွားလိမ့်မယ်"

"ဗျာ....ပျောက်ဆုံး သွားလိမ့်မယ် ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"ဘယ်လို ပျောက်ဆုံး သွားတာမျိုးလဲ"

"လူတယောက်ဟာ ရုတ်တရက် ရှာလို့မတွေ့အောင် လောကကြီးထဲကနေ-ရုတ်တရက် ပျောက်ဆုံးသွားတာမျိုးပေါ့၊ ဘယ်ရောက်သွားတယ်ဆိုတာကိုလဲ....ဘယ်သူမှ မသိဘူး"

"ဒါဖြင့်-ဒီကလူတွေ ဒီလိုဘဲ ပျောက်ဆုံးသွားဘူးသလား"

"ဟုတ်ကဲ့ရှင့်"

ချူလျူရှမ်းသည် မဲ့ပြုံးတချက် ပြုံးလိုက်ပြီး၊

"အင်း....ကျနော်က ဒီနေရာလေးဟာ အေးချမ်းပြီး စည်းကမ်းရှိမယ်လို့-ထင်မိနေတာ"



"ဟုတ်ပါတယ်-ချမှတ်ထားတဲ့ စည်းကမ်းသုံးချက်နဲ့ ကိုက်ညီအောင် နေသွားယင်-ဒီနေရာဟာ အင်မတန်မှ အေးချမ်းပြီး စည်းကမ်းလဲ သိပ်ရှိပါတယ်"

"ဟုတ်လား....ဘယ်လို စည်းကမ်းချက်တွေပါလိမ့်"

ယွဲ့လိမ်သည် သူမ၏ လက်ချောင်းလေးများကို ထောင်ယင်း....

"တစ်....သူများအကြောင်း မစုံစမ်းနဲ့၊ နှစ်....ဝေးသမားကို အံမတုရဘူး၊ သုံး....သူ့အမိန့်ကို တသွေမတိမ်း နာခံရမယ်"

"အင်း....ဒီလိုဆိုတော့ သူလုပ်ခိုင်းတာကို ကျနော်က လုပ်ရမယ်ဆိုပါတော့"

"ဟုတ်တယ်ရှင့်-တကယ်လို့ သူက ရှင့်ကို ချီးစားခိုင်းယင်လဲ ရှင်-စားရမှာဘဲ"

ချူလျူရှမ်းသည် စားထားသမျှ အစားများ ပြန်၍ မအန်ရအောင် လျင်မြန်စွာ ပါးစပ် ပိတ်ထားလိုက်ရလေတော့သည်။

ယွဲ့လိမ်သည် ချူလျူရှမ်းအား စိုက်၍ကြည့်လိုက်ပြီး

"ကျမ....ရှင့်ကို ဒီအကြောင်းတွေ ပြောပြတာ ဘာ-သဘောလဲဆိုတာ ရှင်-သိရဲ့လား"

ချူလျူရှမ်းက ရယ်မောလိုက်ပြီး၊

"ဟဲ....ဟဲ....ခင်ဗျားက ကျနော့်ကို-ချစ်နေလို့ပေါ့"

ယွဲ့လိမ်သည် နှုတ်ခမ်းကို ချစ်စဖွယ်တချက် မဲ့လိုက်ပြီး၊

"ရှင့်နှယ်တော်....မျက်နှာ တော်တော်ထူလိုက်တာ၊ လုံသွားတောင် ထိုးမပေါက်ဘူးနဲ့ တူတယ်" ဟု သူမသည် ပြောလိုက်ပြီး ရယ်မောလိုက်လေသည်။

သူမ၏ ရယ်သံသည် ပျားရည်ထက်ပင် ချိုမြ၍နေသည်။ ချူလျှူရှမ်း ထင်မှတ်မိလေသည်။

သူမသည် ဆက်၍၊

"ဩ....ပြောဘို့ တခုကျန်သေးတယ်"

"ဘာများလဲ"

"ကျမရဲ့ စည်းကမ်းကို ဖောက်ယင်-ရှင်တော့ မသက်သာဘူး မှတ်....သိလား"

ချူလျှူရှမ်းက မဲ့ပြုံးပြုံးလိုက်ပြီး၊

"ကဲ....ဆိုစမ်းပါအုံး၊ ခင်ဗျားရဲ့ စည်းကမ်းက-ဘာများလဲ"

"တစ်....ယဲ့စွေ့ကို သွားမစပါနဲ့၊ ရှင့်နေရာကို ဘယ်မိန်းမမှ အဝင်မခံပါနဲ့၊ ဒါဘဲ"

"အာ....ပါး....မလွယ်ပါလား၊ဒါနဲ့ ယဲ့စွေ့က ဘယ်သူတုံး"

"ယဲ့စွေ့က ကျမရဲ့ အမပေါ့"

"ကောင်းပြီ....ဒါနဲ့ ကျနော့်ရဲ့နေရာက ဘယ်မှာလဲ"

ယဲ့လိမ်သည် ကြမ်းပြင်သို့ လက်ညှိုးဖြင့် ညွှန်ပြလိုက်ပြီး၊

"ဒီနေရာပေါ့"

"ဒီနေရာ-ဟုတ်လား"

"အင်း....ပေါ့၊ ဒီအိမ်ဟာ ရှင့်ရဲ့နေရာပေါ့၊ ဒီအိမ်က-ရှင် ဘယ်မှ မသွားရဘူး"

ချူလျှူရှမ်းသည် တဟားဟားဖြင့် ရယ်မောလိုက်လေသည်။



ယဲ့လိမ်သည် ချူလျှူရှမ်းအား စိုက်ကြည့်လိုက်ပြီး....

"ရှင်ဘာဖြစ်လို့ ရီတာလဲ"

"ကျနော့်ကိုယ် ကျနော် ရီတာပါ"

"ဘာဖြစ်လို့"

"ဩ၊ ကျနော့်အသက် သုံးဆယ်ရှိပြီ၊ ဒီနေ့မှဘဲ ကိုယ့်အိမ် ကိုယ့်ယာ ရှိလို့ ရီမိတာပါ၊ ဟဲ-ဟဲ"

ချူလျှူရှမ်း၏ ရယ်မောသံသည် မီးခိုးရောင် အိမ်ကလေး၏ အပြင်ဘက်သို့ လွင့်ပျံ့၍လာလေတော့သည်။

× × ×

အိပ်ပျော်နေရာမှ ရုတ်တရက် လန့်၍နိုးလာသည်။

ချူလျှူရှမ်းသည် ယဲ့လိမ်ပြန်သွားပြီးနောက် ကုတင်ပေါ်သို့ တက်၍ လဲလျောင်းလိုက်သည်။

သူသည် ဗိုက်လည်းဝသွားပြီဖြစ်၍ ခဏအတွင်းမှာပင် အိပ် ပျော်၍ သွားခဲ့လေသည်။

မည်မျှ အိပ်ပျော်သွားသည်ကို မသိပါ။

တချက်ချက်ဖြင့် လှုပ်ရှား နေသောအသံက သူ့အား အိပ် ပျော်နေရာမှ လန့်နိုးလိုက်လေသည်။

ထို့ကြောင့်

သူသည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာလေသည်။

သူသည် ငြိမ်သက်စွာ လဲလျောင်း နေရာမှ မျက်လုံးကို ဖွင့်လိုက်သည်။

ထို့နောက်

တချတ်ချတ် အသံကြားရာသို့ မျက်လုံးဖြင့် ရှာဖွေလိုက်သည်။

လူတယောက်။

ထိုလူသည် စားပွဲတွင်ထိုင်၍ တစုံတခု အား စားနေသည်ကို တွေ့လိုက်ရလေသည်။

ချူလျူရှမ်းသည် အိမ်ခန်း တခုလုံးအား ဝေ့၍ကြည့်လိုက်သည်။

ထူးခြားမှုမရှိ။

စားပွဲတွင်ထိုင်၍ စားသောက်နေသော လူတယောက်မှ လွဲ၍ အခြား မည်သည့်သက်ရှိ သတ္တဝါကိုမျှ မတွေ့ရချေ။

ထိုအခါမှ ချူလျူရှမ်းသည် ထ၍ ထိုင်လိုက်သည်။

ထိုလူသည် မည်သူနည်း။

သူ ဘာတွေစားနေသနည်း။

ထိုလူသည် မည်သူ မည်ဝါဖြစ်သည်ကို ချူလျူရှမ်း မသိပါ။

သို့သော်

ထိုလူ ဘာတွေစားနေသည်ကိုတော့ သိလိုက်ပါသည်။

ထိုလူသည် အရိုးများကို စားနေပါသည်။

စားပွဲပေါ်မှ ကြက်ရိုးများပင် ဖြစ်ပါသည်။

ထိုစဉ်

ထိုလူသည် ချူလျူရှမ်းဘက်သို့လှည့်၍ ကြည့်လိုက်လေသည်။



ထိုအခါမှ ချူလျူရှမ်းသည် ထိုလူအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် ပိုး, ဖဲ အဝတ်အစားများ ဝတ်စား ထားသည်။ သူ၏ကိုယ်ခန္ဓာသည် အလွန်ပိန်လှသည်။

တကယ်ဆိုလျှင်

ထိုသူ၏ အခြေအနေသည် အရိုးကိုက်နေရမည့် လူစားမျိုး မဟုတ်နိုင်ပါ။

သို့သော်

ယခု ထိုလူသည် အရိုးများကို ကိုက်နေပါသည်။

ထို့ကြောင့် ချူလျူရှမ်းသည် အံ့သြနေမိသည်။

ချူလျူရှမ်းသည် ကုတင်ပေါ်မှ ဆင်းလိုက်ပြီး ထိုလူအား လှမ်း၍ မေးလိုက်သည်။

"မိတ်ဆွေ ဘယ်သူတုံး၊ ခင်ဗျားမှာ ရောဂါတခုခုများ ရနေသလား"

ထိုလူသည် စိတ်ဆိုးဟန်ဖြင့်....

"မင်းသာဖျားနေတာ"

"ခင်ဗျားက ဘာဖြစ်လို့ ကြက်ရိုးကိုက်နေရတာလဲ"

"ဘာလဲ–မင်းက ငါ့ကို အငတ်ရောဂါရနေတယ်လို့ ပြောချင်သလား"

"ဒါတော့ ကိုယ့်ရောဂါ ကိုယ်သိမှာပေါ့"

"ဘာကွ....ငါက ဘာလို့ ငတ်ရမှာလဲ"

"ခင်ဗျားက ဘာဖြစ်လို့ ကြက်ရိုးကိုက်နေရတာတုံး"

"ကိုက်ချင်လို့ ကိုက်တာ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး—

"ကောင်းပြီ- နောက်တခါ ခင်ဗျားအတွက် ကြက်ရိုးတွေ အများကြီး စုထားပေးပါ့မယ်၊ အဲဒီအခါလဲ လာပြီးကိုက်ပါလို့ ဖိတ်လိုက်ပါတယ်"

ထိုလူသည် မျက်မှောင် ကုတ်လိုက်ပြီး-

"မင်းက ဘာဖြစ်လို့ ဖိတ်ရတာလဲ"

"ဟဲ....ဟဲ၊ ကျုပ်နေ့ တသက်မှာ ပထမဆုံး ကိုယ့်အိမ် ကိုယ့်ယာနဲ့ နေရလို့ပေါ့၊ နောက်ပြီး-မိတ်ဆွေလဲ မရှိလို့ပေါ့"

ထိုလူသည် မျက်မှောင်ကုတ်လိုက်ပြီး လက်တဘက် ခါရမ်းလိုက်ယင်း....

"အို....မင်းနဲ့ ငါဟာ မိတ်ဆွေ မဟုတ်ဘူး"

ချူလျူရှမ်းသည် ရယ်မောလိုက်ပြီး-

"အင်း....အခုတော့ မဟုတ်ဘူးပေါ့၊ နောက်တော့ ဖြစ်မှာပေါ့၊ ခင်ဗျားက အရိုးကြိုက်တယ် မဟုတ်လား"

ထိုလူသည် ချူလျူရှမ်းအား အတန်ကြာအောင် စိုက်ကြည့်လိုက်သည်။

ထို့နောက် တင်းမာနေသော သူ့မျက်နှာအား လျော့၍ ချလိုက်သည်။

ပြီးမှ....

"အင်း၊ မင်းပြောသလို ဖြစ်နိုင်မယ် ထင်ပါတယ်"

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး-

"ခင်ဗျားကို ကျုပ်နော် အရက်တိုက်ချင်ပါတယ်၊ ဒါပေမဲ့ ဒီနေရာကို ကျုပ်မကျွမ်းသေးဘူး၊အဲ....သုံးရက်လောက်ကျယင်



တော့....အားလုံးကို သိလာမှာပါ၊ အဲဒီတော့မှ ခင်ဗျားကို.... ခင်ဗျားကြိုက်တာတွေနဲ့ ဧည့်ခံနိုင်မယ် ထင်ပါတယ်"

ထိုလူသည် ခေါင်းညိတ်လိုက်ပြီး–

"ငါ-ဘာကြိုက်တယ်ဆိုတာ မင်း-သိလို့လား"

"သိတယ်"

"ကဲ-ပြောစမ်း"

"ဟဲ....ဟဲ....ကြက်ရိုးလေဗျာ" ဟု ပြောယင်း ချူလျူရှမ်းသည် ရယ်မောလိုက်လေသည်။

"ဟဲ....ဟဲ....ကျေးဇူး တင်ပါတယ်ဗျာ၊ အခုလို ကြက်ရိုးနဲ့ ဧည့်ခံတဲ့အတွက်–အများကြီး ကျေးဇူးတင်ပါတယ်၊ ဟဲ....ဟဲ.... ဒါနဲ့-ငါ့နံမယ် ဝိယဉ်လို့ ခေါ်တယ်၊ မင်းဆီ အချိန်မရွေး-ရောက်လာ နိုင်ပါလိမ့်မယ်၊ မင်းဆီကိုလာယင် မင်း-သဘောကျရဲ့လား"

"သိပ်-သဘောကျတာ ပေါ့ဗျာ" ဟု ပြောပြီး ရယ်လိုက်လေသည်။

ချူလျူရှမ်း၏ ရယ်သံသည် ဆွဲလည်းသံကဲ့သို့ ချိုလွင်၍ မနေပါ။

သို့သော်

ခေါင်းလောင်း သံကဲ့သို့ ရှိမည်ထင်ပါသည်။

အဘယ်ကြောင့် ဆိုသော်

ချူလျူရှမ်း၏ ရယ်မောသံအား ခေါင်းလောင်းသံက လွှမ်းမိုး သွားသည် မဟုတ်ပါလော။

× × ×

မှောင်နေသည်။

မီးခိုးရောင် အိမ်ကလေး၏ အပြင်ဘက်တွင် မှောင်နေသည်။

ညအချိန် ရောက်လာပြီ ဖြစ်၍လည်း ညလေကလေးသည် တဖြူးဖြူး တိုက်ခတ်နေလေသည်။

ထိုည လေထဲတွင် ခေါင်းလောင်းသံသည် တွယ်ငြိ၍ ပါလာလေသည်။

ဝိယဉ်သည်၊

"အဲဒါ-ထမင်းစား ခေါင်းလောင်းသံဗျ"

ချူလျူရှမ်းသည် နားမလည်ပါ။

ထို့ကြောင့် သူ၏ မျက်ခုံးမွေးတစုံသည် နဖူးအလယ်သို့စု၍ လာသည်။

သူသည် ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ဘယ်လိုဗျ"

ဝိယဉ်သည် ချူလျူရှမ်းအား ရှင်းပြလေသည်။

"ဒီလိုဗျ.... ညဘက်ထိုးတဲ့ ခေါင်းလောင်းသံဟာ .... ထမင်းစားခန်းမှာလာပြီး ထမင်းစားဘို့-သတိပေးတာပါ"

ချူလျူရှမ်း၏ မျက်ခုံးမွေးများသည် နဖူးထက်သို့ မြင့်တက်သွားလေသည်။

"အားလုံး သွားစားရမှာလား"

ဝိယဉ်က ခေါင်းညိတ် ပြလိုက်ပြီး....

"အင်း....အားလုံး သွားရမှာ"

"နေ့တိုင်း-သွားရမှာလား"

"မဟုတ်ဘူး....တလမှာ လေးငါးကြိမ် လောက်ဘဲ"



"ဘာဖြစ်လို့လဲ"

"ဒီလိုလေ .... လပြည့်၊ လကွယ်၊ အခါကြီး၊ ရက်ကြီးနဲ့ ပုဂ္ဂိုလ်ကျော်တွေ ရောက်တဲ့နေ့တွေမှ အခုလို ခေါင်းလောင်း ထိုးတယ်" ဟု ပြောလိုက်ပြီး ဝိယဉ်သည် ချူလျူရှမ်းအား စိုက်၍ကြည့်လိုက်သည်။

ပြီးမှ၊

"အင်း....ငါတွေးတာ မမှားဘူးဆိုယင်....မင်းဟာ....ပုဂ္ဂိုလ်ကျော်တယောက်ဖြစ်ရမယ်"

ချူလျူရှမ်းသည် သူ၏နှုတ်ခမ်းကိုတွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး—

"ဟဲ....ဟဲ....ပုဂ္ဂိုလ်ကျော်လဲ လူသေဖြစ်နေပြီ မဟုတ်လားဗျာ"

ဝိယဉ်သည် ထိုင်ရာမှ ထလိုက်ပြီး....

"ကဲ....မင်းကို တော်တော်ကြာယင်-ထမင်းစားဘို့ လာခေါ်လိမ့်မယ်၊ ဒီတော့....ငါသွားတော့မယ်" ဟု ပြောပြီး တံခါးပေါက်သို့ လှည့်၍ ထွက်သွားလေတော့သည်။

ဝိယဉ်သည် တံခါးပေါက်သို့ ရောက်မှ ချူလျူရှမ်းဘက်သို့ ပြန်၍လှည့်ကြည့်လိုက်ပြီး....

"အော်.... ငါမေ့သွားတယ်၊ ငါဒီကိုလာတဲ့ အကြောင်း ဘယ်သူမှ မသိစေနဲ့"

"စိတ်ချပါ"

ဝိယဉ်သည် ပြုံးလိုက်ပြီး လှည့်၍ တံခါးဖွင့်ရန် ဟန်ပြင်လိုက်ပြီးမှ တစုံတခုအား သတိရလာဟန်ဖြင့်....

"အော်....မင်း ဒီနေ့ ထမင်းစားခန်းကို ရောက်ယင်-ခင်းကို စစ်ဆေးလိမ့်မယ်"

"ဟုတ်လား....ဘာတွေ စစ်ဆေးမှာလဲ"

"ဟိုရောက်တော့-သိမှာပေါ့"

"ဘယ်သူက စစ်ဆေးမှာလဲ"

"အရူး ခုနစ်ယောက်"

## အရူး (၇) ယောက်

ဝိယဉ်သည် ချူလျူရှမ်းအား ကြည့်လိုက်ပြီး....

"ဟုတ်တယ်....အရူး ခုနစ်ယောက်"

"အရူးတွေက-စစ်ဆေးမယ်-ဟုတ်လား"

"ဟုတ်တယ်"

"အင်း....ဒီလိုဆိုယင်တော့....သူတို့ မစစ်ဆေးခင် - ကျနော် တော့ ရူးလိမ့်မယ်ထင်တယ်၊ နေစမ်းပါဦး....အဲဒီ အရူးတွေကို- ခင်ဗျား သိသလား"

ဝိယဉ်သည် ခေါင်းညိတ် ပြလိုက်ပြီး....

"တယောက်က 'ဗိုလ်မှူး'၊ နောက်တယောက်က 'အထိန်းတော်'၊ နောက်တယောက်က 'အကိုကြီး' နောက်တယောက်က 'ချိတ်ကလေး'၊ နောက်တယောက်က...."

ဝိယဥ်သည် သူ၏စကားကို ဆုံးအောင် မပြောတော့ပါ။

ရုတ်တရက် တံခါးနားမှ ခွာလိုက်ပြီး ပြူတင်းပေါက်မှ ထိုးဖောက်၍ ထွက်သွားလေတော့သည်။

ပြူတင်းပေါက်သည် သေးငယ်လှသည်။

ထိုပြူတင်းပေါက်မှ ဒိုင်ဗင်ထိုး၍ ထွက်မည်ဆိုလျှင် သေသေချာချာ ချိန်၍ ထိုးရပေမည်။

ထိုသို့ထိုးလျှင်လည်း (၁၀) ကြိမ်(၁) ကြိမ်ပင် ထိုး၍ရမည်မထင်ပေ။

သို့သော်

ဝိယဥ်သည် တံခါးနားမှ ခွာလိုက်ပြီး တရှိန်ထိုးပြေး၍ ထိုးဖောက်သွားခဲ့ပါသည်။

ချူလျူရှမ်းသည် ဝိယဥ်၏ ကိုယ်ဖော့ပညာနှင့် အရိုးကျုံ့ပညာရပ်ကို တွေ့မြင်လိုက်လေသည်။

ထိုသို့ တွေ့လိုက်သည်နှင့် သူသည် သူ၏သူငယ်ချင်း ကြယ်တံခွန်ကို သတိရလိုက်မိလေသည်။

ထို အရိုးကျုံ့ပညာသည် ကြယ်တံခွန်၏ ပညာသာလျှင် ဖြစ်သည်မဟုတ်ပါလော။

ဤသို့ဆိုလျှင် ဝိယဥ်သည် ကြယ်တံခွန်နှင့် မည်သို့ ပတ်သက်နေပါမည်နည်း။

ချူလျူရှမ်းသည် ကြာကြာမစဥ်းစားလိုက်ရပါ။

စဥ်းစားရန်လည်း အချိန်မရလိုက်ပါ။

အပြင်ဘက်မှ အသံတသံ ကြားလိုက်ရ၍ ဖြစ်ပါသည်။

ခြေသံပင်ဖြစ်ပါသည်။



သို့သော်

ထိုခြေသံသည် သာမန်နားမျိုးနှင့် မကြားနိုင်ပါ။

လေ့ကျင့်ထားသော နားမျိုးပင်ကြားနိုင်ရန် ခက်ခဲလှသည်။

အဘယ်ကြောင့်ဆိုသော်

ထိုခြေသံသည် အလွန် ပေါ့ပါးလှသည်။

ကိုယ်ဖော့ပညာ အလွန်ကောင်းသူများမှသာ ယခုကဲ့သို့ ခြေသံမျိုး ထွက်ပေါ်နိုင်လေသည်။

ထို့ကြောင့် ထိုခြေသံရှင်သည် ထိပ်တန်း ကိုယ်ဖော့ပညာရှင်တဦး ဖြစ်မည်ဟု ချူလျူရှမ်း တွေးမိလိုက်သည်။

ဤသို့ဆိုလျှင် အမိုက်မှောင်ရွာ၌ ထိပ်တန်းပညာရှင် မည်မျှရှိနေမည်နည်း။

ချူလျူရှမ်း မတွေးတတ်တော့ပါ။

ထိုစဥ်

တံခါးခေါက်သံ ကြားလိုက်ရသည်။

ထို့ကြောင့် လျင်မြန်စွာပင် တံခါးအားဆွဲ၍ ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် တပြိုင်တည်း ချူလျူရှမ်း၏ မျက်လုံးသည် ပြူး၍ သွားလေတော့သည်။

အလွန်ပေါ့ပါးသော ခြေသံဖြင့်လာပြီး တံခါးခေါက်သူမှာ လူတယောက်မဟုတ်ပါ။ ခွေးတကောင်သာဖြစ်ပါသည်။

အလွန်ကြီးမားသော ခွေးနက်ကြီးတကောင်ပင်ဖြစ်ပါသည်။

× × ×

တကိုယ်လုံးရှိ အမွေးများသည် ရှည်လျားသည်။

ထိုရှည်လျားသော အမွေးများသည် မဲနက်၍နေသည်။

ထိုခွေးနက်ကြီးသည် ထိပ်တန်း ကိုယ်ဖော့ပညာရှင် သေ၍ ဝင်စားနေရော့သလားဟု ချူလျူရှမ်း တွေးမိလိုက်လေသည်။

ထို့နောက် ချူလျူရှမ်းသည် ခွေးနက်ကြီး၏ပါးစပ်၌ စာရွက်တရွက် ကိုက်ထားသည်ကို တွေ့သဖြင့် စာရွက်ပေါ်မှ စာလုံးများအား လှမ်း၍ ဖတ်လိုက်သည်။

စာရွက်ပေါ်တွင်....

"ကျုပ်နောက် လိုက်ခဲ့"ဟူ၍ ရေးသားထားလေသည်။

ချူလျူရှမ်းသည် ပခုံးတွန့်၍ ပြုံးလိုက်လေသည်။

သူ့အား ထမင်းစားလာခေါ်လိမ့်မည်ဟု ဝိယဉ်ပြောခဲ့သည် မဟုတ်ပါလား။

ယခု သူ့အား ထမင်းစားလာခေါ်နေပြီ မဟုတ်ပါလော။

ထို့ကြောင့် သူသည် ခွေးနက်ကြီး၏ ဦးခေါင်းအား ပွတ်သပ်လိုက်ပြီး....

"မင်းက ထမင်းစား လာခေါ်တယ်ဆိုယင်တော့ ငါ့အတွက် ညစာဟာ အမဲရိုးဘဲ ဖြစ်မယ်ထင်တယ်၊ ဒါပေမဲ့-ထမင်းစားရတယ်ဆိုတဲ့ ကိစ္စဟာ ပျော်စရာကောင်းပါတယ်"ဟု တကိုယ်တည်း ပြောလိုက်လေသည်။

ခွေးနက်ကြီးသည် ချူလျူရှမ်းအား အမြီးလှုပ်ရမ်း ပြလိုက်သည်။

ထိုသို့ လှုပ်ရမ်းခြင်းသည် ချူလျူရှမ်း၏စကားအား ထောက်ခံလိုက်ခြင်းပေလော။



မည်သို့ဆိုပါစေ

ချူလျူရှမ်းသည် ခွေးနက်ကြီး ခေါ်ရာသို့ လိုက်ရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ချူလျူရှမ်းသည် ခွေးနက်ကြီးအား လှမ်း၍—

"ကဲ— သွားကြစို့၊ ဒီနေရာမှာ မင်းဟာ လူထက် ပိုချစ်ဖို့ကောင်းပါတယ်"ဟု ပြောယင်း ခွေးနက်ကြီး ခေါ်ဆောင်ရာသို့ လိုက်သွားလေတော့သည်။

× × ×

ဝန်းကျင်တခုလုံး မှောင်မဲ၍နေသည်။

မြူနှင်းများသည် ဝန်းကျင်တခုလုံးအား ဇာပုဝါ လွှမ်းခြုံထားသည့်အလား လွှမ်းမိုးနေဆဲ ဖြစ်သည်။

မီးအိမ်လေးများသည် သူတို့၏ ဝါကျင့်ကျင့် အရောင်လေးများဖြင့် မြူနှင်းများအား ဖက်ပြိုင်အံတု၍နေသည်။

ဖျော့တော့သော အလင်းရောင် အောက်တွင် ခွေးနက်ကြီးသည် တရွေ့ရွေ့ သွားနေ၏။

ခွေးနက်ကြီး၏ နောက်မှ ချူလျူရှမ်းသည် တလှမ်းချင်း လှမ်း၍ လိုက်ပါလာလေသည်။

ထိုသို့ လျှောက်လာယင်း လမ်းကလေးသည် အလွန်ကောက်ကွေးကြောင်း ချူလျူရှမ်း သတိပြုမိလေသည်။

လမ်း၏ တဘက်တချက်တွင် ပန်းမာလ်များ ရှိနေလေသည်။

ချူလျူရှမ်းသည် ပန်းမာလ်များအား နှစ်သက်သူတယောက် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပန်းမာလ်အမျိုးပေါင်း တော်တော် များများကို ချူလျူရှမ်း သိလေသည်။

သို့သော်

ယခုတွေ့ရသောပန်းမာလ်များ၏အမည်ကိုတော့ သူ မသိပါ၊ အကယ်၍ ယခုအချိန်တွင် နေရောင်ခြည်ရှိမည်ဆိုပါက ဘယ်လောက် ကောင်းလိမ့်မလဲဟု မဆီမဆိုင် တွေးနေမိသည်။

ယခင်ကဆိုလျှင် ချူလျူရှမ်းသည် နေ့ပူလွန်းသည် ဟူသောစွဲချက်ဖြင့် ရှင်နေမင်းကြီးအား အကြိမ်ကြိမ် ဆဲခဲ့ဘူးလေသည်။

သို့သော်

ယခု အချိန်တွင် ချူလျူရှမ်းသည် နေရောင်ခြည်အား.... တောင့်တ၍ နေလေသည်။

လောကကြီးတွင် အမြဲတစေ ရရှိနေသောအခါ ထိုအရာအား တန်ဘိုးမထားကြသော်လည်း ပျောက်ဆုံး သွားသောအခါ ထိုအရာ၏ တန်ဘိုးကို သိလာလေတော့သည် မဟုတ်ပါလော။

× × ×

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်လေသည်။

သို့သော်

သက်ပြင်းချသံ နှစ်သံ ထွက်ပေါ် လာလေသည်။



ရုတ်တရက် ချူလျူရှမ်းပင် ထိတ်လန့်၍သွားလေသည်။

သူသည် ဝန်းကျင်အား ဝေ့၍ အကဲ ခတ်လိုက်သည်။

ဝန်းကျင်တခုလုံးသည် မှောင်မဲ၍ နေသည်။

ထိုစဉ်

လူတယောက်၏ စကားသံကိုလည်း ကြားလိုက်ရလေသည်။

"ဟေ့-ချူလျူရှမ်း၊ မင်း လာမယ်ဆိုတာသိလို့ ငါစောင့်နေတာကွ"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်း နှစ်ဆကြီးသွားသည်ဟု သံ့ကိုယ်သူ ထင်လိုက်မိလေသည်။

ဝန်းကျင်တခုလုံးတွင်လည်း လူဟူ၍-သူတယောက်တည်းသာ ရှိလေသည်။

သူသည် အမှောင်ထုတွင်းမှ အသံရှင်အား ရှာကြည့် နေမိသည်။

သို့သော်

ထို အသံရှင်သည် မည်သည့်နေရာတွင် ရှိနေသည်ကို သူ မသိချေ-။

ထိုစဉ်

အသံသည် တဖန် ပြန်၍ ပေါ်လာပြန်လေသည်။

"ဟေ့-ချူလျူရှမ်း၊ ဒီနေရာဟာ အမိုက်မှောင်ရွာဖြစ်တယ်၊ မင်း-ငါ့ကို မတွေ့ဘူး မဟုတ်လား"

ချူလျူရှမ်းသည် သူ၏ လက်သီးနှစ်ဘက်အား ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

"ဟော့-မင်း ဘယ်သူလဲ"

"ဟား....ဟား၊ အပြာရောင် မှတ်ဆိတ်လေ၊ မင်း လက်ချက်နဲ့ သေသွားတဲ့ အပြာရောင်မှတ်ဆိတ်လေ၊ ဟား....ဟား"

ချူလျူရှမ်း မှတ်မိပါသည်။

အပြာရောင်မှတ်ဆိတ်သည် လွန်ခဲ့သော (၂)နှစ်ခန့်က သေဆုံးခဲ့သည်ဟု သူ ကြားမိပါသည်။

သို့သော်

သူ့ လက်ချက်ဖြင့် သေဆုံးခြင်းမဟုတ်သည်မှာ သေချာသည်။

ဤသို့ဆိုလျှင် ယခု အသံရှင်သည် အပြာရောင် မှတ်ဆိတ်၏ ဝိဉာဉ်ပေလော။

မည်သို့ ဆိုပါစေ

မရဲသော်လည်း ပြေးခဲ့စေ-ဟု ဆိုထားသည် မဟုတ်ပါလော။

ထို့ကြောင့် ချူလျူရှမ်းသည်....

"နောက်တခါထပ်ပြီး သေချင်ယင် လာခဲ့ပေါ့"ဟု ပြောယင်း ရယ်မောလိုက်လေသည်။

သို့သော်

ချူလျူရှမ်း၏ ရယ်မော ခြင်းသည် ရုတ်တရက် ရပ်တန့်၍ သွားလေတော့သည်။

အဘယ်ကြောင့် ဆိုသော်

သူသည် အသံရှင်အားတွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။

သို့သော်

ထိုအသံရှင်သည် လူ မဟုတ်ပါ။



ဝိဉာဉ်လည်း မဟုတ်ပါ။

ခွေးနက်ကြီးပင် ဖြစ်ပါသည်။

× × ×

ခွေးနက်သည် ချူလျူရှမ်းအား လှည့်၍ မျက်လုံးပြူးကာ စိုက်ကြည့်နေသည်။

ခွေးနက်သည် အမှန်တကယ်ပင် လူစကား ပြောနိုင်သည်၊ မပြော နိုင်သည်ကိုတော့ ချူလျူရှမ်း မသိပါ။

သို့သော်

လူစကား ပြောသော ခွေးကိုတော့ ချူလျူရှမ်း တွေ့နေရပြီ မဟုတ်ပါလော။

ထို့စဉ်

ခွေးနက်ကြီးသည် ချူလျူရှမ်းအား စိုက်ကြည့်နေရာမှ ရုတ်တရက် ခုန်အုပ်လိုက်လေသည်။

ထိုသို့ ခုန်အုပ်လိုက်သည်နှင့် တပြိုင်တည်း ခွေး၏ ဝမ်းဗိုက်နေရာမှ လက်တချောင်း ထွက်လာလေသည်။

လူ၏လက်ချောင်း တချောင်းပင် ဖြစ်ပါသည်။

ထိုလက်ထဲတွင် ဓားတချောင်း ပါလာပြီး ချူလျူရှမ်း၏ ရင်ဝအား ထိုးစိုက်လိုက်လေတော့သည်။

ချူလျူရှမ်းသည် ရုတ်တရက် ရင်ထဲတွင် ထိတ်လန့်သွားပြီး ကပျာကယာ ဓားသို့ တိမ်းရှောင်လိုက်ယင်း လျှပ်တပျက် လက်ညှိုးနှစ်ချောင်းဖြင့် ဓားကို ညှပ်လိုက်လေသည်။

ခွေးနက်ကြီးသည် ဓားကို လွှတ်လိုက်ပြီး နောက်သို့ ခုန်၍ ဆုတ်သွားလေသည်။

ထို့နောက် ခွေးနက်ကြီးသည် အမှောင်ထုအတွင်းသို့ ဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။

ချူလျူရှမ်းသည် လက်ထဲမှ ဓားကိုကြည့်ပြီး မဲ့ပြုံးတချက် ပြုံးလိုက်လေသည်။

တဒင်္ဂအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ် အပျက် များသည် အိပ်မက်ဆန်လှသည်။

အိပ်မက်တော့ မဖြစ်တန်ရာ အိပ်မက်လည်း ဖြစ်မည်မထင်ပါ။

အဘယ်ကြောင့် ဆိုသော်

ချူလျူရှမ်း၏ လက်ထဲတွင် ဓားတချောင်း ကျန်ရစ်ခဲ့သည် မဟုတ်ပါလော။

ယခု ချူလျူရှမ်းသည် သင်ခန်းစာတခုကို ရလိုက်လေသည်၊

ဤသည်မှာ အမိုက်မှောင်ရွာ၌ ခွေးပင် ချစ်စရာမကောင်းခြင်း ဖြစ်လေသည်။

ထိုစဉ်

အမှောင်ထု အတွင်းမှ အသံတသံကို ကြားလိုက်ရလေသည်။

"ရှင့်ကို-လမ်းပြပေးဘို့ လိုသေးသလား-ရှင့်"

ဤတကြိမ် ကြားရသော အသံသည် ချူလျူရှမ်း၏ ရင်ကို ထိတ်လန့်ခြင်း မဖြစ်စေပါ၊ သူ၏ရင်ကို ချိုမြစေလေတော့သည်။



ထို ချိုမြစေသော အသံသည် ယွဲ့လိမ်၏အသံပင် ဖြစ်မနေသည် မဟုတ်ပါလော။

× × ×

မြူနှင်းများရှိနေဆဲပင်။

မြူနှင်းများကြားမှ ယွဲ့လိမ်၏ အပြုံးသည် ချိုလွင်၍ နေလေသည်။

သူမသည် ချူလျူရှမ်းအား ပြုံး၍ကြည့်ယင်း....

"ရှင်-အခု နားလည်ပြီ မဟုတ်လား"

"ဘာကို-နားလည် ရမှာလဲ"

"ဩ....ဒီနေရာမှာ - လူဟာ ချစ်စရာကောင်းသလား၊ ခွေးဟာ ချစ်စရာကောင်းသလား ဆိုတာလေ"

ချူလျူရှမ်းသည် နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်ပြီး....

"အင်း....ကျနော် အခုဘဲသိတယ်၊ ဒီနေရာမှာ-ခွေးဟာလဲ လူ၊ လူဟာလဲ ခွေးဘဲ....မဟုတ်လား"

"သူ-ဘယ်သူလဲ ဆိုတာရော သိရဲ့လား"

ချူလျူရှမ်းသည် ခေါင်းညိတ်လိုက်ပြီး....

"မဟုတ်မှ လွဲရော....သူဟာ....ခွေးမင်းသားဘဲပေါ့"

ယွဲ့လိမ်သည် သူ၏ကိုယ်ခန္ဓာအား သိမ့်သိမ့်လေး ခါရမ်းသည်အထိ ရယ်မောလိုက်ပြီး....

"ဟင်း....ဟင်း....ရှင်မဆိုးဘူး၊ သူဟာ....ခွေးမင်းသားဘဲ"

"သိုင်းလောကမှာ လူက ခွေးအဖြစ် အယောင်ဆောင်တဲ့ သူဟာ–ခွေးမင်းသားတယောက်ဘဲ ရှိလို့ဘဲပေါ့"

"ကဲ....သွားကြရအောင်" ဟု ပြောပြီး ယွဲ့လိမ်သည် ရှေ့မှ ထွက်သွားလေသည်။

ချူလျူရှမ်းသည် သူမနှင့်ယှဉ်၍ ဖြည်းဖြည်းခြင်း လျှောက်နေလေသည်။

သူမသည် ချူလျူရှမ်းအား လှည့်ကြည့်လိုက်ပြီး....

"ဒီမှာရှင့်....မြန်မြန် သွားကြရအောင်"

"ဖြေးဖြေးသွားယင် ပိုကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့"

ချူလျူရှမ်းသည် ယွဲ့လိမ်အား စိုက်၍ ကြည့်လိုက်ပြီး....

"ဩ....ဒီညက ပိုပြီး လှသလားလို့ပါ"

× × ×

ည။

မည်သည့်နေရာသို့ ရောက်ပါစေ။

ညသည်ညသာဖြစ်ပေမည်။

သို့သော်

ည၏ခံစားမှုခြင်းသည် တူညီမည်တော့ မဟုတ်ပါ။

ညသည် ထိတ်လန့်မှုကို ပေးသည်။

စိတ်ဓာတ် အားငယ်စေသည်။



တခါတရံ အလွမ်းဓာတ်ကို ဖြစ်ပေါ်စေသည်။

တခါတလေ သာယာကြည်နူးစေသည်။

ယခုညသည် ချူလျူရှမ်းအား သာယာ ကြည်နူးစေလေသည်။

လှပသော မိန်းကလေး တယောက်နှင့် အတူယှဉ်၍ လမ်းလျှောက်ရသောညသည် သာယာ ကြည်နူးစေသည် မဟုတ်ပါလော....။

ချူလျူရှမ်း၏ ဘေးတွင် ယွဲ့လိမ်ဆိုသော လှပသည့် မိန်းကလေးရှိနေသည်။

ထို့ကြောင့် ယခုသည် ချူလျူရှမ်းအား သာယာကြည်နူးစေလေသည်။

သူမ၏ ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် ချူလျူရှမ်းအား စေ့ကြည့်လိုက်ပြီး....

"ရှင့် ကြည့်ရတာ စိတ်ပျော်နေသလိုဘဲ"

"ခင်ဗျား–အင်္ဂဝိဇ္ဇာ တတ်တယ်နဲ့ တူတယ်"

"ဟုတ်တယ်၊ ထပ်ပြီးဟောရအုံးမယ် ဆိုယင်တော့ ကျမ–ဒက္ခိဏာ မပေးဘူးဆိုတာ သိနေလို့ မဟုတ်လား"

"တယ်ဟုတ်ပါလား၊ တခြားအကြောင်းလဲ ရှိသေးတယ်"

"ဘာ–အကြောင်းများလဲ"

"ခင်ဗျားဟာ သိပ် ချစ်စရာကောင်းတယ်"

"ဘာ....ရှင့်"

"ဩ....ခင်ဗျား စကား ပြောတာလေးက သိပ် ချစ်စရာကောင်းတယ်လို့"

"ဟင်း....ဟင်း၊ ရှင်က....ကျမ စကားပြောတာ နားထောင်ချင်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ကဲ-ဘာအကြောင်း ပြောရမလဲ"

"ချိတ်ကလေး အကြောင်း"

"ရှင်"

ယဲ့လိမ်၏ ရွှန်းလဲ့သော မျက်လုံး အစုံသည် ပြူးကျယ်၍သွားလေသည်။

သူမ၏ နီထွေးသော နှုတ်ခမ်းသည် အံ့သြ ဟန်ဖြင့် ဖွင့်ဟ၍သွားလေသည်။

ထို့နောက် သူမသည် ချူလျူရှမ်းအား စိုက်၍ ကြည့်လိုက်ပြီး....

"ရှင်က ချိတ်ကလေးအကြောင်း သိထား လို့လား"

"ဗိုလ်မှူး၊ အထိန်းတော်၊ အကိုကြီးတို့ကိုလဲ သိထားပါသေးတယ်"

ယဲ့လိမ်သည် သက်ပြင်းတချက် ချလိုက်ပြီး....

"အင်း....ရှင်သိထားတာ တော်တော် များနေပြီဘဲ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ကဲပါ၊ ချိတ်ကလေးအကြောင်း ပြောစမ်းပါအုံး"

"သူက လူသတ်သမားတယောက်ပါ....ဒါနဲ့ နွားတကောင်ကို လက်သီးနဲ့ တချက်ထဲထိုးသတ်နိုင်တဲ့လူကို ရှင်-မြင်ဘူး သလား"

"ဟင့်အင်း"

"ဒါဆို-ရှင် မကြာခင် မြင်ရလိမ့်မယ်"



"သူက ဗိုလ်မှူးလား"

"ဟုတ်တယ်ရှင့်"

"ဒီလိုဆို သူက ကျနော့်ကို စောင့်နေတာပေါ့"

"ဟုတ်တယ်....သူက ရှင့်ကို စောင့်နေတယ်"

"ဒါပေမဲ့ ကျနော်က နွားမဟုတ်ဘူး"

"ဒါကြောင့်....ရှင်....ဒယ်အိုး ကြီးကြီး တလုံးလောက် ရှာထားပါ"

"ဘာလုပ်ဘို့လဲ"

"ရှင့်ခေါင်းကို ဆောင်းထားဘို့ပေါ့"

× × ×

ဒယ်အိုးတလုံး၊ ထိုဒယ်အိုးသည် အလွန်ကြီးမားသော ဒယ်အိုးတလုံးပင်ဖြစ်ပါသည်။

ထိုဒယ်အိုးသည် ကြီးမားသော မီးဖိုပေါ်တွင် တင်၍ထားသည်။

မီးတောက်များသည် အရှိန်ပြင်းစွာတောက်၍ နေလေသည်။

ထိုဒယ်အိုး၏ရှေ့တွင် လူတယောက် ရပ်နေလေသည်။

ထိုလူ၏အရပ်သည် (၈)ပေ၊ (၈) လက်မ ရှည်လေသည်။

သူ၏ ကိုယ်အလေးချိန်သည် ပေါင်(၂၀၀)ခန့် ရှိသည်။

ကျယ်ပြန့်သောရင်နှင့် တုပ်ခိုင်သောကိုယ်လုံးရှိသူ ဖြစ်သည်။

ထိုလူအား ရုတ်တရက် ချူလျူရှမ်း တွေ့လိုက်ရသောအခါ သူ၏စိတ်ထဲတွင် လူ့ဘီလူးကြီးတယောက် ရပ်နေသည်ဟု ထင်မှ လိုက်လေသည်။

ထိုလူ၏ လက်ဝါးများသည် အသားအလွန်ထူ၍ မည်သည့် ခါးမှ ထိုးဖောက်နိုင်လိမ့်မည်မဟုတ်ဟု ချူလျူရှမ်း တွေးလိုက်မိ သည်။

ထိုစဉ်

ယဲ့လိမ်က သူ့အား တိုးတိုး ပြောလိုက်သည်။

"အဲဒါ....ဗိုလ်မှူး ဆိုတာဘဲပေါ့"

ဗိုလ်မှူးသည် ချူလျူရှမ်းအား စူးစိုက်၍ ကြည့်လိုက်ပြီး....

"မင်း....ဘယ်သူလဲ"

သူ၏အသံသည် မိုးကြိုးပစ်လိုက်သည့်ပမာ ဟိန်း၍ ထွက်ပေါ် လာလေသည်။

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ချူလျူရှမ်း"

"မင်း....ဘာလာလုပ်တာလဲ"

"ထမင်းစားမလို့"

"ဘာ၊ ထမင်းစားမလို့ ဟုတ်လား"

"ဟုတ်တယ်"

"ဟား....ဟား....စားရမယ်၊ ဒါပေမဲ့ ခဏ စောင့်အုံး"

"ဘာဖြစ်လို့လဲ"

"ဟင်းချက်ရအုံးမယ်"

"ဘာဟင်းချက်မှာလဲ"



"အသားဟင်း"

"ဘာသားလဲ"

"လူသား၊ ဟား....ဟား....ဟား"

ချူလျူရှမ်းသည် ဗိုလ်မှူးအား စိုက်၍ကြည့်လိုက်ပြီး....

"ဘာလဲ....ခင်ဗျားက လှောင်တာလား"

"ဟဲ....ဟဲ၊ လှောင်တယ်ဆိုယင် မင်းက ဘာလုပ်မလဲ"

"ဒီ ညစာကို ခင်ဗျားအသားဟင်းနဲ့ စားမယ်"

ချူလျူရှမ်း၏စကားကြောင့် ယဲ့လိမ်၏မျက်လုံးသည် ပြူး၍ သွားလေသည်။

ယဲ့လိမ်သာမက အခန်းထဲရှိလူတိုင်း မျက်လုံးပြူး၍ သွား လေသည်။

အခန်းထဲတွင် လူပေါင်း (၃၆)ယောက် ရှိလေသည်။

သူတို့သည်ဗိုလ်မှူးအား ယခုကဲ့သို့ ပြန်ပြောဝံ့သူကို မတွေ့ခဲ့ဘူး ချေ။ ထို့ကြောင့်သူတို့၏မျက်လုံးများပြူး၍သွားရခြင်းဖြစ်သည်။

ဗိုလ်မှူး၏မျက်နှာသည် မီးဖိုမှ မီးတောက်များနှင့် အပြိုင်နီရဲ လာပြီး အနီးရှိ မီးဖိုပေါ်သို့ လက်သီးဖြင့် ထုချလိုက်လေသည်။

"ဝုန်း" ဟူသောအသံနှင့်အတူ ဒယ်အိုးများ၊ အိုးခွက်ပန်းကန် များ၊ မီးဖိုများသည် လွင့်စင်၍သွားလေတော့သည်။

× × ×

ပန်းကန်ပြားပျံများကို ချူလျူရှမ်း တွေ့လိုက်ရသည်။

ပန်းကန်ပြားပျံသာမက ဒယ်အိုးပျံ၊ ပန်းကန်လုံး ပျံများ သည် ချူလျူရှမ်းထံသို့ ပြေးဝင် လာလေသည်။

ချူလျှူရှမ်းသည် ရုတ်တရက် ခုန်၍ရှောင်လိုက်ပြီး ဗိုလ်မှူးအား ပြုံး၍ကြည့်လိုက်ပြီးနောက်....

"အင်း....ခင်ဗျားရဲ့လက်သီးက မဆိုးဘူး၊ သုံးနှစ်သားခလေးတယောက်ရဲ့ လက်သီးနီးနီး ပြင်းတာပဲ"

"ဘာကွ....ကဲ"ဟု အော်လိုက်ပြီး ဗိုလ်မှူးသည် ချူလျှူရှမ်းအား လျှပ်တပျက်လက်သီး (၇) ချက်ဖြင့် ဆင့်၍ ထိုးလိုက်လေသည်။

သူ၏လက်သီးသည် အားမာန်ပြင်းလှသည်။
သို့သော်

ချူလျှူရှမ်းသည် အသာအယာပင် ရှောင်တိမ်း လိုက်လေသည်။

ဗိုလ်မှူးသည် သူ၏ ခြေနှစ်ဘက်ကို အနေတော်ခွဲ၍ မြင်းထိုင်ပုံစံ ထိုင်လိုက်ယင်း သူ့ကိုယ်ခန္ဓာတခုလုံးရှိ အားများကို သူ၏လက်သီးထဲသို့ စုစည်းလိုက်ပြီး ရုတ်တရက် 'စစ်ဗိုလ်သံချပ်ချွတ်' 'နောက်ပြန်မြား' သိုင်းကွက်များဖြင့် ချူလျှူရှမ်းအား တိုက်ခိုက်လိုက်လေသည်။

ထိုသိုင်းကွက်များသည် သူ၏ ကျော်ကြားသော သိုင်းကွက်များ ဖြစ်လေသည်။

သို့သော်

ချူလျှူရှမ်းသည် ဗိုလ်မှူး၏ ဂျိုင်းအောက်သို့ တိုးဝင်သွားယင်း သူ၏လက်တဘက်ဖြင့် ဗိုလ်မှူး၏တဒေါင်ဆစ်အား မ,ထား



လိုက်ပြီး သူ၏ဦးခေါင်းဖြင့် ဗိုလ်မှူး၏နံရိုးနေရာသို့ ပစ်ဆောင့်လိုက်လေတော့သည်။

ဗိုလ်မှူးသည်....

"အွန့်"ဟု တချက်အော်လိုက်ပြီး နောက်သို့ ယိမ်းယိုင်၍ သွားလေသည်။

ချူလျှူရှမ်းသည် ဗိုလ်မှူးအား ပြုံးဖြီးဖြီးဖြင့်ကြည့်ယင်း....

"ဟဲ....ဟဲ....ခင်ဗျားတကွက် ရှုံးသွားပြီ"

ဗိုလ်မှူးသည် ဒေါသထွက်လားပြီး....

"ဘာ....မင်းက ဘာပြောတယ်၊ ငါရှုံးသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဖင်ထိုင်မကျသွားတာ ခင်ဗျား အင်မတန် ကံကောင်းတယ်၊ ဒါပေမဲ့ ခင်ဗျားရှုံးတယ်လို့ ခေါ်ရမှာဘဲ"

ဗိုလ်မှူးသည် မျက်မှောင်ကုတ်သွားပြီး....

"မင်းက ဘာသိုင်းကွက်နဲ့ ငါ့ကို နိုင်တာလဲ"

ချူလျှူရှမ်းသည် စပ်ဖြီးဖြီးမျက်နှာဖြင့်....

"ခေါင်းသိုင်း"

ဗိုလ်မှူးသည် နှာခေါင်းတချက် ရှုံ့လိုက်ပြီး....

"ဘာ....ခေါင်းသိုင်းလဲ၊ ဘယ်ကျမ်းဖူးမှာမှ မတွေ့ပါလား"

"ဟဲ....ဟဲ....ခင်ဗျား မလေ့လာလို့ပါ၊ အနိုင်ယူကျမ်းဖူးထဲမှာပါတယ်"

ဗိုလ်မှူးသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"ထားပါတော့၊ ကိုင်း....ဒီတခါ မင်း-ဘယ်လို သိုင်းမျိုးသုံးမယ်ဆိုတာ ကြည့်သေးတာပေါ့"ဟု ပြောလိုက်ပြီး ချူလျှူရှမ်းအား ထပ်မံ၍ တိုက်ခိုက်လိုက်လေသည်။

ယခုအကြိမ်၊

တိုက်ခိုက်သော ဗိုလ်မှူး၏တိုက်ကွက်များသည် တကွက်ထက်တကွက် ပို၍ ပြင်းထန်လာသည်။

အားမာန်ဟုန်သည်လည်း တစထက်တစ သေမုန်တိုင်းကဲ့သို့ ပြင်းထန်၍လာလေသည်။

ထို့ကြောင့်

ချူလျူရှမ်းသည် နောက်သို့ တကွက်ပြီးတကွက် ရှေ့ယင်း ရှောင်တိမ်းနေရလေသည်။

ဤသို့ ရှောင်တိမ်းနေရာမှ သူသည် ရုတ်တရက် ရပ်တန့်လိုက်ပြီးသူ၏ဓါးကိုကုန်းကာ....

"အား....ဟား....ဗိုက်နာလိုက်တာ"ဟု ညည်းညူလိုက်လေသည်။

ဗိုလ်မှူးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံပါ။

သူသည် ချူလျူရှမ်းထံသို့ချဉ်းကပ်၍ လက်သီးဖြင့် ထိုးချလိုက်လေသည်။

သို့သော်

ချူလျူရှမ်းသည် ရုတ်တရက်ငါးတကောင်၏ ချောမွတ်ခြင်းမျိုးဖြင့် ဗိုလ်မှူး၏ဂျိုင်းအောက်မှ လျှို၍ဝင်သွားပြီး တပြိုင်ထဲ ဗိုလ်မှူး၏တင်ပါးအား သူ၏တင်ပါးဖြင့် ပစ်ဆောင့်လိုက်လေသည်။

ဗိုလ်မှူးသည် ရှေ့သို့ အားစိုက်၍ တိုက်ခိုက်နေသည် ဖြစ်၍ အရှိန်ကိုမသတ်နိုင်တော့ဘဲ ရှေ့သို့ လဲကျ မသွားစေရန် သူ၏ခန္ဓာကိုယ်ကို မနည်းထိန်းလိုက်ရလေသည်။



ချူလျူရှမ်းသည် ရယ်မောလိုက်သည်။

"ဟား....ဟား....ဟား၊ ကဲ....ပြောစမ်းပါအုံး၊ အခုတိုက်တဲ့ သိုင်းကွက်ဟာ ဘာသိုင်းကွက်လဲ"

ဗိုလ်မှူးသည် သူ၏ပါးစပ်ကို ပိတ်ထားလိုက်လေသည်။

ချူလျူရှမ်းသည် တဟားဟားဖြင့် ရယ်မောနေရာမှ....

"ဘယ့်နှဲ့လဲ မသိဘူးမဟုတ်လား၊ အဲဒါ 'တင်ပါးသိုင်း' တဲ့ မှတ်ထား၊ ဟဲ....ဟဲ"

ဗိုလ်မှူး၏ အသက်ရှူသံသည် ဒေါသကြောင့် ပို၍ ပြင်းထန်လာသည်။

ဗိုလ်မှူး၏ မျက်နှာသည် ဆေးနီခြယ်ထားသည့်အလား နီရဲနေပြီး ချူလျူရှမ်းအား ဒလကြမ်း ဝင်ရောက် တိုက်ခိုက်လေတော့သည်။

ချူလျူရှမ်းသည် နောက်သို့ ဆုတ်၍ တိမ်းရှောင်နေရာမှ ရုတ်တရက် ရှေ့သို့ ချဉ်းကပ်လိုက်ပြီး—

သူ၏ လက်နှစ်ချောင်းဖြင့် ဗိုလ်မှူး၏နှာခေါင်းအား ညှပ်၍ လိမ်လိုက်လေသည်။

ဗိုလ်မှူးသည်....

"အား" ဟု အော်လိုက်ပြီး သူ၏နှာခေါင်းအား လက်တဘက်ဖြင့် ပိတ်ကာ နောက်သို့ ကပျာကယာ ဆုတ်လိုက်လေသည်။

ထို့ကြောင့်၊

သူ၏ ခြေထောက်သည် သူရိုက်ချထားသော ဒယ်အိုးနှင့် မိတ်ဆွေဖွဲ့သွားပြီး ဖင်ထိုင်၍ လဲကျသွားလေတော့သည်။

ဧည့်ခန်းထဲတွင် လူပေါင်း (၃၆) ယောက် ရှိသော်လည်း ပါးစပ်ပေါင်း (၃၆) ခုသည် ပိတ်၍ထားသည်။

အသံ လုံးဝ မထွက်ကြပါ။

သို့သော်

မျက်လုံးပေါင်း (၇၂) လုံးကမူ ချူလျူရှမ်းအား စိုက်၍ ကြည့်နေသည်။

မျက်နှာပေါင်း (၃၆) မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်အမူအယာများ ရှိနေလေသည်။

ချူလျူရှမ်းသည် ထိုလူပေါင်း (၃၆) ယောက်ကို မဲ့ပြုံးကလေး ပြုံးပြလိုက်သည်။

ထိုလူပေါင်း (၃၆) ယောက်တို့သည် ဗိုလ်မှူး၏ မိတ်ဆွေ မဟုတ်နိုင်ဟု ချူလျူရှမ်း တွေးလိုက်သည်။

သို့သော်

ယခုအချိန်တွင် ထိုလူများသည် သူ့အပေါ်၌ ရန်သူကဲ့သို့ သဘောထားမည်ကိုတော့ ချူလျူရှမ်း ယုံကြည်နေလေသည်။

× × ×

သည်ဝန်းကျင်သည် ချူလျူရှမ်းအတွက် စိမ်း၍ နေသည်။

လူတယောက်သည် သူ့အတွက် စိမ်းနေသော ဝန်းကျင်သို့ ရောက်ရှိပြီး ရုတ်တရက် လူပေါင်း (၃၆) ယောက်၏ ရန်သူအဖြစ် အသိအမှတ် ပြုခြင်းခံရပါက စိတ်ကြည်နူးဖွယ်ရာ ဖြစ်မည်မဟုတ်ပါ။



ထို့ကြောင့်၊

ချူလျူရှမ်းသည် စိတ်မသက်မသာဖြင့် သက်ပြင်းတချက်ချလိုက်ပြီး ဗိုလ်မှူးတယောက် ဒဏ်ရာမရပါစေနှင့်ဟု ဆုတောင်းလိုက်မိလေသည်။

ယင်းသို့၊

ဆုတောင်းယင်း ဗိုလ်မှူးအား လှည့်၍ကြည့်လိုက်မိသည်။

ဗိုလ်မှူးသည် ဒဏ်ရာမရရှိပါ။

သို့သော်

သူ၏ နှာခေါင်းသည် ကြည့်မကောင်းအောင် ယောင်ကိုင်းနေလေတော့သည်။

ထိုစဉ်

မီးခိုးရောင် ဝတ်ဆင်ထားသူတယောက် ဝင်ရောက်လာလေသည်။

ဧည့်ခန်းထဲမှ လူပေါင်း (၃၆) ယောက်သည် မီးခိုးရောင် ဝတ်ဆင်ထားသူ ဝင်လာသည်နှင့် တပြိုင်နက် အားလုံးမတ်တတ်ရပ်လိုက်လေသည်။

မီးခိုးရောင် ဝတ်ဆင်ထားသူသည် မည်သူ့ကိုမျှ မကြည့်ဘဲ ဗိုလ်မှူးအား ပွေ့ထူလိုက်ပြီး အတွင်းခန်းဘက်သို့ ခေါ်ဆောင်သွားလေတော့သည်။

ဧည့်ခန်းထဲရှိ လူများသည် ချူလျူရှမ်းအား လှည့်၍မျှပင် မကြည့်ဘဲ အတွင်းခန်းဘက်သို့ ဝင်ရောက် သွားလေတော့သည်။

သူတို့သည် ချူလျူရှမ်းအား လူသေ တယောက်ကဲ့သို့ပင် ထင်မှတ်၍လား မသိချေ။

သင်သည် လူသေတယောက်အား ကြည့်ချင်မည် မဟုတ်ပါ။

ဤကဲ့သို့ပင် မည်သူကမျှ လူသေအား ကြည့်ချင် ကြမည် မဟုတ်ပါ။

ချူလျူရှမ်း ကိုယ် တိုင် က လည်း သူ့ကိုယ်သူ လူသေ တယောက်ဟု ထင်မှတ်နေမိသည်။

သူသည် ညှော်ခန်းထဲတွင် ရပ်နေသော်လည်း သင်းချိုင်းတခု ထဲတွင် ရပ်နေသည်ကဲ့သို့ ထင်မှတ်ရလေသည်။

× × ×

ဝန်းကျင် တခုလုံးသည် တိတ်ဆိတ်၍ နေသည်။

လူ မရှိ။

အသံ မရှိ။

သို့သော်

မီးရောင်ကတော့ ရှိနေပါသည်။

မီးရောင် ရှိနေသော်လည်း အမှောင်ထုထက်ပင် မှောင်မဲ၍ နေသည်ဟု ချူလျူရှမ်း ထင်မိလေသည်။

အကယ်၍ သင့်တွင် မျှော်လင့်ချက် မရှိပါက မီးရောင်သည် သင့်အတွက် ဘာမျှအဓိပ္ပာယ် ရှိမည်တော့မည် မဟုတ်ပါလော။

ချူလျူရှမ်းသည် ညှော်ခန်းထဲတွင် တယောက်ထဲ မည်မျှ ကြာအောင် ရပ်နေမိသည် မသိချေ။

သူသည် မလှုပ်မယှက် ရပ်၍ နေလေသည်။

ဤနေရာသည် သူ့အတွက် ကမ္ဘာသစ်တခု ဖြစ်သည်။



ဤဝန်းကျင်သည် သူ့အတွက် စိမ်းလွန်းနေသည်။

ဤသို့ စိမ်းသောဝန်းကျင်တွင် သူ မည်သည့်နေရာသို့ သွားရပါမည်နည်း။

မည်သည့်နေရာသို့ သွားနိုင်ပါမည်နည်း။

သူသည် လမ်းဆုံးသို့ရောက်နေပြီ မဟုတ်ပါလော။

ထိုစဉ်

ရွှန်းလဲ့သော မျက်လုံးတစုံနှင့် ဖြူဖွေး နုနယ်သော လက် တဘက်ကို သူ တွေ့လိုက်ရသည်။

သူသည် ထို မျက်လုံးပိုင်ရှင်အား မှတ်မိပါသည်။

ယွဲ့လိမ်ပင် ဖြစ်ပါသည်။

သူမသည် သူ့အတွက် မြော်လင့်ချက်တခု ပေလော။

မည်သို့ဆိုပါစေ၊ ယခုအခါတွင် ယွဲ့လိမ်သည် သူနှင့် ရန်သူ တော့ မဟုတ်နိုင်ဟု သူ တွေးမိလိုက်သည်။

ယွဲ့လိမ်သည် တံခါးဝတွင်ရပ်နေရာမှ သူ့အား လက်ယပ် ခေါ်နေသည်။

သူသည် စဉ်းစား၍ မနေတော့ဘဲ ယွဲ့လိမ်ရှိရာ တံခါးဝသို့ ပြေးသွားလေတော့သည်။

အကယ်၍.... ယင်း တံခါးဝတွင် ဆောင်ချောက် ပေါင်း တသောင်းမကရှိနေပါစေ၊ သူ သွားမည်သာ ဖြစ်ပါသည်။

မြော်လင့်ချက်မရှိသောဘဝသည် သေဆုံးသွားသည်ထက်ပင် ကြောက်စရာကောင်းသည် မဟုတ်ပါလော။

× × ×

ထောင်ချောက်ရှိမနေပါ။
တံခါးအပြင်ဘက်တွင် ထောင်ချောက် ရှိမနေပါ။
သို့သော်
လှပသောယွဲ့လိမ် ရှိနေပါသည်။

မှောင်မဲနေသည့်ကြားမှ ယွဲ့လိမ်၏မျက်လုံးအစုံသည် ကောင်းကင်သို့ ပထမဦးဆုံး လက်လာသောကြယ်လေး တပွင့်ကဲ့သို့ ရွှန်းလဲ့ တောက်ပ၍ နေလေသည်။

သူမသည် ချူလျူရှမ်းအား ရွှန်းရွှန်း စားစား ကြည့်၍ ပြုံးလိုက်ပြီး....

"ဝမ်းသာပါတယ်ရှင်"

သူမ၏ စကားကြောင့် ချူလျူရှမ်းသည် ရုတ်တရက် မျက်မှောင်ကုတ်သွားပြီး....

"ဘာဖြစ်လို့ ဝမ်းသာတာလဲ"

"ရှင်....မသေသေးလို့ပေါ့ လူတယောက်ဟာ အသက် ရှင်သန်နေသေးယင် ဝမ်းသာရမယ် မဟုတ်လား"

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး

"အသက်မသေသေးတော့လဲ မေးချင်လာပြန်ရော"

"ဘာကို မေးမှာလဲ"

"ဗိုလ်မှူးကို တွဲခေါ်သွားတဲ့ လူဟာ ဘယ်သူလဲ၊ မီးခိုးရောင် ဝတ်ထားတဲ့ လူလေ"

"ရှင်....မသိဘူးလား"

"မဟုတ်မှလွဲရော၊ ခေါ်သမားဘဲ ဖြစ်ရမယ်"

ယွဲ့လိမ်သည် သူ့အား စေ့စေ့ ကြည့်လိုက်ပြီး....



"ရှင့် အနေနဲ့ သူ့ကို ဘယ်လိုလူမျိုး ထင်သလဲ"

"ကြောက်စရာကောင်းတဲ့ လူတယောက်လို့ ထင်တယ်"

"သူ့ရဲ့ သိုင်းပညာအဆင့်ကိုရော ရှင်-သိ သလား"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ဟင့်အင်း-မသိဘူး"

"ရှင် မခန့်မှန်းတတ်ဘူးလား"

"ဟုတ်တယ်"

ယွဲ့လိမ်သည် ပြုံးလိုက်ပြီး....

"မီးခိုးရောင်အင်္ကျီ ဝတ်တဲ့လူဟာ 'ခေါ်သမား' ဆိုတာတော့ ရှင် ယုံကြည်တယ်ပေါ့"

ချူလျူရှမ်းသည် ဘာမျှ ပြန်မပြောတော့ပါ။

သူ၏ ပါးစပ်ကို ပိတ်ထားလိုက်သည်။

သိုင်းပညာရှင် တယောက်သည် သူ့ထက် သိုင်းပညာ သာလွန်သော လူတယောက်အား တွေ့မိသောအခါ သူ၏ စိတ်ထဲတွင် အခံရခက်နေမည် မဟုတ်ပါလော။

ယွဲ့လိမ်၏မျက်နှာသည် ရုတ်တရက် တည်ကြည်သွားပြီး....

"ရှင်....ဒီကို ပထမနေ့ ရောက်လာ ကတည်းက ရန်ဖြစ်တယ်၊ စည်းကမ်းမဲ့တယ်၊ ဒါကြောင့် ခေါ်သမားက ရှင့်ကို သတ်ပစ်မလို့၊ ဒါပေမဲ့ ရှင့်အတွက် တောင်းပန်ပေးတဲ့လူ ရှိနေလို့ ရှင်....အခုထိ အသက်ရှင်နေတာ"

ချူလျူရှမ်း၏ မျက်လုံးသည် ပြူး၍သွားပြီး—

"အလဲ့.... ကျနော့်ကို ဘယ်သူက ကူပြီး တောင်းပန် ပေးတာလဲ"

ယွဲ့လိမ်သည် ချူလျှူရှမ်းအား စူးစိုက်၍ ကြည့်လိုက်ပြီးမှ...

"ကျမ"

သူတို့သည် အတန်ကြာအောင် ငြိမ်သက်၍သွားပြီးမှ ချူလျှူရှမ်းသည် သက်ပြင်းတချက်ကို ဖြည်းလေးစွာ ချလိုက်သည်။

ပြီးမှ....

"ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူး ကိုလဲ ဆပ်ပါအုံးမယ်"

"ရှင်က ဘယ်လို ကျေးဇူးဆပ်မှာလဲ"

ချူလျှူရှမ်းသည် ယွဲ့လိမ်အား ပြုံးဖြီးဖြီးနှင့် ကြည့်ပြီး....

"ဟဲ....ဟဲ၊ ကျနော်က ခင်ဗျားကို ကိုက်စားပစ်တဲ့ နည်းနဲ့ပေါ့...."

ယွဲ့လိမ်၏မျက်နှာသည် တင်း၍သွားပြီး–

"ကဲ–သွားတော့၊ ခေါင်းလောင်း မထိုးမချင်း ထွက်မလာရဘူး"

"ဒါလဲ ဓားသမား၏ အမိန့်ဘဲလား"

"ဟုတ်တယ်"

"ကျနော်က အခု သူ့ကိုတွေ့ချင်တယ်"

"မတွေ့နိုင်ဘူး၊ ဒါပေမဲ့ သူက ရှင့်ကို တွေ့ချင်တယ်ဆိုယင်တော့ အချိန်မရွေး ရှင်က သွားတွေ့ရလိမ့်မယ်"

ချူလျှူရှမ်းသည် ရုတ်တရက် ယွဲ့လိမ်၏ပခုံးအား ကိုင်လိုက်ပြီး....

"ကောင်းပါပြီ၊ ဓားသမား၏ အမိန့်ဘဲဖြစ်ဖြစ်၊ ခင်ဗျား၏ အာဏာဘဲဖြစ်ဖြစ် ကျနော်အိမ်ပြန်သွားပါမယ်၊ ဒါပေမဲ့ ထမင်းမစားရသေးတာက ခက်တယ်"



ယွဲ့လိမ်သည် ချူလျှူရှမ်း၏လက်အား တွန်းဖယ်လိုက်ပြီး....

"ရှင်–ထမင်းစားရပါ့မယ်၊အဲ–တနေ့ကိုသုံးကြိမ်၊ ဟင်းခြောက်မျိုးနဲ့ စားရလိမ့်မယ်"

"ဟဲ....ဟဲ....လူသားဟင်းတော့ မပါပါဘူးနော်"

ယွဲ့လိမ်သည် မည်သို့မျှ ပြန်မပြောတော့ပါ။

သို့သော်

သူမ၏ မျက်စောင်းကလေးသည် ချူလျှူရှမ်းပေါ်သို့ ကျသွားလေတော့သည်။

× × ×

မိုးအိမ်ငြိမ်းသွားပြီ။

ထို့ကြောင့် အမှောင်ထုသည် ပို၍ ကြီးမားလာလေသည်။

ထိုအမှောင်ထုထဲတွင် ချူလျှူရှမ်းသည် လဲလျောင်း၍နေသည်။

ယနေ့ညသည် သူ့အတွက် အမိုက်မှောင်ရွာ၌ ပထမဆုံးအိပ်ရသော ညဖြစ်သည်။

ဤနေရာသို့ သူရောက်ခဲ့သည်မှာ နေ့တဝက်ခန့်သာ ရှိသော်လည်း တကမ္ဘာမျှ ကြာလွန်းသည်ဟု တင်မိနေသည်။

ထိုနေ့တဝက်အတွင်း သူသည် ထူးဆန်းဖွယ်ရာအဖြစ်များနှင့် ကြုံခဲ့ရလေသည်။

ကြောက်မက်ဖွယ်ရာ ကောင်းသော လူများနှင့်လည်း ကြုံတွေ့ခဲ့ရပေသည်။

အထူးသဖြင့် ဝိယဉ်၊ တမာန်တော်နှင့် ဓားသမားနှစ်ယောက်တို့၏ သိုင်းပညာသည် အလွန်ခက်ခဲသော သိုင်းပညာများဖြစ်ကြောင်း သိရှိခဲ့ရလေသည်။

သို့ရာတွင် သူသည် ယခုအချိန်ထိ အသက် ရှုနိုင်နေသေးသည်။

သို့သော်

နောက်တနေ့တွင် မျက်နှာသစ်ရန်အတွက် သူ့တွင် မျက်နှာရှိနေပါဦးမည်လော။

သူ ဆက်မတွေးဝံ့တော့ချေ။

သူသည် သက်ပြင်းတချက်ချလိုက်ပြီး မျက်လုံးကို မှိတ်လိုက်လေတော့သည်။

သူ့အတွက် နောက်တနေ့သည် ရှိနေပါဦးမည်လော။

× × ×

နောက်တနေ့။

နံနက်ပိုင်းဖြစ်၍လည်း ဝန်းကျင်တခုလုံးအား မြူနှင်းများကစိုးမိုး၍နေသည်။

ချုလျုရှမ်းသည် သူ၏မျက်လုံးအား အသာအယာဖွင့်လိုက်သည်။



ပြီးမှ လဲလျောင်းနေရာမှ ထလိုက်လေသည်။

ထိုစဉ်

သူ၏ ဝမ်းဗိုက်မှ ပိုးမျိုး (၁၀) တို့သည် အစာရေစာကို တောင်းခံသည့်အလား တဂွီဂွီ အော်မြည်လာလေသည်။

သူသည် ဆာလောင်နေသော သူ၏ဗိုက်ကို လက်ဖြင့် ပွတ်လိုက်သည်တွင် တံခါးခေါက်သံ ပေါ်ထွက်လာလေသည်။

ချုလျုရှမ်းသည် ဖြည်းလေးစွာ လျှောက်သွားပြီး တံခါးအား ဖွင့်ပေးလိုက်လေသည်။

တံခါး ပွင့်သွားသည်နှင့် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် တူးထားသည့်မျက်နှာအား တွေ့လိုက်ရလေသည်။

ထိုမျက်နှာရှင်က ပြုံးဖြီးဖြီး လုပ်ပြလိုက်သဖြင့် ဝါညစ်နေသော သွားများပေါ်လာလေသည်။

ဝါညစ်နေသောသွား၊ ကျောက်ပေါက်ရာအပြည့်နှင့်မျက်နှာသည် မည်သို့မျှ နှစ်လိုဖွယ်ရာမရှိပါချေ။

သို့သော်

ထိုလူတွင် နှစ်လိုဖွယ်ရာ နှစ်သက်ဖွယ်ရာတခုတော့ ရှိနေပါသည်။

ဤသည်မှာ ထိုလူ၏လက်ထဲမှ ထမင်းဗူးပင်ဖြစ်ပါသည်။

ထိုလူသည် ချုလျုရှမ်းအား....

"ခင်ဗျားအတွက် ထမင်းလာပို့တာ" ဟု ပြောလိုက်ပြီး သူ့လက်ထဲမှ ထမင်းဗူးအား လှမ်းပေးလိုက်လေသည်။

ချုလျုရှမ်းသည် ထမင်းဗူးအား လှမ်းယူလိုက်ပြီး ဖွင့်ကြည့်လိုက်လေသည်။

ထမင်းဗူးထဲတွင် ဟင်း (၆) မျိုး၊ ထမင်းဖြူ (၁) အိုး၊ ဟင်းချို (၁) ပွဲ ပါလာလေသည်။

ဟင်းများမှာ သူ အင်မတန်ကြိုက်သော ဟင်းများ ဖြစ်ပါသည်။

သို့သော်

ထိုဟင်းများမှာ တပွဲတွင် ဟင်းတတုံးမျှသာ ပါလေသည်။

ထိုဟင်းတုံးများသည်လည်း အင်မတန်မှပင် ပါးလွှာလွန်းသည်ဖြစ်၍ လေပြင်းပြင်းတချက် တိုက်လိုက်ရုံမျှဖြင့် လွင့်စင်သွားနိုင်ပေသည်။

အထူးသဖြင့် ဘဲသားကင်ဟင်းတွင် ဘဲအရိုးတချောင်း။

ဘဲ အရေခွံတခု။

ဘဲ အမွေးတချို့သာ ပါရှိလေသည်။

ချူလျူရှမ်းသည် ထမင်းလာပို့သူအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး....

"ဒါလားကွ၊ မင်းတို့ရဲ့ ဟင်းတွေ"

ထိုသူသည် အေးတိအေးစက်ဖြင့်....

"ဟုတ်တယ်"ဟု ပြောလိုက်လေသည်။

ချူလျူရှမ်းထံမှ မည်သည့်အသံမှ ထွက်မလာတော့ပါ။

× × ×

ချူလျူရှမ်းသည် ကုတင်ပေါ်တွင် လဲလျောင်းနေရာမှ သူ၏ လက်ချောင်းများအား ချိုး၍ ရေတွက်နေသည်။



တရက်၊

နှစ်ရက်၊

သုံးရက်၊

သူသည် ထိုအိမ်ကလေးထဲတွင် နေခဲ့ရသည်မှာ (၃) ရက်ခန့် ရှိပြီဟု ထင်သည်။

သို့သော်

တိတိကျကျ မမှတ်မိချေ။

ဆာလောင်မွတ်သိပ်ခြင်းသည် လူတယောက်၏မှတ်ဉာဏ်အား ချို့တဲ့စေသည် မဟုတ်ပါလော။

ချူလျူရှမ်းသည် စိတ်ဆင်းရဲစွာဖြင့် ကုတင်ထက်မှ ထ၍ထိုင်လိုက်လေသည်။

ထိုစဉ်....

"ဒေါင်....ဒေါင်....ဒေါင်" ဟူသော ခေါင်းလောင်းသံကို သူ ကြားလိုက်ရလေသည်။

ခေါင်းလောင်းသံ ကြားလိုက်သည်နှင့် သူ၏ရင်ထဲတွင် ပေ်ာမပြနိုင်လောက်အောင် ဝမ်းသာ၍ သွားလေတော့သည်။

ထို့ပြင် သူ၏ နားထဲတွင်လည်း....

"ခေါင်းလောင်းသံ မကြားမချင်း....အိမ်ထဲက မထွက်ရဘူး" ဟူသော ယဲ့လိမ်၏အသံကိုလည်း ပြန်လည်ကြားယောင် လာလေသည်။

ယခု ခေါင်းလောင်းသံကို ကြားရလေပြီ။

ထို့ကြောင့် ချူလျူရှမ်းသည် အိမ်ထဲမှ ထွက်လာခဲ့ရလေ
တော့သည်။

× × ×

ဧည့်ခန်း။

ထိုဧည့်ခန်းထဲတွင် လူပေါင်း (၃၆) ယောက် ရှိနေသည်။

သို့သော်

ထိုလူ (၃၆) ယောက်အား ချူလျူရှမ်းသည် မသိပါ။

ထိုလူများထဲတွင် သူတွေ့ခဲ့ရသော လူများအား ရှာကြည့်သော်လည်း တယောက်မျှ မတွေ့ပါ။

ယဲ့လိမ်၊ ဝိယဉ်၊ တမာန်တော်၊ဗိုလ်မှူး စသည်များပင် လုံး၀ မတွေ့ရချေ။

ထိုလူများထဲတွင် သူသည် နောက်တယောက်အား ရှာကြည့်မိသည်။

ထိုလူမှာ တုကုဟုန်ဖြစ်သည်။

တုကုဟုန်ကိုလည်း သူ မတွေ့သေးပါ။

တုကုဟုန်နှင့် သူသည် အမိုက်မှောင်ရွာ ရောက်သည်နှင့် အဆက်အသွယ် ပြတ်ခဲ့လေသည်။

ဤသို့ဆိုလျှင် တုကုဟုန်သည် မည်သည့်နေရာသို့ ရောက်နေသနည်း။

ချူလျူရှမ်း ဆက်မတွေးတော့ပါ။



သူသည် ဧည့်ခန်းထဲရှိ ချောင်ကျကျ စားပွဲတခုတွင် ဝင်၍ ထိုင်လိုက်သည်။

ထို့နောက် သူသည် ဧည့်ခန်းထဲရှိ လူများအား လှည့်၍ အကဲခတ် လိုက်ကြည့်သည်။

သူတို့အားလုံးသည် သူ့အား လှည့်၍ပင် မကြည့်ပါ။

သူတို့၏ မျက်နှာသည် တည်ကြည်လေးနက်၍ နေသည်။

ချူလျူရှမ်းသည် စိတ်မသက်မသာစွာဖြင့် စားပွဲတွင် ထိုင်၍ နေလေသည်။

ထိုစဉ်

တံခါးဝမှ ရွှန်းလဲ့သော မျက်လုံးတစုံ ဝင်လာလေသည်။

ယဲ့လိမ်ပင် ဖြစ်ပါသည်။

ချူလျူရှမ်းသည် ယဲ့လိမ်အား တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

ပို၍ ဝမ်းသာစရာ ကောင်းသည်မှာ ယဲ့လိမ်၏ နောက်တွင် တုကုဟုန် ပါလာသောကြောင့် ဖြစ်ပါသည်။

ချူလျူရှမ်းသည် ကြာကြာ ဝမ်းမသာနိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော်

ယဲ့လိမ်၏ ရွှန်းလဲ့သော မျက်လုံးအစုံသည် ငိုရလွန်းသဖြင့် ပို၍ နီရဲနေလေသည်။

တုကုဟုန်သည် ချူလျူရှမ်းအား တွေ့လိုက်သည်နှင့်....

"ဟော့....ဒီမှာ....ချူလျူရှမ်း၊ မိန်းကလေးရဲ့ အကိုကို ဘယ်သူသတ်သွားမှန်း မသိဘူးကွ" ဟု ပြောလိုက်လေသည်။

ချူလျူရှမ်းသည် "အမိုက်မှောင်ရွာမှ လူတွေ မကြာခဏ ပျောက်ဆုံးတယ်" ဟူသော ယွဲ့လိမ်၏စကားကို ပြန်လည်အမှတ်ရလေသည်။

တုကုဟုန်သည် ဆက်လက်၍....

"မင်း-မပြန်သေးဘူးလား" ဟု မေးလိုက်လေသည်။

ချူလျူရှမ်းသည် ထိုင်ရာမှ ထလိုက်ပြီး....

"အင်း....ဒီမှာ ဘာလုပ်နေရမှာလဲ" ဟု ပြောယင်း အခန်းထဲမှ ထွက်သွားလေသည်။

ဤ နေရာတွင် လူတွေမကြာခဏ ပျောက်ဆုံးသည်ဟု သူ ကြားမိသည်။

ယခု ယွဲ့လိမ်၏အကို ပျောက်ဆုံးခဲ့ပြန်သည်။

ထိုပျောက်ဆုံးသော လူတွေထဲတွင် ချူလျူရှမ်း တယောက် မပါ-ပါဘူး ဟူ၍ မည်သူ အာမခံရဲမည်နည်း။

× × ×

မြူနှင်းတို့သည် ဝန်းကျင် တခုလုံးအား ဖုံးလွှမ်း၍ နေလေသည်။

ချူလျူရှမ်း အပြင်သို့ ထွက်လာသောအခါ တုကုဟုန်သည် ချူလျူရှမ်း၏ နောက်မှ လိုက်၍ ထွက်လာလေသည်။

တောင်လမ်းကလေးသည် အလွန်ကျဉ်းသည်။

သို့သော်



တုကုဟုန်သည် ချူလျူရှမ်းနှင့် ပခုံးချင်းယှဉ်၍ လျှောက်နေသည်။

ထိုသို့ လျှောက်နေရာမှ တုကုဟုန်သည် ချူလျူရှမ်းအား မေးလိုက်လေသည်။

"မင်း....အရက် မသောက်ချင်ဘူးလား"

ထိုစကားကို ကြားလိုက်ရသော အခါ ချူလျူရှမ်း၏ ခြေလှမ်းသည် ရုတ်တရက် ရပ်တန့်သွားပြီး တုကုဟုန်အား လှည့်ကြည့်လိုက်သည်။

ပြီးမှ၊

"ခင်ဗျားမှာ အရက်ရှိလို့လား"

တုကုဟုန်သည် သူ၏ဦးခေါင်းအား ညိတ်လိုက်ပြီး....

"အရက်တင်မကဘူး .... မိတ်ဆွေကောင်း တယောက်လဲ ရှိတယ်" ဟု ပြောလိုက်လေသည်။

ချူလျူရှမ်းသည် သူ၏မျက်ခုံးမွေးအား အထက်သို့ ပင့်တင်လိုက်ပြီး

"ခင်ဗျားမှာ မိတ်ဆွေရှိတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါပေမဲ့ ခင်ဗျားရဲ့ မိတ်ဆွေဟာ....၊ ကျနော့်ရဲ့ မိတ်ဆွေမှ မဟုတ်တာ"

"ငါ့ရဲ့မိတ်ဆွေဟာ မင်းရဲ့ မိတ်ဆွေ ဖြစ်ရမှာပေါ့"

"ကောင်းပြီလေ၊ သူဟာ.... တကယ်ဘဲ ကျနော့် မိတ်ဆွေ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောလိုက်ပြီး ချူလျူရှမ်း

သည် တောင်လမ်းကလေးအတိုင်း ဆက်၍ လျှောက်သွားလေတော့သည်။

တုကုဟုန်သည်လည်း ချူလျူရှမ်းနှင့် ပခုံးချင်းယှဉ်၍ လိုက်ပါသွားလေသည်။

တုကုဟုန်၏မိတ်ဆွေသည် ချူလျူရှမ်းအား သူ၏ မိတ်ဆွေတယောက်ဟု သတ်မှတ်ပါမည်လော။

× × ×

ဝါသနာချင်းတူသော လူတို့သည် မိတ်ဆွေဖြစ်ရန် မခဲယဉ်းပါချေ။

အရက် ဝါသနာအိုး တယောက်အတွက် အရက် များများသောက်နိုင်သောလူသည် သူ့အတွက်မိတ်ဆွေကောင်းပင် မဟုတ်ပါလော။

အရက်ကလည်းကောင်းသည်။

ထို့ပြင် မိတ်ဆွေကလည်း ကောင်းပါသည်။

အရက်တအိုးကုန်သွားသောအခါ ထိုမိတ်ဆွေသည် ချူလျူရှမ်းအား ကြည့်ပြီး....

"ခင်ဗျား-ချူလျူရှမ်းဆိုတာ ကျုပ် သိပြီ၊ ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိသလား"

ချူလျူရှမ်း သူ၏ဦးခေါင်းကိုရမ်း၍ အဖြေပေးလိုက်သည်။



ပုဂ္ဂလိက ... ၁၃၇၀ ... လူ့ရှိအနီ...

"မသိဘူး"

"ဘာဖြစ်လို့ မမေးတာလဲ"

"ကျနော် သင်ခန်းစာ ရနေလို့ပါ"

"ခင်ဗျားက သူများတွေကို မေးဘူး လို့လား"

"မေးဘူးတယ်"

"သူတို့ကရော သူတို့ရဲ့နံမယ်ကို ပြောမပြဘူးလား"

"ဟင့်အင်း-သူတို့ မပြောကြဘူး၊ ဒါကြောင့် နောက်ဆို.... ဘယ်သူ့ရဲ့နံမယ်မှ မမေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဒါပေမဲ့ ကျုပ်နံမယ်ကိုတော့ မေးပါ"

"ဘာဖြစ်လို့"

"ကျုပ်က ကျုပ် နံမယ်ကို သိပ် ပြောချင်နေလို့"

"ဒါဖြင့် ခင်ဗျားက ဘယ်သူတုံး"

ထိုလူသည် ပြုံးလိုက်ပြီး—

"ကျုပ် နံမယ် ချိတ်ကလေး"

"ဩ....ချိတ်ကလေး ဆိုတာ ခင်ဗျားကိုး"

"ဘာလဲ-ကျုပ်နံမယ် ကြားဘူး နေလို့လား"

"ဟုတ်တယ်"

"ကျုပ်နံမယ်အရင်းက ဟိုက်ချီစွမ်းပါ"

ချူလျူရှမ်းသည် မျက်မှောင်ကုတ်၍ သွားလေသည်။ ပြီးမှ....

"ဗျာ....ဟိုက်ချီစွမ်း၊ ဟုတ်လား"

ထိုလူသည် ပြုံးရယ်လိုက်ပြီး....

"ဟား....ဟား၊ ဘာလဲ ခင်ဗျားက မယုံဘူး သား"

"ဟိုက်ချီစွမ်း–လေ့မှောက်ပြီး သေတယ်လို့ ကြားခဲ့တူးလို့ပါ"

ထိုလူသည် ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ခင်ဗျားတို့ မှားနေတာ၊ သေတဲ့လူက တယောက်ပါ"

ထို့နောက် သူသည် ချူလျူရှမ်းအား ပြုံး၍ကြည့်လိုက်ပြီး–

"ဒီမှာ ချူလျူရှမ်း....ဒီနေရာကိုရောက်တဲ့လူ မှန်သမျှဟာ... ပြင်ပလောကမှာ တကြိမ် သေပြီးတဲ့လူတွေချည့် ဖြစ်တယ်"

ထိုစဉ်

တုကုဟုန်က ပြုံးလိုက်ပြီး—

"ဒါတွေ ထားလိုက်ပါတော့၊ အဲ....ငါ တခုတော့ ပြောချင်တယ်ချူလျူရှမ်း"

"ဟုတ်ကဲ့....ပြောပါ"

"ဒီ အမိုက်မှောင်ရွာကို ရောက်ယင် ဒီ ရွာရဲ့ ဖွဲ့စည်း ပုံကို နားလည် ထားရမယ်"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းကို ဆတ်ပြ လိုက်ပြီး...

"ဆိုစမ်းပါအုံး"

တုကုဟုန်သည် လည်ပင်းအား တချက် ရှင်းလိုက်ပြီး....

"အဟမ်း....ဒီမှာ အုပ်ချုပ်တဲ့ အဖွဲ့တဖွဲ့ ရှိတယ်"

"ဓားသမားဟာ အကြီး အကဲပေါ့"

ချူလျူရှမ်းက ဝင်၍ ပြောလိုက်သည်။

တုကုဟုန်က လက်ကာပြလိုက်ပြီး—

"ငါပြောတာကိုဘဲ နားထောင် စမ်းပါ"

"ကဲ....ကဲ....၊ ပြော ပြော"



"ဒီမှာ အုပ်ချုပ်တဲ့အဖွဲ့ တဖွဲ့ရှိတယ်၊ အဲဒီမှာ ဓားသမားဟာ အကြီးအကဲဖြစ်တယ်၊ အဲ....သူ မရှိတဲ့အခါမှာ ဒီက ကိစ္စအဝဝကို အုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူရတယ်"

"ဒါဖြင့် ဒီ အဖွဲ့အစည်းထဲမှာ ခင်ဗျား ပါတယ်ပေါ့...."ဟု ချူလျူရှမ်းက မေးလိုက်သည်။

တုကုဟုန်က ဦးခေါင်းကို ညိတ်လိုက်ပြီး—

"အေး–ငါလဲပါတယ်၊ အဖွဲ့မှာ လူ ရှစ်ယောက်ရှိတယ်"

"အလို့၊ ဘယ်ဆိုးလို့တုံး"

"ဒါပေမဲ့ တကယ့်အာဏာရှိတဲ့လူက နှစ်ယောက်ဘဲ ရှိတယ်"

"ဘယ်သူတွေလဲ"

"ဝိယဉ်နဲ့ တမာန်တော်လေ"

တုကုဟုန်၏ စကား ဆုံးသည်နှင့် ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး—

"အင်း–ဒါဆို ကျန်တဲ့အဖွဲ့ဝင် ငါးယောက်ရဲ့ သိုင်းပညာဟာ ခေမယ် မထင်ဘူး"

ဟု ပြောယင်း ခွက်ထဲမှ လက်ကျန်အား ရှင်းလိုက်လေတော့သည်။

× × ×

အရက်သောက်ခြင်းသည် ထမင်းစားခြင်းနှင့် မတူပါ။

ထမင်း နှစ်ပန်းကန်စားသောသူသည် ထမင်းပန်းကန် ၂၀ အထိ စားနိုင်မည် မဟုတ်ပါ။

ဤသို့ပင် အရက် ခွက်ပေါင်းများစွာ သောက်သောသူသည် တခါတရံ တခွက်ထဲနှင့်ပင် မူးတတ်ပါသည်။

ယခုလည်း ချူလျူရှမ်းသည် အရက်မူး၍ နေလေသည်။

တုကုဟုန်နှင့် ဟိုက်ချီစွမ်းသည် ချူလျူရှမ်းအား ကူညီ၍ ပေးမလေသည်။

သို့သော် ချူလျူရှမ်းသည် တုကုဟုန်နှင့် ဟိုက်ချီစွမ်းအား တွန်းဖယ်လိုက်ပြီး....

"ကျေနော် လမ်းသိပါတယ်"ဟု ပြောပြီး တယောက်ထဲ ပြန်သွားလေသည်။

သူသည် တကယ်ပင် လမ်းသိပါသည်။ ချူလျူရှမ်း လမ်းမမှားပါ။

အရက်သမားတယောက်သည် မည်မျှပင် အရက်မူးနေပါစေ၊ အိမ်သို့ အရောက်ပြန်တတ်သည်။ အိမ်ရောက်မှသာ ဒေါင်းသွားတတ်ပါသည်။

သင်သည် အရက်သမားတယောက်ဖြစ်လျှင် ဤကဲ့သို့ အတွေ့အကြုံမျိုး ကြုံရမည် ဖြစ်ပါသည်။

ချူလျူရှမ်းသည် ဤကဲ့သို့ အတွေ့အကြုံမျိုးကို မကြာခဏ ကြုံခဲ့ရသည် မဟုတ်ပါလော။

ချူလျူရှမ်း၏ နှုတ်မှ (၇)သံထက်ပိုသော တေးသွားတခုသည် သံစဉ်မညီမညာဖြင့် ထွက်ပေါ်၍ လာလေသည်။

"ဒီအိမ်ဟာ ငါ့ရဲ့အိမ်၊ ငါ့အိမ်ကို ငါချစ်တယ်၊ ငါ့အိမ်ရှေ့မှာ ပန်းရှိတယ်၊ ငါ့အိမ်နောက်မှာ ငါးရှိတယ်"



ချူလျူရှမ်း သီချင်းဆိုနေခြင်း ဖြစ်ပါသည်။

သို့သော်

သူ၏အိမ်ရှေ့တွင် ပန်းမရှိပါ။

သူ၏အိမ်နောက်တွင်လည်း ငါးမရှိပါ။

အိမ်ခြေ ယာခြေ မရှိသော လူတယောက်သည် အရက်မူးပြီးနောက် ရုတ်တရက်အိမ်ပြန်ရန် အိမ်တလုံးရှိသည်ကို တွေးမိသောအခါ မည်မျှဝမ်းသာ အူမြူးနေသည်ကို တွေ့နိုင်ပါသည်။

ယခုလည်း ချူလျူရှမ်းသည် မည်မျှဝမ်းသာ အူမြူးနေမည်နည်း။

သူသည် အသံဩကြီးဖြင့် သီချင်း ဟစ်အော်ယင်း အိမ်သို့ မြန်မြန်ရောက်လာလေသည်။

သူသည် တံခါးကို တွန်း၍ဖွင့်လိုက်သည်။

အိမ်ခန်းတခုလုံးသည် မှောင်မဲ၍နေသည်။

သို့သော်

ထိုမှောင်မဲ နေသော အိမ်ခန်း အတွင်း တစုံ တယောက် ရှိနေသည်ကို ချူလျူရှမ်း သိလိုက်ပါသည်။

ချူလျူရှမ်း၏မျက်လုံးများသည် လိုအပ်သည့်အခါ ဇီးကွက်၏မျက်လုံးမျိုးကဲ့သို့ အားကိုးရ၏။

အရေးကြုံသည့်အခါ သူသည် သိမ်းငှက်ကဲ့သို့ လျင်မြန်ပေသည်။

ထို့ကြောင့် ချူလျူရှမ်းသည် တံခါးဝမှ ရပ်လျက် လှမ်းမေးလိုက်လေသည်။

"ဟော့.....ဘယ်သူလဲ"

ချူလျူရှမ်း၏အမေးကို တိတ်ဆိတ်ခြင်းဖြင့် တုံ့ပြန်၍ လာလေသည်။

အိမ်ခန်းတခုလုံးသည် ပကတိ တိတ်ဆိတ်လျက်။

ချူလျူရှမ်းသည် ရယ်မောလိုက်ပြီး....

"ဟဲ....ဟဲ.... မင်း ဘယ်သူဆိုတာ ငါသိပါတယ်ကွာ၊ ဟော့-ဝိယဥ့် မင်းကဒီမှာလာစောင့်နေတာဘာအတွက်လဲ၊ ငါ့ကိုသတ်ဖို့လား"

တုံ့ပြန်မှု နတ္ထိ။

ယုတ်စွအဆုံး လှုပ်ရှားမှုပင် မရှိ။

ချူလျူရှမ်းသည် ဘာမျှ မပြောတော့ပါ။

သူသည် အိမ်တံခါးကို ပြန်၍ပိတ်လိုက်ပြီး မီးအိမ်ကို ထွန်းရန် မီးခြစ်လိုက်သည်။

မီးရောင်သည် အိမ်ခန်း တခုလုံးအား လင်းထိန်၍ နေလေသည်။

မီးရောင်အောက်တွင် လူတယောက် ထိုင်နေသည်ကို ချူလျူရှမ်း တွေ့လိုက်ရသည်။

ထိုလူသည် ဝိယဥ်ပင် ဖြစ်ပါသည်။

သူသည် ကုလားထိုင်ပေါ်တွင် ထိုင်ယင်း ချူလျူရှမ်းအား စိုက်၍ကြည့်နေသည်။

သူ့အကြည့်သည် ပကတိ အေးစက်၍နေသည်။



ချူလျူရှမ်းသည်ဝိယဥ်အား တွေ့လိုက်သည်နှင့် သူ၏တကိုယ်လုံးသည် တုန်ခါ၍သွားပြီး လက်ထဲမှ မီးစသည် လွတ်၍ကျသွားလေတော့သည်။

လူသေတယောက်၏ စိုက်ကြည့်ခြင်း ခံရလျှင် သင်သည်လည်း တုန်လှုပ်မည် မဟုတ်ပါလော။

လွင်စာပေ

အိမ်ခန်းတခုလုံး မှောင်၍နေသည်။

မီးအိမ်မထွန်းဖြစ်၍လည်း အမှောင်ထုက ကြီးစိုး၍ နေသည်။

ထိုအမှောင်ထုထဲတွင် ချူလျူရှမ်း ရပ်၍နေသည်။

သူသည် လုံးဝ လှုပ်ရှားမှု မရှိပါ။

သူ၏ တကိုယ်လုံးသည်လည်း အေးစက်၍ နေသည်။

ရေခဲတွင်း တခုအတွင်းသို့ ကျရောက်သွားသည့်အလား အေးစက်၍ နေသည်။

ဤနေရာသည် ရေခဲတွင်းတခု မဟုတ်သည်မှာ သေချာသည်။

သို့သော်

ထောင်ချောက်တခု မဟုတ်ပါဟု မည်သူမျှပင် မပြောနိုင်ပါ။

ချူလျူရှမ်းသည် သူ၏ခေါင်းအား ခါရမ်းလိုက်ပြီး ကုလားထိုင်တလုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ထိုစဉ်

အခန်းအပြင်ဘက်မှ ခြေသံတသံကို ကြားလိုက်ရလေသည်။

ထိုခြေသံသည် သူ၏နားဖြင့် ရင်းနှီးနေသော ခြေသံပင် ဖြစ်ပါသည်။

ထိုခြေသံနှင့်အတူ....

"ရှင်-အိပ်နေပြီလား၊ ကျမ ရှင့်ကို - စကားပြောစရာရှိလို့" ဟူသော အသံကိုလည်း ချူလျူရှမ်း ကြားလိုက်ရသည်။

ထိုအသံသည်လည်း သူ၏နားဖြင့် ရင်းနှီးနေသော အသံပင် ဖြစ်ပါသည်။

ထိုအသံသည် ယဲ့လိမ်၏ အသံပင် ဖြစ်ပါသည်။

ထိုခြေသံသည်လည်း ယဲ့လိမ်၏ ခြေသံပင် ဖြစ်ပါသည်။

သို့သော်

ချူလျူရှမ်း ပြန် မထူးမိချေ။

သူ၏ ပါးစပ်အား ပိတ်ထားလေသည်။

ထိုစဉ်

တံခါးအပြင်ဘက်မှ ထပ်မံ၍ ယဲ့လိမ်၏စကားသံ ပေါ်ထွက်လာပြန်သည်။

"ဒီမှာ-ရှင် မအိပ်သေးဘူးဆိုတာ....ကျမ သိတယ်၊ ဘာဖြစ်လို့-တံခါး မဖွင့်တာလဲ"



ဤအကြိမ်တွင် ယဲ့လိမ်၏အသံသည် အနည်းငယ် ကျယ်၍လာသည်။

ချူလျူရှမ်း၏ ပါးစပ်သည် ပိတ်မြဲပိတ်လျက်။

ယဲ့လိမ်၏စကားသံသည် ထပ်မံပေါ်ထွက် လာပြန်သည်။

"ဘာလဲ-အိမ်ထဲမှာ တခြားမိန်းကလေး ရှိနေလို့လား"

ယခု အကြိမ်တွင် ယဲ့လိမ်၏အသံတွင် ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်း ရောထွေးနေသည်ဟု ထင်ရပေသည်။

ချူလျူရှမ်း ပါးစပ် မပိတ်တော့ပါ။

ပါးစပ်ပိတ်၍လည်း မထားနိုင်တော့ပါ။

သူသည် သက်ပြင်းတချက် ချလိုက်ပြီး....

"အိမ်ထဲမှာ မိန်းကလေးတော့ မရှိဘူး၊ လူသေအလောင်းတလောင်းဘဲရှိတယ်" ဟု ပြောလိုက်သည်။

"ဘာပြောတယ်....ရှင်ကျမကို လိမ်တာဆိုယင် ဒုက္ခတွေ့ပြီလို့မှတ်" ဟု ပြောယင်း တံခါးအား တွန်းဖွင့်၍ ဝင်ရောက် လာလေတော့သည်။

ယဲ့လိမ်သည် မီးခြစ်လိုက်ပြီး မီးအိမ်အား ထွန်းလိုက်လေသည်။

မီးရောင်အောက်တွင် ဝိယဉ်သည် သူမအား စိုက်၍ကြည့်နေလေသည်။

သူမသည် ဝိယဉ်၏ အလောင်းကို တချက် ကြည့်လိုက်ပြီး ချူလျူရှမ်းအား လှမ်း၍ မေးလိုက်သည်။

"ရှင်....သူ့ကို ဘာဖြစ်လို့ သတ်ရတာလဲ"

ချူလျူရှမ်း၏ ပါးစပ်သည် ပွင့်၍ မလာတော့ပါ။
သို့သော်
အိမ်နံရံသည် ပွင့်၍ သွားလေတော့သည်။

× × ×

"ဝုန်း" ဟူသောအသံနှင့်အတူ အိမ်နံရံသည် ပွင့်ထွက်သွားပြီး လူ (၃) ယောက် ဝင်ရောက်လာလေသည်။

သူတို့ကား၊ ဟိုက်ချီစွမ်း၊ အကိုဝမ်းကွဲနှင့် အထိန်းတော်တို့ ဖြစ်လေသည်။

ချူလျူရှမ်းသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"အင်း....အမိုက်မှောင်ရွာက လူကြီး သုံးယောက်တောင်... ကြွရောက်လာမှကိုး" ဟု ပြောလိုက်လေသည်။

ယွဲ့လိမ်သည် သူ၏လက်ချောင်း (၄) ချောင်းကို ထောင်ပြပြီး....

"လူကြီး သုံးယောက်မဟုတ်ဘူး၊ လေးယောက်ပါ"

ချူလျူရှမ်း၏ မျက်ခုံးမွေးသည် အံ့သြဟန်ဖြင့် မြင့်တက်သွားသည်။

"ခင်ဗျားလဲ ပါတယ် မဟုတ်လား"



ယွဲ့လိမ်သည် သူ၏ ဦးခေါင်းကို ငြင်သာစွာ ညိတ်လိုက်ပြီး....

"လူကြီးဆိုတာ .... အသက် ကြီးတယ်-ငယ်တယ် မဆိုလိုပါဘူး"

"ဟုတ်တယ်" ဟု အကိုဝမ်းကွဲက ပြုံး၍ ထောက်ခံလိုက်သည်။

အထိန်းတော်က အရှပ်ဆိုးစွာ ရယ်မောလိုက်ပြီး....

"ခါးသမား မရှိယင် .... ဒီရွာရဲ့ လူကြီးအဖွဲ့က .... လူများစု သဘောတူယင် ဆုံးဖြတ်နိုင်တယ်"

ချူလျူရှမ်းသည် သူ၏ပခုံးနှစ်ဘက်ကို တွန့်ပြပြီး....

"ဘယ်ကိစ္စကို ဆုံးဖြတ်နိုင်တာလဲ"

"ဘယ်ကိစ္စမျိုးကို မဆိုပေါ့"

"လူများစုဆိုတာက....ဘယ်နှစ်ယောက်လဲ"

"လူကြီးအဖွဲ့က-ကိုး ယောက်ရှိတယ်၊ အများစုဆိုတော့ ငါး ယောက်ပေါ့"

ချူလျူရှမ်းသည် သူတို့အား ရေတွက်လိုက်ပြီး....

"အခု-ခင်ဗျားတို့က လေးယောက်ထဲ"

အထိန်းတော်သည် သူ၏ ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ငါးယောက်" ဟု ပြောလိုက်သည်။

ချူလျူရှမ်းသည် ဝိယဉ်၏အလောင်းကို လှည့်ကြည့်လိုက်ပြီး

"သေတဲ့လူပါ ထဲ့တွက်သလား"

"ဒီရွာမှာရှိတဲ့လူတိုင်းဟာ သေတဲ့လူတွေချည်းဘဲ၊ ဝိယဉ်ဟာ တကြိမ်ပိုသေတာဘဲရှိတယ်"

ချူလျူရှမ်းက သူ၏နုတ်ခမ်းကို မဲ့သိုက်ပြီး-

"ဒါဖြင့် ခင်ဗျားတို့ ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေး ရှိနေပြီပေါ့"

"ဒါပေါ့"ဟု အကိုဝမ်းကွဲက ဝင်၍ပြောလေသည်။

ဟိုက်ချီစွမ်းသည် ချူလျူရှမ်းအား စိုက်၍ကြည့်လိုက်ပြီး-

"မင်းက ဘာဖြစ်လို့ ဝိယဉ်ကို သတ်ရတာလဲ"

ချူလျူရှမ်းက မဖြေပါ။

သူ၏ပါးစပ်အား ပိတ်၍ထားလိုက်သည်။

ဟိုက်ချီစွမ်းသည် သူ့လူများအား လှည့်ကြည့်လိုက်ပြီး....

"ကဲ....သူ့ကို သေဒဏ်ပေးသင့်-မပေးသင့်ပြောပါ"ဟု မေးလိုက်လေသည်။

အထိန်းတော်သည် ချူလျူရှမ်းအား စိုက်ကြည့်ပြီး....

"ပေးသင့်တယ်"

အကိုဝမ်းကွဲသည် သူ၏ဦးခေါင်းအား ဆတ်ကနဲ ညိတ်လိုက်ပြီး....

"ပေးသင့်ပါတယ်"

ဟိုက်ချီစွမ်းသည် ဝိယဉ်၏အလောင်းအား စိုက်ကြည့်လိုက်သည်။

"ဝိယဉ်ကတော့ သဘောတူပြီးသားပါ"ဟုပြောယင်း ယွဲ့လိမ်အား တဆက်ထဲ မေးလိုက်လေသည်။

"ယွဲ့လိမ်ရဲ့သဘောကိုပြောပါ"

ယွဲ့လိမ်သည် ချူလျူရှမ်းအား တချက်စိုက်ကြည့်လိုက်သည်။



ဟိုက်ချီစွမ်းသည် ယွဲ့လိမ်အား ထပ်မံ၍ မေးလိုက်လေသည်။

"ဘယ်လိုလဲယွဲ့လိမ်၊ သူ့ကို သေဒဏ်ပေးသင့် မပေးသင့်ပြောပါ"

ယွဲ့လိမ်၏ နီထွေးသော နုတ်ခမ်းအစုံသည် တဖြည်းဖြည်းပွင့်ဟ၍လာသည်။

ထိုစဉ်

ရုတ်တရက်....

"မပေးသင့်ပါဘူး"ဟူသော အသံနှင့်အတူ လူတယောက် ရောက်လာလေသည်။

အားလုံး၏ မျက်လုံးအစုံမှာ အသံရှင်အား လှမ်း၍ကြည့်လိုက်လေသည်။

ထိုအသံရှင်သည် မိန်းကလေးတယောက်ပင် ဖြစ်ပါသည်။

သူမ၏ဆံပင်များသည် စုစည်းခြင်းမရှိသလိုဘဲ ပခုံးပေါ်သို့ ဝဲကျ၍နေသည်။

သူမ၏ခြေထောက်တွင် ဖိနပ်စီး၍ မထားပါ။

ထို့ပြင် သူမ၏ လှုပ်ရှားမှုသည် ပြင်းတွဲ့တွဲ့နိုင်သည်။

ယွဲ့လိမ်သည် ထိုမိန်းကလေးအား စိုက်၍ကြည့်လိုက်ပြီး....

"ဘာဖြစ်လို့ မပေးသင့်တာလဲ"

မိန်းကလေးသည် ပြင်းတွဲ့သောလေသံဖြင့်....

"လူတယောက်ကို သေဒဏ်ပေးမယ်ဆိုယင် အထောက်အထားရှိရမယ်-ရှင့်"

အထိန်းတော်သည် ဝိယဉ်၏အလောင်းအား ညွှန်ပြလိုက်ပြီး....

"ဒီအလောင်းဟာ သက်သေ အထောက်အထားပေါ့"

မိန်းကလေးသည် ပြုံးလိုက်သည်။

သူမ၏အပြုံးသည် ပြင်းတဲ့တဲ့ နိုင်လှသည်။

"ကဲ....ကျမမေးမယ်၊ ရှင်က လူတယောက်ကို သတ်ပြီးယင် အဲဒီအလောင်းကို ရှင့်အိမ်မှာ ထားမလား"

ပါးစပ်ပိတ်သွားသည်။

ချူလျူရှမ်း မဟုတ်ပါ။

အထိန်းတော်တို့ လူစု ဖြစ်ပါသည်။

ယဲ့လိမ်သည် ရုတ်တရက် အော်ဟစ်လိုက်သည်။

"ကျမမှာ သက်သေရှိတယ်"

မိန်းကလေးသည် ယဲ့လိမ်အား စိုက်ကြည့်လိုက်ပြီး....

"ကဲ....ပြောစမ်း"

ယဲ့လိမ်သည် သူမ၏ကိုယ်ကို သူမ ညွှန်ပြလိုက်ပြီး....

"သူ—သတ်တာကို ကျမကိုယ်တိုင် တွေ့တယ်"

ချူလျူရှမ်း၏ပါးစပ် ပိတ်မသွားပါ။

သူ၏ပါးစပ်သည် ဝလုံးပုံသဏ္ဍာန် ပွင့်ဟ၍လာသည်။

သူ၏မျက်နှာပေါ်တွင် ထိတ်လန့်အံ့သြဟန် ရုတ်တရက် ပေါ်ထွက်လာသည်။

အခန်းထဲရှိ လူများသည်လည်း ယဲ့လိမ်၏စကားကြောင့် အံ့သြဟန် ယိမ်းက၍ သွားလေတော့သည်။

သို့သော်

မိန်းကလေး၏မျက်နှာသည် လုံးဝမပြောင်းလဲပါ။



သူမသည် ယဲ့လိမ်၏စကားကြောင့် အံ့သြ၍ မသွားပါ။

သူမသည် ယဲ့လိမ်အား ခပ်တည်တည်ဖြင့်ကြည့်လိုက်ပြီး....

"ညည်းကိုယ်တိုင် တွေ့တယ်ဆိုတာ ကျမ အသိအမှတ် မပြုဘူး"

ယဲ့လိမ်သည် နှာခေါင်းအား လှပစွာ တချက် ရှုံ့လိုက်ပြီး....

"ဘာဖြစ်လို့"

"ဘာမှ မဖြစ်ဘူး၊ အသိအမှတ်မပြုချင်လို့မပြုတာ"

"ဘာ...."

ယဲ့လိမ်၏အသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

မိန်းကလေးသည် သူမ၏ဆံပင်များကို အပေါ်သို့ သပ်တင်လိုက်ပြီး....

"ကျမပြောတာ မကျေနပ်တဲ့ သဘောလား၊ မကျေနပ်လို့ ရှိယင်...."

မိန်းကလေးသည် သူမ၏စကားကို ဆုံးအောင် မပြောပါ။

သို့သော်

သူမ၏ ကိုယ်နေဟန်ထားမှာ ပြောင်းလဲ၍သွားလေသည်။

သူမသည် သူမ၏ ခြေထောက် နှစ်ဘက်ကို အနေတော် ခွဲ၍ ရပ်လိုက်ပြီး သူမ၏ ဘယ်လက်ညှိုး နှစ်ချောင်းကို ရှေ့သို့ ဆန့်၍ ထုတ်လိုက်လေသည်။

သူမ၏ ညာလက်ညှိုး နှစ်ချောင်းကို သူမ၏ ဦးခေါင်း ပေါ်တွင် ကန့်လန့်ဖြတ် တင်၍ထားလိုက်သည်။

ယခုအခါ သူမ၏ကိုယ်နေဟန်ထားမှာ ရန်သူတယောက်အား တိုက်ခိုက်ရန် အသင့် ဖြစ်နေ လေတော့သည်။

ယဲ့လိမ်သည် ရုတ်တရက် မိန်းကလေးအား လက်ဝါးစောင်းဖြင့် တိုက်ခိုက် လိုက်လေသည်။

သို့သော်

သူမနှင့် မိန်းကလေး၏အကြားတွင် ရုတ်တရက် ဟိုက်ချီစွမ်း ရောက်လာသဖြင့် ယဲ့လိမ်သည် သူမ၏ တိုက်ကွက်ကို ကပျာကယာ ရုတ်သိမ်းလိုက်လေသည်။

ဟိုက်ချီစွမ်းသည် မိန်းကလေးအား စေ့စေ့ ကြည့်လိုက်ပြီး—

"နေပါအုံး၊ မိန်းကလေးက ဘာဖြစ်လို့ လာတား ရတာလဲ"

"တားချင်လို့"

မိန်းကလေး၏ စကားကြောင့် ဟိုက်ချီစွမ်း၏ ဒေါသသည် သူမ၏ ဦးခေါင်းသို့ ရောက်ရှိ လာလေသည်။

ထို့အတူ အကို ဝမ်းကွဲနှင့် အထိန်းတော်တို့ သည်လည်း ဒေါသထွက်လျက် ရှိနေသည်။

ဟိုက်ချီစွမ်းသည် သူ၏ ဒေါသကို ထိန်းချုပ် ထားသော အသံဖြင့်....

"ကျုပ်ကို ဒေါသထွက်အောင် မလုပ်နဲ့ မိန်းကလေး"

"လုပ်တော့ ဘာဖြစ်လဲ"

ဘာမှ မဖြစ်ပါ။

ဟိုက်ချီစွမ်းသည် ဒေါသ ထွက်နေပါသည်။

သို့သော်

ဘာမှ မလုပ်ပါ။

အကိုဝမ်းကွဲသည် ဒေါသသံဖြင့်—



"ခင်ဗျား—လွန်လွန်းနေပြီ ထင်တယ်"

မိန်းကလေးသည် တဟား....ဟား ရယ်မောလိုက်သည်။

"ဒီမှာ—ရှင်တို့ သိထားဘို့က သူ့ကို ခေါ်သမားက လက်ခံထားတာ၊ ဒီတော့ ခေါ်သမား ပြန် မလာမချင်း သူ့ကို ဘာမှ မလုပ်ရဘူး"

အထိန်းတော်သည် သူ၏ လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်လိုက်ပြီး....

"အခု၊ မိန်းကလေးက ဘာလုပ်မလို့လဲ"

"သူ့ကို ခေါ်သွားမယ်"

ယဲ့လိမ်၏ ကိုယ်ခန္ဓာ တခုလုံးအား သူမ၏ ဒေါသက ကိုင်လှုပ်လိုက်သည်။

ထို့ကြောင့် သူမသည် ဒေါသဖြစ်လွန်း၍ တကိုယ်လုံး တုန်ခါနေရုံမက သူမ၏ အသံများပင် တုန်ခါ၍နေလေသည်။

"ကျမ-အမ ပြန်မရောက် သေးလို့ပေါ့ မိန်းကလေးရယ်— နို့မဟုတ်ယင်...."

မိန်းကလေးသည် တဟား....ဟားဖြင့် ရယ်လိုက်ပြီး....

"ဟုတ်တယ်၊ အခု ညည်းအမ ပြန်မရောက်သေးဘူး၊ ဒါကြောင့် အခု သူ့ကို ကျမက ခေါ်သွားရမယ်"ဟု ပြောပြီး— ချူလျူရှမ်းဘက်သို့ လှည့်လိုက်လေသည်။

ပြီးမှ

"ကဲ-သွားကြစို့"

ချူလျူရှမ်းသည် သူမ၏နောက်မှ ထပ်ချပ်မကွာ လိုက်ပါသွားလေတော့သည်။

ယခုအချိန်တွင် ချူလျူရှမ်းသည် မိန်းကလေး၏ စကားကို နားထောင်ရန် အလွန်သင့်လျော်နေသည် မဟုတ်ပါလော။

× × ×

အခန်းတခု။
ထိုအခန်းတခုလုံးတွင် သက်ရှိသတ္တဝါ နှစ်ဦး ရှိနေပါသည်၊
ထိုအခန်းသည် ချူလျူရှမ်း၏ အခန်း မဟုတ်ပါ။
သို့သော်
ထို အခန်းထဲတွင် ချူလျူရှမ်း ရှိနေပါသည်။

ချူလျူရှမ်းအပြင် အခြားတယောက်လည်း ရှိနေပါသည်၊ ထိုသူသည် ချူလျူရှမ်းအား လာခေါ်သော မိန်းကလေးပင် ဖြစ်ပါသည်။
သူတို့နှစ်ယောက်သည် တိတ်ဆိတ်၍နေသည်။
သို့သော်

အခန်းတခုလုံးတိတ်ဆိတ်၍ မနေပါ၊ စကားသံ တိတ်ဆိတ်ပေါ် သော်လည်း ဇွန်းသံ၊ ပန်းကန်သံများက တွီးညှင်းစွာ ပေါ် ထွက်၍နေသည်။



အတန်ကြာမှ မိန်းကလေးသည် သောက်လက်စ အရက်ခွက်အား ချထားလိုက်ပြီး....

"ဘယ်လိုလဲ၊ ရှင်....ကျမ နံမယ် မမေးနိုင်လောက်အောင် အ, နေပြီလား" ဟု ပြောယင်း ရယ်မောလိုက်လေသည်။

သူ၏ လက်ထဲမှ အရက်ခွက်အား စားပွဲပေါ်သို့ ချထားလိုက်ပြီး—

"မေးတော့ မေးချင်တယ်၊ ဒါပေမဲ့ နံမယ်ကိုတော့မဟုတ်ဘူး"
"အလို့၊ ကဲ....ဘာအကြောင်း မေးချင်တာတုံး"
"ခင်ဗျားက ဘာဖြစ်လို့ ကျနော့်ကို ကယ်ရတာလဲ"
မိန်းကလေးသည် ရယ်မောလိုက်ပြီး....
"ကျမ မေးစေချင်တဲ့ မေးခွန်းကို အရင်မေးအုံးလေ"
"ကောင်းပါပြီ၊ ခင်ဗျားနံမယ် ဘယ်သူတုံး"
"ဒီလိုမှပေါ့၊ ကျမနံမယ် မုဆိုးမလို့ ခေါ်တယ်"
"ဟုတ်ကဲ့– ကျနော် မှတ်ထားပါ့မယ်"
"ကျမ ဒီကို ဘာဖြစ်လို့ ရောက်လာတယ် ဆိုတာလဲ မေးအုံးလေ"

ချူလျူရှမ်းသည် သူ၏ပခုံးကို တွန့်လိုက်ပြီး စပ်ဖြီးဖြီး မျက်နှာဖြင့်....

"အော်....ဟုတ်ကဲ့၊ ခင်ဗျား ဒီကို ဘာဖြစ်လို့ ရောက်လာတာလဲ"

"ကျမ တခါ သေပြီးလို့ ရောက်လာတာပါ"
"အော်....ဟုတ်ကဲ့"

"ဘာရောဂါနဲ့ သေတယ်ဆိုတာ ဆက်မေးအုံးလေ"

"အော်.... ဟုတ်ပါရဲ့၊ ခင်ဗျား ဘာရောဂါနဲ့များ သေရတာလဲ"

"ကျုပ်က ကိုယ့်ယောကျ်ား အပေါ် သစ္စာဖောက်လို့ အပြစ်ပေးကြတယ်"

"အော်....ဟုတ်လား"

"မဟုတ်ဘူး"

"ဗျာ"

"ဟုတ်တယ်၊ ကျုပ်က ကျုပ်ယောကျ်ားအပေါ် သစ္စာမဖောက်ဘူး၊ တနေ့မှာ ကျုပ် ယောကျ်ားက သူ့မိတ်ဆွေ တယောက်ကို ခေါ်လာပြီး အိမ်မှာ အရက်သောက်ကြတယ်၊ သူ့မိတ်ဆွေက အရက် အလွန်အကျွံ မူးပြီး ကျုပ်အခန်းကို ဝင်လာတယ်၊ အဲဒါ ကျုပ်က အော်ငါးတုတ်လိုက်ရတယ်၊အဲဒီအချိန်မှာ ကျုပ်ယောကျ်ားက နောက်ကဝင်လာပြီး သူ့မိတ်ဆွေဟာ ကျုပ်အခန်းက ထွက်လာပါတယ်ဆိုပြီး ကျုပ်ကို သတ်မယ် တကဲကဲလုပ်နေတယ်၊ အဲ-နောက်တော့ ကျုပ် ဒီကို ရောက်လာတာဘဲ"

မိန်းကလေးသည် ပြောယင်း မျက်ရည်များကျ၍လာသည်။

သူမသည် ကျလာသော မျက်ရည် များကို သုတ်လိုက်ပြီး အရက်ခွက်အား မော့ချလိုက်လေသည်။

ချူလျူရှမ်းသည် သူမအတွက် စိတ်မကောင်းဖြစ်မိလေသည်။

သူသည် ဤကဲ့သို့ စိတ်မကောင်း ဖြစ်သော အခါမျိုးတွင် အရက်အား ဖိ၍သောက်တတ်သည်။



ထို့ကြောင့် ယခုလည်း အရက် ခွက်ပေါင်း များစွာသည် သူ၏ဝမ်းထည်းသို့ ရောက်ရှိသွားလေတော့သည်။

× × ×

မှောင်နေသည်။

အခန်း၏ အပြင်ဘက်၌ ဖြစ်သည်။

နှင်းမှုန်များသည် ဝန်းကျင်အား ဖုံးလွှမ်းထားသည်။

ထို့ကြောင့်လည်း အပြင်ဘက်၌ ပို၍မှောင်နေသည်။

ရုတ်တရက် အခန်း၏ ပြူတင်းပေါက်တံခါးသည် အနည်းငယ်ဟ၍ သွားလေသည်။

ထို့ကြောင့် ပြူတင်းပေါက်မှ လျှံ၍ ကျလာသော အလင်းရောင်တန်းအောက်တွင် နှင်းမှုန်များ ကြားမှ လူရိပ် တခုအား တွေ့လိုက်ရလေသည်။

ထိုလူ၏ မျက်လုံးသည် မုန်းတီးစက်ဆုပ်ခြင်း၏ အရောင်များ လျှံ၍နေကြသည်။

အတန်ကြာမှ သူသည် သူ၏အိတ်ထဲမှ ပြွန်တံတချောင်းအား ထုတ်ယူလိုက်ပြီး ဟနေသော ပြူတင်းပေါက်ကြားမှ အတွင်းသို့ မှုတ်သွင်းလိုက်လေသည်။

ခရမ်းရောင် မီးခိုးများသည် ပြွန်တံမှတဆင့် ထွက်ပေါ်လာပြီး အခန်းတခုလုံးအား လွှမ်းခြုံ၍ သွားလေတော့သည်။

ထိုခရမ်းရောင် မီးခိုးများ အခန်း တခုလုံးသို့ လွင့်ပျံ့သွားပြီးနောက် အခန်းထဲတွင် အရက် သောက်နေသူနှစ်ဦး မူးမေ့သွားမည်မှာ ဗေဒင်မေးစရာမလိုကြောင်း သူ၏ အတွေ့ အကြုံများအရ သိရှိပြီး ဖြစ်လေသည်။

သူ အသုံးပြုသော အဆိပ်ငွေ့သည် မည်သည့် လူမျိုး မဆို မူးမေ့နိုင်ကြောင်းကို သူ လုံး၀ ယုံကြည်မှု ရှိလေသည်။

ထို အဆိပ်ငွေ့အား သူသည် ၁၃ ကြိမ်တိတိ အသုံးပြုခဲ့ပြီး ဖြစ်လေသည်။

ထိုအကြိမ်အားလုံး အောင်မြင်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် မဲ့ပြုံးတချက် ပြုံးလိုက်လေသည်။

ထို မဲ့ပြုံးကလေးသည် ယခုအကြိမ်လည်း အောင်မြင်မည်ဟူသော အဓိပ္ပာယ်ပေလော။

× × ×

ချူလျူရှမ်း။

သူသည် လေးလံလှသော သူ၏ မျက်ခွံများကို အားယူ၍ ဖွင့်လိုက်သည်။



ပထမဆုံး သူ သတိပြုမိသည်မှာ သူသည် အခန်း တခုထဲသို့ ရောက်ရှိနေကြောင်းပင် ဖြစ်သည်။

သို့သော်

ဤအခန်းသည် သူ၏ အခန်းမဟုတ်ပါ။

ထို့အတူ မုဆိုးမ၏ အခန်းလည်းမဟုတ်ပါ။

တကြိမ်မှ ရောက်ဘူးခြင်းမရှိသော အခန်းဖြစ်ပါသည်။

ယင်းအခန်းသည် မြေတိုက်ခန်း တခု ဖြစ်သည့်အလျောက် နွေးထွေးမှုတော့ ရှိသည်။

ထို နွေးထွေးမှုသည် အန္တရာယ်၏ အငွေ့အသက် ပေလော။

ဆိုး၀ါးသော အနံ့အသက်များက သူ့အား အသက်ရှူကြပ်စေသည်။

သူသည် သူ ရောက်ရှိနေသည့် ၀န်းကျင်အား ဝေ့၍ ကြည့်လိုက်သည်။

မည်သည့်နေရာ ရောက်နေသည်ကို သူ မသိပါ။

သို့သော်

သူသိသည်များတော့ ရှိနေပါသည်။

ဤသည်မှာ သူ၏ဘေးတွင် လဲလျောင်းလျက်ရှိသော မုဆိုးမနှင့် အခန်း၏ တခုတည်းသော ကုလားထိုင် ပေါ်တွင် ထိုင်နေသော အကို၀မ်းကွဲတို့ပင် ဖြစ်ပါသည်။

ထိုစဉ်

မုဆိုးမသည် သတိပြန်လည်ရလာသည်။ သူမသည်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အကို၀မ်းကွဲအား တွေ့လိုက်သည်နှင့်....

သူမသည်....

"ရှင်-ရှင်၊ ဒါ....ဘာလုပ်တာလဲ"ဟု အံ့အား သင့်စွာဖြင့် မေးလိုက်လေသည်။

အကိုဝမ်းကွဲသည် သူတို့အား ရေခဲမျက်နှာဖြင့် ပြုံးလိုက်ပြီး-

"နောက်တော့ သိမှာပေါ့ဗျာ"

မုဆိုးမသည် အကိုဝမ်းကွဲအား စေ့စေ့ကြည့်လိုက်ပြီး....

"အင်း....ကျမ သဘောပေါက်ပြီ"

"ဟုတ်လား၊ ခင်ဗျားက ဘာ-သဘောပေါက်တာတုံး"

"ဒီကိုရောက်လာတဲ့လူတွေ တယောက်ပြီးတယောက် ပျောက်ဆုံးသွားရတာ၊ ရှင့်-လက်ချက် မဟုတ်လား"

အကိုဝမ်းကွဲသည် ပြုံးလိုက်သည်။

သူ၏ အပြုံးသည် မြေခွေး တကောင်၏ ပြုံးခြင်း မျိုးနှင့် တူသည်ဟု ချူလျူရှမ်း ထင်မှတ် လိုက်မိသည်။

အကိုဝမ်းကွဲသည် ပြုံးလိုက်ပြီးမှ....

"ဒါပေမဲ့ ဘယ်သူမှ သက်သေမကောင်း မဖြစ်ခဲ့ဘူး မဟုတ်လား"

မုဆိုးမက ခေါင်းညိတ်၍ ဝန်ခံ လိုက်သည်။

အကိုဝမ်းကွဲသည် ရယ်မော လိုက်ပြီး....

"ဒါကြောင့် ဒီတခါ ခင်ဗျားတို့ နှစ်ယောက် ပျောက်သွားယင်လဲ ဘယ်သူကမှ ကျုပ်လက်ချက်လို့ ထင်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒီတခါ ခင်ဗျားက သူတို့ကို သတ်ပြီးယင် ကျုပ်ခေါင်းပေါ် ပုံချဘို့ စီစဉ်ထားတယ်မဟုတ်လား-"ဟုသော



စကားသံနှင့်အတူ လူတယောက်သည် မြေတိုက်ခန်းထဲသို့ ဝင်၍ လာလေသည်။

ထိုလူသည် ချူလျူရှမ်းအတွက် မိတ်ဆွေပေလော။

သို့တည်းမဟုတ် ရန်သူပေလော။

ချူလျူရှမ်း မသိပါ။

ဤရွာရှိ လူများထဲတွင် သူ့အတွက် မိတ်ဆွေ ဆိုသည်မှာ ရှိနိုင်ပါဦးမည်လော။

× × ×

လူတယောက်သည် မြေအောက်ခန်း အတွင်းသို့ လှေကားထစ်များအတိုင်း တထစ်ချင်းဆင်း၍ ဝင်ရောက် လာလေသည်။

ထိုလူအား ချူလျူရှမ်း သိပါသည်။

ချိတ်ကလေး၊ သို့မဟုတ် ဟိုက်ချီစွမ်းပင် ဖြစ်ပါသည်။

သို့သော်

ဟိုက်ချီစွမ်းသည် ချူလျူရှမ်း ထံသို့ မိတ်ဆွေ အနေဖြင့် လာရောက်ခြင်း ပေလော။

သို့တည်းမဟုတ် ရန်သူအနေဖြင့် လာရောက်ခြင်း ပေလော။

ချူလျူရှမ်းမသိပါ။

မည်သူမျှလည်း မသိပါ။

ဟိုက်ချီစွမ်းကိုယ်တိုင်သာလျှင် သိသည် မဟုတ်ပါလော။

ဟိုက်ချီစွမ်းသည် အကိုဝမ်းကွဲအား ပြုံး၍ ကြည့်လိုက်ပြီး—

"ကျုပ်လဲ ခင်ဗျားနဲ့ သဘောချင်း တိုက်ဆိုင်တယ်"

"ဘာကို သဘောချင်း တိုက်ဆိုင်တာလဲ"

ဟိုက်ချီစွမ်းသည် သူ၏သက်ဝါးနှစ်ဘက်ကို ပွတ်လိုက်ပြီး....

"ဒီလိုလေ....ခင်ဗျားက ချူလျူရှမ်းကို....သတ် ချင်နေတယ် မဟုတ်လား"

အကိုဝမ်းကွဲသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး....

"ဟုတ်တယ်"

"ကျုပ်လဲ ချူလျူရှမ်းကို သတ်ချင်တယ်....၊ ဒါကြောင့် ခင်ဗျားနဲ့ ကျုပ်၊ သဘောချင်း တိုက်ဆိုင်တယ်လို့ ပြောတာ"

"ဒါဖြင့် ခင်ဗျားနဲ့ကျုပ် သဘောချင်း အတော် တိုက်ဆိုင်နေတာဘဲ"

ဟိုက်ချီစွမ်းသည် ပြုံးလိုက်ပြီး........

"ဒါပေမဲ့ ခင်ဗျားနဲ့ ကျုပ်နဲ့ တခုဘဲ ခြားတယ်"

"ဘာများ ခြားနားလို့လဲ"

"ခင်ဗျားထက် ကျုပ်က ကံကောင်းလို့ဘဲ"

အကိုဝမ်းကွဲသည် မဲ့ပြုံး တချက်ပြုံးလိုက်ပြီး....

"ဘာများ ကံကောင်း နေလို့လဲ"

"ကျုပ်က ချူလျူရှမ်းကို သတ်ပြီး.... အပြစ် ပုံချဘို့လူ တယောက် တွေ့ထားလို့ပေါ့"



"ဘယ်သူလဲ"

ဟိုက်ချီစွမ်း၏ မျက်လုံး များသည် ရုတ်တရက် အေးစက်သွားပြီး စကားအား တလုံးချင်း ပြောလိုက်လေသည်။

"ခင်ဗျားဘဲ"

အကိုဝမ်းကွဲသည် ဟိုက်ချီစွမ်းအား စိုက်၍ကြည့် လိုက်ပြီး....

"ကျုပ်က ချူလျူရှမ်းကို သတ်ပေးရမယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ကောင်းပြီ....ကျုပ် ချူလျူရှမ်းကို သတ်ပေးယင်....ခင်ဗျားက–ကျုပ်ကို ချမ်းသာပေးမှာလား"

"ဒါကတော့....အခြေအနေပေါ် ကြည့်ရမှာဘဲ"

အကိုဝမ်းကွဲသည် မဲ့ပြုံးတချက် ပြုံးလိုက်ပြီး—

"ဘာလဲ....ခင်ဗျားက ကျုပ်ရဲ့သိုင်းပညာဟာ သိပ်ပြီးညံ့နေတယ်လို့ ထင်နေတယ်–မဟုတ်လား"

ဟိုက်ချီစွမ်းသည် ရယ်မောလိုက်ပြီး....

"ခင်ဗျားကရော....ကျုပ်ထက် သိုင်းပညာ သာနေတယ်လို့....ထင်နေသလား"

အကိုဝမ်းကွဲသည် သူ၏နုတ်ခမ်းအား တချက်မဲ့လိုက်ပြီး....

"တကယ်တော့ .... ကျုပ်ရဲ့ သိုင်းပညာ ညံ့နေတယ်ဆိုတာဟာ....ဟန်ဆောင်ထားတာဗျ"

ဟိုက်ချီစွမ်းသည် သရော်သံကလေးနှင့်....

"ဟုတ်လား"

"ဘာလဲ....ခင်ဗျားက မယုံဘူးပေါ့ ဟုတ်သလား၊ ကျုပ်ရဲ့ သိုင်းကွက် တကွက်ထဲနဲ့....ခင်ဗျားကို သတ်နိုင်တယ်" ဟု ပြောလိုက်ပြီးသည်နှင့် ဘာပြိုင်ထဲ အကိုဝမ်းကွဲ၏ လက်ထဲမှ ဓားသည် ဟိုက်ချီစွမ်း၏ ရင်ဝသို့ ထိုးစိုက်ချလိုက် လေတော့သည်။

ယင်း အဖြစ်အပျက်သည် အလွန်လျင်မြန်လှသဖြင့် မုဆိုးမနှင့် ချူလျူရှမ်းတို့၏ မျက်လုံးများသည် ပြူးကျယ်၍ သွားလေတော့သည်။

× × ×

အမိုက်မှောင်ရွာတွင် လူတွေ ခဏ-ခဏ ပျောက်တတ်သည်ဆိုသော ယွဲ့လိမ်၏စကားများအား၊ ချူလျူရှမ်း သတိရလိုက်မိလေသည်။

ယခုလည်း လူတယောက်သည် အမိုက်မှောင်ရွာမှ ပျောက်ကွယ်သွားပြီ မဟုတ်ပါလော။

ချူလျူရှမ်းသည် ဟိုက်ချီစွမ်း၏ အလောင်းအား ကြည့်နေရာမှ အကိုဝမ်းကွဲအား လှမ်း၍ ကြည့်လိုက်သည်။

အကိုဝမ်းကွဲသည် သူ၏လက်ထဲမှ ဓားအား ချလိုက်ပြီး ချူလျူရှမ်းအား စေ့စေ့ကြည့်လိုက်လေသည်။



ပြီးမှ၊

"ကျုပ်-ဘာဖြစ်လို့ ခင်ဗျားကို မသတ်သလဲဆိုတာ....ခင်ဗျား သိရဲ့လား"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းအား ခါရမ်းပြလိုက်သည်။ အကိုဝမ်းကွဲသည် ပြုံးလိုက်ပြီး....

"ကျုပ်-ခင်ဗျားကို သတ်ချင်တာမှ မဟုတ်တဲ့"

ချူလျူရှမ်းသည် သူ၏ ပခုံးနှစ်ဘက်အား တွန့်ပြလိုက်သည်။

"ဒါဖြင့်....ဘာ့ကြောင့်-အခုလို ခေါ်ထားရတာလဲ"

အကိုဝမ်းကွဲသည် လက်ကိုကာပြလိုက်ပြီး....

"ဖြေးဖြေးပေါ့....ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ်-ဒီကို ရောက်လာတာ အမိုက်မှောင်ရွာရဲ့ ခေါင်းဆောင် 'ဓားသမား' ကို ရှာဘို့ဘဲ"

ချူလျူရှမ်း၏ မျက်ခုံးမွေးတစုံသည် နဖူးထက်သို့ မြင့်၍ တက်သွားလေသည်။

အကိုဝမ်းကွဲသည် ဆက်၍၊

"ကျုပ်ဟာ....အထက်က လွှတ်လိုက်တဲ့....သူလျှိုတယောက်ဘဲ၊ ကျုပ်ရဲ့ တာဝန်က-'အမိုက်မှောင်ရွာ' ဆိုတဲ့ 'ဓားသမား' ရဲ့ အဖွဲ့အစည်းကို ဖြိုဖျက်ဘို့ဘဲ၊ ကျုပ်ရဲ့ အဓိက တာဝန်ကတော့ 'ဓားသမား' ဟာ ဘယ်သူလဲဆိုတာ စုံစမ်း ဖော်ထုတ်ဘို့ဘဲ"

ချူလျူရှမ်း၏ မျက်လုံးသည် ပြူးကျယ်၍ သွားပြီး၊

"ခင်ဗျား-စုံစမ်းလို့ ရပြီလား" ဟု မေးလိုက်လေသည်။

အကိုဝမ်းကွဲသည် စိတ်ပျက်ဟန်ဖြင့် သူ၏ ဦးခေါင်းကို ခါရမ်းလိုက်ပြီး ...

"မရပါဘူးဗျာ....ဒီမှာရှိတဲ့လူတွေ တယောက်မှ ခါးသမားဘယ်သူဆိုတာ မသိကြဘူး"

"ဒီတော့"

"ကျုပ်လဲ-နောက်ထပ် လူတယောက် လွှတ်ပေးဘို့ အထက်ကို အစီရင်ခံခဲ့တယ်"

"ဒီတော့"

"ကျုပ်နဲ့ ဆက်သွယ်ဘို့ လူတယောက်ကို အထက်က လွှတ်ပေးခဲ့တယ်"

"ဒါဖြင့်-အဲဒီလူကိုရော မတွေ့ဘူးလား"

"ဟင့်အင်း....မတွေ့ဘူး....ကျုပ် လူဆယ့်နှစ်ယောက်နဲ့ ဆက်သွယ်ကြည့်ပြီးပြီ၊ ဒါပေမဲ့-သူတို့ဟာ ကျုပ်နဲ့ ဆက်သွယ်ဘို့ အထက်က လွှတ်လိုက်တဲ့ လူတွေမဟုတ်ဘူး၊ ဒါကြောင့်-သူတို့ကို နုတ်ပိတ်လိုက်ရတယ်"

"အော်....အော်"

"အခုလဲ....ကျုပ် ကံကောင်းပါစေလို့ ဆန္ဒပြုနေတယ်"

"ဘာဖြစ်လို့"

"ဒီတခါ ကျုပ်-ရွေးတဲ့လူ မှန်စေချင်လို့"

"ခင်ဗျားက ဘယ်သူ့ကို ရွေးလို့လဲ"

"ခင်ဗျားကို"

ချူလျူရှမ်းသည် သူ့ကိုယ်သူ ညွှန်ပြလိုက်ပြီး....



"ကျုပ်ကိုလား"

"ဟုတ်တယ်....ဒီတခါ ကျုပ်ကတော့....ခင်ဗျားကို ရှာရတော့မှာဘဲ၊ မှားလိမ့်မယ်တော့ မထင်ဘူးဗျာ"

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး....

"အင်း .... ကျုပ်လဲ မမှားပါစေနဲ့လို့ မျှော်လင့်ပါတယ်၊ ဒါပေမဲ့"

အကိုဝမ်းကွဲ၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားပြီး....

"ဒါပေမဲ့-ဘာဖြစ်လဲ"

ချူလျူရှမ်းသည် သက်ပြင်းတချက် ထပ်မံချလိုက်ပြီး....

"ဒါပေမဲ့....ဒီတခါလဲ ခင်ဗျား လူမှားနေလို့ပေါ့"

× × ×

မြေအောက်ခန်းသည် အေးစိမ့်၍မနေပါ။

မီးအိမ်ရှိနေသည့်အတွက် နွေး၍နေပါသည်။

ယခုရာသီမှာလည်း နွေရာသီဖြစ်သဖြင့် အေးလှသည်တော့မဟုတ်ပါ။

သို့သော်

ချူလျူရှမ်း၏ကိုယ်ခန္ဓာတခုလုံးသည် ရုတ်တရက် အေးစိမ့်သွားပြီး ကြက်သီးများ ထ၍ လာလေသည်။

အကိုဝမ်းကွဲ၏ လက်သည်လည်း သူ၏ဓားဆီသို့ ရောက်၍ သွားလေသည်။

ချူလျူရှမ်း ကြက်သီးထသွားခြင်းမှာ အကိုဝမ်းကွဲ၏ လက်သည် ဓားဆီသို့ ရောက်သွားခြင်းကြောင့် မဟုတ်ပါ။

မြေအောက်ခန်းထဲသို့ လူတယောက်ဝင်လာခြင်းကြောင့် ဖြစ်ပါသည်။

× × ×

မီးခိုးရောင် အင်္ကျီဝတ်ဆင်၍ထားသည်။

ထိုလူ၏မျက်နှာသည် ဝါးခမောက်ကို ခပ်ငိုက်ငိုက် ဆောင်းထားသဖြင့် သဲကွဲစွာမမြင်ရပေ။

ထိုလူသည် အကိုဝမ်းကွဲ၏နောက်တွင်ရပ်လျက်။

ထိုလူဝင်လာပုံမှာ ပေါ့ပါးလွန်းသဖြင့် လူမှ ဟုတ်ပါလေစဟုပင် ချူလျူရှမ်း သံသယဖြစ်မိလေသည်။

ထိုလူအား ချူလျူရှမ်းနှင့် မုဆိုးမတို့က တွေ့ရသော်လည်း အကိုဝမ်းကွဲသည် ထိုလူရှိမှန်း သိပုံမရချေ။

မုဆိုးမသည် ဝမ်းသာ၍သွားသည်။



သူမသည် ထိုလူ၏မျက်နှာအားသေသေချာချာ မတွေ့ရသော်လည်းထိုလူသည် မည်သူဖြစ်ကြောင်း သိလိုက်လေသည်။

ချူလျူရှမ်းသည် ဝမ်းသာခြင်းလည်း မဖြစ်မိ။
ဝမ်းနည်းခြင်းလည်း မဖြစ်မိ။

ထိုလူ၏မျက်နှာအား မတွေ့ရသော်လည်း ထိုသူ မည်သူဖြစ်သည်ကို ခန့်မှန်း၍ရလိုက်လေသည်။

အကို ဝမ်းကွဲသည် မုဆိုးမ၏မျက်နှာမှ ဝမ်းသာမှု အရိပ်အယောင်များကို မြင်တွေ့လိုက်သည်နှင့် သူ၏ နောက်၌ လူတယောက် ရောက်ရှိနေသည်ကို သိလိုက်လေသည်။

ထို့ကြောင့်၊ ရုတ်တရက် နောက်သို့လှည့်၍ ကြည့်လိုက်တော့သည်။

မတွေ့ရပါ။

ဘာမျှမတွေ့ရပါ။

ထိုလူသည် အကိုဝမ်းကွဲ၏ကျော၌ ကပ်၍ ရှောင်တိမ်းလိုက်သဖြင့် အကိုဝမ်းကွဲမတွေ့ရခြင်းဖြစ်ပါသည်။

မုဆိုးမသည် အကိုဝမ်းကွဲအားလှမ်း၍....

"ဒီမှာ၊ ရှင်က ကျမကို အရင်သတ်မှာလား၊ ချူလျူရှမ်းကို အရင်သတ်မှာလား"

အကိုဝမ်းကွဲသည် မုဆိုးမအားစိုက်၍ ကြည့်လိုက်ပြီး....

"အလို့၊ မင်းတို့ကြည့်ရတာ သေရမှာ မကြောက်သလိုဘဲ"

မုဆိုးမသည် အေးစက်စွာဖြင့်

"မသေရမဲ့ တူတူ ဘာဖြစ်လို့ ကြောက်နေတော့မှာလဲ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ သေရမဲ့လူအစစ်က ရှင် ဖြစ်နေတယ်"ဟု မုဆိုးမသည် စကားလုံးများအား တလုံးချင်း ပြောလိုက်လေသည်။

အကိုဝမ်းကဲ့၏ ပါးစပ်သည် ပိတ်သွားလေသည်။

သူ၏နှုတ်ခမ်းသည် လှုပ်ရှားမှု မရှိတော့ပါ။

သို့သော်

သူ၏လက်သည် လှုပ်ရှား၍လာလေသည်။

သူသည် ဓားအိမ်မှ ဓားအား လျှပ်တပြက် ထုတ်ယူလိုက်ပြီး ထိုးစိုက်လိုက်လေတော့သည်။

× × ×

မုဆိုးမသည် မလှုပ်မယှက်ရပ်လျက်နေသည်။

သူမ၏မျက်လုံးများသည် ပြူးကျယ်နေသည်။

မယုံကြည်နိုင်သောအသွင်က သူမ၏မျက်နှာအား ဖုံးလွှမ်း၍ သွားလေသည်။

ပြီးမှ

သူမသည် အကိုဝမ်းကဲ့အား အံ့ဩစွာ မေးလိုက်လေသည်။

"ရှင်....ရှင်....ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် ထိုးသတ်ရတာလဲ"



အကိုဝမ်းကဲ့သည် သူ၏ဝမ်းဗိုက်၌ စိုက်ဝင်နေသောဓားအား နှုတ်ယူလိုက်ယင်း....

"ကျုပ်ကို နှိပ်စက်ညှဉ်းပမ်းမှာ မခံချင်လို့ပေါ့"ဟု ပြောပြီး–လဲကျ သေဆုံးသွားလေတော့သည်။

မြေအောက်ခန်းသည် တဒင်္ဂမျှ တိတ်ဆိတ်၍ သွားလေသည်။

ထို့နောက်

သက်ပြင်းချသံ ပေါ်ထွက်၍ လာလေသည်။

ထိုသက်ပြင်းချသံသည် မုဆိုးမထံမှ မဟုတ်ပါ။

ချူလျူရှမ်းထံမှလည်း မဟုတ်ပါ။

ဝါးခမောက်အား ခပ်ငိုက်ငိုက် ဆောင်း၍ ထားသူ ထံမှ ဖြစ်ပါသည်။

ထိုလူသည် သက်ပြင်းချလိုက်ပြီး....

"သူက ကျုပ်ကို မမြင်ပေမဲ့ ကျုပ် ရောက်နေတယ် ဆိုတာကို သိသွားလို့ အခုလို သူ့ကိုယ်သူ သတ်သေတာဘဲ"ဟု ပြောလိုက်လေသည်။

တကယ်တော့ ထိုလူသည် အမိုက်မှောင်ရွာ၏ အရှင်သခင် 'ဓားသမား'ပင် ဖြစ်ပါသည်။

× × ×

အကိုဝမ်းကဲ့သည် အမိုက်မှောင်ရွာ၏ အရှင်သခင် 'ဓား–သမား'အား စုံစမ်းခဲ့သည်။

သို့သော်

'ခွားသမား' သည် မည်သူ မည်ဝါ ဖြစ်ကြောင်း မသိရခင်မှာပင် သူသည် သေဆုံးခဲ့ရလေသည်။

ချူလျူရှမ်း အသက်ကင်းမဲ့လျက် ရှိသော အကို ဝမ်းကွဲ၏ ခန္ဓာကိုယ်အား ငေး၍ ကြည့်နေသည်။

ထိုစဉ်

"မင်းကတော့ သူ့လို မဖြစ်ချင်ဘူးနဲ့တူတယ်" ဟု ခွားသမားကို လှမ်း၍ မေးလိုက်သည်။

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား ခါရမ်း၍ ပြလိုက်ယင်း....

"ဘယ်သူမှ မသေချင်ပါဘူးဗျာ"

"ကောင်းပြီ၊ မင်းရဲ့ပါးစပ်ကို မင်း–လုံအောင် ပိတ်ထားပါ၊ ဒါမှ မဟုတ်ယင်တော့ ငါက ပိတ်ပေး ရလိမ့်မယ်"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား သွက်သွက် ကလေး ညိတ်၍ ပြလိုက်လေသည်။

"ကောင်းပြီ၊ မင်းတို့ သွားတော့"

ချူလျူရှမ်းသည် ခွားသမား၏စကားဆုံးသည်နှင့် မုဆိုးမ၏ လက်ကိုဆွဲ၍ မြေအောက်ခန်းမှ ထွက်ခဲ့လေတော့သည်။

× × ×

တောင်ကြားသည် တိမ်တိုက် တိမ်လိပ် များဖြင့် ဝေ့၍နေသည်။



တိမ်တိုက်ကြားမှ ကြိုးတံတားအား ရှာဖွေ ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပါချေ။

ချူလျူရှမ်းတို့သည် ယင်း တံတားအား ခက်ခဲစွာ ရှာဖွေခဲ့ရလေသည်။

အတန်ကြာမှ သူတို့သည် ယင်း တံတားအား ရှာဖွေ တွေ့ရှိသွားလေတော့သည်။

သို့သော်

ယင်း ကြိုးတံတားပေါ်သို့ လျှောက်သွားရန် လွယ်ကူသော အလုပ်မဟုတ်မှန်း သူတို့ နားလည်လိုက်သည်။

အကယ်၍ ဤကြိုးတံတားမှ တဘက်သို့ ပြန်၍ သွားလျှင် မည်သို့ ဖြစ်လာမည်နည်း။

ချူလျူရှမ်း မသိပါ။

ဘယ်သူမှလည်း သိမည် မဟုတ်ပါ။

× × ×

ကြိုးတံတား၏ သည်ဘက်တွင် အမိုက်မှောင်ရွာ ရှိသည်။

ကြိုးတံတား၏ ဟိုဘက်တွင် မည်သည့် ထောင်ချောက်မျိုး ရှိမည်နည်း။

ဘယ်သူမှ သိမည်မဟုတ်ပါ။

ထို့ကြောင့် ချူလျူရှမ်းသည် သက်ပြင်းတချက်ချလိုက်ပြီး– နှစ်ခြိုက်စွာပင် ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံကြောင့် မုဆိုးမသည် သူ့အား ထူးဆန်းစွာ ကြည့်လိုက်ပြီး....

"ရှင်-မကြောက်ဘူးလား"

"ဘာကို ကြောက်ရမှာလဲ"

"သေမှာကို"

"ဟာ....တခါသေခဲ့ပြီးပြီဘဲ၊ နောက်တခါ သေရမှာ ဘာအရေးစိုက်စရာလဲ"ဟု ပြောပြီး သူသည် ရယ်မော၍နေလေသည်။

မုဆိုးမသည် သူနှင့်အတူ လိုက်၍ရယ်မောလိုက်သည်။

မည်သို့ဆိုပါစေ....

သူတို့သည် အမိုက်မှောင်ရွာမှ ထွက်လာ ခဲ့ကြသည်။

သို့မဟုတ် လူသေကမ္ဘာမှ လွတ်မြောက်လာကြသည်။

မုဆိုးမသည် ရယ်မောရာမှ ရပ်တန့် လိုက်ပြီး....

"အင်း....ကျမတော့ လူဖြစ်ကျိုး နပ်မယ် ဆိုယင်-တရက်ဘဲဖြစ်ဖြစ် အသက်ရှင်နေရယင် ကျေနပ်ပါပြီ"ဟု ညည်းတွား လိုက်လေသည်။

× × ×

ကြိုးတံတား၏ ဟိုဘက်တွင် အမိုက်မှောင်ရွာ ရှိနေပါသည်။

ဤမှာဘက်တွင် မည်သို့သော ထောင်ချောက်မျိုး ရှိနေမည်နည်း။



ဤမှာဘက်တွင် ထောင်ချောက် ရှိ-မရှိကိုတော့ မပြောနိုင်ပါ....။

သို့သော်

ဤမှာဘက်ရှိ တောင်ကုန်းပေါ်တွင် မြက်ပင်တပင်မှ မရှိသည်ကိုတော့ ချူလျူရှမ်း ပြောနိုင် ပါသည်။

ကျောက်တုံး ကျောက်ခဲလေးများသည် ဓားသွားပမာ ချွန်မြ၍ နေလေသည်။

မုဆိုးမသည် လမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်တန့်၍ သွားလေသည်။

ဖိနပ်မပါသော သူမသည် ဓားသွားတမျှ ချွန်မြ၍ ထက်နေသော ကျောက်တုံး-ကျောက်ခဲလေးများပေါ်တွင် ဆက်လက်၍ မလျှောက်နိုင်တော့ပါ။

သူမ၏ ခြေဖဝါးတွင် သွေးများစီး၍ ကျလာလေသည်။

ချူလျူရှမ်းသည် မုဆိုးမအား လှည့်၍ ကြည့်လိုက်ယင်း....

"ခင်ဗျားမှာ-ဖိနပ် မပါဘူးလား"

မုဆိုးမသည် သူမ၏ ဦးခေါင်း ခါရမ်း၍ပြလိုက်သည်။

ချူလျူရှမ်းသည် ဘာမျှ မပြောတော့ပါ။

သူသည် မုဆိုးမအား ပွေ့ချီလိုက်လေတော့သည်။

မုဆိုးမ၏ မျက်လုံးကလေးများသည် ရုတ်တရက် ပြူးကျယ်၍သွားပြီး ချူလျူရှမ်း၏ နားသို့ကပ်ကာ တိုးတိုးလေး ပြောလိုက်လေသည်။

"ကျမရဲ့ နံမယ်က ချင်းချင်းတဲ့....လျှုချင်းချင်းတဲ့"

× × ×

ကျောက်တုံး ကျောက်ခဲများသည် တဖြည်းဖြည်း နည်းပါး၍သာပြီး မြက်ပင်လေးများသည် တဖြည်းဖြည်းများ၍ လာလေသည်။

ထိုမြက်ခင်းပြင်၏ အဆုံးတွင် စိမ်းလန်းစိုပြေသော တောအုပ်ကလေးတခုရှိနေသည်။

ချူလျှူရှမ်းသည် ချင်းချင်းအား ပွေ့၍ လျှောက်လာရာမှ ရုတ်တရက် ရပ်တန့်လိုက်လေသည်။

သူသည် ရှေ့ဆက်မသွားသေးဘဲ သူ၏ရှေ့တွင် မြင်နေရသော တောအုပ်အား လှမ်း၍ကြည့်လိုက်သည်။

ဤသို့ သစ်ပင်ထူထပ်သော နေရာမျိုးသည် အလွန်အန္တရာယ်များသော နေရာဖြစ်တတ်သည် မဟုတ်ပါလော။

ထို့ကြောင့် ချူလျှူရှမ်းသည် ဆက်၍မသွားသေးဘဲ မြက်ခင်းပေါ်သို့ ချင်းချင်းအား ချလိုက်လေသည်။

ထို့နောက် သူတို့သည် မြက်ခင်းပြင်ပေါ်တွင် ထိုင်၍နားလိုက်သည်။

ထိုစဉ်

ချူလျှူရှမ်း၏ မျက်လုံးသည် စိမ်းလန်းစိုပြေသော မြက်ခင်းပြင်ပေါ်မှစိမ်းလန်းစိုပြေသော သစ်ရွက်ကြွေများပေါ်သို့ ရောက်ရှိသွားလေသည်။



ရုတ်တရက် သူ၏မျက်ခုံးမွေးသည် နိမ့်ကျလာပြီး မျက်မှောင်ကုတ်၍ သွားလေတော့သည်။

× × ×

ယခုရာသီသည် နွေဦးရာသီဖြစ်သည်။

သည်အချိန်တွင် သစ်ရွက်များသည် ကြွေရန် အကြောင်းမရှိပါ။

သို့သော်

ယခု မြက်ခင်းပြင်ပေါ်တွင် သစ်ရွက်ကြွေများကို တွေ့လိုက်ရသည်။

သစ်ရွက်များသည် မည်သည့်အကြောင်းကြောင့် ကြွေရပါသနည်း။

ချူလျှူရှမ်းသည် စဉ်းစား၍ မရပါ။

ထို့ကြောင့် သူသည် မြက်ခင်းပြင်ပေါ်မှ သစ်ရွက်ကြွေတခုအား ကောက်ယူ၍ ကြည့်လိုက်လေသည်။

ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည် တောင့်တင်း၍ သွားလေတော့သည်။

× × ×

ချင်းချင်း။

သူမသည် ချူလျူရှမ်း၏ ထူးခြားသော အမူအယာကို ကြည့်ပြီး....

"ရှင်-ဘာတွေလို့လဲ"

ချူလျူရှမ်းသည် သူ၏ လက်ထဲမှ သစ်ရွက်ကြွေအား လှမ်း၍ ပေးလိုက်ပြီး၊

"ဒီ-သစ်ရွက်တွေဟာ....လေတိုက်လို့ ကြွေကျနေတာ မဟုတ်ဘူး"

ချင်းချင်းသည် မျက်မှောင်ကုတ်သွားပြီး....

"လေတိုက်လို့-ကြွေတာမဟုတ်ဘူး-ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့်-ဘာကြောင့်လဲ"

"ခေါ်ကြောင့်"

"ရှင်"

ချင်းချင်း၏ မျက်လုံးလေး ပြူး၍သွားသည်။

"ဟုတ်တယ် .... ခေါ်ကြောင့် သစ်ရွက်တွေဟာ အပိုင်းပိုင်း ပြတ်နေတာပေါ့"

"ဒါဖြင့်-ဒီလောက် ခေါ်ထက်နေတာ....ဘယ်သူလို့ ရှင်-ထင်သလဲ"

"ကျနော် တွေးတာ-မမှားဘူးဆိုယင် 'စီးမင်းချိစွေ့' ဘဲ ဖြစ်မှာပေါ့"

"ရှင်း...သူ့ကို ကြောက်သလား"



"ကြောက်တယ်လို့ ပြောရမှာထက် .... ရှက်တယ်လို့ ပြောယင်....ပိုမှန်ပါလိမ့်မယ်"

"တကယ်ဘဲ-ရှင်ဟာ သူ့မိန်းမနဲ့ အိပ်ခဲ့လို့လား"

'လူတယောက်ဟာ မှားတဲ့အခါ မှားမှာဘဲ"

"ရှင်က မှားတတ်တဲ့ လူတယောက်မှ မဟုတ်တာ"

"ဒါပေမဲ့ အခုတော့ မှားသွားပြီ....မဟာအမှားကြီးကို မှားသွားပြီ"

"ဒါဖြင့် ကျမတို့ ဘယ်လိုလုပ်ကြမလဲ"

"အခု ဒို့မှာ-သွားစရာ လမ်းတလမ်းဘဲ ရှိတော့တယ်"

"ဘယ်လမ်းလဲ"

"ပြန်လမ်း"

"ရှင်....ရှင်က အမိုက်မှောင်ရွာကို ပြန်အုံး မလို့လား"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းကို ညိတ်ပြ လိုက်ယင်း—

"အင်း-အမိုက်မှောင် ရွာဟာ....ကြောက်စရာ ကောင်းပေမဲ့ ရှောင်ကြော်ဆက်သွားရတာထက် သာလိမ့်မယ်လို့ ယူဆတယ်"

ချူလျူရှမ်း၏ အယူအဆသည် တကယ်ပင်မှန်ပါမည်လော။
အမိုက်မှောင်ရွာသည် သူတို့အား လက်ခံပါမည်လော။
သည်မေးခွန်း၏အဖြေအား ချူလျူရှမ်း မသိပါ။
သို့သော်
သူတို့၏ခြေလှမ်းများသည် အမိုက်မှောင် ရွာဆီသို့....

× × ×

ကြိုးတံတား....

ယင်းကြိုးတံတား၏ထိပ်တွင် လူတယောက် ရပ်၍နေသည်။

သူသည် ခပ်လှမ်းလှမ်းမှ ကြိုးတံတားဆီသို့ လျှောက်လာနေသော ချူလျူရှမ်းနှင့် ချင်းချင်းတို့အား စိုက်၍ကြည့်နေလေသည်။

တိမ်ခိုး-တိမ်ငွေ့တို့သည် ဝန်းကျင်တခုလုံးအား ဖုံးလွှမ်း၍နေသည်။

ထိုလူသည် ချူလျူရှမ်းတို့အား စိုက်၍ ကြည့်နေယင်း သူ၏ခါးမှ ဓားအား ဆွဲ၍ ထုတ်လိုက်လေသည်။

ချူလျူရှမ်းသည် ချင်းချင်း၏ လက်ကိုဆွဲ၍ ကြိုးတံတားရှိရာသို့ လျှောက်နေရာမှ၊ ထိုလူအား တွေ့လိုက်သည်နှင့် ထိုသူသည် မည်သူ-မည်ဝါဖြစ်ကြောင်း သိလိုက်လေသည်။

ထိုလူသည် တမာန်တော်ပင် ဖြစ်ပါသည်။

တမာန်တော်သည် ကြိုးတံတား၏ထိပ်၌ ပိတ်၍ ရပ်နေသည်။

ချူလျူရှမ်းသည် တမာန်တော်အား လုံးဝ ဂရုမစိုက်ဟန်ဖြင့် တမာန်တော်၏ရှေ့၌ ရပ်လိုက်လေသည်။

တမာန်တော်သည် ချူလျူရှမ်းအား အေးစက်စွာ ကြည့်လိုက်ပြီး....

"မင်း....ဘာဖြစ်လို့ ပြန်လာရတာလဲ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ကျုပ် အိမ်ကို သတိရလို့ပေါ့"

"ဒီနေရာဟာ.... မင်းတို့အိမ် မဟုတ်ဘူး"



"အရင်တုန်းကတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အခုတော့ ဟုတ်တယ်"

"ဘာဖြစ်လို့"

"ကျုပ်မှာ သွားစရာ လမ်းမှ မရှိဘဲ"

"ဒီမှာ ငါ့လက်ထဲမှာ ဘာရှိလဲ သိရဲ့လား"

ချူလျူရှမ်းသည်.... တမာန်တော်၏ လက်ထဲမှ ဓားအား တချက်စေ့ကြည့်လိုက်ပြီး....

"အင်း....ဓားနဲ့တော့ အတော့်ကိုတူတာဘဲ"

"ဓားနဲ့တူတာမဟုတ်ဘူး၊ ဓားကွ....ဓား"

"ဩ....ဩ"

"ဒီမှာ-မင်း ဒီ ကြိုးတံတားကိုဖြတ်ဘို့ ငါ့ရဲ့ဓားကို နိုင်ပါ့မလား၊ ငါ့ရဲ့ဓားကိုနိုင်ယင် ငါ လွှတ်ပေးမယ်"

"ခင်ဗျား ပါးစပ် သေးသေးက စကားလုံး ကြီးကြီးတွေ တယ်ပြောပါလား"

"ဘာလဲ....မင်းက ငါ့ကို နိုင်မယ်ထင်လို့လား"

"အင်း....ဆယ်ကွက်လောက်တော့ ခုခံနိုင်မယ်ထင်တယ်"

"ဆယ်ကွက်ခုခံနိုင်ယင် မင်းက ငါ့ကို နိုင်ရောလား"

"အင်း.... နိုင်မယ်.... မနိုင်ဘူး လို့တော့ မပြောနိုင်ဘူး.... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဆယ်ကွက် အတွင်းမှာ ခင်ဗျားဟာ ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ ဆိုတာတော့ သိလာ နိုင်မယ်၊ ဒီတော့ ခင်ဗျားရဲ့ အကြောင်းကို ကျနော် သိသွားစေချင်သလား"

တမာန်တော်၏ပါးစပ်သည် ပိတ်၍သွားလေတော့သည်။

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး တမာန်တော်အား ဖြတ်ကျော်ကာ ကြိုးတံတားမှ လျှောက်သွားလေတော့သည်။

ချင်းချင်းသည် ချူလျူရှမ်း၏ နောက်မှ ကပ်၍ လိုက်သွားလေတော့သည်။

သူတို့သည်ကြိုးတံတားအား ဖြတ်ကျော် လာပြီးသော အခါတွင် တမာန်တော်၏ ဓားသည် ကျောက်တုံး–တတုံး ပေါ်သို့ ကျရောက် သွားလေတော့သည်။

ကျောက်တုံးသည် တမာန်တော်၏ ဓားချက်ကြောင့် ထက်ပိုင်းပြတ်၍သွားလေတော့သည်။

× × ×

ချင်းချင်း။

သူမသည် ကြိုးတံတားနှင့် အတန်ငယ်ဝေးသော နေရာသို့ရောက်မှ သက်ပြင်းတချက် ချလိုက်ပြီး....

"သူ့ရဲ့ဓားပညာ အဆင့်အတန်း ဘယ်နှလဲ" ဟု ချူလျူရှမ်းကို မေးလိုက်လေသည်။

ချူလျူရှမ်းသည် သူ၏ဦးခေါင်းအား ခါရမ်းလိုက်ပြီး....

"ဟုတ်တယ်....သိပ်မပြည့်စုံသေးဘူး"

"ဘာဖြစ်လို့"



"ဓားကို အေးအေးဆေးဆေး ပြန်ရုတ်သိမ်းနိုင်မှ တော်တယ်လို့ ခေါ်ရမယ်၊ အခုတော့ သူ့စိတ်တောင်သူမထိန်းနိုင်ဘူး ဖြစ်နေတယ်၊ ဒါကြောင့် သူ့ရဲ့ပညာဟာ ထိပ်တန်း အဆင့် မရောက်သေးဘူးလို့ ကျနော် ထင်တယ်"

"သူ့ရဲ့ဓားဟာ ကျောက်တုံးကို မခုတ်ဘဲ ရှင့်ရဲ့ခေါင်းကို ခုတ်မယ်ဆိုယင် ရှင် ရှောင်တိမ်းနိုင်ပါ့မလား"

"ဒါတော့ မပြောတတ်ဘူး"

"ဘာဖြစ်လို့"

"သူက ကျနော့်ခေါင်းမှ မခုတ်ခဲ့တာ"

"အင်း....ရှင့်အမူအယာကတော့ အေးအေးဆေးဆေးဘဲ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ဒီလိုပေါ့၊ တခါတခါတော့လဲ ဒီလို အရဲစွန့်သင့် စွန့်ရတာပေါ့ဗျာ"

× × ×

မီးခိုးရောင် အင်္ကျီ ဝတ်ဆင်ထားပြီး ဦးခေါင်းတွင် ဝါးခမောက်ဆောင်းထားသော လူတယောက်။

ထိုလူသည် ချူလျူရှမ်းတို့၏ ရှေ့ဝါးဘရိုက်ခန့် အကွာတွင် လျှောက်၍နေသည်။

ချူလျူရှမ်းသည် ထိုလူအား မြင်တွေ့လိုက်ရသည်နှင့်....

"ဗျို–ဓားသမား" ဟု အော်ခေါ်လိုက်လေသည်။

ဓားသမားသည် ပြန်၍မထူးပါ။

ထို့ကြောင့် ချူလျူရှမ်းသည် ပြေး၍လိုက်သွားလေသည်။ သို့သော်

ချူလျူရှမ်း လိုက်၍မမှီပါ။

ဓားသမားသည် ခြေလှမ်းမှန်မှန် လျှောက် နေသော်လည်း ချူလျူရှမ်းသည် သူ့အား လိုက်၍ မမှီပါ။

ထို့ကြောင့် ချူလျူရှမ်းသည် ဆက်၍မလိုက်တော့ဘဲ ရပ်တန့်လိုက်လေသည်။

သူ လက်လျှော့လိုက်သောအခါမှ ဓားသမားသည် ချူလျူရှမ်းဘက်သို့ လှည့်လိုက်ပြီး....

“တမာန်ဇော် ဘယ်သူဆိုတာ မင်းသိသလား” ဟု မေးလိုက်လေသည်။

ချူလျူရှမ်းသည် သူ၏ပခုံးနှစ်ဘက်အား တွန့်၍ပြလိုက်ပြီး-

“ဟို-လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက အကြောင်းနဲ့များ ဆက်စပ်နေမလား မသိဘူး”

“ဘာ အကြောင်းများလဲ”

“ဂူတန်ဂိုဏ်းက အလွန်နံမယ်ကြီးတဲ့ သိုင်းသမား ‘စုဟု’ အကြောင်းပါ”

“ဆက်ပြောပါဦး”

“သူဟာ ရုတ်တရက် ကွယ်လွန်သွားခဲ့တယ်၊ ဒါကြောင့်လဲ သိုင်းလောကတခုလုံး ဂယက်ရိုက်သွားခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးကြားခဲ့ရတဲ့ သတင်းတခုကတော့ ‘စုဟု’ ကို ဂူတန်ဂိုဏ်းက



နှင်ထုတ်လိုက်တဲ့အတွက် သူဟာ သူ့ကိုယ်သူ သတ်သေခဲ့တယ်တဲ့၊ ဒါပေမဲ့....”

“ဒါပေမဲ့ ဘာဖြစ်လဲ”

“အင်း....ကျနော်ထင်တာ မမှားဘူးဆိုယင်တော့ သူဟာ ရှက်လို့ ဇာတ်မြှုပ်နေတာဘဲဖြစ်ရမယ်”

ဓားသမားသည် ချူလျူရှမ်းအား အေးစက်စွာဖြင့် စိုက်ကြည့်လိုက်ပြီးမှ....

“အင်း....ငါ မင်းကို အကြံတခုပေးမယ်”

“ဟုတ်ကဲ့”

“မင်း-သိတာတွေကို မင်းရဲ့ဝမ်းထဲမှာထားယင် အသက်ပိုပြီး ရှည်လိမ့်မယ်”

“ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်”

“နေပါဦး....မင်းက ဘာဖြစ်လို့ ပြန်လာရတာလဲ”

“ကျနော်ဟာ လူသေတယောက်ပါ၊ ဟိုဘက်ကို ပြန်ရောက်သွားယင် ကျနော် သေသွားမှာပေါ့”

“ဒီမှာနေယင် မင်း မသေဘူးလို့ ထင်လို့လား”

“ဟုတ်ကဲ့”

“ဘာဖြစ်လို့”

ချူလျူရှမ်းသည် ဓားသမားအား လက်ညှိုးဖြင့် ထိုးလိုက်ပြီး....

“ခင်ဗျားမှာ လူလိုနေပါတယ်၊ ကျနော်ဟာ ခင်ဗျားအတွက် အသုံးဝင်တဲ့ လူတယောက်ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်”

"ငါမှာ လူလိုနေတယ်လို့ ဘယ်လိုလုပ်ပြီး မင်းသိသလဲ" ချူလျူရှမ်းသည် သူ၏လက်တဘက်အား ဝှေ့ရမ်း ပြလိုက်ပြီး....

"ဒီ အမိုက်မှောင်ရွာဟာ ဒုက္ခရောက်လာတဲ့ နံမယ်ကြီးသိုင်းသမားတွေကို လက်ခံ နေတယ်ဆိုတော့ ဒီအမိုက်မှောင်ရွာမှာ ရည်ရွယ်ချက် တခုခု ရှိလိမ့်မယ်လို့ ကျနော်ထင်ပါတယ်"

ဓားသမား၏ မျက်လုံးများသည် ဓားသွားပမာ ထက်မြက်စွာဖြင့် ချူလျူရှမ်းအား စိုက်၍ကြည့်လိုက်သည်။

ပြီးမှ၊

"လိုက်ခဲ့" ဟု ပြောကာ ချာကနဲ လှည့် ထွက် သွား လေတော့သည်။

ချူလျူရှမ်းသည် ဘာမှ မပြောတော့ဘဲ ချင်းချင်း၏လက်ကို ဆွဲကာ ဓားသမားနောက်မှ လိုက်သွားလေတော့သည်။

× × ×

လမ်းကလေးတလမ်း။

ဖြောင့်ဖြောင့် တန်းတန်းတော့ မဟုတ်ပါ။

ကွေ့ကွေ့ ကောက်ကောက်ဖြစ်သည်။

ထိုလမ်းကလေး၏ အဆုံးတွင် ကျောက်အိမ်ကလေး တလုံးရှိနေသည်။

ဟောင်းနွမ်းပြီး ပုံစံမကျသော ကျောက်အိမ်ကလေးပင်။



ယင်း ကျောက်အိမ်ကလေး၏ အတွင်း၌လည်း ဈေးကျသော ပရိဘောဂများဖြင့် မွမ်းမံ၍ ထားလေသည်။

ဓားသမားသည် ချူလျူရှမ်း တို့အား ထိုအိမ်ကလေးသို့ ခေါ်၍ သွားလေသည်။

ကျောက်အိမ်ကလေး၏ အတွင်းသို့ လှမ်းဝင် လိုက်သည်နှင့်၊

ချူလျူရှမ်း၏ မျက်လုံးသည် ပြူးကျယ်၍ သွားလေတော့သည်။

နှစ်အတန်ကြာမျှ လူနေခဲ့ခြင်း ရှိဟန်မတူသော အိမ်ခန်းအတွင်းဝယ် လူနှစ်ယောက် ရှိ၍နေပါသည်။

သို့သော်

ထို လူနှစ်ယောက်သည် ချူလျူရှမ်း၏ မျက် မှောက် တွင် သေဆုံးသွားခဲ့သော လူနှစ်ယောက်ပင် ဖြစ်ပါသည်။

ချိတ်ကလေး (ခေါ်) ဟိုက်ချီစွမ်းနှင့် အကိုဝမ်းကွဲတို့သည် ချူလျူရှမ်း၏ ရှေ့မှာပင် သေဆုံးသွားခဲ့သည် မဟုတ်ပါလော။

× × ×

နတ်စင်။

အဝါရောင် ဇာပုဝါ လွှမ်းခြုံထားသည်။

ယင်း နတ်စင်၏ ရှေ့တွင်၊

အမွှေးတိုင်များ ထွန်း၍ထားသည်။

ထို့ကြောင့်၊

အမွေးတိုင်မှ၊
အခိုးအငွေ့များသည်၊
ကျောက်အိမ်ကလေးအတွင်း၌ လွှမ်းခြုံ၍ နေသည်။
ယင်း နတ်စင်၏ ရှေ့တွင်၊
ဟိုက်ချိစွမ်းနှင့် အကိုဝမ်းကွဲသည် ရပ်လျက်။
သူတို့သည်၊
လှုပ်ရှားမှု မရှိပါ။
သို့သော်
သူတို့၏ မျက်နှာများသည် ပြုံး၍နေသည်။
ယင်း အပြုံးသည်၊
လျှို့ဝှက်သည်ဟု ချူလျူရှမ်း ထင်မိသည်။
ထိုအပြုံး၏ နောက်ကွယ်မှ အဓိပ္ပာယ်သည်၊
မည်သို့သော အဓိပ္ပာယ်ရသည်ကို၊
ချူလျူရှမ်း တွေး၍မရပါ။
အမိုက်မှောင်ရွာမှ လူများသည် နားလည်ရန် ခက်သည် မဟုတ်ပါလော။

ချူလျူရှမ်းသည်၊
သူ့ကိုယ်သူ မထိတ်လန့်မိစေရန် အတတ်နိုင်ဆုံး ထိန်းချုပ်ထားသည်။
သို့သော်
သူသည် ထိတ်လန့်၍ နေသည်။
မေးသမားသည်။



ချူလျူရှမ်းအား ကြည့်ယင်း....
"ဘယ့်နှဲလဲ....မင်း နားလည်ပြီ မဟုတ်လား"
ချူလျူရှမ်းသည်၊
မေးသမားအား ပြန်၍ကြည့်လိုက်ပြီး....
"ဘာကို-နားလည် ရမှာလဲ"
"အခု-ကိစ္စတွေဟာ....အစထဲက ထောင်ချောက်တခု ဖြစ်တယ်ဆိုတာ"

ချူလျူရှမ်းသည်၊
သူ၏ ပခုံးအား တွန့်၍ လက်ခါပြလိုက်သည်။
မေးသမားသည်၊
နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....
"သူတို့လုပ်သမျှ တွေဟာ....ငါ့ရဲ့ အစီအစဉ်အတိုင်း....လုပ်နေကြတာဘဲ၊ သဘောကတော့....မင်းကို စမ်းသပ်တဲ့ သဘောပေါ့"

ချူလျူရှမ်းသည်၊
တဟားဟား ရယ်မောလိုက်ပြီး....
"အင်း....ခင်ဗျားက ကျနော့်ကို သူလျှိုလို့ ထင်နေတာကိုး"
"ငါကတော့-ဘယ်သူ့ကို မဆို သံသယရှိတာဘဲ၊ ဒီမှာရှိတဲ့ လူတွေဟာလဲ အစမ်းသပ်ခံပြီးမှလက်ခံခဲ့တဲ့ လူတွေဘဲ၊ စိတ်မချရတဲ့ လူတွေဆိုယင်တော့-အကိုဝမ်းကွဲက သတ်ပစ်လိုက်တယ်ပေါ့"

ချူလျူရှမ်းသည်၊
သူ၏ ဦးခေါင်းအား တဆတ်ဆတ် ညိတ်လိုက်ယင်း....

"အင်း .... ခင်ဗျားက ကျနော့်ကို ပြန်လွှတ်လိုက်တာလဲ- ကျနော်ဟာ တကယ်ဘဲ စီးမင်းချိုခွေ့ လိုက်လို့ ပြေးနေတဲ့လူ.... ဟုတ်-မဟုတ်ဆိုတာ-စမ်းသပ်တာဘဲပေါ့"

"ဟုတ်တယ်....မင်းသာ ပြန်လှည့်မလာဘဲ ဆက်သွားယင်.... အခုလောက်ဆို-မင်းဟာ သေနေပြီ"

ချူလျူရှမ်းသည်၊

သက်ပြင်းတချက် ချလိုက်ပြီး....

"ကျနော်က-ချင်းချင်းကိုပါ ခေါ်သွားလိမ့်မယ်လို့ ခင်ဗျားက-ကြိုတင်ပြီး တွက်ထားတယ်ပေါ့....ဟုတ်လား"

"ဒါပေါ့"

"ကျနော်က ပြန်လှည့်မလာယင်....ချင်းချင်းက အလစ်မှာ.... ကျနော့်ကို သတ်မယ်ပေါ့"

"ဒါပေါ့"

"တကယ်လို့ ချင်းချင်းက ကျနော့်ကို မသတ် ဖြတ်ဘူး ဆိုယင်"

"သစ်တောထဲမှာ မင်းရဲ့အသက်ကို ချွေပစ်ဘို့ အမျိုးပေါင်း ထောင်သောင်းမက ရှိနေတယ်လေ"

ချူလျူရှမ်းသည် သူ၏ ပါးစပ်အား ပိတ်ထား လိုက်ပြီး ချင်းချင်းအား လှည့်၍ကြည့်လိုက်သည်။

ချင်းချင်းသည် သူ့အားပြန်ကြည့်ယင်း သူမ၏ပခုံးနှစ်ဘက်အား တွန့်ပြလိုက်လေသည်။

ဓားသမားသည် သူ၏စကားအား ဆက်၍ပြောလိုက်သည်၊



"ဒီမှာ ချူလျူရှမ်း.... အခုလို ဘာဖြစ်လို့ လုပ်ရတယ်ဆိုတာ မင်း သဘောပေါက်ရဲ့လား"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား ဆတ်ကနဲ ညိတ်ပြလိုက်ပြီး....

"ကျနော်ထင်တာ မမှားဘူးဆိုယင်တော့ ခင်ဗျားက ကျနော့်ကို အသုံးချချင်လို့ အခုလို စမ်းသပ်တာ မဟုတ်လား"

ဓားသမားသည် သူ၏ဦးခေါင်းအား ညိတ်လိုက်ပြီး....

"မင်း မဆိုးဘူး၊ နားလည်လွယ်သားဘဲ၊ အခုအချိန်ကစပြီး မင်းဟာ ငါ့ရဲ့လူ ဖြစ်သွားပြီ၊ ဒီတော့ မင်း ရွာမှာ ကြိုက်သလို နေနိုင်တယ်၊ ဘယ်သွားသွား၊ ဘာလုပ်လုပ်၊ ငါ ခွင့်ပြုလိုက်ပြီ၊ အော်....တခုတော့ မှာထားမယ်"

"ဟုတ်ကဲ့....ပြောပါ"

"ဒီရွာက ထွက်သွားယင်တော့ မင်းခန္ဓာကိုယ်မှာ အသက်ပါ သွားလိမ့်မယ် မဟုတ်ဘူး ဆိုတာဘဲ"

"ဟုတ်ကဲ့၊ ကျနော် နားလည်ပါပြီ"

ဓားသမားသည် ဟိုက်ချီစွမ်းနှင့် အကိုဝမ်းကွဲဘက်သို့ လှည့်လိုက်ပြီး....

"ဒီည ချူလျူရှမ်း အတွက် ဂုဏ်ပြု ညစာပွဲတခု လုပ်မယ်၊ မင်းတို့ စီစဉ်လိုက်၊ ဖိတ်သင့်တဲ့ လူတွေလဲ ဖိတ်ထားလိုက်၊ ကြားလား"

ဟိုက်ချီစွမ်းနှင့် အကိုဝမ်းကွဲတို့သည် "ဟုတ်ကဲ့"ဟု ပြောပြီး ထွက်ခွာသွားလေတော့သည်။

ဓားသမားသည် ချူလျူရှမ်း၏ပခုံးအား တချက်ပုတ်လိုက်ပြီး....

"ဝမ်းနည်းစရာ တခုတော့ ပြောရအုံးမယ်"

"ဘာအကြောင်းများလဲ"

"ဒီမှာ မင်းရဲ့အိမ် မရှိတော့ဘူးလို့"

"ဒါဖြင့်"

"ဒီနေ့ကစပြီး ချင်းချင်းရဲ့အိမ်မှာဘဲ လိုက်နေပေတော့"

"ဗျာ"

ချူလျူရှမ်း၏ မျက်လုံးသည် နဂိုထက် နှစ်ဆခန့် ပြူးကျယ်စွာဖြင့် ချင်းချင်းအား လှမ်း၍ကြည့်လိုက်လေသည်။

ပန်းနုရောင်ကလေးသည် ချင်းချင်း၏မျက်နှာပေါ်တွင် တမဟုတ်ခြင်း ပေါ်၍လာလေသည်။

ချင်းချင်း၏ မျက်နှာလေးသည် တဖြည်းဖြည်း ငုံ့၍ သွားလေတော့သည်။

× × ×

စားပွဲရှည်များသည် စက်ဝိုင်း သဏ္ဍာန် ခင်းကျင်း၍ ထားလေသည်။

စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာ များကလည်း အလွန်ပင်စုံလှသည်။



မွှေးကြိုင်သော ဟင်းရနံ့များသည် လူမမာကိုပင် ထမင်းစားချင်စိတ် ဖြစ်ပေါ်လာစေသည်။

ထို စားပွဲရှည်များ၏ အလယ်ရှိစားပွဲတွင် ဓားသမား ထိုင်၍နေသည်။

သူ၏ ဝဲဘက်တွင် ချူလျူရှမ်း ထိုင်နေသည်။

ယနေ့ ချူလျူရှမ်းသည် မနေ့က ချူလျူရှမ်း မဟုတ်ပါ။

ယခင်က သူသည် ဓားသမား၏ အကျဉ်းသား ဘဝ။

ယခု သူသည် ဓားသမား၏ လူယုံတယောက်။

အခြေအနေ အကြောင်းအရာများသည် စက္ကန့်နှင့်အမျှ လိုက်၍ပြောင်းလဲတတ်သည် မဟုတ်ပါလော။

ယနေ့။

ထမင်းစားပွဲသည် ဂုဏ်ပြု ထမင်းစားပွဲ ဖြစ်သည်။

ထို့ကြောင့် ပထမဆုံး ဟိုက်ချီစွမ်းက ထ၍ ချူလျူရှမ်းအား ဂုဏ်ပြုစကား ပြောလေသည်။

၎င်းနောက် အကိုဝမ်းကွဲ အထိန်းတော် တုကုဟုန်တို့သည် တယောက်ပြီးတယောက် ထ၍ ဂုဏ်ပြုစကား ပြောကြလေသည်။

သို့သော်

ယဲ့လိမ်သည်၊

သူမ၏ပါးစပ်အား ပိတ်၍ထားလေသည်။

သူမ၏ မျက်လုံးများဖြင့်လည်း၊

ချူလျူရှမ်းအား လှည့်၍ပင် မကြည့်ပါ။

ချူလျူရှမ်းအား မကြာမကြာ လှည့်၍၊

ကြည့်သူတယောက်တော့ ရှိပါသည်။
ထိုလူသည်၊
ချင်းချင်းပင် ဖြစ်ပါသည်။
သူမသည်၊
အကိုဝမ်းကွဲ၏အနီးတွင် ထိုင်၍နေပါသည်။
ဓားသမားသည်၊
သူ၏ဝါးခမောက်အား မချွတ်ပါ။
ထို့ကြောင့်၊
သူ၏အနားတွင် ထိုင်နေသော၊
ချူလျူရှမ်းပင် ဓားသမား၏ မျက်နှာအား သဲသဲ ကွဲကွဲ မမြင်ရချေ။
ဓားသမားသည်၊
အစာအား နည်းနည်းသာ စားသည်။
နည်းနည်းသာ သောက်သည်။
သို့သော်
စကားများများ ပြောသည်။
ချူလျူရှမ်းသည် ဂုဏ်ပြုပွဲသို့ တက်ရောက်လာသူများအား စိတ်ထဲမှ ရေတွက် ကြည့်လိုက်သည်။
(၅၉) ယောက်။
ထို(၅၉) ယောက်အား ချူလျူရှမ်း မသိပါ။
သို့သော်
ထို(၅၉) ယောက်သည် တချိန်က နံမည်ကြီး သိုင်းသမားများဖြစ်သည်ဟု ယုံကြည်သည်။



အကြောင်းအမျိုးမျိုးကြောင့် ဤနေရာသို့ လာရောက် ဇာတ်မြုပ်နေသူများဖြစ်သည်ဟု ယုံကြည်လေသည်။

ချူလျူရှမ်းသည် ချင်းချင်း၏ အနားသို့ ကပ်၍ ချင်းချင်းအား တိုးတိုးလေး မေးလိုက်လေလည်။

"လူစုံပြီလား"
"ဟင့်အင်း....နှစ်ယောက် လိုသေးတယ်"
"ဘယ်သူတွေလဲ"
"တမာန်တော်နဲ့၊ ယဲ့စွေ"
"ဘာ၊ ယဲ့စွေ....ဟုတ်လား"
"အင်း....ရှင် သိလို့လား"
"ဟင့်အင်း....ယဲ့လိမ်အမလို့ ပြောတာ ကြားဘူးလို့ပါ"
"သူတို့က ဘာလို့ မလာတာလဲ"

"တမာန်တော်ကတော့ ဘယ်တော့မှ တခြားလူတွေနဲ့ ရင်-မဆိုင်ဘူး"
"ယဲ့စွေကရော"
"သူကတော့ အမဲလိုက်နေတယ်၊ တခါ တခါဆိုယင် တလ-ကိုးသီတင်းကြာမှ ပြန်ရောက် လာတတ်တယ်"
"ဘာဖြစ်လို့ သူ့ကို လွတ်လပ်ခွင့် ပေးထားရတာလဲ"
"ဓားသမားက အထူး အခွင့်အရေး ပေးထားလို့ပေါ့"
"ဘာဖြစ်လို့"

ချူလျူရှမ်းသည် သူ၏ စကားကို ဆုံးအောင် မပြောလိုက်ရပါ။

"ဝုန်း....."ဟူသော အသံနှင့်အတူ ကျားသစ် တကောင်သည် သူတို့၏ စားပွဲရှေ့သို့ ကျလာလေတော့သည်။

× × ×

ကျားသစ်။

ထိုသတ္တဝါ၏ မျက်လုံးအစုံသည် ချူလျူရှမ်းအား စိုက်၍ ကြည့်နေသည်။

သို့သော်

ထို ကျားသစ်သည် ချူလျူရှမ်းအား မကိုက်နိုင်ပါ။

သေနေပြီဖြစ်သော ကျားသစ်သည် မည်သူ့ကိုမျှ ကိုက်နိုင်မည် မဟုတ်တော့ပါ။

သားရဲ-တိရစ္ဆာန်များ ထဲတွင် အရက်စက်ဆုံး၊ အလျင်မြန်ဆုံး၊ ရင်ဆိုင်ရန် အခက်ခဲဆုံးသော တိရစ္ဆာန်ကိုညွှန်ပြပါ ဆိုလျှင် ကျားသစ်အား ညွှန်ပြရမည်သာ ဖြစ်သည်။

အလွန်ဝါရင့်ပြီး အတွေ့အကြုံရင့်ကျက်သော မုဆိုးကြီးများပင်လျှင် ကျားသစ်အား ရှောင်ကြ လေသည်။

ထို့ကြောင့် ချူလျူရှမ်းသည် အခန်းဝသို့ လှမ်းကြည့်လိုက်လေသည်။

သူ၏မျက်ခုံးမွေးသည် နဖူးထက်သို့ တက်၍ သွားပြီး သူ၏ပါးစပ်သည် စေ့မရအောင်ပင် ဖွင့်ဟသွားလေတော့သည်။

× × ×



ကျားသစ်သည် လှပသည်။

ကျားသစ်ပိုင်ရှင်သည် ပို၍လှပသည်။

ကျားသစ်သည် လျင်မြန်သည်၊ ရက်စက်သည်။

ကြောက်စရာ အလွန်ပင် ကောင်းသည်။

ကျားသစ်ပိုင်ရှင်သည် ကျားသစ်ထက်ပင် ပို၍ ကြောက်စရာ ကောင်းမည် မဟုတ်ပါလော။

ထို့ကြောင့်၊

ကျားသစ် ပိုင်ရှင်သည် ယောကျ်ားကလေး မဟုတ်ပါ။

မိန်းမသား တယောက်ပင် ဖြစ်ပါသည်။

ယခု ကျားသစ်သည် သူမ၏ (၁၃)ကောင် မြောက် ကျားသစ်ပင် ဖြစ်ပါသည်။

သူမ၏ရုပ်သွင်သည် လှပသည်၊ ချောမောသည်။

သူမ၏ လက်ချောင်း ကလေးများသည် ပျော့ပျောင်းသည်။

သူမ၏ လှုပ်ရှားမှုတိုင်းသည် ဆွဲဆောင်မှု ရှိသည်။

သို့သော်

သူမသည် ကျားသစ်ထက်ပင် ကြောက်စရာ ကောင်းသည်ဟု ချူလျူရှမ်း နားလည်လိုက်လေသည်။

ချူလျူရှမ်းသည် သူမအား ငေးစိုက်၍ ကြည့်နေ ချိန်တွင် ချင်းချင်းသည် ချူလျူရှမ်းအား တိုးတိုးကလေး ပြောလိုက်လေသည်။

"ယဲ့စွေဆိုတာ သူပေါ့"

× × ×

ယွဲ့စွေ။

သူမသည် အခန်းထဲသို့ ဝင်ရောက် လာပြီး ဓားသမား၏ ရှေ့တွင် ရပ်လိုက်လေသည်။

ထို့နောက် ဓားသမားအား အေးစက်စွာ ကြည့်လိုက်ပြီး....

"ကျမအကို သေတာ ရှင်....သိ ပြီးပြီလား"

ဓားသမားသည် ခေါင်းညိတ်လိုက်ပြီး....

"အင်း–သိ ပြီးပြီ"

"ဘယ်သူက သတ်တယ်ဆိုတာရော ရှင်–သိလား"

"အင်း...."

"ဒါဖြင့် ဘယ်သူလဲ"

အခန်းထဲရှိ လူများသည် ဓားသမား ပြောလာမည့် စကားအား နားစွင့်၍ နေကြလေသည်။

ဓားသမားသည် တလုံးခြင်း နှေးကွေးစွာ ပြောလိုက်လေသည်။

"စိုး မင်း ချို စွေ့...."

ယွဲ့စွေ၏မျက်နှာသည် ရုတ်တရက် ဖြူဖွေး၍ သွားသည်။

ပြီးမှ

သူမ၏ နုတ်ခမ်းကလေးအား တချက် ကိုက်လိုက်သည်။

ဓားသမားသည်၊

ယွဲ့စွေအားကြည့်ပြီး....

"ယွဲ့စွေ....မင်းရဲ့စိတ်ကို မင်း ထိန်းထားပါ၊ မင်းအကိုက ဒီ မသေခင် မှာခဲ့တယ်"

"ဘာကို မှာခဲ့တာလဲ"



"တကယ်လို့ သူဟာစိုးမင်းချိုစွေ့ရဲ့လက်ချက်နဲ့ သေခဲ့ယင်"

"သူ့အတွက် ဂလဲ့စား ချေပေးဘို့လား"

"မဟုတ်ဘူး၊ ဘယ်သူမှ ဂလဲ့စား မချေရဘူးလို့ မှာခဲ့တယ်"

ယွဲ့စွေ၏ နုတ်ခမ်းများသည်၊

တုန်ခါ၍ နေသည်။

သူမသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး၊

ကုလားထိုင် တလုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ပြီးမှ၊

စားပွဲပေါ်မှ အရက်ခွက်အား ယူ၍ မော့ချလိုက်လေတော့သည်။

× × ×

ဓားသမားသည်၊

ချူလျူရှမ်း၏ပခုံးအား လာ၍ပုတ်လိုက်လေသည်။

ချူလျူရှမ်းသည်၊

ဓားသမားအား တချက်လှည့်ကြည့်လိုက်ပြီး၊

ယွဲ့စွေထံသို့ လျှောက်သွားလေတော့သည်။

ယွဲ့စွေသည်၊

သူမရှေ့တွင် ရပ်လာသော၊

ချူလျူရှမ်းအား မော့၍ စေ့စေ့ကြည့်လိုက်သည်။

ချူလျူရှမ်းသည်၊

ပြုံး၍ပြလိုက်ပြီး....
"ကျနော့်နံမယ်က"
ယဲ့စွေသည် လက်ကာပြလိုက်ပြီး....
"ချူလျှူရှမ်း မဟုတ်လား"
"ဟုတ်ပါတယ်"

"ရှင်က အရက်ကို ဘယ်လောက် သောက်သောက် မမူးဘူး ဆို"

"နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်"

"ဒါပေမဲ့ တော်တော် များများတော့ ရှင် သောက်နိုင်တယ် မဟုတ်လား"

"ဒါတော့ သောက်ကြည့်မှ သိရမှာဘဲ"

"ဒါဖြင့် ကျမနဲ့အတူ ဘယ်လောက် များများ သောက်နိုင်မယ်ဆိုတာ ကြည့်ရအောင်"

ချူလျှူရှမ်းသည်၊
သူမ၏ရှေ့တွင် ဝင်၍ ထိုင်လိုက်ပြီး....

"ခင်ဗျားနဲ့သောက်ယင်တော့ ဘယ်လောက်များများ မူးမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

"လှတဲ့မိန်းကလေးတယောက်နဲ့ အတူအရက်သောက်တဲ့အခါမှာ ဘယ်လောက်များများ မမူးတတ်လို့ပါ"

ယဲ့စွေသည်၊
လှပစွာ တချက် ရယ်လိုက်ပြီး၊



အရက်အိုးအား လှမ်း၍ ပေးလိုက်လေသည်။
ချူလျှူရှမ်းသည်၊
လှမ်း၍ယူလိုက်ပြီး မော့ချလိုက်လေသည်။
ဓားသမားသည်၊
သက်ပြင်းတချက် ချလိုက်ပြီး....

"အင်း....တခါမှ အရက် မသောက်ခဲ့ဘူး၊ ဒါပေမဲ့ အတော် သောက်နိုင်သားဘဲ"

ချူလျှူရှမ်းသည် မျက်မှောင်ကုတ်၍ သွားပြီး၊
ဓားသမားအား လှမ်း၍ မေးလိုက်သည်။

"ယဲ့စွေက တခါမှ အရက် မသောက်ခဲ့ဘူး ဟုတ်လား"

"ဟုတ်တယ်၊ သူ ဒီရောက်လာပြီးတဲ့နေ့ အခုဟာ ပထမဆုံး အကြိမ် အရက် သောက်တာဘဲ"

ချူလျှူရှမ်းသည်၊
ယဲ့စွေအား လှမ်း၍ ကြည့်လိုက်သည်။
ယဲ့စွေသည်၊
သူ့အား ကြည့်၍ မနေပါ။
သူမသည်၊
အရက်အိုးအား မော့၍ သောက်နေလေသည်။

× × ×

အရက်အိုး လဲ၍သွားပြီ။
သို့သော်
ချူလျှူရှမ်း မလဲသေးပါ။

သူသည်၊
အရက်အိုး ကုန်သွားသည်နှင့်၊
အိမ်သို့ ပြန်ခဲ့လေသည်။
သူသည် တံခါးအား တွန်း၍ ဖွင့်ဝင်လိုက်သည်နှင့်၊
ချင်းချင်းအား တွေ့လိုက်ရလေသည်။
ချင်းချင်းသည်၊
ကုလားထိုင်ပေါ်တွင် ထိုင် မနေပါ။
သူမသည်၊
ကြမ်းပြင်ပေါ်တွင် ထိုင်၍နေသည်။
သူမ၏ရှေ့တွင်၊
အရက်အိုးတလုံး ချထားသည်။
သူမသည်၊
ချူလျူရှမ်းအား တွေ့လိုက်ရသည်နှင့်၊
ပြုံးလိုက်ပြီး....
"ကျူမနဲ့အတူ အရက် သောက်ရအောင်လား"
ချူလျူရှမ်းသည်၊
သူ၏ဝဲဘက်သို့ လှည့်၍ ကြည့်လိုက်သည်။
ထို့နောက်၊
သူ၏ယာဘက်သို့ လှည့်၍ ကြည့်လိုက်သည်။
မည်သူမျှ မတွေ့ပါ။
ပြီးမှ၊
သူသည်၊
သူ့ကိုယ်သူ လက်ညှိုးဖြင့် ထိုးပြလိုက်ပြီး....



"ကျနော့်ကိုလား"
ချင်းချင်းသည်၊
ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး....
"ဟင်း....ဟင်း....ဟုတ်ပါတယ်ရှင်၊ အဲဒီက ချူလျူရှမ်းဆို
တဲ့လူကြီးကို ခေါ်တာပါ"
"ကျနော် မသောက်လို့ မရဘူးလား"
ချင်းချင်း၏ နှုတ်ခမ်းကလေးသည်၊
ချက်ချင်းစူ၍သွားပြီး....
"မရဘူး"
ချူလျူရှမ်းသည်၊
ဘာမျှ ထပ်မပြောတော့ပါ။
သူ၏ပခုံးအား တွန့်ပြလိုက်ပြီး၊
ကြမ်းပေါ်သို့ ထိုင်ချလိုက်လေတော့သည်။

× × ×

ချူလျူရှမ်း။
သူသည် အိပ်ယာမှနိုး၍ လာလေသည်။
မည်မျှကြာအောင် အိပ်ပျော်သွားသည်ကို သူ မသိပါ။
သူအိပ်ယာမှနိုးသောအခါ၊
ပထမဆုံး သူ သိလိုက်သည်မှာ၊
ချင်းချင်းသည် အခန်းထဲ၌ ရှိမနေခြင်းပင်ဖြစ်သည်။

သူ၏ဦးခေါင်းတခုလုံးသည်၊
ကိုက်ခဲ၍နေလေသည်။
ကမ္ဘာကြီး တခုလုံးအား သူ၏ဦးခေါင်းထက်၌ တင်ထား ရသကဲ့သို့၊
အက်ကွဲမတတ်ခံစားနေရသည်။
ထို့ကြောင့်၊
သူသည်၊
ကုတင်ပေါ်တွင် ပြန်၍လဲလျောင်းလိုက်ပြီး၊
အနားယူလိုက်သည်။
သို့သော်၊
ပြူတင်းပေါက်အပြင်ဘက်မှ၊
လူတယောက်၏ ခေါ်သံက အနှောင့်အယှက်ပြု၍ လာလေ သည်။
"ဟော့-ချူလျူရှမ်း"
"ဗျို"
"ကျုပ်....ဒီတခါ ခေါ်တာပါနဲ့ဆိုယင် သုံးခါရှိနေပြီ"
"ဘာ အရေးကြီးတဲ့ကိစ္စရှိလို့လဲ"
"ခင်ဗျားနဲ့မတွေ့ရတာကြာလို့ တွေ့ချင်လို့ပါ"
ချူလျူရှမ်းသည်၊
ကုတင်ပေါ်မှထလိုက်ပြီး၊
အဝတ်အစားများကို ဝတ်လိုက်လေသည်။
ထို့နောက် အပြင်သို့ ထွက်ခဲ့လေသည်။
တုကုဟုန်သည်၊



အပြင်တွင်ရပ်လျက် သူ့အား စောင့်နေသည်ကို တွေ့ရသည်။
"ကဲ....ဆိုစမ်းပါအုံး၊ ဘာကိစ္စလဲ"
တုကုဟုန်သည်၊
ချူလျူရှမ်းအား ပြုံး၍ကြည့်လိုက်ပြီး၊
"ဒီမှာ ချူလျူရှမ်း မင်းကို သတိပေးစရာရှိလို့"
"ကျနော့်ကို သတိပေးမလို့ ဟုတ်လား"
"အေး၊ မင်း ယွဲ့လိမ်ကို သတိထားဆက်ဆံပါလို့ ငါ ပြောချင်တယ်"
"ဘာဖြစ်လို့"
"သိပ်ပြီး ကြောက်စရာကောင်းလို့"
"ဟုတ်လား၊ ကျနော်ကတော့ ချစ်စရာကောင်းတယ်လို့ ထင် တယ်"
"မင်းကလဲ လုပ်ပြီ၊ ငါက အကောင်းသတိပေးတာပါ"
"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"
"ကဲ-ငါသွားတော့မယ်၊ဒီမှာ ကြာကြာနေလို့မဖြစ်ဘူး"
တုကုဟုန်သည် ပြောပြောဆိုဆိုပင် ထွက်ခွာ၍ သွားလေ တော့သည်။
ချူလျူရှမ်းသည်၊
ထွက်ခွာသွားသော တုကုဟုန်၏၊
ကျောပြင်အား ငေး၍ကြည့်နေမိသည်။
ထိုစဉ်၊
ရုတ်တရက်၊

ခါးရောင်တချက် လက်သွားပြီး၊
ခါးတလက်သည်၊
ချူလျှူရှမ်း၏ရင်ဝသို့ ထိုးဝင်လာလေသည်။

× × ×

မျက်လုံးပြူးသွားသည်။
ချူလျှူရှမ်း မျက်လုံး ပြူးသွားသည်။
ထူ၏ရင်ဝသို့ ထိုးစိုက်လာသောခါးသည်၊
အလွန်လျင်မြန်ပြီး အရှိန်အဟုန်ကြီးမားသည်။
ရှောင်နိုင်ရန် အလွန် ခက်ခဲလေသည်။
သို့သော်၊
ချူလျှူရှမ်းသည် ရုတ်တရက် ရှောင်တိမ်းလိုက်ပြီး တဆက်တည်း၊
သူ၏လက်တဘက်သည်၊
ထိုးဝင်လာသော ခါးပိုင်ရှင်၏လက်အား၊
လျှပ်တပျက် ဖမ်း၍ထားလိုက်လေသည်။
ထို့နောက်၊
သူသည်၊
ခါးပိုင်ရှင်အား မော့၍ကြည့်လိုက်လေသည်။
သူ၏မျက်လုံးသည်၊
ဒုတိယအကြိမ် ပြူးကျယ်၍ သွားလေတော့သည်။



လှ ၍ အေးစက်သော၊
မျက်လုံးတစုံအား တွေ့ရသောကြောင့်ပင် ဖြစ်လေသည်။

× × ×

ယွဲ့စွေ။
သူမသည်၊
လှပ၍ အေးစက်သော မျက်လုံးများဖြင့်၊
ချူလျှူရှမ်းအား ကြည့်၍နေလေသည်။
ပြီးမှ၊
ပြုံးလိုက်သည်။
ချူလျှူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး ဖမ်းမိထားသော သူမ၏လက်အား လွှတ်၍ ပေးလိုက်လေသည်။
ပြီးမှ....
"ခင်ဗျားက ကျနော့်ကို ဘာဖြစ်လို့ သတ်ချင်ရတာလဲ"ဟု မေးလိုက်လေသည်။
ယွဲ့စွေသည် ပြုံးလိုက်ပြီး....
"ဘယ်သူက ရှင့်ကိုသတ်မယ် ပြောလို့လဲ"
"ဗျာ–အခုလို ခါးနဲ့ထိုးတာ သတ်ချင်လို့ မဟုတ်ယင် ကျီစားတာလို့ ပြောဦးမလို့လား"
"ဟင့်အင်း....သတ်ချင်တာလဲ မဟုတ်ဘူး....၊ ကျီမယ်တာလဲ မဟုတ်ဘူး"

"ဒါဖြင့်"
"စမ်းတာ"
"ဘာ...."

"ဟုတ်တယ်လေ၊ ချူလျူရှမ်းအစစ် ဟုတ်လား.... မဟုတ်
ဘူးလား ဆိုတာ-စမ်းကြည့်တာ"
"စမ်းတော့"
"ရှင်ဟာ ချူလျူရှမ်းဟုတ်ကြောင်း သိတာပေါ့"
"ဘာကြောင့်"
"ကျမရဲ့ ဓားကို ရှင်က ဖမ်းနိုင်လို့"
"မဖမ်းနိုင်ခဲ့ယင်"
"ရှင်ဟာ—ချူလျူရှမ်း အစစ်မဟုတ်လို့ သေလိုက်ပေါ့"

"ချူလျူရှမ်း အစစ်ဆိုယင် ခင်ဗျားရဲ့ဓားကို ဖမ်းနိုင်မယ်လို့
ယူဆ ထားတယ်ပေါ့"

"သိန်းငှက် လက်ချောင်း.... သိုင်းကွက်ဟာ ချူလျူရှမ်းရဲ့
အကျော်ကြားဆုံး သိုင်းကွက်ဆိုတာ သိုင်းလောက တခုလုံးက
သိနေတာဘဲ"

ဟုတ်ပါသည်၊ သိုင်းလောကတခုလုံးက သိထားသော သူ၏
'သိန်းငှက် လက်ချောင်း'သည် သူ၏ အသက်အား အချိန်မီ
ကယ်တင်ခဲ့သည် မဟုတ်ပါလော။

သူသည် ယဲ့စွေအား မဲ့ပြုံး ပြုံးပြလိုက်ပြီး—
"အင်း....ခင်ဗျားလဲ မဆိုး ပါဘူး၊ သိုင်းပညာ ထိပ်တန်း



အဆင့်မှာ ရှိနေတာဘဲ၊ ဒါနဲ့ နေပါဦး၊ ကျနော်ဟာ....ချူလျူ
ရှမ်း အစစ်ဆိုယင် ခင်ဗျားက ဘာလုပ် မလို့လဲ"
"လက်ထပ် မလို့"
"ဗျာ...."
ဤ အကြိမ်သည် ချူလျူရှမ်းအတွက် တတိယအကြိမ် မျက်
လုံးပြူးခြင်းပင် ဖြစ်ပါသည်။

"ဗျာ-မနေနဲ့၊ ကျမကို အဖေက ရှင်နဲ့ ပေးစားဖို့ နားချ
တယ်၊ အဲဒါ-ကျမက ရှင်ဟာ-ချူလျူရှမ်း အစစ် ဟုတ်-မဟုတ်
စမ်းသပ်ပြီးမှ အဖြေပေးမယ်လို့ ပြောခဲ့တယ်"
"ခင်ဗျားအဖေက ဘယ်သူလဲ"
"ဓားသမား"
"ဗျာ...."
လောကကြီးသည် မထင်မှတ်တာတွေကို ဖြစ်တတ်သည်။
ယခုလည်း ချူလျူရှမ်း အံ့သြစရာများ ဖြစ်၍ နေပြန်သည်။

ချူလျူရှမ်းသည် သူ၏ပြူးကျယ်နေသော မျက်လုံးကို ပြန်
လှည့်၍ သိမ်းဆည်းလိုက်ပြီး....
"ဩ....ဓားသမားက ခင်ဗျားရဲ့ အဖေ-ဟုတ်လား"
"ဟုတ်တယ်"
"ဒါနဲ့၊ မသိလို့ မေးရဦးမယ်"
"မေးပါ"
"ဓားသမားဟာ-ဘယ်သူလဲ၊ ဟဲ....ဟဲ....ကျနော့် ယောက္ခမ
ဟာ....ဘယ်သူ ဘယ်ဝါဆိုတာ သိထားဖို့လိုတယ် မဟုတ်လား"

"မလိုပါဘူး၊ ခါးသမားလို့ သိထားယင် လုံလောက်ပါပြီ-" ဟု ပြောပြီး ယဲ့စွေသည် ချူလျူရှမ်းအနားမှ ထွက်ခွာ သွားလေတော့သည်။

ဤ တကြိမ် ချူလျူရှမ်း မျက်လုံး မပြူးတော့ပါ။
သို့သော်
သူ၏ပါးစပ်သည် ဟ၍ ကျန်ခဲ့ လေတော့သည်။
အမိုက်မှောင်ရွာသည် သူ့အား နေစရာ အိမ်ပေးသည်။
စားသောက်စရာ များလည်း ပေးသည်။
ယခု မိန်းမလည်း ပေးစားဦးမည် မဟုတ်ပါလား။
ထိုစဉ်
"ဒေါင်-ဒေါင်-ဒေါင်-"ဟူသော ခေါင်းလောင်းသံ ပေါ်ထွက်၍ လာလေတော့သည်။

× × ×

ခေါင်းလောင်းသံ။
ထူးခြားသော ခေါင်းလောင်းသံ ဖြစ်သည်။
ယင်း အသံသည် အမိုက်မှောင်ရွာ တခုလုံးအား လွှမ်းခြုံ၍ သွားလေသည်။
ယင်း ခေါင်းလောင်း သံကို ချူလျူရှမ်းသည် ဤ ရွာသို့ ရောက်ပြီးသည့်နောက် ဒုတိယအကြိမ် ကြားရခြင်းဖြစ်သည်။



ပထမအကြိမ်မှာ သူ့အား ခါးသမားက ဂုဏ်ပြု ညှော်ခံပွဲ ပြုလုပ်သည့်နေ့က ကြားရခြင်းဖြစ်သည်။
ထို့ကြောင့် သူသည် တီးတိုးရွတ်ဆိုလိုက်လေသည်။
"အင်း....ဒီတခါ ဘယ်သူ့ကို ဂုဏ်ပြုဦးမယ်မသိဘူး"

× × ×

ညှော်ခန်း။
ကျယ်ဝန်းသည်။
သပ်ယပ်သည်။
စားသောက်ဖွယ်ရာ များလည်း ပြည့်စုံလှသည်။
ထို့ပြင်၊
ညှော်ခံပွဲသို့၊
တက်ရောက် လာသူများလည်း စုံလင်၍ နေသည်။
ညှော်ခန်းထဲသို့၊
ချူလျူရှမ်း လှမ်းဝင်လိုက်သည်နှင့်၊
ညှော်ခန်းထဲမှ လူများသည်၊
သူ့အား ဝိုင်း၍ ကြည့်နေကြလေသည်။
သူတို့၏ မျက်နှာ အမူအယာသည်၊
ထူးခြား၍ နေသည်။
ခါးသမားသည်၊
ချူလျူရှမ်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်း....နောက်ကျတယ်"

ချူလျှူရှမ်းသည်၊

သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး....

"ဟုတ်တယ်....ဒီကိုလာတာ လမ်းမှားသွားလို့.... နောက်ကျသွားတယ်"

"မင်း....ခေါင်းလောင်းသံ-မကြားဘူးလား"

"ကြားတယ်....ကြားလို့ အချိန်မီလာတာဘဲ"

"ဒီမှာ-လူတွေစုံနေပြီ....မင်းကို ဒို့တတွေ စောင့်နေရတယ်"

"ဟာ....ဝမ်းနဲစရာဘဲ....ကျနော့်ကို-အားလုံး စောင့်ဘို့ မလိုပါဘူး ထင်တယ်"

"လိုတယ်.... တခြား နေ့တွေမှာ မလိုပေမဲ့.... ဒီနေ့မှာ လိုတယ်"

ချူလျှူရှမ်း၏၊

မျက်ခုံးမွေးသည် နိမ့်၍ဆင်းလာပြီး၊

မျက်မှောင် ကုတ်သွားလေသည်။

သူသည်၊

ခားသမားအား၊

စေ့စေ့ ကြည့်လိုက်ပြီး....

"ဘာဖြစ်လို့လဲ"

"ဒီ-ညှော်ခံပွဲဟာ .... မင်းနဲ့-ယဲ့ခစ္စရဲ့ မင်္ဂလာညှော်ခံပွဲ ဖြစ်နေလို့ကွ"

"ဗျာ"

ချူလျှူရှမ်းသည်၊



အံ့ဩစွာဖြင့် ခားသမား၏ အနီးတွင် ထိုင်နေသော ယဲ့ခစ္စအား လှမ်းကြည့်လိုက်လေသည်။

ယဲ့ခစ္စသည်၊

သူ့အား စိုက်၍ကြည့်နေလေသည်။

ထိုစဉ်

"ကျမ....ကန့်ကွက်တယ်"

ဟူသော အသံတသံ ပေါ်ထွက်လာလေသည်။

ညှော်ခန်းထဲရှိ လူများသည်၊

အသံလာရာသို့ လှမ်း၍ ကြည့်လိုက်လေသည်။

သို့သော်

ချူလျှူရှမ်းသည် လှည့်၍၊

မကြည့်ပါ။

ယင်း အသံ ကြားလိုက်သည်နှင့်၊

ယဲ့လိမ်ဖြစ်ကြောင်း သူ သိ၍နေသည် မဟုတ်ပါလော။

× × ×

ယဲ့လိမ်။

သူမသည်၊

ခားသမားအား စေ့စေ့ ကြည့်လိုက်ပြီး၊

သူမ၏ စကားအား၊

ထပ်မံ၍ ပြောလိုက်လေသည်။
"ကျမ-ကန့်ကွက်တယ်"
ခေါ်သမားသည်၊
သူမအား စေ့စေ့ ပြန်ကြည့်လိုက်ပြီး....
"မင်းက-ဘာဖြစ်လို့-ကန့်ကွက်ရတာလဲ"
ယုံလိမ်သည်၊
မဲ့ပြုံးကလေး တချက် ပြုံးလိုက်သည်။
သို့သော်
ထိုမဲ့ပြုံးလေးသည်၊
လှ၍ပင် နေပါသည်။
ပြီးမှ၊
"ယုံစွေက-ရှင့်ရဲ့ သမီးအရင်းပါ.... ၊ကျမက-ရှင့်ရဲ့ မွေးစား
သမီးပါ....၊ ဒါပေမဲ့-ကျမက အကြီးဖြစ်နေတယ်၊ ဒီတော့"
"ဒီတော့....ဘာဖြစ်လဲ"
ခေါ်သမားသည်၊
စိတ်မရှည်တော့ဘဲ ဖြတ်၍ မေးလိုက်သည်။
ယုံလိမ်သည် ပြုံး၍ ယုံစွေအား တချက်ကြည့်လိုက်ပြီး....
"ဒီတော့....အိမ်ထောင် ပြုတဲ့အခါမှာ....အကြီးကသာ အရင်
အိမ်ထောင်ပြုသင့်တယ် မဟုတ်လား"
ခေါ်သမား၏ ပါးစပ်သည် ပိတ်၍သွားသည်။
ယုံစွေသည်၊
"ဝုန်း" ကနဲ ထိုင်ရာမှ ထလိုက်ပြီး၊
ယုံလိမ်အား ရှုံ့မှုန်းစွာ တချက်ကြည့်လိုက်သည်။



ထို့နောက်
အခန်းထဲမှ တဟုန်းထိုး ပြေးထွက်၍ သွားလေတော့သည်။
ယုံလိမ်သည်၊
ယုံစွေ ပြေးထွက်သွားသည်ကို၊
လုံးဝ လှည့်မကြည့်ဘဲ၊
ခေါ်သမားအား....
"ကဲ....အခုအချိန်ကစပြီး .... ဒီညွှန်ခံပွဲကို....ကျမနဲ့ ချူလျူ
ရှမ်းရဲ့ မင်္ဂလာညွှန်ခံပွဲအဖြစ် ကြေညာပေးပါ"
ဟု ပြောလိုက်လေသည်။
ခေါ်သမားသည်၊
ယုံလိမ်အား အတန်ကြာ စိုက်၍ ကြည့်ပြီးမှ....
"ကောင်းပြီ၊ဒါပေမဲ့ ဒီကြေညာချက်ကို နောက်သုံးလကြာ
မှ ကြေညာပေးမယ်"
ဟု ပြောလိုက်ပြီးနောက်၊
တဆက်တည်း၊
ချင်းချင်းဘက်သို့ လှည့်လိုက်ပြီး—
"ချင်းချင်း"
"ရှင်"
"ဒီသုံးလ အတွင်း ချူလျူရှမ်းကို မင်းလက်ထဲ အပ်လိုက်
တယ်"
ဟု ပြောပြီး ခေါ်သမားသည် အခန်းတွင်းမှ ထွက်သွားလေ
တော့သည်။
ယုံလိမ်သည်၊

သူမ၏ နုတ်ခမ်းအား တချက်ကိုက်လိုက်ပြီး၊
ချင်းချင်းအား လှမ်း၍ ကြည့်လိုက်လေသည်။
ပြီးမှ၊
အခန်းထဲမှ ထွက်သွားလေတော့သည်။
ညှော်ခံပွဲသို့ တက်ရောက်လာကြသော လူများ သည်လည်း၊
တယောက်ပြီး တယောက်၊
ညှော်ခံပွဲကို စွန့်ခွာ၍ သွားလေတော့သည်။
ညှော်ခန်းထဲတွင်၊
လူသားနှစ်ဦးသာ ကျန်ခဲ့လေတော့သည်။
ထို လူသား နှစ်ဦးမှာ၊
ချူလျူရှမ်းနှင့် ချင်းချင်း။
ချင်းချင်းသည်၊
ချိုမြမြလေး ပြုံး၍၊
ချူလျူရှမ်းအား ကြည့်နေလေသည်။
ချူလျူရှမ်းသည်၊
သူ၏ပခုံးအား တွန့်၍ ပြလိုက်လေသည်။

မိုးကြိုးစစ်ဆင်ရေး

တရက်၊
နှစ်ရက်၊
သုံးရက်၊
ချူလျူရှမ်းသည်၊
သူ၏ လက်ချောင်းကလေးများကိုချိုး၍ ရေတွက်လိုက်သည်။
သုံးရက်။
ဓားသမားသည် သူ့အား၊
ချင်းချင်းလက်သို့ အပ်လိုက်ခဲ့သည်မှာ၊
သုံးရက်မြောက်ပြီ မဟုတ်ပါလော။
ထို သုံးရက်အတွင်း၊
သူသည်၊

စားလိုက် အိပ်လိုက်နှင့် အချိန် ကုန်ခဲ့ရလေသည်။
သို့သော်၊
ယနေ့၊
သူ အိမ်တွင်းအောင်း မနေနိုင်တော့ပါ။
ယနေ့၊
အစည်းအဝေး ကျင်းပမည် ဖြစ်ကြောင်း၊
တမာန်တော် လာရောက် ပြောကြား သွားသည် မဟုတ်ပါ
လော။
ထို့ကြောင့်၊
သူသည်၊
အစည်းအဝေးခန်းသို့ ထွက်လာခဲ့လေ့တော့သည်။

× × ×

ခန်းမ။
ကျယ်ဝန်းသည်။
သပ်ယပ်သည်။
ဤအခန်းသည်၊
ဓားသမား၏ အစည်းအဝေးခန်းမဖြစ်သည်။
အခန်းထဲတွင်၊
ဖိတ်ကြားထားသူများ၊
စုံလင်စွာ ရောက်ရှိနေလေသည်။



ဟိုက်ချီစွမ်းသည်၊
ထိုင်ရာမှ ထလိုက်ပြီး၊
အခန်းထဲရှိ လူများအား တချက်ဝေ့ကြည့်လိုက်သည်။
ပြီးမှ၊
"အဟမ်း၊ လူတွေလဲ စုံနေပြီ ဖြစ်တဲ့အတွက် အစည်း အဝေး
ကို စတင်ပါပြီ"
ဟု ကျေညာလိုက်လေသည်။
ထို့နောက်၊
တဆက်တည်းပင်၊
သူ၏ ကျယ်လောင်သော အသံဖြင့်၊
ရှင်းပြလေတော့သည်။

× × ×

စစ်ဆင်ရေး။
ထိုစစ်ဆင်ရေးကို၊
အမည်နာမ ပေး၍ ထားသည်။
'မိုးကြိုး စစ်ဆင်ရေး'
ထို 'မိုးကြိုး စစ်ဆင်ရေး' အား၊
လှုပ်ရှားမှုအဆင့် (၄) ဆင့် ခွဲထားလေ့သည်။
ပထမအဆင့်တွင်၊
လက်ရွေးစင်များအား ရွေးချယ်၍ တာဝန်ပေးအပ်ခြင်း။

ဒုတိယအဆင့်တွင်၊
ရုပ်ဖျက်၍ အမိုက်မှောင်ရွာမှ တသုတ်စီ ခွဲထွက်ခြင်း။
တတိယ၊

ခေါးသမားမဲ့ အမိန့်ကိုစောင့်၍ တိုက်ခိုက်ရန် အသင့်ပြင်ထားခြင်း။

စတုတ္ထ၊
မိုးကြိုးပစ်ခြင်း။
သို့မဟုတ်၊
စတင်လှုပ်ရှားခြင်း၊
ဟူ၍ဖြစ်သည်။
ဤ အကြောင်းအရာများကို၊
ဟိုက်ချီစွမ်းသည် ရှင်းလင်းပြီးနောက်၊
ခေါးသမားသည်၊
ထိုင်ရာမှ ထလိုက်ပြီး....
"အမိုက်မှောင်ရွာကို ရောက်ရှိနေတဲ့....တကြိမ်သေဘူးပြီးတဲ့ပုဂ္ဂိုလ်တို့ခင်ဗျား"
ခေါးသမားသည်၊
ပြောလက်စ စကားကို ခေတ္တဖြတ်၍ ထားလိုက်ပြီး၊
ဝါးခမောက်အောက်မှ သူ့မျက်လုံးဖြင့်၊
အခန်းထဲရှိ လူများအား ဝေ့၍ ကြည့်လိုက်သည်။
ပြီးမှ....
"ခင်ဗျားတို့က မေးလိမ့်မယ်.... မိုးကြိုး စစ်ဆင်ရေးဟာ



ဘာလဲ၊ဘာကြောင့်လုပ်ရမှာလဲ....ဒီတော့–ခင်ဗျားတို့ မမေးခင်....ကျုပ်က အနည်းငယ် ရှင်းပြပါ့မယ်"
ခေါးသမားသည်၊
သူ၏ စကားကို ခေတ္တ ရပ်နားလိုက်ပြီးမှ၊
ပြန်လည်၍ ဆက်ပြောလေသည်။

"ဒီလိုပါ....တချို့ လူတွေဟာ....သူတို့ သေသင့်တာ ကြာနေပါပြီ....ဒါပေမဲ့....သူတို့ မသေသေးပါဘူး....သူတို့ကို ဘယ်သူမှလဲ မဆုံးမရဲဘူး .... လုပ်သင့် လုပ်ထိုက်တဲ့ .... ကိစ္စရပ်တွေကိုလဲ ဘယ်သူမှ မလုပ်ရဲကြဘူး....ဒီတော့–သေသင့်တဲ့လူတွေကို သေခိုင်းရမယ်....လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စရပ်တွေကိုလဲ ပြတ်ပြတ်သားသား .... လုပ်ပစ်ရမယ်.... အဲဒီတာဝန်တွေကို အခုအချိန်ကစပြီး 'မိုးကြိုးစစ်ဆင်ရေး' နဲ့အတူ ခင်ဗျားတို့–ကျုပ်တို့က ပြတ်ပြတ်သားသား တာဝန်ယူပြီး.... 'မိုးကြိုးပစ်' ကြစို့လား"

အခန်း တခုလုံးသည်၊
တိတ်ဆိတ်၍ နေသည်။
ပရွက်ဆိတ် တကောင်၏၊
ခြေသံကိုပင် ကြားရလောက်အောင်၊
တိတ်ဆိတ်၍ နေသည်။
အားလုံးသော လူများသည်၊
ခေါးသမားထံမှ၊
ထပ်မံ ပေါ်ထွက်လာမည့် စကားကို နားစွင့်၍ နေသည်။
ခေါးသမားသည်၊

ဝါးခမောက်အောက်မှ၊
အေးစက်သော မျက်လုံးဖြင့်၊
လူ အားလုံးအား ခြုံ၍ ကြည့်လိုက်သည်။
ချူလျူရှမ်းသည်၊
သူ၏စိတ်ထဲမှ၊

မားသမားအား ကြိတ်၍ ချီးကျူးနေမိသည်။
မားသမားသည်၊
အကြံဉာဏ် ကောင်းသည်။
ထို့ပြင်၊

စကားပြောလည်း ကောင်းသော လူတယောက် ဖြစ်ကြောင်း သိလိုက်ရလေသည်။

ထိုစဉ်
မားသမားသည်၊
သူ၏စကားအား ပြန်၍ ဆက်လေသည်။

"အခု....ကျုပ်တို့ လူခုနစ်ယောက်ကို မိုးကြိုးပစ်ရမယ်....ဘယ်သူတွေလဲဆိုတော့....ဝူတန်ဂိုဏ်းက ဂိုဏ်းချုပ် 'စုင်'၊ ရှောင်လင်ကျောင်းက 'ထိကျင်း'၊ ကယ်ပ ဂိုဏ်းက 'ဝမ်းဘယ်အိတ်'၊ ချန်ကျန်းမြစ်က 'ရေပေါ်ဝဲ'၊ ယန်ထန်နယ်မှ 'ကောင်းဟုန်ချန်း'၊ ပ စန်းတောင်က 'ရှောက်ကု' နဲ့ နောက်ဆုံး တယောက်ကတော့ သိန်းငှက်မျက်လုံး 'လောက်ချစ်' တို့ဘဲဖြစ်တယ်"

မားသမား၏ စကားအား ကြားလိုက်သည်နှင့်၊
ချူလျူရှမ်း၏၊



မျက်ခုံးမွှေးတို့သည် နိမ့်၍ ဆင်းလာပြီး၊
မျက်မှောင် ကုတ်သွားလေသည်။
အခန်းထဲရှိ လူများ၏ မျက်နှာသည်၊
အံ့သြခြင်း၊
မယုံကြည်နိုင်ခြင်း၊
စသည့် သံသယ အရိပ်အရောင်များသည် တပြိုင်တည်း ပေါ်၍ လာလေတော့သည်။

× × ×

ပုဂ္ဂိုလ်ကြီး (၇) ဦး။
သူတို့သည်၊
သာမန် လူသားများ မဟုတ်ပါ။
ထို ၇ ဦးသည်၊
သူတို့မြို့၏ နယ်ပယ်များတွင်၊
အလွန် သြဇာ အာဏာရှိသော၊
မြို့စားကြီးများနှင့်၊
ဂိုဏ်းချုပ်ကြီးများပင် ဖြစ်ပါသည်။
ထို့ပြင်၊
သူတို့သည်၊
တဦးက တောင် တဦးက မြောက်၊
စသဖြင့် သီးခြားနေထိုင်ကြပြီး၊

သူတို့၏ လက်အောက်တွင်၊

လက်ရွေးစင်သိုင်းသမားပေါင်း မြောက်များစွာ ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့်၊

သူတို့အား 'မိုးကြိုးပစ်' ရန်မှာ၊

လွယ်ကူသော အလုပ်မဟုတ်ကြောင်း၊

ချူလျူရှမ်း နားလည်လိုက်လေသည်။

ထို့အတူ၊

အခန်းထဲရှိ လူများသည်လည်း၊

သဘောပေါက် နားလည်ထားကြလေသည်။

ဓားသမားသည်၊

အခန်းထဲရှိ လူများ၏ အမူအယာအား တချက်မျှ အကဲခတ်လိုက်သည်။

ထို့နောက်၊

သူ၏စကားအား ဆက်၍ပြောပြန်သည်။

"အခု ကျုပ်ပြောခဲ့တဲ့ ခုနစ်ဦးဟာ တသီး တခြားစီ နေထိုင်တော့ သူတို့ကို လုပ်ကြံဘို့ဆိုတာ မဖြစ်နိုင်ဘူးလို့ သံသယ ဝင်နေရတာတယ် မဟုတ်လား၊ ဒါကြောင့်လဲ ကျုပ်က အချိန် ဆွဲခဲ့ ရတာပေါ့၊ ဒါပေမဲ့ ကျုပ်တို့ 'မိုးကြိုးပစ်'တဲ့ အချိန်မှာ သူတို့ဟာ တနေရာထဲမှာ ရှိနေလိမ့်မယ်"

ဓားသမား၏ စကားကြောင့်၊

အခန်းထဲရှိ လူများ တိတ်ဆိတ်သွားလေသည်။

ဓားသမားသည်၊



သူ၏စကားအား ပြန်၍ ဆက်လေသည်။

"ဝူတာန်ဂိုဏ်းကဂိုဏ်းချုပ်ကြီး 'မေကျင်း'ကို ခင်ဗျားတို့ ကြားဘူးမှာပေါ့၊ သူ ကွယ်လွန်ခဲ့တာ လာမဲ့ လေးလဆယ့်သုံးရက်ဆိုယင် ဆယ်နှစ်ပြည့်ပြီ၊ ဒါကြောင့် အဲဒီနေရာမှာ ကွယ်လွန်သူ မေကျင်းရဲ့ ဆယ်နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပလိမ့်မယ်၊ အဲဒီနေ့မှာဘဲ ဝူတာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို ဆက်ခံဘို့အတွက် ရွေးချယ်တင်မြှောက်ပွဲပါ ကျင်းပလိမ့်မယ်"

ထိုစဉ်၊

တုလီခင်းက ထလိုက်ပြီး....

"နေပါအုံး၊ ဝူတာန်ဂိုဏ်းမှာ ဂိုဏ်းချုပ် 'စုင်' ရှိနေတာဘဲ"

ဓားသမားသည်၊

တုလီခင်းအား လက်ကာပြလိုက်ပြီး၊

"စုင်ဟာ ခေတ္တဂိုဏ်းချုပ် လုပ်နေတာပါ၊ အဲဒီနေ့ ကျမှ ရွေးချယ်တင်မြှောက်ကြမှာ၊ ဒါကြောင့် အဲဒီနေရာကို အနယ်နယ်က မြို့စားကြီးတွေ၊ ဂိုဏ်းချုပ်ကြီးတွေ လာကြလိမ့်မယ်၊ နောက်ပြီး နေပြည်တော်က မင်းမှုထမ်းတွေလဲ လာကြလိမ့်မယ်၊ အဲ.... ကျုပ်တို့ မိုးကြိုးပစ်ရမဲ့ ခုနစ်ယောက်ဟာလဲ ရောက်လာလိမ့်မယ်"

"ဒါဖြင့် အဲဒီနေ့မှာ ကျုပ်တို့ လှုပ်ရှားရမယ် ဆိုပါတော့"

ဟု တုလီခင်းက ဝင်၍ မေးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့က လေးလ ဆယ့်သုံးရက် မတိုင်မီထဲက ဝူတာန်တောင်ကို အရောက်သွားကြရလိမ့်မယ်၊ ကျုပ်တို့ရဲ့ စစ်ဆင်

ရေး အောင်မြင်ယင် သိုင်းလောကတခုလုံး ဂယက်ရိုက်သွားလိမ့်မယ်၊ ခင်ဗျားတို့အတွက်လဲ **အများကြီး** အကျိုးရှိလာလိမ့်မယ်”

ဟု ဓားသမားသည် ရှင်းပြလေသည်။

ထိုစဉ်၊

‘ကောင်းတု’ သည် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်၊

သူ့နှာခေါင်းအား တချက် ပွတ်လိုက်ပြီး....

“ဒီ စစ်ဆင်ရေး အောင်မြင်မယ်လို့ ခင်ဗျား ထင်လား”

ဓားသမားသည်၊

လက်ကာပြလိုက်ပြီး....

“အသေးစိတ် စီစဉ် ထားပါတယ်၊ ဒါကြောင့် ရာနှုန်းပြည့် အောင်မြင်မယ်လို့ ပြောရဲတယ်၊ ဒါပေမဲ့ အလွန်အန္တရာယ် ကြီးတယ်ဆိုတာလဲ ကြိုပြောပါရစေ၊ ဒီတော့ ဒီ လှုပ်ရှားမှုမှာ မပါဝင်ချင်တဲ့လူရှိယင် အခုထဲက ပြောပါ”

ဟု ပြောယင်း၊

ဓားသမားသည်၊

ဝါးခမောက်အောက်မှ အေးစက်သော မျက်လုံးများဖြင့်၊ အခန်းထဲရှိ လူများအား တဦးစီ လိုက်၍ကြည့်လေသည်။

အခန်း တခုလုံးသည်၊

ရုတ်တရက် တိတ်ဆိတ်၍ သွားလေတော့သည်။

တိတ်ဆိတ်ခြင်းသည်၊

ဝန်ခံခြင်းဟု ဆိုသည်။

ဤသို့ဆိုလျှင်၊



အခန်းတခုလုံး တိတ်ဆိတ်၍ နေသည်မှာ၊

အခန်းထဲရှိ လူများသည်၊

‘မိုးကြိုး’ စစ်ဆင်ရေး၌ ပါဝင်မည်ဟု ဝန်ခံခြင်း ပေလော။

× × ×

တိတ်ဆိတ်ခြင်းအား၊

စတင် ဖြိုခွဲလိုက်သူမှာ၊

ဓားသမားပင် ဖြစ်ပါသည်။

သူ၏ အသံသည်၊

အေးစက်ပြီး တည်ငြိမ်၍ နေလေသည်။

“ကောင်းပြီ၊ ‘မိုးကြိုးစစ်ဆင်ရေး’ ရဲ့ လှုပ်ရှားမှု ပထမအဆင့် အရကျုပ်က တာဝန်ခွဲပေးမယ်၊ သေသေချာချာ နားထောင်၊ ဝူတန်ဂိုဏ်းက ဂိုဏ်းချုပ် ‘စုငံ’ ကို တမာန်တော်က တာဝန်ယူရမယ်၊ ရှောင်လင်ကျောင်းက ‘ထိကျင်း’ အတွက် ဗိုလ်မှူး၊ ကယ်ပါဂိုဏ်းက ‘ဝမ်းဘယ်အိတ်’ ကိုတော့ တလီခင်းက တာဝန်ယူရမယ်၊ ချန်ကျန်းမြစ်က ‘ရေပေါ်ဝဲ’ အတွက် ဟိုက်ချီစွမ်းက တာဝန်၊ ပါစန်းတောင်က ‘ရှောက်ကု’ အတွက် အကိုဝမ်းကွဲရဲ့ တာဝန်၊ ယန်ထန်နယ်က ‘ကောင်းဟုန်ချန်း’ ကိုတော့ ကောင်းတုက တာဝန်ယူရမယ်၊ နောက်ဆုံး သိန်းငှက်မျက်လုံး ‘လောက်ချစ်’ ကိုတော့ အထိန်းတော်က တာဝန်ယူရမယ်၊ မှတ်မိတယ်နော်”

ဟိုက်ချီစွမ်းသည်၊
ထိုင်ရာမှထပြီး....
"ဒါဆို.... ကျနော်တို့က တဒေသကျင်း တာဝန် ယူရမှာပေါ့"
"ဟုတ်တယ်"
"ဒီလိုဆို.... ကျနော်တို့က အလကား သက်သက် အသေခံတို့ သွားတာနဲ့ မတူဘူးလား"
ဓားသမားသည်၊
စားပွဲအား တချက် ပုတ်လိုက်ပြီး....
"ဒါတွေကို ကျုပ်နားလည်ပါတယ်၊ အသေးစိတ်စီစဉ်ထားပြီးတဲ့အတွက် စိုးရိမ် စရာ အခြေအနေမရှိဘူး"
"ရှိပါတယ်"
ဟူသောအသံနှင့်အတူ၊
ကောင်းတုသည်၊
ထိုင်ရာမှ ထလိုက်လေသည်။
ဓားသမားသည်၊
ကောင်းတုအား စေ့စေ့ကြည့်လိုက်ပြီး....
"ဘာကြောင့် ရှိတယ်လို့ ပြောနိုင်တာလဲ"
"ဝူတန် တောင်ပေါ်မတက်ခင် 'လက်နက်ချ' ရောက်မှာပါလှာသမျှ လက်နက်တွေကို ထားခဲ့ရလို့ပါ၊ ဒါကြောင့်"
ကောင်းတုသည်၊
သူ၏စကားအား ဆုံးအောင် မပြောလိုက်ရပါ။



ဓားသမားသည်၊
လက်ကာပြလိုက်ပြီး....
"ဒီအတွက်တော့ မပူပါနဲ့ဗျာ....ဝူတန် တောင်ပေါ် ရောက်ယင် လိုအပ်တဲ့ လက်နက်တွေ ရလာပါလိမ့်မယ်၊ ကဲ–ဘာမေးချင်သေးလဲ"
အခန်းတခုလုံး တိတ်ဆိတ် နေသည်။
ဓားသမားသည်၊
သူ၏စကားကို ဆက်၍ပြောလိုက်သည်။
"ကဲ....မေးစရာရှိယင် လှုပ်ရှားမှုရဲ့ ဒုတိယ အဆင့်အရ ကျုပ်တို့ဟာ အမိုက်မှောင်ရွာကနေ ထွက်ခွာကြဘို့ဘဲ၊ တစုတဝေးကြီး ထွက်ခွာရမှာ မဟုတ်ဘူး၊ လူစုခွဲပြီး သွားရမှာ ဖြစ်တယ်....၊ နောက်ပြီး–ရုပ်ဖျက်သွားကြရမှာ၊ ပြီးတော့လဲ လူတိုင်း လူတိုင်းမှာ တာဝန်တခုစီ ပါသွား လိမ့်မယ်၊ ဒါကတော့– လူတိုင်းအတွက် စီစဉ်ထားပြီးပြီ၊ တယောက်နဲ့ တယောက် တူမှာတော့ မဟုတ်ဘူး၊ လှုပ်ရှားမှုတတိယအဆင့်နဲ့ စတုတ္ထ အဆင့်ကတော့ အချိန်မရောက်သေးလို့ ကျုပ် မပြောတော့ဘူး"
ဓားသမားသည်၊
မောသွားသည့်အလား၊
ခေတ္တ ရပ်နားလိုက်သည်။
ပြီးမှ၊
တဖန် ဆက်၍....
"ခင်ဗျားတို့ဟာ–လူ့လောကထဲမှာ ပြန်ပြီး အသက် ရှင်သန်ဘို့က ခင်ဗျားတို့ရဲ့ လုပ်ငန်းအောင်မြင်မှုသာ ဖြစ်နိုင်မယ် ဆိုတာ

ခင်ဗျားတို့ နားလည်ထားကြပါ၊ ကျုပ်-ဆုတောင်း လိုက်ပါတယ်၊ တကြိမ်သေပြီးတဲ့ အမိုက်မှောင်ရွာက လူတွေဟာ လူ့ဘဝထဲမှာ ပြန်လည် အသက် ရှင်လာပါစေလို့"

ဟု ပြောလိုက်ပြီး၊

စားပွဲပေါ်မှ အရက်ခွက်အား မော့ချ လိုက်လေသည်။

အမိုက်မှောင်ရွာသို့၊

ရောက်ရှိလာသူများသည်၊

လူ့လောကထဲ၌ လူသားများက မရှိတော့ပြီ-ဟူ၍ သတ်မှတ်ထားပြီးသည့် လူများပင် ဖြစ်ပါသည်။

ထိုလူများသည်၊

လူ့လောကထဲတွင် ပြန်လည်၍ ဝင်ရောက် ရှင်သန် နိုင်ပါဦးမည်လော။

× × ×

ချူလျူရှမ်း။

သူသည်၊

အရက်ခွက်ကို ကိုင်၍ မော့ချလိုက်သည်။

ထို့ကြောင့်၊

သူ၏ လက်ဖဝါး များတွင်၊

ချွေးများ စို့နေကြောင်း သိလိုက်ရလေသည်။



ထို့နောက်၊

သူသည်၊

ထိုင်ရာမှ ထလိုက်ပြီး....

"အင်း-ကျနော့်မှာ ဘာတာဝန်မှ မရှိတာဘဲ၊ အေးအေးဆေးဆေး ပြန်အိပ်တော့မယ်"

ဟု ပြောပြီး လှည့်ထွက် လိုက်လေသည်။

ဓားသမားသည်၊

ရုတ်တရက်လှမ်း၍ တားလိုက်လေသည်။

"နေအုံး-ချူလျူရှမ်း"

ချူလျူရှမ်းသည် ရပ်လိုက်ပြီး....

ဓားသမားအား လှည့်၍ ကြည့်လိုက်လေသည်။

ပြီးမှ၊

ပြုံး၍ ပြလိုက်ပြီး....

"ကျနော့်မှာ ဘာတာဝန်မှ မရှိတာ"

ဓားသမားသည်၊

ပြုံး၍....

"မင်းမှာ တာဝန်ရှိပါတယ်"

"ဗျာ...."

"အေး၊ မင်း ထမ်းဆောင်ရမဲ့ တာဝန်ဟာ 'မိုးကြိုး'စစ်ဆင်ရေး'ရဲ့ သော့ချက်ဘဲ"

"ဘာ သော့ချက်လဲ"

"အချိန်တန်ယင် သိရမှာပေါ့ကွာ"

ဟု ပြောလိုက်ပြီး၊

ဓားသမားသည်၊

အခန်းထဲရှိ လူများအား ကြည့်၍....

"ကဲ....ကဲ၊ မနက်ဖန်ကစပြီး အားလုံး လှုပ်ရှား ကြမယ်.... ကျုပ်ဆီက အမိန့် ရောက်လာတာနဲ့ ထွက်ခွာဖို့ အသင့်ပြင်ထားပါ၊ ကဲ....အားလုံး သွားနိုင်ပါပြီ"

ဟု ပြောလိုက်လေသည်။

ပြီးမှ၊

သူသည်၊

ချူလျူရှမ်းနားသို့ လျှောက်လာပြီး....

"ချူလျူရှမ်း၊ မင်းရဲ့ တာဝန်ဟာ–အခု လှုပ်ရှားမဲ့ ခုနစ်ယောက်ကို ဦးဆောင်ပြီး ခေါ်သွားဖို့ဘဲ"

ထို့နောက်၊

ဓားသမားသည်၊

ချင်းချင်း ဘက်သို့ လှည့်ကြည့်လိုက်သည်။

ပြီးမှ....

"ချင်းချင်းရဲ့ တာဝန်ကတော့ ချူလျူရှမ်းရဲ့ အလွန်ချစ်တဲ့ ဇနီးအဖြစ် တာဝန် ထမ်းဆောင်ရလိမ့်မယ်၊ ဒါကြောင့် အစစအရာရာ ကိုယ့်ယောကျ်ားကို ထိန်းထိန်း သိမ်းသိမ်းနဲ့ မမှားရအောင် ဂရုစိုက်ပါ"

ဟု ပြောလိုက်ပြီး၊

အခန်းထဲမှ ထွက်ခွာသွားလေသည်။

ချူလျူရှမ်းသည်၊



ချင်းချင်းအား ကြည့်လိုက်ပြီး....

"ကဲ–မိန်းမရေ၊ အိမ် ပြန်ကြစို့"

ဟု ပြောလိုက်လေသည်။

ချင်းချင်း၏ မျက်နှာလေးသည်၊

ပန်းနုရောင် ပြေး၍လာပြီး၊

သူမ၏ နုထွေးသော လက်သီးဆုပ်ကလေးများက၊

ချူလျူရှမ်း၏ နောက်ကျောပြင်ပေါ်သို့ ကျရောက်သွားလေတော့သည်။

× × ×

(၄) လ (၅) ရက်။

ယနေ့၊

ရာသီဥတုသည်၊

သာယာလျက် ရှိနေသည်။

အချိန်မှာ၊

မွန်းတည့်ချိန် ဖြစ်သော်လည်း၊

ပူပြင်းခြင်း မရှိပါ။

ထိုအချိန်တွင်၊

'မင်းလမ်းမ' ကြီး ပေါ်တွင်၊

မြင်းလှည်း တစီးနှင့်၊

မြင်းကိုယ်စီ စီးထားသော လူတစုသည်၊

အေးဆေးစွာ ခရီးနှင်လျက် ရှိလေသည်။
ထို လူစုသည်၊
နေပြည်တော်မှ၊
အနားယူ၍ မွေးရပ်မြေသို့ ပြန်လာသော၊
မြို့တော်ဝန်ဟောင်းနှင့်၊
အခြွေအရံများပင် ဖြစ်လေသည်။
မြို့တော်ဝန်သည်၊
အသက် (၆၀) ခန့်ရှိပြီး၊
သူသည် မြင်းလှည်းထဲတွင် ထိုင်၍၊
အေးဆေးစွာ လိုက်ပါလာလေသည်။
သူ၏ရှေ့ မျက်နှာချင်းဆိုင်တွင်၊
အသက် (၅၀) ခန့်ရှိ၊
မြို့တော်ဝန်ကတော်သည် လိုက်ပါလျက် ရှိလေသည်။
မြင်းလှည်း၏ ရှေ့တွင်၊
အသက် (၂၀) ခန့်ရှိ လူရွယ်တယောက်သည်၊
မြင်းစီး၍ ခရီးနှင်နေသည်။
ထိုလူရွယ်သည်၊
မြို့တော်ဝန်၏ သားပင် ဖြစ်လေသည်။
မြင်းလှည်း၏၊
ဝဲယာတွင်၊
မြို့တော်ဝန်၏ အခြွေအရံများသည်၊
မြင်းကိုယ်စီ စီး၍ လိုက်ပါလျက် ရှိလေသည်။



တကယ်တော့၊
ဤ အကြောင်းအရာ များသည်၊
ထိုလူစုအား၊
လူအများစုက သိထားသော ကိစ္စရပ်များသာ ဖြစ်သည်။
သို့သော်
ထိုလူစုသည်၊
လူအများစုက သိထားသော၊
မြို့တော်ဝန်ဟောင်းနှင့်၊
အခြွေအရံ အသင်းအပင်းများ မဟုတ်ကြချေ။
တကယ်တော့၊
ထိုလူစုသည်၊
အမိုက်မှောင်ရွာမှ နောက်ဆုံးအသုတ်အနေဖြင့် ထွက်ခွာလာကြသော လူစုပင် ဖြစ်ပါသည်။

× × ×

ချူလျူရှမ်း။
သူသည်၊
အသက် (၆၀) ခန့်၊
အဖိုးအိုအသွင် ရုပ်ဖျက်၍ ထားပြီး၊
မြို့တော်ဝန် အဝတ်အစားများ ဝတ်ဆင်၍ ထားလေသည်။

ချင်းချင်း။
သူမသည်လည်း၊
အသက် (၅၀) ခန့်၊ အဖွားအိုတဦးအသွင် ရုပ်ဖျက်ထားပြီး
မြို့တော်ဝန်ကတော် တဦးအသွင်၊
သပ်ယပ်စွာ ဝတ်ဆင်ထားလေသည်။
အကျႌဝမ်းကွဲ၊
ဟိုက်ချီစွမ်း၊
ဇောင်းတု၊
တုလီခင်း၊
တမာန်တော်၊
အထိန်းတော်၊
သူတို့သည်လည်း၊
သူတို့၏ ပင်ကိုယ်ရုပ်သွင်အား ရုပ်ဖျက်၍ လိုက်ပါလာကြလေသည်။

× × ×

ဤ အကြိမ်သည်၊
ဒုတိယ အကြိမ်ဖြစ်သည်။
အမိုက်မှောင်ရွာမှ၊
ချူလျူရှမ်း ထွက်ခွာသွားခြင်းသည်၊
ယခု အကြိမ်သည် ဒုတိယ အကြိမ်ပင် မဟုတ်ပါလော။



ပထမအကြိမ်တွင်၊
သူသည်၊
အမိုက်မှောင်ရွာသို့ ပြန်၍ သွားခဲ့သည်။
သို့သော်
ယခု အကြိမ်တွင်၊
သူသည်၊
အမိုက် မှောင် ရွာ သို့ မည်သည့်အခါမှ ပြန်သွားလိမ့်မည် မဟုတ်ပါ။
လူ့ လောကထဲသို့၊
ပြန်ရောက်လာသော လူတယောက်သည်၊
အမိုက်မှောင်ရွာသို့၊
မည်သူ ပြန်သွားချင်ပါမည်နည်း။

× × ×

(၄) လ (၆) ရက်။
'အန်းဟု'
လူတယောက်၏ အမည်မဟုတ်ပါ။
တည်းခိုခန်း တခု၏၊
အမည်ပင် ဖြစ်ပါသည်။
စားကောင်း သောက်ဖွယ်များ ရှိသည့်နေရာကို ညွှန်ပြပါဟု ဆိုလျှင်၊

'အန်းဟု' တည်းခိုခန်းကို ညွှန်ပြပေလိမ့်မည်။
ခိုနားရန် သပ်ယပ်သော တည်းခိုခန်းကို ညွှန်ပြပါဟုဆိုလျှင်၊
'အန်းဟု' တည်းခိုခန်းကို ညွှန်ပြပေလိမ့်မည်။
ထို့ပြင်၊
'အန်းဟု' တည်းခိုခန်းသည်၊
'ဝါးရွက်စိမ်း' အရက်ကြောင့် အတော်ပင် နံမည်ကြီးနေ
ပါသည်။

သို့သော်၊
ယခု၊
'အန်းဟု' တည်းခိုခန်းသည်၊
ယခင်ထက် ပို၍ နံမည်ကြီးလာလေသည်။
အဘယ်ကြောင့် ဆိုသော်၊
မြို့တော်ဝန်တို့ လူစုသည်၊
ဤဆိုင်ကလေး၌ တည်းခိုနေကြသည် မဟုတ်ပါလော၊
ထို့ကြောင့်၊
ဆိုင်ရှင်နှင့် ဆိုင်အလုပ်သမားများ၏ မျက်နှာပေါ်တွင်၊
ဂုဏ်ယူဝင့်ကြွားသော အသွင်သဏ္ဌာန်များ ပေါ်လွင်၍နေ
လေသည်။
သူတို့သည်၊
မြို့တော်ဝန်တို့ လူစုအား၊
လုံးလသေး မရှိအောင်ပင်၊
ပျူပျူငှာငှာ ဧည့်ခံ၍ နေကြလေသည်။



ဆိုင်ရှင်သည်၊
မြို့တော်ဝန် ခိုင်းစေနိုင်ရန်၊
အလွန် ဖျတ်လတ် သွက်လက်သော၊
ဆိုင်အလုပ်သမား တဦးအား သီးခြား ပေးထားလေသည်။

× × ×

(၄)လ (၇)ရက်။
ခရီးမဆက်နိုင်ပါ။
မြို့တော်ဝန်တို့ လူစုသည်၊
ခရီးမဆက်နိုင်ပါ။
အဘယ်ကြောင့် ဆိုသော်၊
မြို့တော်ဝန် (ဝါ) ချူလျူရှမ်းသည်၊
မကြာခဏ ဝမ်းသွားနေသောကြောင့်ပင် ဖြစ်ပါသည်။
ဤသည်မှာ၊
'အန်းဟု' တည်းခိုခန်း၏၊
စားသောက်ဖွယ်ရာများသည် ကောင်းမွန်၍လော။
ချူလျူရှမ်းသည်၊
အစားအစာများ လွန်ကဲစွာ စားမိ၍လော မသိပါ။
မည်သို့ပင် ဆိုပါစေ၊

ချူလျူရှမ်းတို့ လူစုသည်၊
ယနေ့၊
ခရီး မဆက်ဖြစ်တော့ပါ။

× ×

(၄) လ (၈) ရက်။
ယနေ့၊
ရာသီ ဥတုသည်၊
သဘော မကောင်းတော့ပါ။
ကောင်းကင်တခုလုံး၊
ညိုမှိုင်း၍ နေသည်။
မိုးရွာမည့် လက္ခဏာများ ပေါ်လွင်၍ နေသည်။
ချူလျူရှမ်းသည်၊
သက်သာ၍ သွားပြီ ဖြစ်သည်။
သို့သော်၊
နလံ ထစ္ဆ၍၊
အားနည်းနေသေးသည် ဖြစ်၍၊
အနားယူနေရသည်။
ထို့ကြောင့်၊
ယနေ့လည်း၊



ချူလျူရှမ်းတို့ လူစု၊
ခရီး မဆက်ဖြစ်ပါ။

× × ×

(၄) လ (၉) ရက်။
ရာသီဥတုသည်၊
ဗေဒဖောက်၍ နေသည်။
မိုးရွာရန် ဟန်ပြင်နေသော်လည်း၊
မိုးမရွာသေးပါ။
သို့သော်၊
ကောင်းကင်တခုလုံးသည်၊
တိမ်တိုက် တိမ်လိပ်များဖြင့်၊
ညိုမှိုင်း၍ နေသည်။
ချင်းချင်း။
အကိုဝမ်းကွဲ။
ဟိုက်ချီစွမ်းတို့ လူစု၏၊
မျက်နှာများသည်လည်း၊
မဲမှောင်၍ မျက်မှောင်ကုတ်လျက် ရှိနေလေသည်။
မြို့တော်ဝန် (ဝါ) ချူလျူရှမ်းသည်၊
အနားယူရန် လိုအပ်နေသော်လည်း၊
သတ်မှတ်ထားသည့်အချိန် နောက်ကျမည်ကို၊

စိုးရိမ်သဖြင့်၊
သူ့လူများအား၊
ခရီးထွက်ရန်၊
အမိန့်ပေးလိုက်လေတော့သည်။
ထို့ကြောင့်၊
ယနေ့၊
ခရီးဆက်ကြလေတော့သည်။

× × ×

အကွေ့ အကောက်များသည်၊
ကြမ်းတမ်းသည်။
တစထက် တစ၊
ကျောက်တုံး ကျောက်ခဲကလေးများသည်၊
ပိုမို၍ များပြားလာလေသည်။
ထို့ပြင်
ထိုလမ်း တလျှောက်လုံး၌၊
သက်ရှိ သတ္တဝါ ဟူ၍၊
မြို့တော်ဝန်တို့ လူစုသာ ရှိလေသည်။
ဝန်းကျင်တခုလုံးတွင်၊
လူနေအိမ်ခြေဟူ၍ မတွေ့ရချေ။
ဝန်းကျင် တခုလုံးအား၊



မြက်ပင်၊ နွယ်ပင်များက လွှမ်းမိုး၍နေလေသည်။
အကိုဝမ်းကွဲသည်၊
ရုတ်တရက်၊
ရပ်တန့်လိုက်ပြီး–
"ဟေ့–ဒို့ ဒီလမ်းကို ဘယ်လို ရောက်လာတာလဲ"
မြို့တော်ဝန် (ဝါ) ချူလျူရှမ်းသည်၊
ချောင်းတချက် ဟန့်လိုက်ပြီး–
"အချိန်မီရောက်အောင် ဖြတ်လမ်းက လာတာ"
အထိန်းတော်သည်၊
ချူလျူရှမ်းအား၊
မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး....
"ဖြတ်လမ်း၊ ဟုတ်လား"
ချူလျူရှမ်းသည်၊
သူ၏ ပခုံးအား တွန့်ပြ လိုက်ပြီး....
"လာတုန်း ကတော့ ဖြတ်လမ်းက လာတာဘဲ၊ ဘယ်လို လုပ်ပြီး လမ်းမှားသွားသလဲမှ မသိတာ"
"ကဲ....တော်ပါတော့၊ ရှင်တို့ ဒီလို ငြင်းခုံ နေမဲ့အစား မြန်မြန် ခရီးနှင်ကြစမ်းပါ"
ဟု မြို့တော်ဝန်ကတော်(ဝါ) ချင်းချင်းက၊
ဝင်ရောက် ပြောလိုက်လေတော့သည်။

× × ×

ကောင်းကင် တခုလုံးသည်၊
အုံ့မှိုင်း၍ နေသည်။
တစထက် တစ အုံ့မှိုင်း၍လာသဖြင့်၊
ဝန်းကျင်တခုလုံးသည်၊
တဖြည်းဖြည်း မှောင်၍ လာလေသည်။
ထို့ကြောင့်
စောစီးစွာ မိုးချုပ်သွားလေတော့သည်။
ထို့ကြောင့်
ချုံလျှို ရှုမ်းသည်၊
သူ့ လူများအား လှမ်း၍....
"ဟေ့ -ဒီ အနီးတဝိုက်မှာ တည်းခိုဘို့နေရာ ရှိ-မရှိရှာကြစမ်းပါဟ၊ အိပ်တာ ဘယ်လိုဘဲ အိပ်ရ အိပ်ရ၊ ဗိုက်အဆာတော့ မခံနိုင်ဘူး"
ဟု အမိန့်ပေးလိုက်ရလေသည်။
ထို့ကြောင့်
အကိုဝမ်းကွဲသည်၊
မနေသာတော့ဘဲ၊
တည်းခိုရန် နေရာအား ရှာရလေတော့သည်။
သူကိုယ်တိုင်ကလည်း၊
ဆာလောင် မွတ်သိပ်နေပြီ မဟုတ်ပါလော။

× × ×



သင်သည်၊
တစုံတခုအား ရှာဖွေမည် ဆိုပါက၊
ရှာဖွေဖြစ်အောင် ရှာဖွေကြည့်ပါ။
ရှာဖွေရန် ကြိုးစားကြည့်ပါ။
ထိုသို့
ကြိုးစား ရှာဖွေမှသာလျှင်၊
မိမိ အလိုရှိရာကို၊
ရရှိမည် မဟုတ်ပါလော။
ယခု
အကိုဝမ်းကွဲသည်၊
တည်းခိုရန် နေရာအား ရှာဖွေ နေလေသည်။
သူသည်၊
ကြိုးစား၍ ရှာဖွေသည်။
ထိုသို့
ကြိုးစားခြင်းသည်၊
အချိုးနှီး မဖြစ်ပါ။
အဘယ်ကြောင့် ဆိုသော်
သူသည်၊
တည်းခိုရန်နေရာအား၊
ရှာဖွေ တွေ့ရှိခဲ့ပြီ မဟုတ်ပါလော။

× × ×

အကိုဝမ်းကွဲသည်၊
တောင်ကုန်းကလေး တခုအား၊

ကျော်လွှား လိုက်သောအခါ၊
လူနေအိမ် တလုံးအား တွေ့ရှိ လေတော့သည်။
ထိုအိမ်သည်၊
ကြီးမားသည်။
သို့သော်
ဝန်းကျင် တခုလုံးအား၊

အမှောင်ထုက လွှမ်းမိုးထားသဖြင့်၊
အလင်းရောင်သည် လျော့နည်း၍ နေလေသည်။
လျော့နည်းနေသော အလင်းရောင် အောက်တွင်၊
ထို အိမ်ကြီးသည်၊
မကောင်းဆိုဝါး ပမာ၊
ထီးထီးကြီး တွေ့မြင်ရလေသည်။
သို့သော်၊

အကိုဝမ်းကွဲသည်၊
ထိတ်လန့်ခြင်း မဖြစ်ပါ။

ထို့ အတူ၊
မြို့တော်ဝန်တို့ လူစုသည်လည်း၊
ထိတ်လန့် ကြောက်ရွံ့ခြင်း မဖြစ်ကြပါ။
အဘယ်ကြောင့် ဆိုသော်၊



လမ်းပေါ်တွင် နေရခြင်းထက်
ထိုအိမ်ကြီးဘွင် တည်းခိုရခြင်းသည်၊
ပိုမို ကောင်းမွန်သည် မဟုတ်ပါလော။

●

### လူထူးလူဆန်း

အိမ်ကြီးသည်၊
ကြီးမားသည်။
ထို့အတူ၊
ခြံဝန်း၏ တံခါးပေါက်သည်လည်း၊
ကျယ်ဝန်းလေသည်။
ထို ခြံဝန်း၏ တံခါးပေါက်သည်၊
မြင်း(၆)ကောင် တပြိုင်တည်း ဝင်နိုင်သည်အထိ၊
ကျယ်ဝန်းလေသည်။
ထူးခြားသည်မှာ၊
ဤမျှ ကြီးမားသော အဆောက်အဦတွင်၊



မီးရောင် လုံးဝမတွေ့ရချေ။
ထို့ပြင်၊
အသံများလည်း တိတ်ဆိတ်၍နေလေသည်။
အသဲငယ်သူများ အတွက်၊
ထိတ်လန့်တုန်လှုပ်စရာပင် မဟုတ်ပါလော။
ဤအိမ်ကြီးသည်၊
လူဆိုးများ၏ စခန်းပေလော။
မည်သို့ပင် ဆိုပါစေ၊
ချုံလျှိုရှမ်းတို့ လူစုသည်၊
ထို အိမ်ကြီး၌ပင်၊
တညတာ တည်းခိုရမည် မဟုတ်ပါလော။
ထို့ကြောင့်၊
အထိန်းတော်သည်၊
အိမ်ကြီး၏ တံခါးမကြီးပေါ်ရှိ၊
သံကွင်းအား ခေါက်လိုက်လေသည်။
"ချွင်....ချွင်....ချွင်"
ဟူသော မြည်သံသည်၊
တိတ်ဆိတ်ခြင်းအား ဖြိုခွင်း လိုက်လေတော့သည်။
သို့သော်၊
အတန်ကြာသည့် တိုင်အောင်၊
အိမ်ကြီးအတွင်းမှ၊
ထူးခြားမှု ရှိမလာပါ။
ထို့ကြောင့်၊

အထိန်းတော်သည်၊
ထပ်မံ၍ သံကွင်းအား ခေါက်ရန်၊
လက်လှမ်း လိုက်လေတော့သည်။

× × ×

"ကျွ ဗ"
ဟူသော အသံနှင့်အတူ
တံခါးမကြီးသည် ပွင့်ဟ၍ လာလေသည်။
ပွင့်ဟသွားသည့်၊
တံခါးကြားမှ၊
မီးရောင်သည်၊
အပြင်သို့ တိုး၍ ထွက်လာလေသည်။
ထို့နောက်၊
လူတယောက်သည်၊
မီးအိမ်ကိုကိုင်၍ လေးလံစွာ ထွက်လာလေသည်။
ထိုလူအား တွေ့လိုက်ရသည်နှင့်၊
အထိန်းတော်သည်၊
ထိတ်လန့်ကာ နောက်သို့ ခြေတလှမ်း ဆုတ်လိုက်မိလေသည်၊
ချင်းချင်းသည်၊
ချူလျူရှမ်းနှင့် ယှဉ်၍ ရပ်နေရာမှ၊
ထိုလူအား တွေ့လိုက်ရသည်နှင့်၊



လန့်၍ မအော်မိစေရန်၊
သူမ၏ ပါးစပ်အား လျင်မြန်စွာ လက်ဖြင့် ပိတ်လိုက် ရလေသည်။
ထိုလူ၏၊
ကိုယ်ခန္ဓာ တခုလုံးသည်၊
ရွှံ့များ လိမ်းကျံ၍ နေသဖြင့်၊
မြေကြီးထဲမှ ထလာသူနှင့် တူနေပါသည်။
ထိုလူသည်၊
ချူလျူရှမ်းတို့အား၊
ပြုံး၍ ပြလိုက်ပြီး....
"ဘာကိစ္စ ရှိလို့လဲ"
ဟု မေးလိုက်လေသည်။
အထိန်းတော်သည်၊
ထိုလူအား ကြည့်ယင်း....
"ကျုပ်တို့ လမ်းမှားပြီး ရောက်လာလို့.... ဒီမှာ တညလောက် တည်းခိုခွင့် ပေးပါ"
ဟု ပြောလိုက်လေသည်။
သူသည်၊
သူ၏ အသံအား မတုန်စေရန် ကြိုးစား၍ ပြောသော်လည်း၊
သူ၏ အသံသည်၊
အနည်းငယ် တုန်ခါ၍ နေလေသည်။
ထိုလူသည်၊
ချူလျူရှမ်းတို့ လူစုအား၊

ခြုံ၍ ကြည့်လိုက်ပြီး....

"ကျုပ် သိပါတယ်၊ မင်းတို့ လမ်းသာ မမှားယင် ဒီလို မကောင်း ဆိုးဝါး အိမ်မျိုး ရောက်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းတို့ မစိုးရိမ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

ဟု အကိုဝမ်းကွဲက ဝင်၍ မေးလိုက်သည်။

ထိုလူက၊

သူ့ကိုယ်သူ လက်ဖြင့် ညွှန်ပြပြီး....

"ကျုပ်က လူကောင်းတယောက် ဖြစ်နေလို့ပေါ့"

ချင်းချင်းသည်၊

ထိုလူအား ကြည့်ပြီး....

"ရှင်-ရှင်... လူကောင်းသာ ဆိုတယ် ရှံ့တွေလဲ တကိုယ်လုံး လိမ်းကျံနေပါလား"

"မြေကြီးထဲက ထလာတာဆိုတော့ ဒီလိုဘဲ ပေကျံနေမှာ ပေါ့...."

"ရှင်-"

ချင်းချင်း၏ မျက်လုံးလေးသည် ဝိုင်းစက်၍ သွားလေသည်။

ထိုလူသည်

ချင်းချင်းအား ကြည့်ပြီး....

"ဟဲ—ဟဲ၊ ကျုပ် တီကောင်တူးနေတာ သုံး-လေးရက် ရှိနေပြီ၊ ဒါကြောင့် အခုလို ပေကျံနေတာပေါ့"

"ရှင်... တီကောင်တူးတယ်"



"ဟုတ်တယ်၊ အခုဆိုယင် တီကောင်ပေါင်း ခုနစ်ရာ ရှစ်ဆယ့် သုံးကောင်ရနေပြီ၊ အဲ....နောက်ထပ် ခုနစ်ရာ ဆယ့်ခုနစ်ကောင် ထပ်တူးရအုံးမယ်"

ချင်းချင်းသည်၊

အံ့သြစွာပင် မေးလိုက်လေသည်။

"ဒါလောက်များတဲ့ တီကောင်ကို ဘာလုပ်ရမှာလဲ"

"ဒါလား၊ ကျုပ် မိတ်ဆွေ တယောက်နဲ့ အလောင်းအစား တခုလုပ်ထားလို့၊ ရှုံးတဲ့လူက တီကောင် ထောင့်ငါးရာ တူးပေးရမယ်လေ"

"ဒါဖြင့် ရှင်က ရှုံးသွားတယ်ဆိုပါတော့"

"ဟင့်အင်း....မရှုံးသေးပါဘူး၊ ဒါပေမဲ့ ရှုံးဘို့တာ သေချာနေပါတယ်၊ ဒါကြောင့် ကြိုတင်ပြီး တူးထားရတာပါ"

ချင်းချင်းသည်၊

သူမ၏ ဦးခေါင်းအား ခါရမ်းလိုက်ပြီး—

"အင်း....ရှင်နဲ့ အလောင်း အစား လုပ်တဲ့လူဟာ.... လူထူး လူဆန်း တယောက်ဘဲ"

ထိုလူသည်၊

ချူလျူရှမ်းအား လှမ်း၍ တချက် ကြည့်လိုက်ပြီးမှ....

"ဟုတ်တယ်၊ ဒီလူဟာ ထူးဆန်းတာအက် လွန်ပြီး ရူးလဲရူး နေသေးတယ်၊ ရူးတာမှ မစင်တောင် စားမဲ့ အရူးဗျ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"အဲဒီလူက ရူးတယ်ထားပါတော့၊ ခင်ဗျားလဲ ရူးနေတာဘဲ မဟုတ်လား"

ထိုလူသည်

သက်ပြင်းတချက် ချလိုက်ပြီး—

"ဟုတ်တယ်၊ ကျုပ်လဲ ရူးနေတာဘဲ"

ဟု ပြောလိုက်လေသည်။

"ရှင်-မရူးပါဘူး၊ လူကောင်းပါ"

ချင်းချင်းသည် ထိုလူအားကြည့်၍ ပြောလိုက်သည်။

"ဗျာ-ကျုပ် မရူးဘူး၊ ဟုတ်လား"

"ဟုတ်ပါတယ်–ရှင် မရူးပါဘူး၊ ရှင်–ကျမတို့ကို ဒီမှာ တည တည်းခိုခွင့် ပြုမယ် မဟုတ်လား"

ထိုလူသည်

မျက်လုံး ပြူးကျယ်သွားပြီး—

"ဗျာ-ဒီမှာ တည တည်းမယ်-ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ထိုလူသည်

သက်ပြင်းတချက် ချလိုက်ပြီး....

"အင်း–ဒါဖြင့် ဟုတ်ပြီ"

ချင်းချင်းသည်၊

နားမလည်ဟန်ဖြင့်၊....

"ဘာ....ဟုတ်တာလဲရှင့်"

"ဩ-ကျုပ် မရူးဘူး လူကောင်း ဆိုတာလေ"



"ဘာဖြစ်လို့လဲရှင့်"

"ခင်ဗျားတို့ ရူးနေလို့ပေါ့"

ချင်းချင်း၏ မျက်လုံးကလေးသည်၊

ဝိုင်းစက်၍ သွားပြီး....

"ရှင်၊ ကျမတို့ ရူးနေလို့"

"ဟုတ်တယ်၊ ခင်ဗျားတို့ ရူးမနေယင် ဒီအိမ်မှာ တည တည်းခိုခွင့် တောင်းမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဟု ချင်းချင်းသည်၊

အံ့ဩစွာ မေးလိုက်လေသည်။

"ဒါကတော့ ခင်ဗျားတို့ တည်းခို ကြည့်ပေါ့၊ ဒီအိမ်မှာ တနာရီနေနိုင်ယင် ခင်ဗျားတို့အင်မတန် ကံကောင်းတဲ့ လူတွေဘဲ"

ဟု ပြောပြီး၊

ထိုလူသည်၊

အိမ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

ချူလျူရှမ်းတို့ လူစုသည်၊

တယောက်မျက်နှာ တယောက်ကြည့်ပြီး

အိမ်ကြီးထဲသို့ လိုက်၍ ဝင်သွားလေတော့သည်။

သူတို့သည် တကယ်ပင် ကံကောင်း နိုင်ပါမည်လော။

× × ×

အိပ်ခန်း ဆယ်ခန်း ရှိသည်။
အခန်းတိုင်းတွင်၊
မီးအိမ်များ ရှိလေသည်။
မီးအိမ်များတွင်လည်း ဆီများ ရှိလေသည်။
အိမ်ရှင်သည်၊
မီးအိမ်များအား ထွန်းညှိလိုက်ပြီး....
မြို့တော်ဝန်(ဝါ) ချူလျူရှမ်းတို့ လူစုအား၊
တယောက် တခန်းစီ တည်းခိုနိုင်ရန်၊
စီစဉ် ပေးလေသည်။
အိမ်ရှင်သည်၊
ချင်းချင်းအား နောက်ဆုံး လိုက်၍ ပို့ပေးပြီး....
အခန်းမှ ပြန်လည်ထွက်ခွာလိုက်သည်။
ချင်းချင်းသည်၊
ထိုလူအား လှမ်း၍ တားလိုက် လေသည်။
"နေပါအုံးရှင့်"
ထိုလူသည်
ရပ်တန့်သွားပြီး၊
ချင်းချင်းဘက်သို့ ဖြည်းညှဉ်းစွာ လှည့်လိုက်လေသည်။
ချင်းချင်းသည်၊
ထိုလူအား ပြုံး၍ ပြောလိုက်ပြီး....
"ဒီမှာ....ရှင် စောစောက ပြောသွားတယ် မဟုတ်လား။
ဒီမှာ တနာရီနေနိုင်ယင် ကံကောင်းတယ်ဆိုတာလေ"



"ဩ....အင်း....ဟုတ်တယ်"
"အဲဒါ-ဘာဖြစ်လို့လဲ"
ထိုလူသည်၊
ချင်းချင်းအား စိုက်၍ ကြည့်လိုက်ပြီးမှ၊
အေးစက်စွာ တလုံးချင်းပြောလိုက်လေသည်။
"ဒီမှာ....မကောင်းဆိုးဝါးတွေ သိပ်သောင်းကျန်းတယ်ဗျ"
ချင်းချင်းသည်၊
မျက်လုံးကလေး ပြူး၍၊
ထိုလူအား ကြည့်ယင်း ကျန်ခဲ့လေတော့သည်။

× × ×

ဆွဲဆွဲ ငင်ငင်ဖြင့် အူလိုက်သော၊
ဝံပုလွေ အူသံများသည်၊
အဝေးဆီမှ ပျံ့လွင့်၍ လာလေသည်။
ချင်းချင်းသည်၊
သိုင်းပညာရှင် တဦးဖြစ်ပါသည်။
သို့သော်
သူမသည် မိန်းမသားတဦးသာ ဖြစ်သည်။
ထို့ကြောင့်၊
ဝံပုလွေ အူသံများသည်၊
သူမ၏ စိတ်အား ကြောက်ရွံ့စေလေသည်။

ထိုကြောက်ရွံ့စိတ်က၊
သူမအား အိပ်မပျော်စေတော့ပါ။
အိပ်မပျော်လေ ပို၍ ကြောက်ရွံလာခလေ ဖြစ်နေလေသည်၊
ရုတ်တရက်၊
မီးအိမ်မှ မီးသည် ငြိမ်း၍သွားလေသည်။
ထို့ကြောင့်၊
အခန်းတခုလုံးသည် မှောင်မဲ၍ သွားလေတော့သည်။
အမှောင်ထုသည်၊
ကြောက်ရွံ့တတ်သူအား၊
ပိုမို၍ ကြောက်ရွံ့စေရန် ဖန်တီးပေးသည် မဟုတ်ပါလော၊
ယခုလည်း၊
ကြောက်ရွံ့လျက်ရှိသော ချင်းချင်းသည်၊
ရုတ်တရက်၊
မီးမှောင် ကျသွားသဖြင့်၊
ထိတ်လန့်ကာ ကုတင်ထက်မှ ဆတ်ကနဲ ထလိုက်မိလေသည်။
ထို့နောက်၊
အခန်းတံခါး ရှိရာသို့၊
တဟုန်ထိုး ပြေးလေတော့သည်။
သို့သော်
သူမသည်၊
မှောင်မဲနေ၍၊
နံရံနှင့် ဝင်ဆောင့်မိလေသည်။
သူမသည်၊



ကြောက်စိတ် ပိုလာကာ၊
လက်နှစ်ဘက်ဖြင့် တံခါးအား စမ်းသပ်ကြည့်ယင်း၊
ချူလူူရှမ်းတို့အား အော်ဟစ် အကူအညီ တောင်းလေတော့သည်။
သို့သော်
သူမသည်၊
ချူလူူရှမ်းတို့ထံမှ၊
တုံ့ပြန်သော အသံကို မကြားရပါ။
သူမ၏၊
ကိုယ်ခန္ဓာ တခုလုံးသည်၊
ချွေးများ စို့လာပြီး၊
တုန်ရီနေသော အသံဖြင့်၊
ချူလူူရှမ်းအား အော်ဟစ် ခေါ်နေလေသည်။
ရုတ်တရက်၊
အေးစက်သော လက်ချောင်းများသည်၊
သူမ၏ လည်ပင်းအား၊
လာရောက် ထိတွေ့သည်ဟု ခံစားလိုက်ရသဖြင့်၊
သူမသည်၊
စူးရှစွာ အော်ဟစ်လိုက်လေသည်။
"အား"

× × ×

(၄) လ (၁၀) ရက်။
ရာသီဥတုသည်၊
အလွန်မှ သာယာကောင်းနေသည်။
ကောင်းကင်ပေါ်မှ၊
အုံ့မှိုင်းနေသော တိမ်တိုက် တိမ်လိပ်များသည်၊
ကွယ်ပျောက်လျက် ရှိပြီး၊
သာယာ၍ နေလေသည်။
ချင်းချင်းသည်၊
သတိလစ်သွားရာမှ၊
ပြန်လည်၍ သတိရလာလေသည်။
သတိရလာသည်နှင့်၊
သူမ ပထမဦးဆုံး ခံစားလိုက်ရသည်မှာ၊
ပြူတင်းပေါက်မှ၊
နွေးထွေးမှုပင် ဖြစ်ပါသည်။
ထို့နောက်၊
ပြူတင်း ပေါက်သည်၊
လှပ်ရှားနေပြီး၊
ပြူတင်းပေါက်၏ အပြင်ဘက်မှ၊
သစ်ပင်များမှာလည်း၊
နောက်သို့ လျင်မြန်စွာ ရွေ့လျားနေသည်ကို တွေ့လိုက်ရလေတော့သည်။



သူမသည်၊
မျက်လုံးအား ပွင့်၍ ကြည့်လိုက်သည်နှင့်၊
သူမသည်၊
မြင်းလှည်းပေါ်တွင် ရောက်ရှိနေကြောင်း သိလိုက်ရလေတော့သည်။
သူမ၏ မျက်နှာပေါ်တွင်၊
အုံ့သြဟန်ပေါ်လွင်လျက် ရှိနေလေသည်။
ပို၍ အံ့သြရသည်မှာ၊
ချူလျူရှမ်းသည်၊
သူမ၏ရှေ့တွင် ထိုင်လျက်၊
သူမအား ပြုံးစေ့စေ့ဖြင့် ကြည့်နေခြင်းပင် ဖြစ်သည်။
သူမသည်၊
နုတ်ခမ်းတချက် ကိုက်လိုက်သည်။
နာကျင်၍သွားသည်။
ထို့ကြောင့်၊
သူမသည် အိပ်မက် မက်နေခြင်း မဟုတ်ကြောင်း နားလည်၍ သွားလေသည်။
သို့ဖြစ်၍၊
သူမသည်၊
ဆတ်ကနဲ ထ၍ထိုင်လိုက်ပြီး၊
ချူလျူရှမ်းအား၊
စေ့စေ့ ကြည့်လိုက်လေသည်။

ချူလျူရှမ်းသည် ပြုံး၍....

"မင်္ဂလာ နံနက်ခင်းပါ ချင်းချင်း"

ချင်းချင်း၏ မျက်လုံးကလေးများသည်၊

ပြူးကျယ်၍ သွားပြီး၊

"နံနက်....ဟုတ်လား"

"ဟုတ်ပါတယ်.... ဒါပေမဲ့ သိပ်တော့မစောတော့ဘူး၊ ဒါနဲ့ ဘာခုလောက် မေးပါရစေ"

"ဘာမေးမှာလဲ"

"ချင်းချင်း ခရီးထွက်သွားတိုင်း ဒီလိုဘဲ အအိပ် ကြီးတတ်သလား"

ချင်းချင်းသည်၊

အံကိုကြိတ်လိုက်ပြီး....

"ဒါနဲ့....နေပါအုံး၊ ကျမက ဘာဖြစ်နေလို့လဲ"

ချူလျူရှမ်း၏၊

မျက်ခုံးမွေးသည် နဖူးထက်သို့ ရောက်သွားပြီး....

"ဟာ....ကျနော်က အကြားအမြင်ရတာမှ မဟုတ်ဘဲ၊ ခင်ဗျား ဘာဖြစ်နေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိမှာလဲ"

"ဆီကုန်ယင်တော့ မီးငြိမ်းမှာဘဲ၊ ကျနော်က အိပ်ပျော်သွားယင် ဘာမှသိတာ မဟုတ်တော့ဘူး"

"ရှင်.... တကယ် မသိဘူးလား"

ချူလျူရှမ်းသည်၊

ချင်းချင်းအား စိုက်၍ ကြည့်လိုက်ပြီး....



"နေပါအုံး.... ညက ဘာဖြစ်လို့လဲ"

ချင်းချင်းသည်၊

ချူလျူရှမ်း၏ အမေးအား၊

မဖြေဘဲ ထပ်မံ မေးလိုက်လေသည်။

"ဟို....လူရော"

"ဘယ်သူလဲ"

"တီကောင်တူးတဲ့ လူလေ"

"ဩ....အိမ်ရှင်လား"

"ဟုတ်တယ်.... သူ အခု ဘယ်မှာလဲ"

"အိမ်မှာ ဘဲပေါ့၊ ဒို့ ထွက်လာတော့ တီကောင် တူးယင်း ကျန်ခဲ့တယ်၊ နေပါအုံး.... ချင်းချင်း ဘာဖြစ်နေတာလဲ"

"အဲဒီ တီကောင်တူးတဲ့လူက ပြောတယ်၊ မနေ့ညက ကျမတို့ တည်းတဲ့အိမ်မှာ မကောင်းဆိုးဝါးတွေ သောင်းကျန်းတယ်တဲ့"

"ဒါကို ချင်းချင်းက ယုံတယ်ပေါ့"

"အို....ယုံတယ်လဲ မဟုတ်ပါဘူး၊ ဒါပေမဲ့ မီးတွေ ငြိမ်းသွားပြီးတဲ့ နောက်မှာ ကျမရဲ့ လည်ပင်းကို လက်ချောင်း ကလေးတွေနဲ့"

ချင်းချင်း၏ စကားမဆုံးမီ၊

ချူလျူရှမ်းသည်၊

ရယ်မောလိုက်ပြီး....

"ဟား....ဟား....ဟား.... ခင်ဗျားက ကလေး ကျနေတာဘဲ၊ မကောင်းဆိုးဝါး ကြောက်နေရသလား၊ မကောင်းဆိုးဝါးရော တကယ်ရှိလို့လား"

ချင်းချင်းသည်၊
သူမ၏ ပါးစပ်အား ပိတ်၍ ထားလိုက်လေတော့သည်။
အတန်ကြာမှ....
"ကဲ....ဒီမြင်းလှည်းပေါ် ကျမ ဘယ်လို လုပ်ပြီး ရောက်လာတာလဲ"
"ပွေ့ပြီး ခေါ်လာတာလေ"
"ရှင်"
"ဟုတ်တယ်.... ဒီနေ့မနက် ခရီးဆက်ဘို့ ကျနော်တို့တွေ အားလုံး ပြင်ဆင်ပြီးတဲ့အထိ ခင်ဗျား အခန်းထဲက ထွက်မလာတာနဲ့ ခင်ဗျားအခန်းကိုသွားပြီး ခေါ်ကြတယ်၊ အခန်းထဲက ဘာသံမှ မကြားရလို့ ကျနော်တို့လဲ အခန်း တံခါးကို ဖျက်ပြီး ဝင်ကြည့်တော့ ခင်ဗျားရဲ့ လည်ပင်းမှာ ခြင်ထောင်ကြိုးစ ညှိနေတာ တွေ့ရတာဘဲ"

"ဒါဖြင့်.... ဘာလို့ မနိုးသလဲ"
"နိုးသားဘဲ- ခင်ဗျားက ကာလနဂါးနဲ့ ဆွေမျိုး တော်နေတော့ ဘယ်လိုမှ နိုးမရဘူး၊ ဒါနဲ့ ကျနော်က ခင်ဗျားကို ပွေ့ပြီး ခေါ်ခဲ့ရတာပေါ့"

"ဘာလို့ ရအောင် မနိုးတာလဲ"
"အော်....ကိုယ့်မိန်းမ ကိုယ်ပွေ့ပြီး မြင်းလှည်းပေါ် တင်ချင်လို့ပေါ့"
အကိုဝမ်းကဲ့နှင့် ဟိုက်ချီစွမ်းတို့သည်၊
ချူလျူရှမ်း၏ စကားကြောင့်၊



ပိုင်း၍ ရယ်လိုက်ကြလေသည်။
သူတို့၏ ရယ်သံများသည်၊
မြင်းလှည်း၏ ပြူတင်းပေါက်မှ ဝင်ရောက်လာပြီး၊
မြင်းလှည်း တခုလုံးအား လွှမ်းမိုး၍ သွားလေသည်။
ချင်းချင်း၏၊
မျက်စောင်းကလေးသည်လည်း၊
ချူလျူရှမ်းထံသို့ ကျရောက် သွားလေတော့သည်။

× × ×

ညနေ။
ယနေ့၊
နံနက်မှ စ၍၊
ညနေ ရောက်သည်အထိ၊
ချင်းချင်း စကားပြောသည်မှာ၊
အလွန် နည်းနေပါသည်။
သူမ၏ စကားများ ပြန်လည်၍၊
ပေါင်းကြည့်မည် ဆိုလျှင်၊
(၁၀)ခွန်းထက် များမည် မဟုတ်ပါ။
အရင်ထက် (၁၀)ပုံ (၉)ပုံမျှ လျော့နည်းသွားလေသည်။
သူမ၏ မျက်နှာသည်လည်း၊
ငြူငြော့၍ နေလေသည်။

သူမသည်၊
ဘာကြောင့် ယခုလိုဖြစ်နေရသနည်းဟု၊
ချူလျူရှမ်း အဖြေ ရှာကြည့်မိသည်။
မနေ့ညက ကိစ္စကြောင့်၊
အကြောက်လွန်၍ မနေသလော။
သို့မဟုတ်၊
ဝူတန်တောင်နှင့် နီးကပ်လာသော်လည်း၊
ဓားသမား၏ သတင်းမရဘဲ လုံးဝ အဆက်အသွယ် ပြတ်နေ၍
ပေလော။
ချူလျူရှမ်း မသိပါ။
ဘယ်သူမှလည်း မသိပါ။
ချင်းချင်းသာလျှင် သိပေလိမ့်မည် မဟုတ်ပါလော။
ချင်းချင်းသည်၊
မြင်းလှည်း၏ ပြူတင်းပေါက်မှ၊
အပြင်သို့ ငေးကြည့်နေသည်၊
သူမ၏ မျက်နှာသည် သုန်မှုန်၍ နေလေသည်။
ချူလျူရှမ်းသည်....
"အင်း....ဝူတန် တောင်ကို ရောက်ဖို့ နေ့ဝက် ခရီးဘဲ လို
တော့တယ်၊ အခုထိ ဓားသမားကိုလဲ မတွေ့ရသေးဘူး"
ဟု ညည်းညူ လိုက်လေတော့သည်။

× × ×



ညနေ။
ရာသီဥတု သာယာ၍လား မသိပါ။ ည်။
ယနေ့ညနေသည်၊
လှပ၍ နေလေသည်။
ထိုအချိန်တွင်၊
ချူလျူရှမ်းတို့ လူစုသည်၊
မြို့တွင်းသို့ ဝင်ရောက်လာလေသည်။ ကြီးသော
ထိုမြို့သည်၊
ချူလျူရှမ်းတို့လူစု နောက်ဆုံး ဝင်ရောက်လာသော
ဖြစ်သည်။
မနက်ဖန်ဆိုလျှင်၊
သူတို့ လူစုသည်၊
ဝူတန် တောင်သို့ ရောက်မည် မဟုတ်ပါလော။
ဝန်းကျင် တခုလုံးသည်၊
စည်ကား၍ နေလေသည်။
မြို့ကြီးများသည်၊
ယခုကဲ့သို့၊
လှပသော ဆည်းဆာ ချိန်မျိုး၌ ပို၍ စည်ကားမြဲ မဟုတ်
ပါလော။
ချူလျူရှမ်းတို့ လူစုသည်၊
စည်ကား သိုက်မြိုက်သော လမ်းမပေါ်တွင် ခရီးနှင်လျက်
ရှိသည်။

၂၄

ချူလျူရှမ်းသည်၊

ဆိုင်းလှည်းထဲမှ နေ၍ အပြင်ဘက် ဝန်းကျင်အား ကြည့်၍ ဘာ၊

ချူလ

မနေ့ညချင်းအား လှမ်း၍ မေးလိုက်လေသည်။

အကြေ..မိန်းမရေ၊ ဒို့ ဘယ်မှာ ထမင်းစားရမှာလဲ”

သို့မဟုတ်ချင်းသည်၊

ဝူတန်

ဓားသစာင်းတချက် ထိုးလိုက်ပြီး....

ပေလော။ ါနဲ့၊ ရှင့်ကို အကောင်းဆုံးဆိုင်မှာ ကျွေးမှာပါ”

ချူလယ်ဆိုင် အကောင်းဆုံးဆိုတာ ခင်ဗျား သိလို့လား”

ဘာသိတယ်”

““ဘယ်မှာလဲ”

“ဒီမှာပေါ့”

သူမ၏စကား ဆုံးသွားသည်နှင့်၊

မြင်းလှည်းသည် ရပ်တန့်၍ သွားလေတော့သည်။

× × ×

‘ရွှေနဂါး စားတော်ဆက်’

ကျယ်ဝန်းသည်။



ခမ်းနားသည်။

ထိုမြို့၌ အကောင်းဆုံး စားသောက် ဆိုင်ပင် ဖြစ်ပါသည်။

စားသောက်ဖွယ်ရာများ စုံလင်လှသည်။

ထို့ပြင်

ဟင်းချက်ရာ၌ လက်ရာ ကောင်းမွန်သည့်အပြင်၊

စားမိသူတိုင်း ဆွေမျိုး မေ့သွားသည်ဟု နံမည် ကြီးသော ဆိုင်ပင်ဖြစ်ပါသည်။

သို့သော်

ဆွေမျိုးမေ့သွားအောင်၊

အားရ ပါးရ စားမည်ဟု၊

ကြုံးဝါးထားသော၊

ချူလျူရှမ်းသည် မစားနိုင်တော့ပါ။

သူသည်၊

သူတို့စားပွဲနှင့် ကပ်လျက်ရှိသော စားပွဲမှ လူများအား.... ကြည့်ပြီး၊

မစားနိုင်တော့ခြင်း ဖြစ်ပါသည်။

သူတို့ စားပွဲနှင့် ကပ်လျက်ရှိသော စားပွဲတွင်၊

လူတစုသည်၊

ဝိုင်းဖွဲ့၍ထိုင်နေလေသည်။

ထိုလူများကို၊

ချူလျူရှမ်း သိပါသည်။
ထိုလူများသည်၊
သိန်းငှက် လောက်ချစ်၊
ဝမ်းဘယ်အိတ်တို့ လူစု ဖြစ်ပါသည်။
အထူးသဖြင့်၊
ထိုလူစုထဲမှ၊
သူ၏ အရင်းနှီးဆုံး သူငယ်ချင်း'မန်းလူ'ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။
မန်းလူသည်၊
မျက်မမြင်တယောက် ဖြစ်ပါသည်။
မျက်စိမြင်သူများသည်၊
သူ့အား မှတ်မိမည် မဟုတ်သော်လည်း၊
မျက်စိမမြင်သောသူသည်၊
သူ့အား မှတ်မိသွားနိုင်သည် မဟုတ်ပါလော။
သူ၏ ရင်တွင်း၌ နွေးထွေးမှုတခုကို ခံစား လိုက်ရလေသည်။
ဤသို့ ဖြစ်ရသည်မှာ၊
'မန်းလူ'အား တွေ့လိုက်ရသော အခါတိုင်းပင် ဖြစ်လေသည်။
ချင်းချင်းသည်၊
ချူလျူရှမ်းအား ကြည့်ပြီး....
"ရှင်—ဘာလို့ ထမင်း မစားတော့တာလဲ"
ချူလျူရှမ်းသည်၊



သူ၏မျက်နှာအား မဲ့ရွဲ့ပြလိုက်ပြီး....
"ဗိုက်ထဲက သိပ်မကောင်းဘူး....ဒါကြောင့်ပါ"

× × ×

မြင်းလှည်းသည်၊
အနီရောင်ခြယ်သ ထားသော ခြံဝန်းတခုထဲသို့၊
ချိုးဝင်လိုက်လေသည်။
မြင်းလှည်းထဲတွင်၊
ချူလျူရှမ်းသည်၊
သူ၏ ပါးစပ်အား ပိတ်ကာ လိုက်ပါလာလေသည်။
အတန်ကြာသောအခါ၊
မြင်းလှည်းသည်၊
ရပ်တန့်၍ သွားလေသည်။
ချူလျူရှမ်းသည်၊
ချင်းချင်းအား လှမ်း၍ ကြည့်လိုက်သည်။
ချင်းချင်းသည်၊
ဘာမှ မပြောဘဲ၊
မြင်းလှည်းပေါ်မှ ဆင်း၍ အိမ်ထဲသို့ ဝင်သွားလေသည်။
ချူလျူရှမ်းသည်လည်း၊
မြင်းလှည်းပေါ်မှ ဆင်းပြီး၊
အိမ်ထဲသို့ လိုက်၍ ဝင်လိုက်လေသည်။

ညှော့ခန်းထဲသို့ ရောက်သည်နှင့်၊
သူ၏ မျက်လုံးများသည် ပြူးကျယ်၍ သွားလေတော့သည်။
ညှော့ခန်းထဲရှိ စားပွဲပေါ်တွင်၊
စားသောက် ဖွယ်ရာများသည်၊
စုံလင်၍ နေပေသည်။
မွှေးကြိုင်လှသော ဟင်းနံ့များသည်၊
သူ၏ ဗိုက်အား ဆာလောင်စေလေသည်။
သူသည် ဘာမျှ မပြောတော့ဘဲ၊
စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။
ထို့နောက် မည်သူ့ကိုမျှ မကြည့်ဘဲ....
"ကဲ....ကဲ....ဒို့တွေ ဝိုင်းစားလိုက်ကြရအောင်" ဟု ပြောပြီး စတင် စားသောက်လေတော့သည်။

တကယ်တော့၊

ဟန်ဆောင် နေရခြင်းသည် ရောဂါတခု ရထားသည်နှင့် တူသည် မဟုတ်ပါလော။

× × ×

ချူလျူရှမ်း။

သူသည် ဆာလောင် နေပြီဖြစ်သော ဝမ်းဗိုက်အား ဖြည့်တင်းပြီးနောက် အရက်အား စိမ်ပြေနပြေ သောက်၍ နေသည်။

ထိုစဉ်



လူတယောက်သည် သူ့အနားသို့ ကပ်လာပြီး သူ့အား ဦးညွှတ်လိုက်လေသည်။

ပြီးမှ....

"အိမ်ရှင်က–ဆရာ့ကို တွေ့ချင်လို့–ခေါ်ကြပါဆရာ"

ချူလျူရှမ်း၏ မျက်ခုံးမွေးသည် မြင့်တက်သွားပြီး....

"ဟော....ကျုပ်ကို....ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

ချူလျူရှမ်းသည် ချင်းချင်းအား လှည့်၍ ကြည့်လိုက်လေသည်။

သူမသည် ချူလျူရှမ်းအား ခေါင်းညိတ်၍ ပြလိုက်လေသည်။

ချူလျူရှမ်းသည် ထုံးစံအတိုင်း သူ၏ပခုံးအား တချက် တွန့်လိုက်ပြီး ထို လူ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

× × ×

ကျွန်းလှေကား၊ မဟော်ဂနီရောင်ထ၍ နေသည်။

အနီရောင် မွေးပွကော်ဇောအား လှေကားတလျှောက် ခင်း၍ထားသဖြင့် ခြေသံများ မကြားရပေ။

ချူလျူရှမ်းအား ခေါ်ဆောင်လာသူသည် အပေါ်ထပ်သို့ ရောက်သည်နှင့် အခန်းတခု၏ရှေ့တွင် ရပ်လိုက်ပြီး....

"အိမ်ရှင်....အခန်းထဲမှာ စောင့်နေပါတယ်"

ချူလျှူရှမ်းသည် ဘာမျှ မပြောဘဲ သူ၏ ဦးခေါင်းအား ညိတ်ပြလိုက်ပြီး အခန်းတံခါးအား ဖွင့်၍ ဝင်လိုက်လေသည်။

အခန်းထဲတွင် အဘိုးတန် ပရိဘောဂများသည် သူ့နေရာနှင့်သူ အံဝင်ဂွင်ကျ စီစဉ်၍ ထားလေသည်။

အခန်း၏ အလယ်တွင် ကြီးမားသော စားပွဲကြီးတလုံး ရှိပြီး ထိုစားပွဲ၏ နောက်တွင် ဝါးခမောက်ဆောင်းထားသော လူ တယောက်သည် ထိုင်လျက် ရှိလေသည်။

မီးရောင်သည် မှေးမှိန်၍ နေသည်။

တမင်ပင် မှေးမှိန်ထားဟန် တူသည်ဟု ချူလျှူရှမ်းစိတ်ထဲ တွင် တွေးမိလေသည်။

အခန်းထဲတွင် အလင်းရောင်အား ဖျော့နေသော်လည်း စားပွဲတွင် ထိုင်နေသူမှာ ဓားသမားဖြစ်ကြောင်း ချူလျှူရှမ်း သိ လိုက်လေသည်။

ထိုစဉ် ဓားသမားထံမှ....

"မင်းကို သူတို့ မှတ်မိသွားလား"

ဟု မေးသံ ကြားလိုက်ရသည်။

ဓားသမား၏ အသံသည် အေးစက်၍ နေလေသည်။

ချူလျှူရှမ်းသည် သူ၏ပခုံးအား တွန့်ပြလိုက်ပြီး....

"ဒါတော့- ကျနော်လဲ မပြောတတ်ဘူး"

"မှတ်မိသွားလဲ ကိစ္စ မရှိပါဘူး၊ တောင်ပေါ် ရောက်တာနဲ့ မင်းဟာ ပုံစံတမျိုး ပြောင်းသွားမှာပါ"

"ပုံစံတမျိုး ပြောင်းသွားမယ် ဟုတ်လား"



"ဟုတ်တယ်.... တောင်ပေါ် ရောက်တာနဲ့ မင်းဟာ မြို့တော် ဝန် မဟုတ်တော့ဘူး၊ ထမင်းချက်အကူဖြစ်သွားမယ်၊ ဒါကြောင့် မင်းကို ဘယ်သူမှ သိမှာ မဟုတ်တော့ဘူး"

"ထမင်းချက် အကူ.... ဟုတ်လား"

"ဟုတ်တယ်.... မနက်ဖန်ကစပြီးတော့ ထမင်းချက် 'ချန်းချန်း' နဲ့ ဆက်သွယ်ပါ၊ ပြီးတော့ သူနဲ့အတူ ထမင်းချက်အလုပ်ကို လုပ် ပေးပါ"

"ခင်ဗျားက 'ထမင်းချက် စစ်ဆင်ရေး' ပြောင်းလိုက်လို့လား"

"ဒီမှာ- မင်း ငါ့ကို မငေါ့နဲ့၊ ဒီ စစ်ဆင်ရေးမှာ မင်းဟာ အဓိ က သော့ချက်လို့ ပြောပြီးပြီ၊ သေသေ ချာချာ နားထောင်၊ မင်းရဲ့တာဝန်ဟာ လူသတ်ဘို့ မဟုတ်ဘူး၊ အရေးကြီးတဲ့ စာရွက် စာတမ်းတွေ ယူဘို့ကွ"

ချူလျှူရှမ်းသည် မျက်မှောင်ကုတ်လိုက်ပြီး....

"စာရွက် စာတမ်းတွေ ဟုတ်လား"

"ဟုတ်တယ်"

"ဘာ....စာရွက်စာတမ်းတွေလဲ"

"ကိုယ်ရေးရာဇဝင် စာရွက်စာတမ်းတွေဘဲ"

"ခင်ဗျားအတွက် သိပ် အရေးကြီးသလား"

"ဟ....ကြီးတာပေါ့ကွ၊ ဒီ စာရွက်စာတမ်းတွေထဲမှာ အမိုက် မှောင်ရွာကလူတွေ အများဆုံးပါတယ်၊ ဒီ စာရွက် စာတမ်းတွေ ပြန်ရမှလဲ ဒို့ အမိုက်မှောင်ရွာကလူတွေဟာ ပြန်ပြီး လူ့လောက ထဲမှာ"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ခင်ဗျား ပြောနေ တာတွေကို တခုမှ နားမလည် ပါလားဗျာ"

"နောက်တော့.... နားလည်မှာပေါ့"

"အခု အနဲ အကျဉ်းလောက် နားလည်ထားယင် ပိုကောင်းမယ် ထင်တယ်"

"ဒီလိုကွ.... ဝူတန်ဂိုဏ်းဟာ နေပြည်တော်က အုပ်ချုပ်ရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက် အာဏာကုန် လွှဲအပ်ထားတဲ့ ဂိုဏ်းဖြစ်တယ်ဆိုတာတော့ မင်း သိမှာပေါ့"

"ဒါတော့ ကျနော် သိပါတယ်"

"အေး....ဒို့ဆီကို ရောက်လာတဲ့ လူတိုင်းဟာ တရားဥပဒေအရ ကြီးကျယ်တဲ့ ပြစ်မှုမျိုး ကျူးလွန်တဲ့လူတွေ ဖြစ်တယ်၊ဒါမှမဟုတ်ယင်လဲ လူမှုရေးအရ လူတောထဲကိုပြန်ပြီး မျက်နှာ မပြဝံ့လောက်အောင် လူမှုရေး စည်းကမ်းတွေကို ကျူးလွန် ခဲ့တဲ့ လူတွေ ဖြစ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း-အခုသွားယူရမဲ့ စာရွက်စာတမ်းတွေဟာ ဒီလူတွေရဲ့ ကိုယ်ရေးရာဇဝင်နဲ့ ပြစ်မှုကျူးလွန်ကြောင်း မှတ်တမ်းတွေပေါ့"

"ဩ...ဩ"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းအား တဆတ်ဆတ် ညိတ်ယင်း သူ၏စိတ်ထဲတွင် တစုံတခုအား တွေး၍ နေလေသည်။



ဓားသမားသည် ဤမျှ ပင်ပန်းကြီးစွာ အမိုက်မှောင် ရွာအား တည်ထောင်ပြီး ဤမျှ ရည်ရွယ်ချက် အားနည်းသော ကိစ္စကို ဆောင်ရွက်ရပါသနည်းဟု ချူလျူရှမ်းတွေးနေမိလေသည်။

× × ×

အခန်းသည် တဒင်္ဂမျှ တိတ်ဆိတ်၍ သွားသည်။

ပြီးမှ တိတ်ဆိတ်ခြင်းအား ဓားသမားက စတင် ဖြိုခွဲလိုက်သည်။

"ဟေ့....ချူလျူရှမ်း မင်း ဘာတွေးနေတာလဲ"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ဩ....ဘာမှမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ဒီလုပ်ငန်းကို လုပ်ဖို့ နေပြည်တော်က ရံပုံငွေတွေ ထုတ်ပေးထားသလားလို့ပါ"

"ဘာကွ"

"အမိုက်မှောင် ရွာအတွက် ကုန်ကျစရိတ် တွေကို နေပြည်တော်က ရံပုံငွေ ထုတ်ပေးသလားလို့ပါ"

"ဒါ မင်းနဲ့ မဆိုင်ဘူး"

"အင်း- ဟုတ်သားဘဲ၊ ဘဏ္ဍာတော် ထိန်းငါးဆယ်ကို မြှောက်တိုက်တဲ့အထဲ ကျနော်မှ မပါတာ"

ဓားသမားသည် စားပွဲအား 'ဝုန်း' ကနဲ လက်ဝါးနှင့် ရိုက်လိုက်ပြီး....

"ဒီမှာ ချူလျူရှမ်း"

"ဟုတ်ကဲ့"

"မင်း သိထားဘို့က မင်း ပါးစပ်ကို လိုအပ် သလောက်ဘဲ လှုပ်ရှားလိုက်ပါ၊ အဲဒါ မင်းအတွက် အသက်ရှင်ဆေးဘဲ"

"ကောင်းပါပြီ– ကျနော့် ပါးစပ်ကို လိုအပ် သလောက်ဘဲ လှုပ်ရှားလိုက်ပါပြီ၊ ကဲ–ခင်ဗျားပြောတဲ့ စာရွက် စာတမ်းတွေက ဘယ်မှာလဲ"

"စုင်ရဲ့ ဥသျှောင်ထဲမှာ"

"အဲဒီ ဥသျှောင်က ဘယ်မှာလဲ"

"လျှို့ဝှက်တဲ့ နေရာ"

"အဲဒီ လျှို့ဝှက်"

ချူလျှူရှမ်း စကားဆုံးအောင် မပြောလိုက်ရပါ။

ဓားသမားသည် လက်ကာပြလိုက်ပြီး....

"လျှို့ဝှက်တဲ့ နေရာပါဆိုမှ ကျုပ်လဲ ဘယ်သိမလဲ၊ ဒါကြောင့် ဂိုဏ်းချုပ် တင်မြွှာကီပွဲ ကျင်းပတဲ့နေ့ကို ရွေးရတာပေါ့"

"ဒါဆို– အဲဒီနေ့မှာ ဥသျှောင်က စုင်ရဲ့ ဦးခေါင်းပေါ်မှာ ရှိနေမှာပေါ့"

"ဟုတ်တယ်"

"ဒါဆို– ခင်ဗျားက ကျနော့်ကို အလကား သက်သက် သေခိုင်းတာဘဲ"

"ဘာဖြစ်လို့"

"စဉ်းစားကြည့်ပေါ့၊ သူ့ ခေါင်းပေါ်မှာရှိနေယင် ကျနော်က ဘယ်လိုလုပ် ယူရမှာလဲ"



"မီးမှောင်တဲ့ အချိန်မှာ ယူပေါ့"

"ဘာ....မီးမှောင်တဲ့အချိန် ဟုတ်လား"

"ဟုတ်တယ်၊ စုင်ရဲ့ဦးခေါင်းပေါ်ကို ဥသျှောင် တင်ပြီး.... ဘိသိက်သွန်းတဲ့အချိန်မှာ အဆောက်အဦ တခုလုံးမှာရှိတဲ့ မီးအိမ်ခုနစ်ဆယ့်နှစ်လုံးဟာ တပြိုင်တည်း ငြိမ်းသွားလိမ့်မယ်"

"မီးကို ဘယ်သူက ငြိမ်းမှာလဲ"

"ဆီကုန်ယင် အလိုလို ငြိမ်းမှာပေါ့"

"ဘိသိက် ခံတဲ့ အချိန်မှာ ဆီကုန်မယ် ဆိုတာ ဖြစ်နိုင်ပါ့မလွှား"

"မပူပါနဲ့၊ ဆီကို ဘယ်လောက်ထည့်ယင် အချိန်ဘယ်လောက်မှာ မီးငြိမ်းမယ်ဆိုတာ ကျုပ် ကိုယ်တိုင် အကြိမ်နှစ်ဆယ်ထိ စမ်းသပ် ကြည့်ပြီးပြီ"

"ထားပါတော့၊ ကျနော်က ဘယ်နေရာကနေပြီး ဘယ်လို ယူရမှာလဲ"

"လွယ်ပါတယ်၊ မင်းက ထမင်းချက် ဆိုတော့ ညစ်ခန်းကို ကြိုတင်ပြင်ဆင်ရမယ်၊ အဲဒီ အချိန်မှာ မင်းက ညစ်ခန်း ပေါ်မှာရှိတဲ့ ဆိုင်းဘုတ်နောက်မှာဝင်ပုန်းပြီး မီးငြိမ်းတာနဲ့ မင်းတာဝန် မင်း ဆက်လုပ်ပေါ့"

"ဥသျှောင်ရပြီ ဆိုပါတော့"

"ရပြီဆိုတာနဲ့ အပြင်ထွက်ခဲ့၊ အဲဒီမှာ အခန်းတခုဘဲ မီးမငြိမ်းဘဲ ကျန်နေမယ်၊ အဲဒီကိုသာ မင်း ပြေးလာခဲ့ပေါ့"

"ရောက်ပြီ ဆိုပါတော့"

"မင်း တာဝန်ကျေပြီပေါ့၊ ကဲ….မင်း မနက်ဖန်ကစပြီး သွားပေတော့၊ မင်းကို ထမင်းချက် 'ချန်းချန်း'က ကူညီလိမ့်မယ်၊ အခုအချိန်ကစပြီးတော့ မင်းတယောက်ထဲ လှုပ်ရှား ရတော့မယ်…. ဘယ်သူနဲ့မှ ဆက်သွယ်စရာ မလိုတော့ဘူး"

ချူလျူရှမ်းသည် သက်ပြင်း တချက် ချလိုက်ပြီး….

"အင်း….လောကကြီးဟာ တယ်လဲ အပြောင်း အလဲ မြန်ပါလား"

"ဘာဖြစ်လို့လဲ"ဟု ဓားသမားက မေးလိုက်သည်။

ချူလျူရှမ်းသည် ပခုံးတွန့်ပြလိုက်ပြီး….

"မြို့တော်ဝန်ဘဝကနေ ထမင်းချက် အကူဘဝကို ပြောင်းသွားလို့လေ"ဟု ပြောလိုက်လေတော့သည်။

× × ×

လေးလ ဆယ့်သုံး ရက်။

အရုဏ်ဦးအချိန်။

ဝူတန်တောင်၏ အနောက်ဘက် တဝိုက်တွင် မှောင်၍ နေ၏။

တောင်ကလပ်တခု၊

ထို တောင်ကလပ်သည် ဝူတန်တောင်အား တက်ရာတွင် ခရီးတထောက်နားစရာ နေရာပင် ဖြစ်သည်။

ထို တောင်ကလပ်သို့ ရောက်သည်နှင့် နှလထုသည် အေးစက်၍ လာသည်။



ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်၍ နေသည်။

အဖြူရောင် အခိုးအငွေ့ များသည် တောင်အောက်မှ…. လူးလွန့်၍ တက်လာသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ဝူတန် တောင်ပေါ်ရှိ ဝူတန်ဂိုဏ်း၏ ရဲတိုက်ကြီးသည် တိမ်ခိုး တိမ်ငွေ့များ ကြားတွင် ခန့်ငြားစွာ တည်ရှိနေသည်ကို မြင်တွေ့ရလေသည်။

ချူလျူရှမ်းသည် ထို ရဲတိုက်ကြီးအား လှမ်း၍ ကြည့်နေယင်း သူ၏ အသဲနှလုံးတို့သည် လေးလံလာသကဲ့သို့ ခံစားရလေသည်။

ထိုစဉ်

သူ့ ရှေ့မှ သွားနေသော လှမ်းပြသည် ရုတ်တရက် ရပ်တန့်လိုက်ပြီး….

"ကဲ….ခင်ဗျား ဒီမှာ စောင့်နေခဲ့တော့၊ ကျုပ် ပြန်မယ်" ဟု ပြောပြီး တောင်အောက်ပြန်၍ ဆင်းသွား လေတော့သည်။

ချူလျူရှမ်းသည် တယောက်ထဲ ကျန်ခဲ့လေတော့သည်။

× × ×

တယောက်ထဲပါ။

ချူလျူရှမ်း တယောက်ထဲပင်။

အတန်ကြာသည်အထိ သူ့အား ဆက်သွယ်မည့်သူ မတွေ့ရသေးပါ။

သူသည် ယနေ့ သူ လုပ်ဆောင်ရမည့် တာဝန်များကို စဉ်းစားယင်း သူ၏စိတ်သည် မကြည်မလင် ဖြစ်၍နေသည်။

ထိုစဉ်

အမှောင်ထုထဲမှ လူတယောက်၏ အသံသည် တိုးညှင်းစွာ ပေါ်ထွက်လာလေသည်။

"မင်း....ဘာလာလုပ်တာလဲ"

"ပဲစေ့လေးတွေ လာရှာဟာပါ၊ ပဲစေ့ ဆယ့်သုံးစေ့လေ"

ချူလျူရှမ်းစကားဆုံးသည်နှင့် အမှောင်ထုထဲမှလူတယောက် ထွက်ပေါ် လာလေသည်။

ချူလျူရှမ်းသည် မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး....

"ခင်ဗျား....ဘယ်သူလဲ"

ထိုလူသည် စကားအား အေးစက်စွာ တလုံးချင်း ပြောလိုက်လေသည်။

"ကျုပ်....ချန်းချန်း ပါ"

× × ×

ချန်းချန်း၊ သူ၏မျက်နှာတွင် ပဲစေ့ခန့်ရှိ ကျောက်ပေါက်ရာများ ရှိလေသည်။

တိတ်ကျကျ ဆိုရပါလျှင် ပဲစေ့ခန့် ကျောက်ပေါက်ရာများသည် (၁၃) ခု ရှိသည်။

သူသည် ချူလျူရှမ်းအား မျက်နှာထား တင်းတင်းဖြင့် ကြည့်ပြီး....



"မင်း-အရက် သောက်တတ်လား"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား ညိတ်ပြလိုက်သည်။

ချန်းချန်းသည် နှာခေါင်းတချက် ရှုံ့လိုက်ပြီး....

"မှတ်ထား.... ဒီနေရာမှာ.... အရက်မသောက်ရဘူး.... စကားကျယ်ကျယ် မပြောရဘူး....လမ်းမြန်မြန် မလျှောက်ရဘူး....မိန်းမတွေ့ယင် လှည့်မကြည့်ရဘူး"

ချူလျူရှမ်းသည် ပြုံးလိုက်သည်။

ပြီးမှ၊

သူ၏လက်ညှိုး တချောင်းကို ထောင်လိုက်ပြီး....

"ဟုတ်ကဲ့....ကျနော် တခုလောက် မေးပါရစေ"

"မေးပါ"

"အဟဲ....အီအီး ပါလို့ရသလား"

ချန်းချန်း၏ မျက်နှာသည် မဲမှောင်၍ သွားပြီး....

"ဘာကွ....မင်းက နောက်တာလား"

ချူလျူရှမ်းသည် ပခုံးတွန့်ပြလိုက်ပြီးမှ....

"မနောက်ပါဘူးဗျာ....ခင်ဗျား၏ စည်းကမ်း သတ်မှတ်ချက်တွေက များလွန်းတော့....သေချာအောင် မေးထားရတာပါ"

"ဒီမှာ....မင်း-အရင်တုန်းက ဘာကောင်လဲဆိုတာ ငါမသိဘူး....ဒါပေမဲ့-ငါ့လက်အောက် ရောက်လာယင် ငါ့အမိန့်ကို နာခံရမယ်....ဒါဘဲ"

"ဟုတ်ကဲ့"

"ကောင်းပြီ....အခုကစပြီး ဘယ်သူက မေးမေး ငါ-အကူအညီ ခေါ်ထားတဲ့ လူလို့ပြော-ဟုတ်လား"

ချုလျုရှမ်းသည်၊

"ဟုတ်ကဲ့" ဟု ပြောပြီး ချန်းချန်း ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

× × ×

ခန်းမကြီး။

အလွန်ကျယ်ဝန်းပြီး ခမ်းနားလှသည်။

ယင်း ခန်းမကြီးသည် ဝူတန်တောင်ပေါ်ရှိ ဝူတန်ရဲတိုက်ကြီး၏ ခန်းမကြီးတခု ဖြစ်လေသည်။

ရဲတိုက်ကြီး ခန့်ငြားသလို ခန်းမကြီးကလည်း ခမ်းနားလှသည်။

ယခု ဤခန်းမကြီးသည် ပို၍ လှပ ခမ်းနားနေလေသည်။

ဝူတန်ဂိုဏ်းချုပ်ကြီး၏ (၁၀) နှစ်မြောက် အထိမ်းအမှတ်ပွဲကို ဤခန်းမ၌ ကျင်းပရန် မွမ်းမံထားသည် မဟုတ်ပါလော။

အခန်း၏ နောက်ဘက် အလည်တည့်တည့်တွင် ရုပ်ထုတခု ရှိလေသည်။

ကြီးမားသော ရုပ်ထုပင် ဖြစ်သည်။

ရုပ်ထုရှေ့တွင် အမွှေးတိုင်များဖြင့် ပူဇော်ထားလေသည်။

အမွှေးတိုင်မှ အခိုးအငွေ့များသည် အခန်းတခုလုံးအား လွှမ်းခြုံ၍ နေလေသည်။



ထို့ကြောင့် ဖယောင်းတိုင်မှ မီးရောင်များသည် မှေးမှိန်စွာ လင်း၍ နေလေတော့သည်။

ချုလျုရှမ်းသည် ခန်းမထဲသို့ လှမ်း၍ဝင်လိုက်သည်နှင့် သူ၏ ခန္ဓာကိုယ်သည် ရုတ်တရက် သေးငယ်၍သွားသည်ဟု ခံစားလိုက်ရလေသည်။

ချုလျုရှမ်း၏ ခန္ဓာကိုယ် သေးငယ်သွားခြင်း မဟုတ်ပါ။ ခန်းမကြီးက ကြီးမားနေခြင်းသာ ဖြစ်သည်။

ချုလျုရှမ်းသည် ဤခန်းမထဲ၌ ပုန်းအောင်း၍ 'စုင်' ၏ ဦးခေါင်းပေါ်မှ ဥသျှောင်အား လုယူရန်ယခုကဲ့သို့ လူအလစ်တွင် ခန်းမထဲသို့ ဝင်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်

ခန်းမထဲသို့ ရောက်သောအခါ ပုန်းအောင်းရန် နေရာ မရှိကြောင်း တွေ့လိုက်ရလေသည်။

ထိုစဉ်

ခန်းမအပြင်ဘက်မှ ခြေသံတသံအား ကြားလိုက်ရလေသည်။

ချုလျုရှမ်း၏ အသဲနှလုံးများသည် လွင့်စင်သွားသကဲ့သို့ ထိတ်လန့်၍ သွားလေသည်။

ရုတ်တရက် ခန်းမ၏ နံရံပေါ်တွင် ကြီးမားသော ဆိုင်းဘုတ်တခုအား မြင်တွေ့လိုက်ရလေသည်။

ခန်းမအပြင်ဘက်မှ ခြေသံသည် တစထက်တစ နီး၍လာလေသည်။

ချူလျူရှမ်းသည် ကြာရှည်စဉ်းစားမနေတော့ဘဲ ဆိုင်းဘုတ်၏ နောက်သို့ တွယ်၍ တက်လိုက်လေသည်။

သူ၏ကိုယ်ခန္ဓာတခုလုံး ဆိုင်းဘုတ်၏ နောက်သို့ ရောက်သည်နှင့် ခန်းမထဲသို့ လူတယောက် ဝင်လာသည်ကို လှမ်းတွေ့လိုက်ရလေသည်။

'စုင်'

ဝူတန်ဂိုဏ်း၏ ဂိုဏ်းချုပ် 'စုင်' ပင်ဖြစ်သည်။

စုင်၏ မျက်နှာသည် တည်ကြည် လေးနက်၍ နေသည်။

သူသည် ရုပ်ထု၏ရှေ့၌ ဒူးထောက် လိုက်ပြီး တိတ်ဆိတ်စွာ ကြည်ညို၍ နေလေသည်။

ချူလျူရှမ်းသည် သက်ပြင်း တချက်အား ဖြည်းညှင်းစွာ ချလိုက်ပြီး သူနှင့် သင့်လျော်သော နေရာအား တွေ့ရှိပြီ ဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။

× × ×

တောင်စွယ် နေ့ကွယ်ပြီ။

ရှင်နေမင်း၏ အလင်းရောင် ပျောက်ကွယ်သွားသည်နှင့် ဝန်းကျင်တခုလုံးအား အမှောင်ထုက လွှမ်းမိုးလာလေသည်။

သို့သော်၊

ခန်းမကြီးထဲတွင် ဆီမီးအိမ်များက အမှောင်ထုအား တွန်းလှန်၍ ထိန်ထိန်လင်းနေလေသည်။



ဆီမီးရောင်များသည် အခန်းတခုလုံးအား ထိန်ထိန်လင်းစွာ ကျရောက်နေသော်လည်း ခန်းမနံရံပေါ်၌ ဆိုင်းဘုတ်၏ နောက်ကွယ်သို့ ကျရောက်၍ မလာပါ။

ထို့ကြောင့် ဆိုင်းဘုတ်၏ နောက်သည် မှောင်မြဲမှောင်လျက် ရှိလေသည်။

လောကပေါ်၌ အလင်းရောင် မကျရောက် နိုင်သော နေရာတို့သည် များစွာ ရှိနေသေးသည် မဟုတ်ပါလော။

ထိုစဉ်၊

ခန်းမထဲသို့ လူတစု ဝင်ရောက်လာလေသည်။

ချူလျူရှမ်းသည် ဆိုင်းဘုတ် အကွယ်မှနေ၍ ထိုလူစုအား ကြည့်ယင်း သူ၏မျက်လုံးအစုံသည်နဂိုထက် နှစ်ဆခန့် ပြူးကျယ်၍ သွားလေတော့သည်။

မုရသေ့သည် ထိုလူစု၏ ရှေ့ဆုံးမှ ဝင်ရောက်လာသည်မဟုတ်ပါလော။

မုရသေ့သည် သူ့နောက်မှ ပါလာသူများအား ညွှန်ခံ ကြိုဆိုရေး အစီအစဉ်များကို ပြောကြားနေလေသည်။

ထို့နောက် ခန်းမထဲသို့ တသုတ်ပြီး တသုတ် ရောက်လာလေတော့သည်။

တဖြည်းဖြည်းနှင့် ခန်းမထဲတွင် ဧည့်သည်များ အတော်ပင် စုံလင်၍ လာလေသည်။

သို့သော်၊

ယခုအချိန်အထိ ဝူတန်ဂိုဏ်းချုပ် 'စုင်'ကို မတွေ့ရသေးချေ။

ရုတ်တရက် ချူလျူရှမ်း၏ အသံ နှလုံးသည် အေးစက်၍ သွားလေတော့သည်။

× × ×

ခန်းမတခုလုံးသည် ညှော်သည်များဖြင့် ပြည့်နှက်၍ နေလေသည်။

ထို ညှော်သည်များထဲတွင်ရှောင်လှင်ထိကျင်း၊ ဝမ်းဘယ်အိတ်၊ ကောင်းဟုန်ချန်း၊ ရေပေါ်ဲ၊ ပါစန်းတောင်ရှောက်ကု၊ သိန်းငှက်မျက်လုံး လောက်ချစ်တို့ ပါဝင်လေသည်။

သူတို့၏နောက်တွင် အကိုဝမ်းကွဲ အုပ်စုက နေရာ ယူလျက်ရှိသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချူလျူရှမ်း၏ရင်သည် အေးစက်၍ သွားခြင်းဖြစ်လေသည်။

ထိုစဉ်၊

စုံသည် ခန်းမထဲသို့ ဝင်ရောက်လာလေသည်။

ထို့နောက် သူ့အတွက် ထားရှိသော နေရာတွင် ထိုင်လိုက်လေသည်။

ချူလျူရှမ်းသည် စုံအားကြည့်ယင်း သူ၏ မျက်ခုံးမွှေးတစုံသည် နိမ့်၍ဆင်းလာပြီး မျက်မှောင်ကုတ်လိုက်မိလေသည်။

စုံ၏နောက်တွင် လူတယောက်သည် နေရာ ယူထား လေသည်။



ထိုလူသည် အကိုဝမ်းကွဲတို့အုပ်စုမှ လူစုဖြစ်ကြောင်း ချူလျူရှမ်း သိထားရလေသည်။

ထိုစဉ်၊

ဘိသိက်တင်မြှောက်ပေးမည့် ဝူတန်ဂိုဏ်း၏ စည်းကမ်းထိန်းသိမ်းသော ပုဂ္ဂိုလ်ကြီးသည် လူ(၄)ယောက် ခြံရံ၍ ဝင်လာလေသည်။

ထို ပုဂ္ဂိုလ်ကြီး ဝင်လာသည်နှင့် အခမ်း အနား မှူးသည် အခမ်းအနား စတင်ပြီ ဖြစ်ကြောင်း ကျေညာလေသည်။

ထိုစဉ်၊

ချူလျူရှမ်းသည် မုရသေ့အား တွေ့လိုက်ရလေသည်။

မုရသေ့၏နောက်တွင် မည်သူမျှ ရှိမနေပါ။

အကိုဝမ်းကွဲ အုပ်စုမှ တယောက်မျှ ရှိမနေပါ။

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်လေသည်။

မုရသေ့သည် ရာထူး မက်သူ တယောက် မဟုတ်ကြောင်း ချူလျူရှမ်း သိလေသည်။

ထို့ကြောင့် သူ့အား မည်သူမှ ရန်ပြုမည် မဟုတ်ဟု ချူလျူရှမ်း ယုံကြည်သည် မဟုတ်ပါလော။

သင့်ထံမှ ရယူစရာမည်သည့် ပစ္စည်း၊ ရာထူးမရှိလျှင် သင့်အား မည်သူကမှရန်ပြုလိမ့်မည် မဟုတ်ပေ။

× × ×

အခမ်းအနားမှူးသည် စိုင်အား ဦးသျှောင် လက်ခံရန်နှင့် ဘိသိက် တင်မြှောက်ရန် ကြွရောက်ပါဟု ခေါ်လိုက်လေသည်။

စိုင်၏မျက်နှာသည် တည်ကြည် လေးနက်၍နေသည်။

သူသည် ကုလားထိုင်မှ ဖြည်းညှင်းစွာ ထလိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေသည်။

ချူလျူရှမ်း၏ မျက်လုံးတို့သည် ဆိုင်းဘုတ် အကွယ်မှနေ၍ စိုင်၏ခြေလှမ်းတိုင်းအား လိုက်၍ ကြည့်နေလေသည်။

စိုင်သည် ခန်းမထဲရှိ ရုပ်ထု၏ရှေ့၌ ဒူးထောက် လိုက်ပြီး.... ကြည်ညိုလိုက်လေသည်။

ထို့နောက် ရုပ်ထု၏ရှေ့တွင် တည်ကြည်စွာ ရပ်လိုက် လေသည်။

စည်းကမ်း ထိန်းသိမ်းသော ပုဂ္ဂိုလ်ကြီးသည် ဦးသျှောင်အား စိုင်၏ဦးခေါင်းပေါ်သို့ ဖြည်းညှင်းစွာ တင်လိုက်လေသည်။

ဧည့်သည်များသည် လက်ခုပ်တီး၍ ကောင်းချီးသြဘာ ပြုကြလေသည်။

လက်ခုပ်သံများသည် ခန်းမ တခုလုံးအား လွှမ်းခြုံ၍ သွားလေတော့သည်။

ထိုစဉ်

ရုတ်တရက် ခန်းမထဲရှိ ဆီမီးအိမ် များသည် တပြိုင်တည်း ငြိမ်း၍သွားလေတော့သည်။

× × ×



အမှောင်ထုသည် ရုတ်တရက် ခန်းမကြီး တခုလုံး လွှမ်းခြုံ၍ သွားလေတော့သည်။

တဆက်တည်းမှာပင် လေထဲမှ အရာဝတ္ထု တိုးဝင် လာသံကြားရပြီး ရုပ်ထုပေါ်မှ ဖယောင်းတိုင်များ ငြိမ်းသွားလေသည်။

ထို့ကြောင့် အခန်း တခုလုံးသည် မှောင်နှင့်မဲမဲ ဖြစ်နေလေသည်။

စိုင်သည် တဒင်္ဂမျှ ငိုင်၍သွားလေသည်။

ထိုစဉ်

သူ၏ဦးခေါင်းပေါ်မှ ဦးသျှောင်အား တစုံ တယောက်က လုယူလိုက်ခြင်း ခံလိုက်ရလေသည်။

ကပျာကယာ ဦးသျှောင်အား လက်ဖြင့် စမ်းလိုက်လေသည်။

သို့သော်

သူ၏ ဦးခေါင်းပေါ်တွင် ဦးသျှောင် မရှိတော့ပါ။

သူ၏နောက်မှ လေတိုးသံ ကြားလိုက်ရသဖြင့် ကပျာကယာ ရှောင်တိမ်းလိုက်ယင်း တစုံ တယောက်သည် သူ၏ နောက်ကျောအား ဓားဖြင့် ထိုး၍ လုပ်ကြံနေပြီ ဖြစ်ကြောင်း သိလိုက်လေသည်။

ထို့ကြောင့် သူသည် သူ၏ခါးမှ ဓားအား ကပျာ ကယာ ဆွဲထုတ်လိုက်လေသည်။

"ဟိုက်...." ဟု လွှတ်ကနဲအော်လိုက်ပြီး သူ၏ ရင်သည် ထိတ်၍ သွားလေတော့သည်။

ဓားသည် သူ၏ ခါးကြားတွင် မရှိတော့ပါ။

ထို့ကြောင့် သူသည် ရုတ်တရက် ရင်ထိတ်၍ သွားခြင်း ဖြစ်လေသည်။

ထိုစဉ်၊

အမှောင်ထု ထဲမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

စိုင်သည် အမှောင်ထဲမှ ရန်သူ၏ ခြေချက်များကို ရှောင်တိမ်းယင်း ရုတ်တရက် သတိဝင်လာပြီး....

"ဟော့....မီးထွန်းကြစမ်း" ဟု အသံကုန် ဟစ်အော်လိုက်လေတော့သည်။

× × ×

မီးအိမ်များသည် တခုပြီးတခု ပြန်လည်၍ လင်းလာလေသည်။

ထို့ကြောင့် ခန်းမ တခုလုံးသည် ပြန်လည်၍ လင်းထိန်လာလေသည်။

ခန်းမကြီးသည် ကျယ်ဝန်းသည်၊ ခမ်းနားသည်။

သို့သော်

မြင်ကွင်းသည် မလှပပါ။

ကြည့်၍လည်း မကောင်းပါ။

ထို မြင်ကွင်းသည် မယုံကြည်နိုင်ဖွယ် ကောင်းနေသည်။

အံ့သြဖွယ် ကောင်းနေသည်။

ထို့ပြင် ထိတ်လန့်ဖွယ်လည်း ကောင်းနေသည်။



တဒင်္ဂအချိန်အတွင်း ဤကဲ့သို့ အဖြစ်မျိုး ဖြစ်ပေါ်လိမ့်မည်ဟု မည်သူမျှ မယုံကြည်ပါ။

သို့သော်

ရှောင်လင်ထိကျင်း၊

ဝမ်းဘယ်အိတ်၊

ပါစန်းတောင်ရှောက်ကူ၊

ရေပေါ်စဲ၊

ကောင်းဟုန်ချန်းနှင့် သိန်းငှက်မျက်လုံး လောက်ချစ်တို့သည် သွေးအိုင်ထဲတွင် လဲကျ၍နေလေသည်။

သူတို့သည် ထိပ်တန်း သိုင်းသမားများ ဖြစ်လေသည်။

ထို့ကြောင့် ဤ အဖြစ်အပျက်သည် မယုံစရာပင်။

သို့သော်

ယုံရလေတော့မည်။

သူတို့သည် သွေးအိုင်ထဲတွင် လဲကျနေပြီမဟုတ်ပါလော။

မုရသော့သည် တည်ငြိမ်စွာ ရပ်၍နေသည်။

သူ၏ ကိုယ်ခန္ဓာ တခုလုံးသည်လည်း သွေးချင်းချင်း နီ၍နေလေသည်။

သူသည် တည်ငြိမ်သောလေသံဖြင့်....

"အားလုံး နားထောင်ကြပါ၊ သတိလဲထားကြပါ၊ လူသတ်တရားခံဟာ ဒီအခန်းထဲမှာဘဲ ရှိနေဦးမှာဖြစ်တယ်၊ ဒါကြောင့် ဘယ်သူမှ ဒီအခန်းထဲက ထွက်မသွားပါနဲ့လို့ တောင်းပန်ပါရစေ"

သူသည် သူ၏စကားအား ခေတ္တရပ်နားလိုက်ပြီး၊ အခန်းတခုလုံးအား တချက်မျှ အကဲခတ်လိုက်ပြီး၊ သူ့စကား ပြန်၍ ဆက်ပြောလေသည်။

"တကယ်လို့ ဒီအခန်းထဲက ထွက်ခွာ မယ်ဆိုယင် လူသတ်တရားခံလို့ သံသယဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့် ဒီလိုသံသယရှိလာတာနဲ့ ကျနော်တို့ ဝူတန် အဖွဲ့သားတွေက တရားခံလို့ယူဆရပါလိမ့်မယ်"

သူ၏စကား ဆုံးသွားသည်နှင့် ခန်းမ တခုလုံးသည် တိတ်ဆိတ်၍ သွားလေတော့သည်။

ဖြစ်ပျက်ခဲ့သော အမှုသည် သာမန်လူသတ်မှုမျိုး မဟုတ်။

သေးငယ်သော အမှုမဟုတ်။

သိုင်းလောကတွင် တရားမျှတသော ဘက်မှ ကျောက်တိုင်သဖွယ် ရပ်တည်ပေးနေသော ထိပ်တန်း ပုဂ္ဂိုလ်များ လုပ်ကြံခံရသော အမှုဖြစ်လေသည်။

သို့ဖြစ်၍ မည်သူမျှ ထိုအမှု၏ တရားခံအဖြစ် အထင်ခံချင်မည်မဟုတ်ပါ။

ထို့ကြောင့် ခန်းမတခုလုံးသည် လှုပ်ရှားမှုမရှိဘဲ တိတ်ဆိတ်၍နေသည် မဟုတ်ပါလော။

× × ×



ထူးဆန်းနေသည်။

လူသတ်သမားသည် ဤ ခန်းမထဲသို့ လက်နက်အား မည်သို့ယူဆောင်လာသနည်း။

ကြွရောက်လာသော ဧည့်ပရိသတ်များသည် လက်နက်ချ ရေကန်၌ ယူဆောင်လာသော လက်နက်များအား တခုမကျန် အပ်ခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် ထူးဆန်း၍ နေသည်။

ပို၍ ထူးဆန်းသည်မှာ လူသတ်လက်နက်များသည် မည်သို့ရောက်လာသနည်း။

လူသတ်ပြီးနောက် မည်သို့ရောက်သွားသနည်း။

စုံစမ်းစား၍ မရပါ။

ထို့အတူ မည်သူမျှလည်း စဉ်းစား၍ မရပါ။

စုံ၏ ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာဒဏ်ချက်များသည် အနည်းငယ်မျှသာ ရှိလေသည်။

သို့သော်

သူ၏ မျက်နှာသည် ဝမ်းနည်းခြင်း ရှက်ခြင်း ခံပြင်းခြင်း စသည့် အရိပ်အရောင်များ ပေါ်လွင်၍ နေလေသည်။

မုရသေ့သည် သေ့အိုင်ထဲမှ ပုဂ္ဂိုလ်များအား ကြေကွဲဝမ်းနည်းစွာတချက်ကြည့်လိုက်ပြီး ဝမ်းနည်းကြေကွဲသောအသံဖြင့်–

"အင်း....လူသတ်တရားခံဟာ....တယောက်ထဲတော့ မဖြစ်နိုင်ဘူး၊ လူတစုဖြစ်ရမယ်၊ သူတို့ဟာ–ဒီခန်းမထဲမှာ ရှိချင်မှ ရှိတော့မယ်၊ တခြား မှောင်နေတဲ့ အခန်းထဲမှာ ပုန်းချင် ပုန်းနေနိုင်တယ်၊ ဒါပေမဲ့–ဝူတန်နယ် အပြင်ဘက်ကိုတော့ မရောက်သေးဘူး

လို့ ယူဆနိုင်တယ်၊ ဒါကြောင့်-ကျနော်တို့ ပိုက်စိတ်တိုက် ရှာကြမယ်”

စိုင်သည် မုရသေ့၏ စကားအား သဘောတူကြောင်း ခေါင်းညိတ်၍ ပြလိုက်လေသည်။

မုရသေ့သည် ဝူတန်အဖွဲ့သား လက်ရွေးစင် (၁၀)ယောက်အား ခေါ်ဆောင်သွားပြီး ခန်းမထဲမှ ထွက်သွားလေတော့သည်။

စိုင်သည်သေ့အိုင်ထဲမှ ပုဂ္ဂိုလ်အား အခန်းတခုထဲသို့ ရွှေ့ပြောင်းရန် အမိန့်ပေးလိုက်လေသည်။

ထိုစဉ်

ဝူတန်အဖွဲ့သား တဦးသည် စိုင်အား ဓားတလက် လာ၍ပေးလေသည်။

ထိုဓားသည် စိုင်၏ခါးမှ ပျောက်သွားသော ဓားပင် ဖြစ်ပါသည်။

စိုင်သည် ရုတ်တရက် ဥသျှောင်အား သတိရလိုက်လေသည်။

ဥသျှောင်သည် မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

စိုင် မသိပါ။

လူတိုင်းသည် အရာရာတိုင်းကို မသိပါ။

သို့သော်

တချို့သည် လူများ မသိသည့် ကိစ္စများကို သိ၍ နေတတ်သည် မဟုတ်ပါလော။

× × ×



ဥသျှောင် မည်သည့်နေရာတွင် ရှိသည်ကို သိနေသူတယောက်ရှိပါသည်။

ထိုသူသည် ချူလျူရှမ်းပင် ဖြစ်ပါသည်။ သူ့အား ဥသျှောင် မည်သည့်နေရာတွင် ရှိသနည်းဟု မေးလျှင် သူ၏ ဦးခေါင်းပေါ်တွင် ကြီးမားသော ခမောက်တလုံး ဆောင်းထားပြီး ထိုခမောက်၏ အောက်တွင် ရှိသည်ဟုဖြေပေလိမ့်မည်။

ဟုတ်ပါသည်။

ချူလျူရှမ်းသည် စိုင်ထံမှ ရလာသော ဥသျှောင်အား ဆောင်း၍ထားပြီး ၎င်းအပေါ်မှ ကြီးမားသော ခမောက်အား အုပ်၍ ဆောင်းထား လေသည်။

ညဉ့်နက်ပြီဖြစ်၍ အမှောင်ထုသည် ဝန်းကျင်တခုလုံးအား လွှမ်းခြုံထားလေသည်။

ချူလျူရှမ်းသည်ဓားသမား ချိန်းဆိုထားသောနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာလေသည်။

ထိုစဉ်

အမှောင်ထုထဲမှ တိုးညှင်းသော အသံတသံ ပေါ်ထွက် လာလေသည်။

“ဒီမှာ”

ချူလျူရှမ်းသည် အသံရှင်အား လှည့်၍မကြည့်ဘဲ ချင်းချင်းဖြစ်ကြောင်း သိလိုက်ပါသည်။

ပြီးမှ၊

ချူလျူရှမ်းသည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။

ချင်းချင်းသည် ဥယျာဉ်ထဲရှိ ပန်းရုံတခုအကွယ်မှ သူ့အား လှမ်းခေါ်နေသည်။

ချူလျူရှမ်းသည် တချက်ပြုံးလိုက်ပြီး....

"ဟဲ....ဟဲ....မိန်းမက စိတ်မချလို့ လိုက်လာတာလား"

"ဘာ....မိန်းမလဲ....ဟင်း"

ချင်းချင်းသည် ဒေါသသံလေးဖြင့် ပြောလိုက်သည်။

ချူလျူရှမ်းသည် တဟားဟား ရယ်မောပြီး—

"ကျနော် .... မြို့တော်ဝန်လေ၊ ခင်ဗျားက မြို့တော်ဝန်ကတော်လေ"

"အခု-ရှင်က ထမင်းချက်ဘဲ"

"ဒါပေမဲ့-မိန်းမရာ"

"ဘာ-မိန်းမရာလဲ"

"နို့-ခင်ဗျားက မိန်းမ မဟုတ်လို့-ယောကျ်ားလား"

"တခြား လူတွေစုံနေပြီ၊ လာ ကျမနောက် လိုက်ခဲ့"

ချင်းချင်းသည် ပြောပြောဆိုဆိုနှင့် သူ၏လက်ကို ဆွဲ၍ မြေအောက်ခန်းသို့ ခေါ်ဆောင်သွားလေသည်။

ချူလျူရှမ်းသည်၊

ချင်းချင်း ခေါ်ဆောင်ရာသို့ လိုက်ပါသွားယင်း—

"အင်း....ကုသိုလ်ကံများ သိပ်ထူးတာဘဲ"

"ဘာဖြစ်လို့လဲ"

"ခြော်....မိန်းမက စခိုးရတယ်ဆိုတော့-ကုသိုလ်ထူးလို့ပေါ့ မဟုတ်လား"



ချင်းချင်း၏ ပါးစပ်သည် ပိတ်၍သွားပြီး ချင်းချင်း၏ မျက်စောင်းသည် ချူလျူရှမ်း၏ ကိုယ်ခန္ဓာ ပေါ်သို့ ထိုးကျ၍ လာလေ တော့သည်။

× × ×

မြေအောက်ခန်း။

ကျဉ်းကျဉ်းကလေးမဟုတ်ပါ၊ အတော်ပင် ကျယ်ဝန်းသည်။

လေဝင် လေထွက် ကောင်းမွန်စေရန် စီစဉ် ထားသဖြင့်.... မြေအောက်ခန်းသည် မြေပေါ် အခန်းများကဲ့သို့ ကောင်းမွန်၍ နေလေသည်။

မြေအောက်ခန်းသို့ ချူလျူရှမ်းရောက်လာသောအခါ အကိုဝမ်းကွဲတို့လူစုသည် ရောက်ရှိပြီး ဖြစ်နေလေသည်။

သူတို့သည် အခန်းအလယ်ရှိ စားပွဲရှည် တခုအား ဝိုင်းရံ၍ ထိုင်နေကြလေသည်။

ထို စားပွဲရှည် ပေါ်တွင် စားသောက်ဖွယ်ရာများ စုံလင်၍ နေလေသည်။

ချူလျူရှမ်းသည် လွတ်နေသော ခုံတခုတွင် ဝင်ရောက် ထိုင်လိုက်ပြီး၊

စားသောက်ဖွယ်ရာများအား လှမ်း၍ နှိုက်ယူလိုက်လေသည်။

သို့သော်

သူ၏လက်သည် လမ်းတဝက်၌ပင် ရပ်တန့်၍သွားလေသည်။ ချင်းချင်းသည် သူ့အားအချိန်မီ တားဆီး လိုက်ပြီး....

"ခဏနေပါဦး" ဟု ပြောလိုက်လေသည်။

ချူလျူရှမ်းသည် ချင်းချင်းအား လှည့်၍ ကြည့်လိုက်ပြီး....

"ဘာဖြစ်လို့လဲ"

"ခါးသမား မရောက်သေးလို့ပါ"

"သူက ဘာဖြစ်လို့ မရောက်သေးတာလဲ"

"မင်းတို့နောက်ကလူတွေ လိုက်မလာ နိုင်အောင် လုပ်ရဦးမယ်လေ"

ဤစကားအား ချင်းချင်းပြောလိုက်ခြင်း မဟုတ်။

ဤစကားသံသည် မြေအောက်ခန်းဝမှ ထွက် ပေါ်လာခြင်းဖြစ်ပါသည်။

ဤစကားသံနှင့်အတူ ခါးသမားသည် မြေအောက်ခန်းထဲသို့ လှမ်း၍ ဝင်လာလေတော့သည်။

× × ×

ခါးသမားသည် အရက်အိုးအား ဖောက်လိုက်ပြီး....

"ကျုပ်တို့ရဲ့ မိုးကြိုးစစ်ဆင်ရေးဟာ ရာနှုန်းပြည့် အောင်မြင်တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်လေသည်။



သူ၏အသံသည် ဝမ်းသာလွန်း၍ အက်ကွဲနေသည်ဟု ထင်ရပေသည်။

အခန်းထဲရှိ လူအားလုံးသည်လည်း အောင်ပွဲခံသည့်အနေဖြင့် စားသောက် ဖွယ်ရာများအား စတင်၍ စားသောက်လေသည်။

သို့သော်

ထိုလူစုထဲတွင် ချူလျူရှမ်း တယောက် မပါဝင်ချေ။

သူသည် မျက်မှောင်ကုတ်၍ နေလေသည်။

သူ၏မျက်နှာသည် တစုံတခုအား ဘဝင်မကျဟန် ပေါ်လွင်နေသည်။

သူသည် ခါးသမားအား ကြည့်လိုက်ပြီး....

"ကျနော် စကားတခွန်း မေးချင်တယ်"

ခါးသမားသည် ဟန် အမူအယာ ကင်းမဲ့စွာဖြင့်....

"မေးပါ"

"ဒီ စစ်ဆင်ရေးမှာ ကျနော့် တာဝန်ဟာ အဓိကလို့ ပြောတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် ကျနော် တာဝန် ကျေသလား၊ မကျေသလား.... ဆိုတာ မမေးဘဲနဲ့ စစ်ဆင်ရေးဟာ ရာနှုန်းပြည့် အောင်မြင်တယ်လို့ တထစ်ချ ဘာလို့ ပြောနိုင်ရတာလဲ"

"ရာနှုန်းပြည့် အောင်မြင်လို့ပေါ့"

"ကျနော် တာဝန်မကျေလဲ ခင်ဗျားက ရာနှုန်းပြည့် အောင်မြင်မှာလား"

ခေါ်သမားသည် ရယ်မောလိုက်လေသည်။

ချူလျှူရှမ်းသည် သူ၏ ကြီးမားသောခမောက်အား ချွတ်လိုက်လေသည်။

ရွှေရောင် ဝင်းနေသော ဥသျှောင်သည် ချူလျှူရှမ်း၏ ဦးခေါင်းဝယ် နေရာယူလျက်ရှိလေသည်။

သူသည် ဦးခေါင်းထက်မှ ဥသျှောင်အား ချွတ်လိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်လေသည်။

ပြီးမှ....

"ဒီမှာ....ခင်ဗျား ယူခိုင်းတဲ့ ဥသျှောင်၊ ဒီ စစ်ဆင် ရေးမှာ ဒီ ဥသျှောင်ရဘို့က အဓိက တာဝန်ဘဲ"

"အေးလေ....ရလာလဲ ပြီးတာဘဲ၊ မင်း လိုချင်ယူသွားပေါ့၊ မလိုချင်လဲ လွှင့်ပစ်လိုက် ဟုတ်လား"

ခေါ်သမား၏ အသံသည် အေးစက်၍နေသည်။

သူ၏ ဟန်အမူအယာသည်လည်း အေးစက်၍ နေသည်။

သူသည် ဤ ဥသျှောင်ပေါ်၌ စိတ်ဝင်စားဟန် လုံးဝမရှိပေ။

ထို့ကြောင့် ချူလျှူရှမ်းသည် သူ့ပါးစပ်အား ပိတ်၍ထားလိုက်လေတော့သည်။

× × ×



ချူလျှူရှမ်းသည် သူ့ပါးစပ်အား ပိတ်၍ထားသည်။

သို့သော်

သူသည် ကြာကြာပိတ်မထားနိုင်ပါ။

ထို့ကြောင့် ခေါ်သမားဘက်သို့ လှည့်လိုက်ပြီး....

"ဒီမှာ–ကျနော် တခု မေးချင်သေးတယ်"

"မေးပါ"

"ခင်ဗျား ဥသျှောင်ကို လိုချင်တာ မဟုတ်ဘူး– ကျနော်သိပါတယ်၊ တကယ်တော့ ခင်ဗျား အဓိက လိုချင်တာ 'ခေါ်'ဘဲ၊ စုင်ရဲ့ ခါးမှာချိတ်ထားတဲ့ 'ခုနစ်စဥ်ကြယ်ခေါ်'လေ မဟုတ်လား"

အခန်းတခုလုံးသည် ချူလျှူရှမ်း၏ စကားကြောင့် ငြိမ်သက်၍ သွားလေသည်။

ခေါ်သမား၏ ဟန်အမူအယာသည် အေးစက်၍ မနေတော့ပါ။

ချူလျှူရှမ်းသည် သူ၏စကားအား ဆက်၍ ပြောလိုက်လေသည်။

"အင်း– ခင်ဗျားပြောသလိုဘဲ ဒီ စစ်ဆင်ရေးမှာ ကျနော့်ရဲ့ တာဝန်က အဓိကကျပြီး အရေးလဲကြီးတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်က စုင်ရဲ့ ဦးခေါင်းပေါ်က ဥသျှောင်ကို ယူလိုက်တဲ့အချိန်မှာ စုင်ဟာ အမှတ်တမဲ့ ဥသျှောင်ကို ပြန်ပြီး လုလိုက်တယ်၊ အဲ–ဒီတော့မှ ခင်ဗျားက စုင်ရဲ့ ခါးမှာချိတ်ထားတဲ့ ခေါ်ကို ယူလိုက်တာပေါ့– မဟုတ်လား"

ခါးသမားသည် တဟားဟား ရယ်မောလိုက်လေသည်။

"မင်း- တော်တယ်၊ အတွေးအခေါ် ကောင်းတယ်၊ ဒါပေမဲ့ မင်း မသိသေးတာတွေ ရှိသေးတယ်"

"အမိန့်ရှိပါအုံး- ဘာများလဲလို့"

"မင်းရဲ့ လက်နှစ်ချောင်းဟာ ဒီ ဥသျှောင်ပေါ်မှာ ကျန်ရစ်ခဲ့လိမ့်မယ်ဆိုတာလေ"

"ဩြော်....ဒီဥသျှောင်ကို ကျနော် ခိုးသွားတယ်လို့ အများက အထင်လွဲအောင်ပေါ့"

"ဒါပေါ့"

ဟု ပြောယင်း ခါးသမားသည် ရယ်မော၍ နေလေသည်၊ ချူလျူရှမ်းသည် မဲ့ပြုံး ပြုံးလိုက်ပြီး....

"အင်း- ယုတ်မာတဲ့နေရာမှာ ဆရာတင်ထိုက်အောင် ကောင်းတဲ့ အကြံဘဲ၊ တချက်ခုတ် နှစ်ချက်ပြတ်ပေါ့- ဟုတ်လား"

"မှန်ပါဗျား"

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး....

"နေပါအုံး- တခု မေးချင်သေးတယ်"

"မေးပါဗျာ-မေးပါ၊ တရားခံ မဖြစ်ခင် မေးထားပါ"

"စုံရဲ့ ခါးကခေးကို ယူပြီးတော့- စုံကို ဘာဖြစ်လို့ မသတ်တာလဲ"

"သတ်စရာ မလိုလို့ပေါ့"

"ဗျာ- သတ်စရာ မလိုဘူး- ဟုတ်လား"

"ဟုတ်တယ်- သူဟာ သက်တန်းစေ့ နေရမှာ မဟုတ်ဘူး"



"ဘာဖြစ်လို့"

"သူ့မှာ ကုသလို့ မရနိုင်တဲ့ရောဂါတခု ရထား တယ်လေ၊ အလွန်ဆုံး နေရယင် နောက်တလ နှစ်လဘဲ၊ ဒါကြောင့် သူ့ကို ဘာဖြစ်လို့ သတ်တော့မှာလဲ"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး....

"အင်း....ဒါကြောင့် ဘိုသိက် မြောက်ပွဲကို အမြန်ဆုံး ပြုလုပ်ပြီး သူ့အရိုက်အရာ ခံမဲ့သူ တယောက်ကို အမြန်ဆုံး ရှာရမှာပေါ့"

ခါးသမားသည် သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး....

"ဟုတ်တယ်- ဒါပေမဲ့ သူ့နေရာကို ဆက်ခံမဲ့လူဟာ မရှိသလောက် ဖြစ်နေတယ်"

ချူလျူရှမ်းသည် ခါးသမားအား စေ့စေ့ကြည့်လိုက်ပြီး....

"ကျနော်ထင်တာ မမှားယင်တော့ စုံဟာ လူတယောက်ကို လွှဲပေးရတော့မယ်"

"ဆိုစမ်းပါအုံး- ဘယ်သူများလဲ"

"ခင်ဗျားပေါ့"

လက်သီးအား ကျစ်နေအောင် ဆုပ်လိုက်ပြီး....

"မင်းဟာ အင်မတန် ဉာဏ်ကောင်းတဲ့ ခလေးဘဲ၊ ဒါပေမဲ့ လျှာရှည်တယ်၊ ဒီစကားမျိုးဟာ ပြောသင့်တဲ့စကား မဟုတ်ဘူး ဆိုတာ နားမလည်ဘူးလား"

ချူလျူရှမ်းသည် ပြုံးဖြီးဖြီးမျက်နှာထားဖြင့်....

"အဟဲ....လျှာရှည်တာကတော့ အမေမွေးကထဲကဘဲ၊ မပြောရယင် မနေနိုင်တာကလဲ ဝါသနာဘဲ"

"အေး.... ဒီတော့ မင်းလျှာကို မင်းဖြတ်ပြီး မင်းပါးစပ်ကို မင်းပိတ်ထားမလား၊ ငါက တာဝန်ယူပြီး ပိတ်ပေးရမလား"

ချူလျှူရှမ်းသည် လက်ကလေးနှစ်ဘက်ကို ကာ၍ ပြလိုက်ပြီး....

"မလုပ်ပါနဲ့ဗျာ၊ ကျနော်က ဒီလိုမှမပြောရယင် စားလို့မဝင်၊ အိပ်လို့မပျော် ဖြစ်တတ်လို့ပါ"

ဓားသမားသည် မဲ့ပြုံး ပြုံးလိုက်ပြီး အကိုဝမ်းကဲ့တို့လူစုအား လှမ်း၍ မျက်ရိပ်ပြလိုက်လေသည်။

အကိုဝမ်းကဲ့တို့ လူစုသည် ရုတ်တရက် ချူလျှူရှမ်းအား ဝိုင်းရံလိုက်လေတော့သည်။

သူတို့သည် ချူလျှူရှမ်းအား စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းရံထားလိုက်သည်။

တယောက်နှင့် (၆)ယောက်။

မညီမျှပါ။

သည်ပွဲသည် ကြည့်ကောင်းမည့်ပွဲ မဟုတ်မှန်း ချင်းချင်း နားလည်လိုက်လေသည်။

× × ×



အခန်းတခုလုံး တိတ်ဆိတ်နေသည်။

ဓားသမားသည် ချူလျှူရှမ်းအား ကြည့်လိုက်လေသည်။

သူ၏အကြည့်သည် အေးစက်၍ နေလေသည်။

ထို့ကြောင့် အခန်းတခုလုံး အေးစိမ့်သွားသည်ဟု ချူလျှူရှမ်း ခံစားလိုက်ရလေသည်။

ဓားသမားသည် အေးစက်စွာ စိုက်ကြည့်ပြီးနောက်—

"ဘယ့်နှယ်လဲ....မင်း-ဒီခြောက်ယောက်ကို နိုင်ပါ့မလား"

ချူလျှူရှမ်းသည် ပြုံးလိုက်ပြီး—

"ခြောက်ယောက်တောင် မလိုပါဘူး .... နှစ်ယောက် သုံးယောက်ဆို ကျနော့်ကို နိုင်နေပါပြီ"

ဓားသမားသည် ပြုံးလိုက်သည်။

သူ၏အပြုံးသည် မြေခွေးတကောင်၏ အပြုံးနှင့် တူလှသည်။ ပြီးမှ၊

"ကဲ....မင်း-အခြေအနေကို မင်း သိမှာပေါ့၊ ဒီတော့"

"ဒီတော့....ဘာဖြစ်လဲ"

"ဒီတော့....အေးအေးဆေးဆေး အဖမ်းခံလိုက်ပါလား၊ ဒါမှ မဟုတ်"

ဓားသမားသည် သူ၏စကားကို ဆုံးအောင်မပြောဘဲ သူ၏လက်ဖြင့် လည်ပင်းအား ဓားဖြင့်လှီးဟန် ပြုလုပ်ပြလိုက်ပြီး—

"အသေခံမလား"

ချူလျှူရှမ်းသည် ကြောက်ရွံ့ဟန်ဖြင့် သူ၏ ဦးခေါင်းအား ခါရမ်းပြလိုက်ပြီး....

"အမလေး....သူတို့လက်ချက်နဲ့တော့ မသေပါရစေနဲ့ဗျာ"
"ဒါဖြင့်-အဖမ်းခံမယ်ပေါ့"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းအား ခါရမ်းပြလိုက်ပြီး....
"ဟင့်အင်း....အဖမ်းလဲ မခံပါရစေနဲ့"

ခေးသမားသည် ဝုန်းကနဲ စားပွဲအား လက်ဖြင့်ထုလိုက်ပြီး....
"ဘာဖြစ်လို့လဲကွ"

ချူလျူရှမ်းသည် သူ၏ပခုံးအား တွန့်ပြလိုက်ပြီး....
"သူတို့က ကျနော့်ကို သတ်လဲမသတ်ဘူး၊ နောက်ပြီး-ဖမ်းမှာလဲ မဟုတ်ဘူးဆိုတာ-သိနေလို့ပါ"

ခေးသမားသည် ချူလျူရှမ်း၏ စကားကြောင့် တဟားဟားဖြင့် ရယ်မောလိုက်လေသည်။

သူ၏ ရယ်မောသံသည် ဝံပုလွေဘကောင်၏ ရယ်မောသံနှင့် တူနေလေသည်။

× × ×

ခေးသမားသည် ရယ်မောရာမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး အကိုဝမ်းကွဲတို့ လူစုအား အမိန့်ပေးလိုက်လေသည်။
"ဟေ့....သူ့ကို ဖမ်းချုပ်လိုက်"

ခေးသမား၏ အသံသည် မြေအောက်ခန်းတခုလုံး တုန်ခါသွားအောင် ကျယ်လွန်းလှသည်။



သို့သော်
အကိုဝမ်းကွဲတို့ လူစုသည် နားပင်းနေသူများပမာ တုတ်တုတ်မျှပင် မလှုပ်ချေ။

ချူလျူရှမ်းသည် တဟားဟား ရယ်မောလိုက်ပြီး....
"ဘယ်လိုလဲဗျ.... ခင်ဗျားလူတွေက.... လာလဲမဖမ်းသေးပါလား"

ခေးသမားသည် ဒေါသကြီးစွာဖြင့် ထပ်မံအော်ဟစ် မေးလိုက်လေသည်။
"ဟေ့ .... ကောင်တွေ .... နားပင်းနေသလား၊ ဒီကောင့်ကို ဖမ်းချုပ်လိုက်စမ်း"

အကိုဝမ်းကွဲသည်၊
ခေးသမားအား လှမ်း၍၊
"ကြားပါတယ်....ဖမ်းချုပ်မှာပါ....မပူပါနဲ့"ဟု ပြောလိုက်ပြီး ရုက်တရက် အကိုဝမ်းကွဲတို့ လူစုသည် ခေးသမားအား ဝိုင်းရံလိုက်လေတော့သည်။

ချူလျူရှမ်းသည် သူ၏လက်နှစ်ဘက်အား နောက်သို့ ပစ်လိုက်ပြီး....
"ဟဲ.... ဟဲ.... အသာ တကြည် အ ဖမ်း ခံ မှာ လား၊ ဒါမှမဟုတ်"

သူ၏စကားအား ရပ်တန့်လိုက်ပြီး သူ၏လှက်ဖြင့် လည်ပင်းအား ဖြတ်ဟန် လုပ်ပြလိုက်လေသည်။

ခေးသမား၏ ခန္ဓာကိုယ်သည် တချက်တုန်ခါသွားပြီး အကိုဝမ်းကွဲတို့ လူစုအား၊

"ဟော့... မင်းတို့ ငါ့ကို သစ္စာဖောက်တာလား"

ချူလျူရှမ်းသည် တဟားဟား ရယ်မောယင်း—

"သူတို့က သစ္စာရှိပါတယ်၊ အဖွဲ့အစည်းအပေါ်လဲ သစ္စာရှိတယ်၊ တိုင်းပြည်နဲ့ လူမျိုးအပေါ်လဲ သစ္စာရှိပါတယ်၊ အဲ....တခု တော့ရှိတယ်"

"ဘာရှိတာလဲ"

"ခင်ဗျား ထင်နေတဲ့.... အကိုဝမ်းကွဲတို့လူစု မဟုတ်ဘူး....ဆိုတာပေါ့"

"ဘာကွ"

ချူလျူရှမ်းသည် အကိုဝမ်းကွဲတို့ လူစုအား မျက်ရိပ်ပြလိုက်လေသည်။

အကိုဝမ်းကွဲတို့ လူစုသည် ချူလျူရှမ်း မျက်ရိပ်ပြလိုက်သည်နှင့် သူတို့၏ မျက်နှာပေါ်မှ မျက်နှာဖုံးများကို ချွတ်လိုက်လေတော့သည်။

ခေါ်သမားသည် သူ၏မျက်နှာအား မြင်တွေ့လိုက်ရသောအခါ ဓားသမား၏ခန္ဓာကိုယ်သည် တချက် တုန်ခါ၍ သွားလေတော့သည်။

သူတို့ကား သိန်းငှက်မျက်လုံး လောက်ချစ်၏ လက်ရွေးစဉ် အဖွဲ့သားများပင် ဖြစ်လေသည်။

သူတို့သည် တရားဥပဒေ စိုးမိုးရေးအတွက် အသက်ကို စွန့်လွှတ်ရန် ဝန်မလေးသော အဖြူရောင် သိုင်းသမားများပင်ဖြစ်သည်။



ထို့ကြောင့် သူတို့အား မြင်တွေ့လိုက်ရသည်နှင့်၊ အနက်ရောင် သိုင်းသမား များသည်၊ တုန်လှုပ်မြဲ မဟုတ်ပါလော။

× × ×

မယုံနိုင်စရာပင်။

ထို မယုံနိုင်စရာကောင်းသော အဖြစ် အပျက် များအား.... ကြုံတွေ့ရသောအခါ ချင်းချင်းသည်၊

သူမ၏ ပါးစပ်လေးအား ပိတ်ထားရန်ပင် မေ့လျော့ နေလေသည်။

ထိုစဉ်

ဓားသမားသည် ချူလျူရှမ်းအား လှမ်း၍ မေးလိုက်လေသည်။

"အကိုဝမ်းကွဲတို့ရော"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး—

"မပူပါနဲ့ဗျာ၊ သူတို့ကို လောက်ချစ်က နေပြည်တော်အကျဉ်းထောင်ကို အလည်ခေါ်သွားတယ်"

ထိုစဉ်

ချင်းချင်းသည် တစုံတခုအား သတိရဟန်ဖြင့်....

"ရှင်....ရှင်၊ သူတို့ကို ဟို အိမ်ကြီးမှာ မီးငြိမ်းသွားတုန်းက"

"ဟော

ချူပါတယ်ဗျာ၊ ခင်ဗျားဉာဏ်ကောင်းသွားဘဲ....အဲဒီ ထဲက "း လဲထားလိုက်တာပေါ့"

"ဒါဖြင့် တီကောင်တူးတဲ့လူက"

"ကျနော့် လူပေါ့"

"သူက ဘယ်သူလဲ"

"စောရကြယ်တံခွန်ပေါ့"

× × ×

စောရကြယ်တံခွန်။

တကိုယ်တော် သိုင်းသမားတယောက် ဖြစ်သည်။

ကိုယ်ဖော့ပညာ၌ ထူးချွန်ပြီး သိုင်းပညာရပ်၌လည်း ထိပ်တန်းအဆင့်ရှိလေသည်။

ထို့ပြင်

ဉာဏ်စွမ်း ဉာဏ်စထက်မြက်ပြီး လောင်းကစား ဝါသနာပါသည်။

သို့သော်

သူသည် အမြဲတန်း လူတယောက်နှင့်သာ လောင်း ကစား လုပ်တတ်သည်။

ထိုလူသည် ချူလျူရှမ်းပင် ဖြစ်သည်။

လောင်းကြေးမှာလည်း တီကောင် တူးကြေးသာ လောင်းကစားလေသည်။



ချင်းချင်းသည် မျက်မှောင်ကလေး တချက်ကုတ်လိုက်ပြီး....

"ကျမတို့ ဂူတန်ကို လာတဲ့ အဖွဲ့က လူတွေ အားလုံးကိုလဲ လဲလိုက်တယ်ပေါ့၊ ဟုတ်လား"

ချူလျူရှမ်းသည် ခေါင်း ခါရမ်းပြလိုက်ပြီး....

"ဟင့်အင်း၊ နှစ်ယောက်ဘဲ မလဲခဲ့ဘူး"

"ရှင်...."

"ဟုတ်တယ်....နှစ်ယောက်ဘဲ ချန်ပြီး အားလုံး လူစားလဲခဲ့တာ"

"ဒါဖြင့် အဲဒီနှစ်ယောက်က"

"ခင်ဗျားနဲ့ ကျနော်ဘဲပေါ့"

"နေပါအုံး....ကျမကိုရော ဘာဖြစ်လို့ မလဲလိုက်တာလဲ"

"ဟဲ....ဟဲ....ခင်ဗျားက ဓားသမားနဲ့ သိပ် နီးစပ်တယ်လေ၊ နောက်ပြီး ဒီအဖွဲ့ရဲ့ခေါင်းဆောင် မဟုတ်လား၊ ဒီတော့ ခင်ဗျား မရှိယင် ဘာ-ဆက်လုပ်ရမယ် ဆိုတာ မသိတော့ဘဲ ဖြစ်သွားမှာပေါ့...."

ချင်းချင်းသည် သူမ၏ပါးစပ်အား ပိတ်၍ ထားလိုက်လေသည်။

ထိုစဉ်

ဓားသမားသည် ချူလျူရှမ်းအား စေ့စေ့ကြည့်လိုက်ပြီး....

"နေပါအုံး၊ ခင်ဗျားတို့က ဒီလောက်တောင် အခြေအနေတရပ်လုံးကို ထိန်းထားနိုင်ပြီဘဲ၊ ဘာဖြစ်လို့ ကျုပ် လုပ်ခိုင်းတဲ့ လုပ်ငန်းတွေ ဆက်လုပ် နေရတာလဲ"

ချူလျှူရှမ်းသည် ပြုံးလျက်....

"ငါးများတဲ့ နောက်တော့ ငါးစာချရမှာပေါ့၊ ဒါမှလဲ.... ခင်ဗျား ဘယ်သူ ဘယ်ဝါဆိုတာ သိရမှာပေါ့"

× × ×

ခေါးသမားအား အမိုက်မှောင်ရွာ တရွာလုံးက ခေါးသမား ဟုပင် သိထားကြပါသည်။

ထို ခေါးသမားသည် မည်သူ-မည်ဝါ ဖြစ်ကြောင်း မသိပါ။

သူ၏ ပင်ကိုယ် မျက်နှာအား တွေ့မြင်ဘူးသူ တယောက်မျှ မရှိချေ။

ထို့ကြောင့် ခေါးသမားသည် မည်သူ မည်ဝါ-ဖြစ်ကြောင်း သိအောင် လုပ်ရပေမည်။

ဤသည်မှာ သူ၏အဓိက တာဝန်ပင် ဖြစ်သည် မဟုတ်ပါ လော။

ခေါးသမားသည် ပြုံးလိုက်လေသည်။

ထိုအပြုံးတွင် သရော်ဟန် ပေါ်လွင်၍ နေသည်။

ပြီးမှ....

"ငါ....ဘယ်သူဆိုတာ.... သိရမှာပေါ့၊ ဒါပေမဲ့.... ငါ-စိတ် မကောင်းဘူး"

ချူလျှူရှမ်းသည် သူ၏မျက်ခုံးမွေးအား ပင့်တင်လိုက်ပြီး....



"ဘာ-စိတ်မကောင်းတာလဲ"

"ဩော်....လောက်ချစ်တို့ဟာ - ငါဘယ်သူဆိုတာ သိမသွား ရလို့ပါ"

"ဒီအတွက်နဲ့တော့....စိတ်မကောင်း ဖြစ်မနေပါနဲ့" ဟူသော အသံနှင့်အတူ မြေအောက်ခန်းထဲသို့ လူတယောက် ဝင်လာလေ သည်။

ထိုလူအား တွေ့လိုက်ရသည်နှင့် ချင်းချင်းသည် လန့်၍ မအော်မိစေရန် သူမ၏ပါးစပ်အား လက်ဖြင့်ပိတ်ထား လိုက် လေသည်။

ထိုလူကား လောက်ချစ် သို့မဟုတ် သိန်းငှက် မျက်လုံး လောက်ချစ်ပင် ဖြစ်လေသည်။

ထို့နောက်

မြေအောက်ခန်းထဲသို့ တယောက်ပြီး တယောက် ဝင်ရောက် လာလေသည်။

သူတို့ကား

ရှောင်လင်ထိကျင်း၊

ဝမ်းဘယ်အိတ်၊

ကောင်းဟုန်ချန်း၊

ရေပေါ်ဝဲ၊

ရှောက်ကုနှင့် ဝူတန်ဂိုဏ်းမှ ပုဂ္ဂိုလ်များပင် ဖြစ်လေသည်။

စုင်သည် အားလုံး၏နောက်မှ ဝင်ရောက်လာပြီး....

"ကဲ.... ခေါးသမား.... မင်း-ဘယ်သူလဲဆိုတာ ကြည့်ရ အောင်" ဟု ပြောလိုက်လေသည်။

ဓားသမားသည် အခန်းထဲရှိ လူများအား တချက်ဝေ့ကြည့်လိုက်ပြီး....

"သိရပါတယ်ဗျာ" ဟု ပြောလိုက်ပြီး ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည် မျှားတစင်း ပစ်လိုက်သကဲ့သို့ အခန်းဝသို့ ပြေးထွက်လိုက်လေသည်။

ထို့နောက် တဆက်ထဲ သူ၏ကျောမှ ဓားအား ဆွဲထုတ်လိုက်ပြီးစိုင်အား ဓားဖြင့် ထောက်ထား လိုက်လေတော့သည်။

စိုင်သည် ပြန်လည်ခုခံရန် ပြင်လိုက်သော်လည်း ဒဏ်ရာရထားသဖြင့် အညံ့ခံလိုက်ရလေသည်။

ဓားသမားသည် တဟားဟား ရယ်မောပြီး....

"ဟေ့-ကောင် လောက်ချစ်၊မင်း ဥာဏ်မဆိုးဘူး၊ ချူလျူရှမ်းလဲတော်တယ်၊ ဒါပေမဲ့-အခုငါက မင်းတို့ထက် သာနေပြီ၊ စိုင်ရဲ့အသက်ကို မငွဲ့ယင်တော့ ငါ- ဘယ်သူဆိုတာ သိအောင်လုပ်ပေါ့ကွာ၊ ဟား....ဟား....ဟား" ဟု ပြောယင်း မြေအောက်ခန်းမှ ထွက်သွားလေသည်။

သို့သော်

"အား" ဟူသော စူးရှသောအသံနှင့်အတူ ဓားသမား၏ ခန္ဓာကိုယ်သည် အခန်းထဲသို့ ပြန်လည်၍ လွင့်ကျလာလေသည်။

အဖြစ်အပျက်သည် လျှင်မြန်လှသဖြင့် အခန်းထဲရှိ လူများသည် တဒင်္ဂမျှ အံ့အားသင့်၍ သွားလေတော့သည်။

ထိုစဉ်

အခန်းထဲသို့ လူတယောက်သည် ဖြည်းညှင်းစွာ ဝင်ရောက်လာလေသည်။



ထိုလူသည် မုရသေ့ပင် ဖြစ်လေသည်။

သူ၏လက်ထဲဟွင် ဓားတလက်ကိုင်ထားလေသည်။

သွေးစွန်းနေသော ဓားတလက်ပင် ဖြစ်လေသည်။

× × ×

တိတ်ဆိတ်နေသည်။

အခန်းတခုလုံး တိတ်ဆိတ်နေသည်။

အခန်းထဲရှိ လူအားလုံးသည် ဝိဥာဉ် ချုပ်ငြိမ်းနေပြီဖြစ်သော ဓားသမား၏ အလောင်းအား စိုက်၍ ကြည့်နေကြသည်။

ချူလျူရှမ်းသည် ဓားသမား၏ အလောင်းအား ကြည့်ပြီး မျက်မှောင်တချက် ကုတ်လိုက်လေသည်။

ပြီးမှ

မုရသေ့အား—

"ခင်ဗျား....ဘာဖြစ်လို့-သတ်လိုက်ရတာလဲ"

မုရသေ့သည် အံ့သြဟန်ဖြင့် ချူလျူရှမ်းအား စိုက်ကြည့်လိုက်ပြီး....

"ကျုပ်-စိုင်ကို မကယ်ရတော့ဘူးလား"

"သူ သေသွားတော့....ကျနော်တို့က ဘာမှ ဆက်မေးလို့ မရတော့ဘူးပေါ့"

"သူ့ရဲ့ လျှို့ဝှက်ချက်တွေ သိနေမှတဲ....ဘာမေးစရာ ရှိသေးလို့လဲ"

"သူ-ဘယ်သူလဲဆိုတာ မေးရဦးမယ်"

မုရသေ့သည် တချက်ပြုံးလိုက်ပြီး....

"သူသေသွားမှတော့...သူ့မျက်နှာကို ကြည့်ယင် ဘယ်သူလဲဆိုတာ သိမှာပေါ့"ဟု ပြောလိုက်ပြီး ဓားသမား၏မျက်နှာမှ မျက်နှာအရေတုအား ဆွဲ၍ခွာလိုက်လေသည်။

ချူလျူရှမ်းသည် ဓားသမား၏ မျက်နှာအား တွေ့လိုက်ရသည်နှင့် သူ၏မျက်နှာပေါ်တွင် အံ့ဩဟန် ပေါ်လွင်လာလေတော့သည်။

× × ×

ဓားသမား၏မျက်နှာတုသည် ကျွတ်၍သွားသည်နှင့်၊ 'ဝိယဉ်'၏မျက်နှာသည် ပေါ်၍လာလေတော့သည်။

ဝိယဉ်။

သူသည်၊ အမိုက်မှောင်ရွာတွင် ချူလျူရှမ်း ရှိနေစဉ် ချူလျူရှမ်း၏အိမ်၌ သေဆုံးသွားခဲ့သူပင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် ဝိယဉ်သည် (၃) ကြိမ် သေဆုံးသူဖြစ်နေလေသည်။

သို့သော်

ယခုအကြိမ်သည် သူသည် အမှန်တကယ်ပင်သေဆုံးခဲ့ပြီမဟုတ်ပါလော။



ချူလျူရှမ်းသည် ဝိယဉ်အား ကြည့်နေရာမှ....

"သူ့ကို အမိုက်မှောင်ရွာမှာ 'ဝိယဉ်'လို့ခေါ်တယ်၊ ဒါပေမဲ့ သူ့ရဲ့အမည် အရင်းကိုတော့ မသိဘူး"ဟု ပြောလိုက်လေသည်။

"သူ့ရဲ့အမည်ကို ကျုပ် သိပါတယ်"ဟု စုငံက ဝင်ရောက်၍ ပြောလိုက်လေသည်။

ချူလျူရှမ်း၏ မျက်ခုံးမွေးသည် နဖူးသို့ မြင့်တက်သွားပြီး၊ စုငံအား စေ့စေ့ကြည့်လိုက်ယင်း၊

"ခင်ဗျားက သူ့ကိုသိတယ် ဟုတ်လား"

စုငံသည် သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး....

"အင်း....သိတယ်၊ သူ့နံမယ်က 'စုဟု'တဲ့၊ ဂူတန်ဂိုဏ်းရဲ့ သစ္စာဖောက် တယောက်ဘဲ"

ချူလျူရှမ်းသည် သူ၏ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"သူ မဟုတ်ဘူး"ဟု ပြောလိုက်လေသည်။

စုငံသည် မျက်မှောင်ကုတ်သွားပြီး....

"ဘာ-မဟုတ်ဘူး၊ ဟုတ်လား၊ သူဟာ စုဟုံ ဟုတ်ကြောင်း ကျုပ် ရဲရဲကြီး ပြောရဲတယ်"

"ကျနော်လဲပြောရဲတယ်၊ စုဟုံ မဟုတ်ဘူးလို့"

"သူဟာ စုဟုံ မဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ"

"ဒီလိုလေ....သေတဲ့လူ စုဟုံ ဟုတ်တယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဓားသမားဟာ စုဟုံ မဟုတ်ဘူး"

"ဘာ စုဟုံ မဟုတ်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ စုဟုံဟာ ခေါးသမား အတု"

မုရသေ့ သည် စိတ်ညစ်သွားဟန်ဖြင့် သူ၏ဦးခေါင်းကို ခါရမ်းလိုက်ပြီး....

"ဟော့—ချူလျူရှမ်း ကြည့်လဲပြောပါဗျာ၊ ခေါးသမားရဲ့ မျက်နှာအရေကို ခွာလိုက်လို့ စုဟုံမှန်း သိရတာတောင် မင်းက ခေါးသမားအတုလို့ ယူဆသလား"

"ဟုတ်တယ်၊ ခေါးသမားအစစ် ရှိနေသေးတယ်"

ချူလျူရှမ်း၏လေသံသည် တိကျ ပြတ်သားရှိနေသည်။

ရှောင်လုင်ထိကျင်းက သူ၏မုတ်ဆိတ်မွေးအား လက်ဖြင့်ပွတ်သတ်ယင်း....

"ဒါဖြင့် ခေါးသမားအစစ်ကို မင်း သိသလား"

ချူလျူရှမ်းသည် သူ၏ပါးစပ်အား ပိတ်၍ ထားလိုက်ပြီး သူ၏ပခုံးအား တွန့်၍ပြလိုက်လေတော့သည်။

အခန်းထဲရှိ လူများသည် ချူလျူရှမ်း၏စကားအား လက်ခံချင်ဟန် မတူချေ။

သို့သော်

ချူလျူရှမ်းအား ယုံကြည်သူတယောက်ရှိလေသည်။

သူကား သိန်းငှက်မျက်လုံး လောက်ချစ်ပင်ဖြစ်ပါသည်။

ချူလျူရှမ်းသည် စကား တခွန်းအား ပြောလျှင် သူ့၌ အကြောင်းအရာ ပြည့်စုံမှုပြောတတ်သူဖြစ်ကြောင်း သိထားသည် မဟုတ်ပါလော။

## လျှို့ဝှက်တာဝန်

လောက်ချစ်။ သို့မဟုတ်၊ သိန်းငှက်မျက်လုံး လောက်ချစ်။

သူသည် ထိပ်တန်းသိုင်းပညာရှင်တယောက်ဖြစ်သည်။

ထို့ပြင် သူသည် နေပြည်တော်မှ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထောက်လှမ်းရေးမှူးချုပ် ဖြစ်လေသည်။ လွန်ခဲ့သော (၃) လကျော်ခန့် နေ့တနေ့တွင် နေပြည်တော်မှ လျှို့ဝှက်တာဝန်တရပ်သည် သူ့ထံသို့ ရောက်ရှိလာလေသည်။

ယင်း တာဝန်ကား အမိုက်မှောင်ရွာအား ဖြိုဖျက်ရန်ပင် ဖြစ်လေသည်။

သူသည် ယင်းကိစ္စအား လေ့လာ ပြီးသည့်နောက်၊ အမိုက်မှောင်ရွာအား ဖြိုခွင်းရန် စီမံချက်တရပ်ကို ချမှတ်ပြီးနောက် လူတယောက်အား ခေါ်ယူခဲ့လေသည်။

ထိုလူကား တကိုယ်တော်သိုင်းသမား၊ ချူလျူရှမ်းပင်ဖြစ်ပါသည်။

× × ×

ချူလျူရှမ်း။

သူသည် လောက်ချစ်ကဆင့်ခေါ်လိုက်သဖြင့်'သိန်းငှက်သိုက်' သို့ ရောက်ရှိလာလေသည်။

ဤ 'သိန်းငှက်သိုက်'အား ရောက်ရှိရန် လွယ်ကူသည် မဟုတ်ပါ။

အလွန် လျှို့ဝှက်သော ကင်းပုန်း(၇)ခုအား ကျော်လွှား၍ သွားရလေသည်။

ထို ကင်းပုန်း(၇)ခုအား တာဝန် ယူထား ရသူ များသည် ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြသဖြင့် တချက်မျှ အမှားခံ၍ မရပါ။

ထို့ကြောင့် ဤ သိန်းငှက်သိုက်၌ပြောဆို ဆွေး နွေး သောစကားများသည် တခွန်း တစမျှ ပေါက်ကြားနိုင်စွမ်း မရှိပေ။

လောက်ချစ်သည် စီမံချက် (၁) အရ ချူလျူရှမ်းအား စီးမင်းချိုစွေ့နှင့် ပြဿနာတခု ပြုလုပ်ခဲ့လေသည်။

ထို သတင်းအား စီးမင်းချိုစွေ့နှင့် ရှောင်လင်ထိကျင်းက တာဝန်ယူ၍ သတင်းဖြန့်ခဲ့လေသည်။



အမိုက်မှောင်ရွာမှ လူများသည် နံမည်ပျက်ရှိသော ထိပ်တန်းသိုင်းသမားများ၊ မင်းပြစ် မင်းဒဏ်သင့်သော ထိပ်တန်း သိုင်းသမား များအား စည်းရုံးပြီး စုဆောင်း နေသည် မဟုတ်ပါလော။

ထို့ကြောင့် ယင်းရွာမှလူများ ယုံကြည်စေရန်စီးမင်းချိုစွေ့က ချူလျူရှမ်းအား ပြောလိုက်လေသည်၊

"ချူလျူရှမ်း ခင်ဗျား လွတ်အောင် ပြေးပေတော့၊အေး- တကယ် မိခဲ့ယင် ကျုပ် တကယ့်ကို သတ်ရလိမ့်မယ်"

ထို့ကြောင့် ချူလျူရှမ်းသည် သူ၏အသက်ကို လွတ်အောင် ပြေးရလေသည်။

စီးမင်းချိုစွေ့ကလည်း တကယ်သတ်ရန် လိုက်လေသည်။

ထို့နောက် အမိုက်မှောင် ရွာပေါ်သို့ သွားသော လမ်းကြောင်းပေါ်သို့ အမှတ်မထင် ရောက်ရှိဟန်ဖြင့်၊ အမိုက်မှောင် ရွာသို့သွားသောလမ်းကြောင်းအား ဦးတည်၍ ပြေးရလေသည်။

ယင်းကဲ့သို့ ချူလျူရှမ်းသည် ထွက်ပြေး တိမ်းရှောင်နေချိန်တွင် လောက်ချစ်သည် မည်သည့်အကူအညီမျှ မပေးချေ။

ထို့ကြောင့် သူ၏ အသက်ရှင်သန်ရေးနှင့် စီမံချက် အောင်မြင်ရေးအတွက် သူ့ဘဝကို သူ ဖန်တီးရလေသည်။

ချူလျူရှမ်းသည် အမိုက်မှောင်ရွာအကြောင်းများကို ကြားသိခဲ့သည်မှာ ကြာပြီဖြစ်သည်။

ထို ရွာသည် တရားဥပဒေမဲ့ ပြုမူသည့် အမှုများ မနည်းတော့ပေ။

တစဆက် တစ အတင့် ရဲလာပြီးနောက် နေပြည်တော်သို့ ပို့ဆောင်မည့် ဘဏ္ဍာတော်များပင် လုယူ တိုက်ခိုက် လာလေသည်။

နေပြည်တော်မှ ထိုအမှုအား နည်း အမျိုးမျိုးဖြင့် စုံစမ်းခဲ့သည်။

သို့သော်

မအောင်မြင်ခဲ့ပေ။

လျှို့ဝှက် သတင်းများ ပေါက်ကြားပြီး ထိုရွာ၏ ခေါင်းဆောင်အား စုံစမ်း၍ မရရှိခဲ့ပေ။

ထို့ကြောင့် နောက်ဆုံးယခုကဲ့သို့ လောက်ချစ်အား တာဝန်ပေးအပ်လိုက်ခြင်း ဖြစ်ပေသည်။

ယင်းရွာအား မဖြိုခွင်းနိုင်လျှင် တရားဥပဒေ စိုးမိုးရေးအား တဖြည်းဖြည်း ထိပါးလာမည် ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် လောက်ချစ်သည် ချူလျူရှမ်းအား လျှို့ဝှက်တာဝန်ဖြင့် အန္တရာယ်ခရီးအား နှင်စေခဲ့သည်။

ချူလျူရှမ်းသည် သူ၏ သူငယ်ချင်းများထဲမှ စောရကြယ်တံခွန်နှင့် မျက်မမြင် သိုင်းသမား မန်းလူအား အကူအညီ ထပ်မံတောင်းခံခဲ့လေသည်။

မန်းလူသည်အလွန်စဉ်းစားဉာဏ်ကောင်းသောလူတယောက် ဖြစ်လေသည်။

သူတို့သည် စီမံချက် စတင် ဆောင်ရွက် သည်နှင့် မြို့တွင်း၌ လူစည်ကားရာအရပ်တွင် အိမ်ကြီးတလုံးအား ဝယ်ထားလိုက်ပြီး



ထိုအိမ်၏ အောက်ထပ် (၃)ခန်းအား အရက်ဆိုင်၊ ထမင်းဆိုင် ဖွင့်လိုက်လေသည်။

ထို့နောက် လောက်ချစ်၏ အဖွဲ့ သားများသည် ထိုဆိုင်၌ စားပွဲထိုး လုလင်များအဖြစ် လုပ်ကိုင်ကြပြီး အမိုက်မှောင်ရွာ၏ သတင်းများ စုဆောင်းလေသည်။

သို့သော်

ထိုဆိုင်အဖွဲ့သားများ၏ တာဝန်သည် အမိုက်မှောင် ရွာ၏ သတင်းများစုဆောင်းရန် တာဝန်သာဖြစ်ပြီး စီမံချက်၏ အဓိက ကျသော အချက်အား မသိရှိခဲ့ရပေ။

ထို စီမံချက်အား သိရှိသူမှာ ချူလျူရှမ်း အပါအဝင်(၁၀) ယောက်သာ ရှိလေသည်။

ယခု ထို (၁၀) ယောက်အနက် (၇) ယောက်သည် မြေအောက်ခန်း၌ ရှိနေလေသည် မဟုတ်ပါလော။

× × ×

မြေအောက်ခန်း စီမံချက်အား သိရှိသူ (၇) ယောက်သည် ဤမြေအောက်ခန်း၌ ရှိနေပါသည်။

သို့သော်

သူတို့သည်....

ချူလျူရှမ်း

လောက်ချစ်

ရှောက်ကူ
ရေပေါ်ဝဲ
ကောင်းဟုန်ချွန်း
ရှောင်လင်ထိကျင်းတို့ပင် ဖြစ်ပါသည်။
သို့သော်

ချူလျူရှမ်း၏ စကားအား လောက်ချစ်မှလွဲ၍ မည်သူကမျှ လက်ခံချင်ပုံ မပေါ်ပေ။

ထို့ကြောင့် ချူလျူရှမ်းသည်သူ၏ပခုံးနှစ်ဘက်အား အသာအယာ တွန့်ပြလိုက်ပြီး မြေအောက်ခန်းမှ ထွက်သွားလေတော့သည်။

## ခါးသမား

'သိန်းငှက်သိုက်'

သန့်ရှင်းပြီး သပ်ယပ်သောအခန်းတခု ဖြစ်သည်။

ထိုအခန်းသည် သိန်းငှက်မျက်လုံး လောက်ချစ်၏ သီးသန့်အခန်း စာဖတ်ခန်း ဖြစ်လေသည်။

အထူးသဖြင့် လောက်ချစ်သည် ဤအခန်းအား လျှို့ဝှက်ကိစ္စများ တိုင်ပင်ရန် ဆွေးနွေးရန် အခန်းအဖြစ်သာ ထားရှိ လေသည်။

ယခု ယင်း အခန်းထဲတွင် လူသား ငါးဦး ထိုင်နေကြလည်း။
သို့သော်
အခန်းတခုလုံးသည် တိတ်ဆိတ်၍ နေလေသည်။
ထို လူသားငါးဦးမှာ–

လောက်ချစ်
ရွှေလင်းထိကျင်း
စောရကြယ်တံခွန်

ချူလျူရှမ်းနှင့် မျက်မမြင် သိုင်းသမား မန်းလူတို့ ဖြစ်ပါသည်။

အတန်ကြာ တိတ်ဆိတ်နေရာမှ လောက်ချစ်သည် တိတ်ဆိတ်ခြင်းအား စတင်ဖြိုခွင်းလိုက်လေသည်။

"ဒီမှာ....ချူလျူရှမ်း"

"ဗျာ...."

"စုဟုံဟာ ဓားသမား မဟုတ်ဘူး ဆိုတာ မင်း ဘယ်လို သိသလဲ"

ချူလျူရှမ်းသည် သူ၏ပခုံးအား တွန့်ပြလိုက်ပြီး....

"ဓားသမား ဘယ်သူဆိုတာ သိလို့ပေါ့"

ခစောရကြယ်တံခွန်သည် မျက်မှောင် ကုတ်သွားပြီး၊ ဝင်၍ မေးလိုက်လေသည်။

"ဒါဖြင့် ဘယ်သူလဲ"

ချူလျူရှမ်းသည် အေးဆေးစွာ တလုံးချင်း ပြောလိုက်လေသည်။

"မု ရ သေ့-"

"ဘာ-မုရသေ့ ဟုတ်လား"

လောက်ချစ်သည် အံ့သြသွားလေသည်။

တခန်းလုံးရှိ လူများသည် မယုံကြည်နိုင်သော စကားအား ကြားလိုက်ရသဖြင့် တဒင်္ဂမျှ တိတ်ဆိတ် သွားလေသည်။



ပြီးမှ

ထိကျင်းသည် သူ၏ ဦးခေါင်းအား ခါရမ်းလိုက်ပြီး-

"မဖြစ်နိုင်ဘူး"

ချူလျူရှမ်းသည် ထိကျင်းအား စေ့စေ့ ကြည့်လိုက်ပြီး-

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"တကယ်လို့ သူဟာ-ဂိုဏ်းချုပ်လုပ်ချင်ယင် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ထဲက ဝူတန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်နေပြီ"

စောရကြယ်တံခွန်သည် ထိကျင်း၏ စကားအား ဆောက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး-

"ဟုတ်တယ်ကွ၊ သူဟာ-ရာထူး မက်မောတဲ့ လူတယောက် မဟုတ်ဘူးလို့ ငါတော့ ယုံကြည်တယ်"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး-

"ဟုတ်တယ်၊ ကျနော်လဲ ပထမတုန်းက ခင်ဗျား တို့လိုဘဲ ယုံကြည်တယ်၊ ဒါကြောင့် သိန်းငှက်သိုက်ထဲတောင် ခေါ်လာမလို့ဘဲ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"စုဝံနဲ့ မန်းလူက ကန့်ကွက် ခဲ့တယ်လေ"

လောက်ချစ်သည် ရုတ်တရက် မန်းလူဘက်သို့ လှည့်လိုက်ပြီး-

"မင်းက ဘာဖြစ်လို့ ကန့်ကွက် ရတာလဲ"

"စကားများများပြောတဲ့ ပါးစပ်ဟာ လုံခြုံမှုမရှိဘူး ထင်လို့"

လောက်ချစ်သည် ချူလျူရှမ်းဘက်သို့ လှည့်လိုက်ပြီး-

"စုံကရော ဘာဖြစ်လို့ ကန့်ကွက်ရတာလဲ"

ချူလျူရှမ်းသည် သူ၏လက်ဖဝါးကလေးများအား ကြည့်ယင်း....

"စိုင်က သူ့အကြောင်း သိထားလို့"

"စိုင်က ဘာတွေသိထားလို့လဲ"

"မုရသေ့ဟာ ဂိုဏ်းချုပ်ရာထူးကို လက်မခံတာဟာ ကျေနပ်လို့မဟုတ်ဘူး၊ သူ့မှာ အပြစ်ရှိနေလို့၊ ဒါကြောင့် စိုင်က စိတ်မချတဲ့အတွက် ကန့်ကွက်ခဲ့တာ"

လောက်ချစ်သည် သူ၏ဦးခေါင်းကိုခါရမ်းလိုက်ပြီး–

"ကျုပ် နားမရှင်းသေးဘူး"

"ဒီလိုပါ၊ ဝူတန်ဂိုဏ်းချုပ် မေကျင်းဟာ သူ့ရဲ့ အရိုက်အရာကိုဆက်ခံဖို့ မုရသေ့ကို ရွေးချယ် ခဲ့ပါတယ်၊ ဒါပေမဲ့.... မုရသေ့က ဝူတန်ဂိုဏ်းရဲ့ စည်းကမ်းကို ဖောက်ဖျက်ပြီး လင်ရှိမိန်းမတယောက်ကို ခိုးယူပေါင်းသင်း ဆက်ဆံခဲ့တယ်"

"အဲဒီတော့ သူ့ကို ဝူတန်ဂိုဏ်းက ထုတ်မပစ်လိုက်ဘူးလား"

"ဟုတ်ကဲ့....မေကျင်းဟာ မုရသေ့ကို သနားတာနဲ့ အဖွဲ့က ထုတ်မပစ်ခဲ့ဘူး၊ ဒါပေမဲ့ ဂိုဏ်းချုပ်ရာထူး လက်ခံဖို့ကိစ္စကိုတော့ မုရသေ့ကိုယ်တိုင် ငြင်းပယ်ဖို့ ခိုင်းခဲ့ပါတယ်"

"သေချာရဲ့လား"

"သေချာပါတယ်၊ သူ့သမီးက ယဲ့လိမ်ပါ"

စောရကြွယ်တံခွန်သည် မျက်မှောင် ကုတ်သွားပြီး–

"ဟော့-ယဲ့စွေက သူ့ရဲ့သမီးအရင်း မဟုတ်ဘူးလား"



"ဟင့်အင်း၊ ယဲ့လိမ်က သူ့သမီးအရင်း၊ ယဲ့စွေက မယားပါသမီး"

စောရကြွယ်တံခွန်သည် ဘာမျှ မပြောတော့ဘဲ ပါးစပ် ပိတ်ထားလိုက်လေသည်။

လောက်ချစ်သည် အတန်ကြာ စဉ်းစားပြီးနောက်....

"ကဲ....ထားပါတော့၊ အခုပြောတဲ့ ဟာတွေဟာ မုရသေ့ရဲ့ ကိုယ်ရေး ကိုယ်တာတွေဘဲ၊ သူဟာ ဓားသမားဆိုတာ မထောက်ပြနိုင်သေးဘူး"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား ညိတ်လိုက်ပြီး–

"ဟုတ်တယ်–ဒါပေမဲ့ ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကို ခြုံပြီး စဉ်းစားကြည့်ရအောင်"

လောက်ချစ်သည် သူ၏ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ချူလျူရှမ်းသည် သူတို့အား တချက် ဝေ့ကြည့်လိုက်ပြီး–

"ဝူတန်ဂိုဏ်းထဲကို ဝင်ရောက် နိုင်ဖို့အတွက် နယ်မြေ ကျွမ်းကျင်တဲ့လူမှသာ ဖြစ်မယ်၊ အဲဒီလို ကျွမ်းကျင်မှလဲ အကိုဝမ်းကွဲတို့လူစုကို အထဲရောက်အောင် ပို့နိုင်ပြီး ကိစ္စပြီးတဲ့အခါ အောင်မြင်စွာ ဆုတ်ခွာလာနိုင်မယ်"

စောရကြွယ်တံခွန်သည် ခေါင်း တဆတ်ဆတ် ညိတ်ယင်း.... နားထောင် နေလေသည်။

ချူလျူရှမ်းသည် သူ၏ စကားအား ဆက်၍ပြောလေသည်။

"နောက်ပြီး....ဝူတန်ဂိုဏ်းရဲ့ ထုံးစံအရ လက်နက်ချ ရေကန်မှာ လက်နက်တွေ ထားခဲ့ရမယ်၊ ဒီတော့ အကိုဝမ်းကွဲတို့ လူစုကို အထဲရောက်တာနဲ့ လက်နက်ပြန်ပြီး တပ်ဆင်ပေးရမယ်၊ နောက်ပြီး ညှော်ခံပွဲဟာ စည်းမဲ့ ကမ်းမဲ့ ညှော်ခံပွဲ မဟုတ်ဘူး၊ ညှော်သည်တွေ အတွက် နေရာကို ကြိုတင် စီစဉ်ထားတာ မဟုတ်လား၊ ဒီတော့ လုပ်ကြံခံရမဲ့ လူတွေ နောက်မှာ လုပ်ကြံမဲ့လူတွေ ရောက်လာအောင် အစီအစဉ်စပြီး ဆွဲထဲက ထည့်ထားရမယ်"

ချူလျူရှမ်းသည် သူ့စကားအားရပ်လိုက်ပြီး လောက်ချစ်တို့အား ဝေ့၍ တချက် ကြည့်လိုက်လေသည်။

လောက်ချစ် တို့သည် သူ၏ စကားအား စိတ် ဝင်စားစွာ နားထောင်၍ နေလေသည်။

သူသည် သူ၏စကားအား ဆက်၍ပြောလေသည်။

"နောက်ပြီး အစီအစဉ်အရ ဘိသိက်တင်မြှောက်တဲ့ အချိန်မှာ မီးငြိမ်းအောင် လုပ်ဘို့ဟာ မလွယ်ပါဘူး၊ ဘယ် အချိန် မှာ ဘိသိက် မြှောက်မယ်ဆိုတာသိမှ လုပ်နိုင်မှာ မဟုတ်ဘူးလား"

လောက်ချစ်သည် သူ၏ ဦးခေါင်းကို ညိတ်ပြလိုက်ပြီး....
"အေး- ဟုတ်တယ်"

ချူလျူရှမ်းသည် ပြုံးလိုက်ပြီး....

"ဒီတော့- ခေါင်းသမားဟာ ဝူတန်ဂိုဏ်းက လူဘဲ ဖြစ်ရမယ် မဟုတ်လား၊ ဒါပေမဲ့ သာမန်လူတယောက်တော့ မဟုတ်နိုင်ဘူး၊ ဩဇာအာဏာရှိတဲ့လူဘဲ ဖြစ်ရမယ်၊ ဒီတော့ ဝူတန်မှာ ဩဇာအာဏာရှိတဲ့လူဟာ နှစ်ယောက်ဘဲ ရှိတယ်၊ စုံနဲ့ မုရသော့၊ နောက်ပြီးညှော်သည်တွေကို နေရာချထားပေးတာက မုရသော့၊ ဒီတော့ နှိုင်းပြီးစဉ်းစားလိုက်ယင် စုံမဟုတ်နိုင်တော့ဘူး၊ ဒါကြောင့် မုရသော့လို့ ကျနော်ပြောနိုင်တာ"



ထိကျင်းသည် သက်ပြင်းရှည်ကြီးတချက် ချလိုက်လေသည်။

လောက်ချစ်သည် ခေါင်းတဆတ်ဆတ်ညိတ်၍ စဉ်းစားပြီး-

"အင်း- မင်းပြောတာ အားလုံးဖြစ်နိုင်တယ်၊ ဒါပေမဲ့ အဲဒါ တွေဟာ ဆက်စပ်တွေးခေါ်ထားတာတွေဘဲ ဖြစ်မယ်၊ လက်ဆုပ် လက်ကိုင် အထောက်အထား မရှိတာ ခက်တယ်"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းအား ညိတ်လိုက်ပြီး....

"ဟုတ်တယ်- ပိုပြီး ခက်နေတာက စုံရဲ့ ခုနစ်စဉ်ကြယ်ဓားရိုးထဲက မုရသော့ကိုယ်တိုင် အပြစ် ရှိကြောင်း ဝန်ခံထားတဲ့ စာ ပျောက်နေတယ်၊ အခုဆို ဝူတန်ဂိုဏ်းရဲ့ ထုံးစံအရ စုံရဲ့ ဘိသိက်ပွဲ မအောင်မြင်လို့ မုရသော့ကို ဂိုဏ်းချုပ်ရာထူး ပေးရတော့မယ်၊ သူဟာ ဂိုဏ်းချုပ်ဖြစ်လာယင် ဖမ်းဘို့ ပိုပြီး ခက်သွားလိမ့်မယ်"

စောရကြယ်တံခွန်သည် သူ၏ ဦးခေါင်းအား တချက် ကုတ်လိုက်ပြီး....

"နေပါအုံး၊ မုရသော့ဟာ ခေါင်းသမားလို့ဘဲ သဘောထားပါ အုံး၊ ကျုပ် မရှင်းသေးတာ တချက်ရှိသေးတယ်"

"ဘာ မရှင်းတာလဲ"

"ဩော်....သူက ငုတန်ဂိုဏ်းချုပ် ရာထူး ရရှိဘို့အတွက် ဘာဖြစ်လို့ ကြီးကြီး ကျယ်ကျယ် အမိုက်မှောင်ရွာကို တည်ထောင်ရတာလဲ"

ချူလျူရှမ်းသည် တချက်ပြုံးလိုက်ပြီး....

"သူ့မှာ ကြီးကြီးကျယ်ကျယ် ကြံစည်ထားတာ ရှိလို့ပေါ့"

"ဘာများလဲ"

"ငုတန်ဂိုဏ်းကို အနုနည်းနဲ့ မရယင် အကြမ်းနည်း သုံးမယ်လေ၊ နောက်ပြီး ရှိသမျှဂိုဏ်းတွေကိုလဲ သူ့လက်အောက်ခံအဖြစ် သိမ်းသွင်းမယ်၊ အဲဒီက တဆင့်"

"နေပြည်တော်ပါ ထိပါးလာမယ် ဆိုပါတော့"

ဟု ထိကျင်းက ဝင်၍ ပြောလိုက်လေသည်။

"ဒါပေါ့၊ ဒါကြောင့်လဲ သူ့ရဲ့လူတွေကို သေရွာက ပြန်လာတဲ့လူတွေလို့ ထင်ရအောင် ကြံထားတာပေါ့၊ ဒါမှလဲ လူတွေက သူတို့နဲ့ ယှဉ်တဲ့အခါ ကြောက်ရွံ့နေလိမ့်မယ် မဟုတ်လား၊ စိတ်ဓာတ်စစ်ဆင်ရေး တမျိုးပေါ့ဗျာ"

လောက်ချစ်သည် စိတ်ပျက် ဟန်ဖြင့် သူ၏ ဦးခေါင်းအား တချက် ခါရမ်းလိုက်ပြီး....

"အင်း-မုရသေ့ကို ဘယ်လို အရေး ယူရမှန်း မသိအောင် ဖြစ်နေပြီ"

ချူလျူရှမ်းသည် သူ၏ ဦးခေါင်းကို ညိတ်ယင်း....



"အခု အခြေအနေမှာတော့ စုဟုံ (ခေါ်) ဝိယဉ်ကိုဘဲ ခေါင်းသမားဖြစ်ကြောင်း အထက်ကို အစီရင် ခံလိုက်ပေါ့၊ ဒီတက်ပိုပြီး ဘာမှ မတတ်နိုင်သေးဘူးလေ"

ထိုစဉ်

မန်းလူသည် ထိုင်ရာမှ ထလိုက်ပြီး....

"ချူလျူရှမ်း ပြောသလိုဘဲ အထက်ကို အစီရင် ခံလိုက်ပါ-ဟုတ်လား"

လောက်ချစ်သည်....

"အင်းပေါ့- အခုတော့ ဒီလိုဘဲ အစီရင် ခံရတော့မှာဘဲ"

မန်းလူသည် တချက်ပြုံးလိုက်ပြီး....

"ကဲ....ဒီတော့ ဇာတ်လမ်းက ဆုံးနေပြီ၊ ကျုပ် ပြန်တော့မယ်၊ ခုအချိန်ဆို အိမ်မှာက ပန်းကလေးတွေ ဝေဝေ ဆာဆာ ပွင့်နေတော့မယ်"

ဟု ပြောပြီး အခန်းထဲမှ ထွက်ခွာ သွားလေတော့သည်။

မျက်စိမမြင်သော သူများသည် မျက်စိ မြင်သော သူများထက် သဘာဝ အနေအထားအား ပို၍ ခံစားတတ်သည် မဟုတ်ပါလော။

× × ×

ဝူတန်တောင်။

ဝူတန်ဂိုဏ်း၏ ဌာနချုပ်ဖြစ်သော ရဲတိုက်ကြီး။

ယင်း ရဲတိုက်ကြီး၏ ကြီးမား ကျယ်ဝန်းသော ခန်းမ။

ထို ခန်းမ တခုလုံး မီးများ ထိန်လင်း၍ နေလေသည်။

ခန်းမထဲတွင် ဧည့်သည်များ စုံလင်စွာ ရောက်ရှိနေလေသည်။

မကြာမီ အခမ်းအနားမှူးက ဘိသိက် တင်မြှောက်ပွဲ စတင်ကြောင်း ကျေညာပြီးသည်နှင့် မုရသေ့သည် အစောင့်အရှောက်များ ခြံရံ၍ ခန်းမထဲသို့ ဝင်ရောက် လာလေတော့သည်။

သူ၏ ဦးခေါင်းပေါ်တွင် ရွှေရောင် တဖိတ်ဖိတ် တောက်ပနေသော ဦးသျှောင်အားဆောင်းထားပြီး သူ၏ ခါးတွင်(၇)စဉ်ကြယ်ဓားအား ချိတ်ဆွဲထားလေသည်။

ဝူတန်ဂိုဏ်း၏စည်းကမ်းထိန်းသိမ်းသော ပုဂ္ဂိုလ်များက ဝူတန်ဂိုဏ်းချုပ်အဖြစ် စုံအား တင်မြှောက် ရာတွင် အောင်မြင်ခြင်း မရှိသည့် အတွက် ဝူတန်ဂိုဏ်း၏ စည်းကမ်းအရ ဂိုဏ်းချုပ်အသစ်အား တင်မြှောက် ရပေမည်ဖြစ်သည်။

ထို့ကြောင့် ဝူတန်ဂိုဏ်းထဲတွင် အဆင့် အမြင့်ဆုံးဖြစ်သော မုရသေ့အား ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ကြောင်း ကျေညာလိုက်ရလေတော့သည်။

ကျေညာချက် ဆုံးသွားသည်နှင့် ခန်းမတခုလုံးသည် ဩဘာသံများဖြင့် ဆူညံ၍သွားလေတော့သည်။

သိုင်းသမား အသီးသီးတို့သည် မိမိတို့၏ နေရာမှထပြီး ဂိုဏ်း



ချုပ်အသစ်ဖြစ်သော မုရသေ့သို့ သွားရောက်၍ ဂုဏ်ပြုကြလေသည်။

ထိုအထဲတွင် ချူလျူရှမ်းတယောက်လည်း ပါဝင်လေသည်။

သူသည် မုရသေ့ရှေ့သို့ ရောက်သောအခါ ပြုံးလိုက်ပြီး....

"အင်း....ဒီတခါတော့ မီးမငြိမ်းတော့ပါဘူးနော်"

မုရသေ့သည် ဘာမျှ ပြန်၍မပြောဘဲ ချူလျူရှမ်းအား ပြုံး၍ပြလိုက်လေသည်။

မုရသေ့၏အပြုံးသည် အဓိပ္ပာယ်ရှိကြောင်း ချူလျူရှမ်း သိလိုက်လေသည်။

"မင်း–ဘာတတ်နိုင်သေးလဲ" ဟူသော အဓိပ္ပာယ်ဖြင့် လှောင်ပြုံး ပြုံးနေမှန်း ချူလျူရှမ်း နားလည် လိုက်လေသည်။

သူသည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး ပခုံးတချက် တွန့်ပြလိုက်လေသည်။

ထိုစဉ်

ဝူတန်ဂိုဏ်းသား တယောက်သည် ခန်းမထဲသို့ ပြေး၍ ဝင်လာလေသည်။

ထို့နောက် ထိုလူသည် မုရသေ့အား ဦးညွှတ်လိုက်ပြီး....

"ဂိုဏ်းချုပ်ကြီးခင်ဗျား....လက်နက်ချ ရေကန်မှာ စီးမင်းချိ စွဲ့ ရောက်နေပါတယ်၊ သူက ဓားကိုမချဘဲနေလို့....ကျနော်တို့က တားထားပါတယ်၊ ဒါပေမဲ့–သူ"

မုရသေ့သည် လက်ကာပြလိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် ခန်းမထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

သူသည် စီးမင်းချိုစွေ့၏ အကြောင်းအား သိထားသည် မဟုတ်ပါလား။

စီးမင်းချိုစွေ့အား မည်သူမျှ တားရဲ၍ရမည် မဟုတ်ဟု သူ သိထားသည်။

သို့သော်

ဝူတန်၏ နှစ်ပေါင်း အတော်ကြာမှ စတင်၍ ကျင့်သုံးလာသော စည်းကမ်းအား ထိန်းသိမ်းရမည့်တာဝန် သူ့တွင် ရှိသည် မဟုတ်ပါလော။

× × ×

ချူလျူရှမ်း။

သူသည် ခန်းမထဲမှ ထွက်သွားသော မုရသေ့ နောက်ကျောအား ကြည့်ယင်း သူ၏ ရင်တခုလုံးသည် လေးလံလာသည်ဟု ထင်မှတ်လိုက်ရလေသည်။

ထို့နောက် စီးမင်းချိုစွေ့အတွက် စိုးရိမ်၍လာလေသည်။

စီးမင်းချိုစွေ့ ယခုကဲ့သို့ လိုက်လာခြင်းမှာ မုရသေ့အား ဂုဏ်ပြုရန် လာခြင်းမဟုတ်ကြောင်း သူ နားလည်ထားလေသည်။



အကယ်၍ ဤလောကကြီးတွင် စီးမင်းချိုစွေ့အား နိုင်မည့်သူတယောက်ရှိလျှင် ထိုလူသည် မုရသေ့ပင် ဖြစ်ရမည်ဟု သူ ယူဆမိလေသည်။

ယခု စီးမင်းချိုစွေ့သည် ဥပဒေအရ အရေးမယူနိုင်သော မုရသေ့အား စိမ်ခေါ်၍ ဓားရေးယှဉ်ရန် လာကြောင်း ချူလျူရှမ်း နားလည်ထားသည် မဟုတ်ပါလား။

ရုတ်တရက် ချူလျူရှမ်းသည် စီးမင်းချိုစွေ့အတွက် စိုးရိမ်၍ သွားလေသည်။

အကယ်၍ စီးမင်းချိုစွေ့သည် မုရသေ့အား သတ်နိုင်ခဲ့သော်လည်း ဝူတန်ဂိုဏ်းသားများသည် မုရသေ့၏ ပြစ်မှုအား မသိဘဲ စီးမင်းချိုစွေ့အား လိုက်လံ၍ သုတ်သင်မည် မဟုတ်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

ထို့ကြောင့် ချူလျူရှမ်းသည် ရုတ်တရက် ခန်းမမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လိုက်ပြီး လက်နက်ချ ရေကန်သို့ ပြေးသွားလေတော့သည်။

မည်သူသည် မိမိ၏ သူငယ်ချင်း ဒုက္ခရောက်မည်ကို လိုလားပါမည်နည်း။

× × ×

ချူလျူရှမ်းသည် အဆောက်အဦ၏ အပြင်ဘက်သို့ ရောက်သည်နှင့် သူ၏ရှေ့ ဝါးနှစ်ရိုက်ခန့် အကွာတွင် မုရသေ့သည် တောင်ဆင်းလမ်းကလေးအတိုင်း လက်နက်ချ ရေကန်သို့ ဘရှေ့ရှေ့သွားနေလေသည်။

လက်နက်ချ ရေကန်အနီးတွင် စီးမင်းချုံစေ့သည် တည်ငြိမ်စွာရပ်၍ နေလေသည်။

ချူလျူရှမ်းသည် မည်သည့်နည်းဖြင့်မဆို သူတို့နှစ်ဦးအား တားမြစ်ရမည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် မုရသေ့နောက်သို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်နှင့် သူ၏မျက်လုံးသည် ရှတ်တရက် လူရိပ်တခုအား တွေ့လိုက်ရလေသည်။

ထိုလူရိပ်သည် တောင်ဆင်းလမ်းကလေး၏ ဘေးတဘက်တချက်တွင်ရှိသော ပန်းရုံကလေးအတွင်းမှ ရှတ်တရက် မုရသေ့ရှေ့သို့ ခုန်၍ ထွက်လိုက်လေသည်။

× × ×

မုရသေ့သည် ရှတ်တရက် သူ့ရှေ့သို့ လူရိပ်တခုကျရောက်လာသဖြင့် ထိုလူအား သေသေချာချာ ကြည့်လိုက်လေသည်။

မိန်းကလေးတယောက်ဖြစ်သည်။



မုရသေ့သည် သူမအား အံ့သြခြင်း စိုးထိတ်ခြင်းတို့ဖြင့် ငိုင်၍ကြည့်နေမိသည်။

ထို တဒင်္ဂအတွင်း မှေးမှိန်သော လရောင်အောက်တွင် ဓားရောင်သည် တချက်လက်သွားပြီး မိန်းကလေး၏လက်ထဲမှ ဓားသည် မုရသေ့၏ရင်ဝသို့ ထိုးစိုက်သွားလေတော့သည်။

မုရသေ့အတွက် မိန်းကလေး၏ တိုက်ကွက်သည် ခဲရာခဲဆစ် ရှောင်တိမ်းရမည့်တိုက်ကွက်မျိုးမဟုတ်ပေ။

သို့သော်

သူသည် ရှောင်တိမ်းခြင်း မပြုမိ၊ ပြန်လည်ခုခံခြင်းမပြုမိခဲပါ။

သူ၏မျက်နှာတွင် ဖော်မပြနိုင်သော အံ့သြမှုဟန်နှင့် ဝမ်းနည်းကြေကွဲမှုဟန်က ဆထင်းသား ပေါ်လွင်၍နေလေသည်။

သူသည် သူ၏ရင်ဝအား လက်ဖြင့်အုပ်ယင်း မိန်းကလေးအား လှမ်း၍ မေးလိုက်လေသည်။

"မင်း....မင်း....ငါ့ကို သတ်တယ် ဟုတ်လား"

မိန်းကလေးသည် အံကို တင်းတင်းကြိတ်ယင်း....

"ဟုတ်တယ်၊ ကျမယောကျ်ားကို သတ်တဲ့ရှင့်ကို ဂလဲ့စားချေတာလေ၊ ဓားသမားဟာ ကျမယောကျ်ားဘဲ" ဟုပြောလိုက်လေသည်။

မုရသေ့သည် ပြင်းထန်သောဝေဒနာကို ခံစားယင်း....

"ချင်းချင်းရယ်၊ ငါဟာ မင်းရဲ့ ယောကျ်ားပါကွာ" ဟု ပြောလိုက်လေသည်။

သို့သော်

ထိုစကားများသည် သူ၏ရင်ထဲမှ စကားများသာဖြစ်၍ ချင်းချင်းကြားနိုင်မည်မဟုတ်ပါ။

မုရသေ့သည် ချင်းချင်းအား ဝမ်းနည်း ကြေကွဲစွာဖြင့် ကြည့်ယင်း မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်။

ထိုစဉ်

ချူလျူရှမ်းသည် သူတို့အနီးသို့ အပြေးအလွှား ရောက်လာလေတော့သည်။

သူသည် ချင်းချင်းအား တွေ့ရသောအခါ ရုတ်တရက် အံ့အားသင့်သွားပြီး တဒင်္ဂမျှ ငိုင်၍သွားလေတော့သည်။

ပြီးမှ....

"မင်း–သူ့ကို သတ်လိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျမယောကျ်ားကို သတ်လို့ ဂလဲ့စားချေတာ"

"မင်းယောကျ်ားက ဘယ်သူလဲ"

"ဓားသမား"

သူမသည် တိုတိုတုတ်တုတ်ပင် အဖြေပေးပြီး လက်ထဲမှ ဓားအား ပစ်ချလိုက်လေသည်။

ထိုစဉ်

ဝူတန်အဖွဲ့သားများသည် ရောက်ရှိလာလေသည်။

ထို အထဲတွင် နေပြည်တော်မှ အမှုထမ်းများနှင့် လောက်ချစ်လည်း ပါလာလေသည်။



ထို့နောက် ချင်းချင်းအား ဖမ်းဆီးခေါ်ဆောင်၍ သွားလေသည်။

ချူလျူရှမ်းအား ပြုံးပြလိုက်ပြီး သူ၏အနားသို့ကပ်၍ စကားတခွန်းအား တိုးတိုးလေး ပြောသွားလေသည်။

ထို့ကြောင့် လောက်ချစ်၏စကားအား ချူလျူရှမ်းမှလွဲ၍ မည်သူမျှ ကြားနိုင်မည်မဟုတ်ပေ။

လောက်ချစ်ပြောသွားသော စကားများသည်....

"မုရသေ့ဟာ ဓားသမားအဖြစ်နဲ့ လှုပ်ရှားတဲ့ အချိန်မှာ ချင်းချင်းကို ယူထားတာကွ၊ ဒါကြောင့် မုရသေ့ဟာ ဓားသမားမှန်း ချင်းချင်း မသိဘူး၊ ဒီတော့ ငါက ချင်းချင်းကို အခွင့်အရေးတခု ပေးလိုက်ရတာပေါ့"ဟူ၍ ဖြစ်လေသည်။

ချူလျူရှမ်းသည် သက်ပြင်းတချက် ချလိုက်ပြီး–

"အင်း....မကောင်းမှုမှန်သမျှ ဆိုတ်ကွယ်ရာ မရှိပါလား" ဟု ညည်းညူလိုက်လေသည်။

ထို့နောက် စီးမင်းချုံစွေ့ကို သတိရသဖြင့် လက်နက်ချရေကန်အနီးတွင် တည်ငြိမ်စွာ ရပ်နေသော စီးမင်းချုံစွေ့အား မတွေ့တော့ပါ။

သို့သော်

မှေးမှိန်သော လရောင်အောက်တွင် တောင်ဆင်းလမ်းကလေးအတိုင်း တရွေ့ရွေ့ဖြင့် တောင်ခြေသို့ဆင်း၍ သွားနေသော စီးမင်းချုံစွေ့အား တွေ့လိုက်ရလေတော့သည်။

× × ×

ချူလျူရှမ်းသည် ဝူတန် တောင်ပေါ်ရှိ ရဲတိုက်ကြီးအား လှမ်း၍ကြည့်လိုက်မိသည်။

ဒုစရိုက်၏ အငွေ့အသက်များ ကင်းရှင်း၍လား မသိ၊ သူ၏ စိတ်ထဲတွင် ခန့်ငြားလှန်းလှသည်ဟု ထင်နေသည်။

လက်နက်ချ ရေကန်သည်လည်း ကြည်လင်စိမ်းမြ၍ နေသည်။ ပြောင်းလဲခြင်းမရှိပါ။

ပြေလဲ၍ သွားသည်မှာ လူသာလျှင် ဖြစ်လေသည်။

မွေးဖွားသည်မှ သေဆုံးသည်ထိ နုပျိုသည်မှ အိုမင်းသည်ထိ အစဉ်အမြဲ ပြောင်းလဲ၍ နေလေသည် မဟုတ်ပါလော။

ချူလျူရှမ်း၏ မျက်စိ ထဲတွင် မုရသော့၏ မျက်နှာသည် ပေါ်၍လာလေသည်။

ထို့နောက် ချင်းချင်း၏ မျက်နှာလေးသည်လည်း ပေါ်၍ လာလေသည်။

ထို့နောက် ပြုံး၍နေသော သိန်းငှက် မျက်နှာသည်လည်း ပေါ်ထွက်၍ လာလေသည်။

ချူလျူရှမ်းသည် သက်ပြင်း တချက်ချလိုက်ပြီး၊ ရှိရှိသမျှသော လျှို့ဝှက်ချက်များ၊ အချစ်, အမုန်းများတို့ကို သူ၏ ရင်ထဲတွင် မြှုပ်နှံလိုက်လေတော့သည်။

မုရသော့သည် ဓားသမားဖြစ်ကြောင်းကို သူသည် မည်သည့်အခါမျှ ပြောလိမ့်မည် မဟုတ်ပါ။

ထို့အတူ ချင်းချင်းအားလည်း သူမ သတ်လိုက်သောမုရသော့သည် သူမ၏ခင်ပွန်း ဓားသမားပင် ဖြစ်ကြောင်း ရှင်းပြလိမ့်မည် မဟုတ်ပါ။



ထိုအကြောင်းအရာများကို သူသည် သူ၏ရင်ထဲ၌ သိမ်းထားမည်သာ ဖြစ်လေသည်။

ထို့နောက် သူသည် တောင်ဆင်း လမ်းကလေး အတိုင်း ဖြည်းညှင်းစွာ တောင်ခြေသို့ ဆင်း၍ သွားလေတော့သည်။

ထို ဖြည်းညှင်းသော ခြေလှမ်းများသည် သူ၏ ရင်၌ ဝေဒနာတခု ခံစားနေရကြောင်း ဖော်ပြ၍ နေလေသည်။

မည်သူ့ အတွက် ခံစားရသော ဝေဒနာ ဖြစ်ကြောင်းကို ချူလျူရှမ်းသာလျှင် သိမည် မဟုတ်ပါလော။

နန္ဒကျော်သူ
၁၈၀ [အေ] ဘောင်ဒရီလမ်း
ရွှေဂုံတိုင်စာတိုက်
ဗဟန်း-ရန်ကုန်မြို့။